www.burmeseclassic.com

# မိုးပရှုမိုး

ခင်နှင်းယု

BURMESE CLASSIC

စတုတ္ထအကြိမ်

www.burmeseclassic.com

**စီစဉ်သူ**

ခင်မောင် (မွေးစာပေ)

ထွန်းလှ (လောကနီတိစာပေ)

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၈၇၇၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၄၅၀၉၀၉

**မျက်နှာဖုံးပန်းချီ**

ပန်းချီတင်လှဝင်းထင်

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန် (မြ–၀၄၂၃၂) သင်းစာပေ

အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ၁၂–ရပ်ကွက်၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်ခင်ခင်ဝင်း (မြ – ၀၂၆၇၀) ကလျာပုံနှိပ်တိုက်

အမှတ် (၄၂)၊ ၄၂–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာစာစီ – ဗိုလ်တိုး

**ထုတ်ဝေသည့်အကြိမ်**

(၁၉၆၀–ခု၊ ပထမအကြိမ်)၊ (၁၉၆၇–ခု၊ ဒုတိယအကြိမ်)

(၁၉၉၄–ခု၊ တတိယအကြိမ်)

၂၀၁၀–ခုနှစ်၊ ဇန်နဝါရီလ၊ (စတုတ္ထအကြိမ်)၊ မွေးစာပေ

အုပ်ရေ – ၁၀၀၀၊ တန်ဖိုး – ၁၅၀၀ ကျပ်

ခင်နှင်းယု ❑❑❑ ၈၉၅.၈၃

စိမ်းသင့်မှစိမ်း / ခင်နှင်းယု – ရန်ကုန်

သင်းစာပေ / ၄ – ကြိမ်၊ ၂၀၀၉။

၂၄၄ – စာ ၊ ၁၅ × ၁၈ စင်တီမီတာ

(၁) စိမ်းသင့်မှစိမ်း

# လင်းယုန်မောင်မောင်ဆီအမှာ

လွန်ခဲ့သော ဇူလိုင်လ ဒုတိယပတ်အတွင်းက ကျွန်တော် မုံရွာသို့ ကိစ္စတစ်ခုဖြင့် သွားခဲ့ရသည်။ မုံရွာတွင် (၁၀)ရက်ခန့်ကြာခဲ့ပြီး ဇူလိုင် ၁ (၂၃)ရက်နေ့တွင်မှ ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။ အပြန်တွင် မုံရွာမှ ကျွန်တော့် စာပေအပေါင်းအသင်းရောင်းရင်းများက ရန်ကုန်မှလစဉ်ထုတ်မဂ္ဂဇင်းများအတွက် စာမူတွေတစ်ထပ်ကြီး လူကြုံပါးလိုက်ကြသည်။ ယင်းစာမူများထဲတွင် လူငယ်စာရေးဆရာမင်းဆွေနှစ်ထံမှ စာပေဂျာနယ် အယ်ဒီတာမောင်သွေးသစ်ထံ ပေးရန် စာတစ်စောင်နှင့် ကဗျာတစ်ပုဒ်လည်း ပါလာသည်။ သို့ဖြင့် ကျွန်တော်သည် စာပေဂျာနယ် ထုတ်ဝေသည့် အားမာန်သစ်တိုက်သို့ မင်းဆွေနှစ်၏ စာနှင့်ကဗျာပေးရန် ရောက်သွားခဲ့သည်။

မှတ်မှတ်ရရ ထိုနေ့သည် ဇူလိုင်လ (၂၅)ရက်၊ တနင်္ဂနွေနေ့ဖြစ်သည်။

www.burmeseclassic.com



ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းမှ အားမာန်သစ်တိုက်သို့ ကျွန်တော်ရောက်သွားသောအခါ နံနက်(၉)နာရီသာသာခန့်ပင်ရှိသေးသည်။ စောနေသေးဖြင့် မောင်သွေးသစ်ကို မတွေ့ရ။ အားမာန်သစ်ရှေ့တွင် ဖွင့်ထားသည့် 'ဂျာ' လက်ဖက်ရည်ဆိုင်မှကောင်တာတွင် ထိုင်၍ငွေသိမ်းနေသော ကိုညိုမှိုင်း (ခွန်ဂျာမှိုင်း)ကို သာတွေ့ရသည်။

"ဟာ...ဆရာရောက်လာတာနဲ့ အတော်ပဲ။ ကျွန်တော်ကိုယ်တိုင် ဒီနေ့နက်ဖြန် လာ ို့စိစဉ်နေတာ ဆရာမကြီးက ကျွန်တော့်ဆီ စာရေးလိုက်လို့"

ကိုညိုမှိုင်းက ကျွန်တော့်ကို မြင်မြင်ချင်း အားရဝမ်းသာဆီးကြို နှုတ်ဆက်ရင်း ပြောလိုက်သည်။ သူပြောလိုက်သည့် 'ဆရာမကြီး' မှာ 'ခင်နှင်းယု'ကို ဆိုလိုကြောင်း ကျွန်တော်သိထားပြီးဖြစ်သည်။ သို့ဖြင့် ကျွန်တော်က...

"ဟုတ်လား။ မစုက ဘာရေးလိုက်လို့လဲ"

"တခြားမဟုတ်ပါဘူး ဆရာ၊ 'စိမ်းသင့်မှစိမ်း' အတွက် ဆရာ့ကို အမှာစာရေးခိုင်းပါတဲ့။ လုံချည်တစ်ထည် ကန်တော့ပါမယ်တဲ့"

"လုံချည်တစ်ထည်ဆိုတော့ နည်းတာပေါ့" ကျွန်တော်က တစ်ချက်ပြုံးလိုက်ပြီး "ကန်တော့ပါမယ်"ဆိုသော ဆရာမကြီး၏စကားကို သဘောကျ၍ ပြန်နောက်လိုက်သည်။ အမှန်အတိုင်းပြောရလျှင် ခင်နှင်းယု ကိုယ်တိုင်က ကျွန်တော့်အား 'ကန်တော့ပါမယ်'ဟု ဆိုလိုက်ခြင်းမှာ ရင်းနှီးသည့်သဘောဖြင့် နောက်ပြောင်ကျီစယ်လိုက်





ခြင်းဖြစ်သည်ကို သိနေ၍ သဘောကျသွားခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုလောလောဆယ် အားမာန်သစ်တိုက်တွင် ရိုက်နေသည့် 'စိမ်းသင့်မှစိမ်း'ဝတ္ထုအတွက် ကျွန်တော့်အား အမှာစာရေးဖို့ ပြောလာသည်ကိုမူ ကျွန်တော် သဘောမကျနိုင်။ ယခင်တစ်ကြိမ် အားမာန်သစ်စာပေမှ ထုတ်ဝေခဲ့သည့် 'မိန်းမတို့အကြောင်း'ဝတ္ထုတိုပေါင်းချုပ်တွင်လည်း ခင်နှင်းယုက ကျွန်တော့်အား အမှာစာရေးပေးရန် ပြောခဲ့ဖူးသည်။ ထိုစဉ်ကလည်း 'မရေးပါရစေနှင့်'ဟု ကျွန်တော်က တောင်းပန်၍ ငြင်းဆန်ခဲ့သည်။

ထိုစဉ်က ထိုသို့တောင်းပန် ငြင်းဆန်ခဲ့သည်မှာ မရေးချင်သောကြောင့်မဟုတ်။ အမှန်စင်စစ် ခင်နှင်းယု၏ စာအုပ်တွင် ကျွန်တော် အမှာစာရေးချင်သည်။ ရေးရန်လည်း ကြံရွယ်ထားပြီးဖြစ်သည်။ စိစဉ်ထားပြီးဖြစ်သည်။ (နိုင်ငံကျော်စာရေးဆရာမကြီးတစ်ယောက်ရဲ့စာအုပ်ပဲ၊ အမှာစာ ဘယ်မရေးချင်ဘဲနေပါ့မလဲ။)

သို့သော် ကျွန်တော် အမှာစာ ရေးချင်သော၊ ရေးရန်ကြံရွယ်ထားသော ခင်နှင်းယု၏စာအုပ်သည် ယခုလိုလုံးချင်းဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်စသည့် စာအုပ်များတွင်မဟုတ်၊ ခင်နှင်းယု၏ 'မယ့်သည်းအိမ်'စာအုပ်တွင် အမှာစာရေးချင်ခြင်းဖြစ်သည်။ ရေးရန်ကြံရွယ်ထားခြင်းဖြစ်သည်။

ခင်နှင်းယု၏ချစ်သော စာဖတ်သူများသိပြီးဖြစ်ကြသည့်အတိုင်း လွန်ခဲ့သည့် ၁၉၈၅–၈၆ ခုနှစ်များက ကျွန်တော် လုံမလေးမဂ္ဂဇင်း အယ်ဒီတာ ဘဝတွင် ခင်နှင်းယု၏ 'မယ့်သည်းအိမ်' ဆောင်းပါးများကို လပေါင်း(၂၀)ကျော် ပုံနှိပ်ဖော်ပြခဲ့သည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



'မယ့်သည်းအိမ်'မှာ ခင်နှင်းယုက သူရေးခဲ့သမျှဝတ္ထုများကို ပြန်လည်သုံးသပ်၍ ဘယ်တုန်းက ဘယ်ဝတ္ထုကို ဘယ်လို ရေးခဲ့ရပြီး ဘယ်သို့ ကြုံခဲ့တွေ့ခဲ့ရသည်များကို ပြန်လည်တင်ပြထားခြင်းဖြစ်သည်။ ခင်နှင်းယု၏ဝတ္ထုတိုင်းလိုလို စာဖတ်ပရိသတ်က နှစ်သက်စွဲလမ်းခဲ့ကြသည်ဖြစ်ရာ ယင်းဝတ္ထုများအကြောင်းကို စာရေးသူကိုယ်တိုင်က ''စားမြုံ့ပြန်''ထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အထူးသဖြင့် ယင်းဝတ္ထုများကို ရေးသားခဲ့စဉ်က စာရေးသူ၏အသည်းနှလုံး (ဝါ)မယ့်သည်းအိမ်တွင် ခံစားကြုံတွေ့ခဲ့ရသည်များကို နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရာမှ ဖွင့်အံ တင်ပြထားသည်များကို ဖတ်ရသည်မှာ တရှိုက်မက်မက် နှစ်သက်ဖွယ်ကောင်းလှသည်။ ကာယကံရှင် စာရေးသူ၏ ရင်တွင်း၌သိုဝှက်ထားခဲ့ရသည့် ခံစားချက်များကို ပွင့်လင်းရိုးသားစွာ ပြန်လည်တင်ပြထားသည်များမှာ စိတ်လှုပ်ရှားဖွယ် ကောင်းလှသည်။

သို့ဖြင့် လွန်ခဲ့သော နှစ်နှစ်ကျော်၊ သုံးနှစ်ခန့်မှစ၍ ခင်နှင်းယု၏နှစ်ပေါင်း (၂၀)ကျော် (၃၀)ခန့်က ဝတ္ထုရှည်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ကြရာ၌ အဆိုပါ ''မယ့်သည်းအိမ်''ကို ကျွန်တော်ကိုယ်တိုင် အမှာရေး၍ ကျွန်တော်ကိုယ်တိုင် ပုံနှိပ်ထုတ်ဝေရန် ကြံစည်စိတ်ကူးထားခဲ့သည်။ ခင်နှင်းယုကိုလည်း ''မစု မယ့်သည်းအိမ်ကိုတော့ ဘယ်ထုတ်ဝေသူကိုမှ မပေးပါနဲ့။ ကျွန်တော်ကိုယ်တိုင် ထုတ်ပါ့မယ်''ဟု ကြိုပြောထားခဲ့သည်။ (အခြေအနေပေးပါကလာမည့် ၁၉၉၅-ခုနှစ်အတွင်း မယ့်သည်းအိမ်ကို ကျွန်တော်ထုတ်ဝေနိုင်လိမ့်မည်ဟု မျှော်လင့်သည်။)





ယင်းသို့ 'မယ့်သည်းအိမ်'စာအုပ်တွင်မှ အမှာစာရေးမည်ဟု အားခဲထားသော ကျွန်တော်သည် ယခု'စိမ်းသင့်မှစိမ်း'ဝတ္ထုအတွက် မရှောင်မလွှဲသာ အမှာစာရေးရန်ဖြစ်လာခဲ့ပြီဖြစ်ရာ ယခုဤအမှာစာသည် ''မယ့်သည်းအိမ်''စာအုပ်အတွက် 'မောင်းတင်'ထားသည့် အမှာစာ၏ (ရုပ်ရှင်ကားများလို) နမူနာအပိုင်းပိုအဖြစ် မှတ်ယူကြပါရန် မေတ္တာရပ်ခံပန်ကြားပါသည်။

( ၂ )

ခင်နှင်းယု၏ဝတ္ထုများကို စွဲလမ်းနှစ်သက်ခဲ့ကြသည့် မြန်မာနိုင်ငံတစ်နံတစ်လျားမှ မြောက်မြားလှစွာသော စာဖတ်ပရိသတ်များထဲတွင် ကျွန်တော်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ခင်နှင်းယုသည် အသက်အရွယ်အားဖြင့် ကျွန်တော့်ထက် နှစ်နှစ်ခန့်ငယ်သော်လည်း သူ့စာရေးသက်မှာ ကျွန်တော့်ထက် နှစ်(၂၀)ခန့်စောသည်။ သို့ဖြင့် ကျွန်တော်သည် ကျွန်တော့် အသက်(၂၀)မတိုင်မီကပင် ခင်နှင်းယု၏ဝတ္ထုများကို ဖတ်ရှုစွဲမက်လာခဲ့သည်။

သို့သော် ထိုစဉ်က ကျွန်တော် မြို့ပြနိုင်လွန်ကတ္တရာလမ်းမများနှင့် ကွာလှမ်းလှသည့် တောတောင်ကန္တာရ စုံမြိုင်အတွင်းသို့ ရောက်နေခဲ့၍ ခင်နှင်းယုနှင့် လူချင်းဆုံတွေ့ရန် လုံးဝအကြောင်းဖန်လာခြင်းမရှိခဲ့။ ထို့မှတစ်ပါး ထိုရောအခါကာလက ကျွန်တော်သည် စာပေဖြင့် အသက်မွေးဝမ်းကျောင်းရသည့် စာရေးဆရာတစ်ယောက်ဖြစ်လာရန် အိပ်မက်ထဲမှာပင် ယောင်လို့မှ အိပ်မက်စရာအကြောင်းချင်းရာ လုံးဝမရှိခဲ့။ သို့ဖြစ်ရာ ခင်နှင်းယု၏ဝတ္ထုများကို မင်္ဂလင်းစာမျက်နှာများပေါ်တွင်သာ ဖတ်ရှုခဲ့ရသည်။ နှစ်သက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ယော် ကျဉ်းမြောင်းလှသည့် မဟာပထဝီကမ္ဘာမြေကြီးပေါ်မှ ဆန်းကြယ်လှသည့် လူ့ဘဝ၏ ကံကြမ္မာအလှည့်အပြောင်းကြောင့်နောင်နှစ်ပေါင်း (၃၀)ခန့်အကြာတွင် ကျွန်တော်ကိုယ်တိုင် မထင်မှတ်ဘဲ စာရေးဆရာ၊ အယ်ဒီတာဘဝသို့ ရောက်ရှိလာခဲ့ပြီးနောက် ကျွန်တော်သည် ခင်နှင်းယု၏ဝတ္ထုများကို မဂ္ဂဇင်း စာမျက်နှာများပေါ်သို့မရောက်မီ လက်ရေးစာမူဘဝမှပင် ကြိုတင် ဖတ်ရှုလာခဲ့ရသည်မှာ (၁၀)နှစ်ခန့်မှစ၍ ယနေ့ထက်တိုင်ပင် ဖြစ်သည်။

ဤတွင် ကျွန်တော် အမှတ်တရ သတိပြုလိုက်မိသော အချက်မှာ လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်က ကျွန်တော်ဖတ်ခဲ့ရသည့် ခင်နှင်းယုဝတ္ထုများကဲ့သို့ပင် ယခု လောလောဆယ် ကျွန်တော်ဖတ်နေရသည့် ခင်နှင်းယု၏ဝတ္ထုများသည်လည်း ကျွန်တော်အတွက် စွဲလမ်းနှစ်သက်ဖွယ် ကောင်းနေဆဲပင်ဟူသော အချက်ဖြစ်သည်။ ပို၍ တိကျလေးနက်အောင် ပြောရမည်ဆိုပါက ကျွန်တော့်အသက် (၂၀) ခန့်က သာမန်စာဖတ်သူ လူငယ်တစ်ယောက်အဖြစ် ဖတ်ခဲ့ရသော ဝတ္ထုများနှင့်မခြား၊ ယခုအသက်(၆၀)ကျော်မှ ကိုယ်တိုင်စာရေးဆရာ အယ်ဒီတာဘဝတွင် ကျွန်တော်ဖတ်နေရသော ခင်နှင်းယု၏ဝတ္ထုများသည် ဇာတ်လမ်းဇာတ်ကွက် အခင်းအကျင်းသေသပ်လှပ၍ ဇာတ်ကောင်၊ ဇာတ်ဆောင်စရိုက်များ ပီပြင်ပေါ်လွင်လှပြီး၊ အရေးအဖွဲ့ ညက်ညောပြေပြစ်လှသည်ကို ရင်သပ်ရှုမော အံ့သြဖွယ်ရာ တွေ့နေရခြင်းပင် ဖြစ်သည်။

ထိုမှတဖန် လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ကျော် (၃၀)ခန့်က ရေးသားခဲ့သော ခင်နှင်းယု၏ဝတ္ထုများ (မွေး၊ ပန်းပန်လျက်ပါ၊ မိချို)တို့





ယခုနှစ်နှစ်၊ သုံးနှစ်အတွင်း ပြန်လည်ဆန်းသစ် ယုတ်ဝေခဲ့ကြရာ၌ ယင်းဝတ္ထုများသည်လည်း ယနေ့မျက်မှောက်ခေတ်မှာပင် မရိုးနိုင်၊ မအီနိုင်ဘဲ စာဖတ်သူများအတွက် နှစ်သက်စွဲမက်ဖွယ်ဖြစ်နေသည်ကို တွေ့ရဆဲဖြစ်သည်။

ဥပမာ ယခု 'စိမ်းသင့်မှစိမ်း'ဝတ္ထုဆိုပါတော့ . . .

သည်ဝတ္ထုကို ယခင်က ကျွန်တော် ဖတ်ဖူးသော်လည်း နှစ်ပရိစ္ဆေဒကြာလှပြီဖြစ်၍ ကောင်းကောင်းမမှတ်မိတော့။ သို့သော် ဤအမှာစာ မရေးမီ ဆရာရေးဆရာမလေးတစ်ယောက်နှင့် စကားစပ်မိ၍ 'စိမ်းသင့်မှစိမ်း'ဝတ္ထုအကြောင်း ပြောခဲ့ရာ၌ ထိုဆရာမလေးသည် ထိုဝတ္ထုအမည်ကို ကြားလိုက်ရုံမျှဖြင့် ဝတ္ထုဇာတ်လမ်းရော၊ ဇာတ်ကောင်အမည်များကိုပါ ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောပြသဖြင့် ကျွန်တော့်မှာ တအံ့တသြ ဖြစ်ခဲ့ရသည်။

"စိမ်းသင့်မှစိမ်း"သည် စိမ်းဆိုသော မိန်းကလေးတစ်ယောက်၏ ကံကြမ္မာဖန်တီးလာပုံများကို လှိုက်မောဖွယ်ရာ ရေးဖွဲ့ထားသည့် ပီပြင်သော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ရိုးသားတည်ကြည်၍ မိန်းကလေးပီသသော စိမ်းသည် တစ်ကောင်ကြွက်ဘဝတွင် ရုန်းကန်လှုပ်ရှားရင်း အရာရှိတစ်ယောက်၏ ဇနီးအဖြစ်သို့ရောက်ခဲ့ရပြီး၊ ခင်ပွန်းဖြစ်သူနှင့် ရှမ်းပြည်နယ်ဘက်သို့ကားဖြင့် ခရီးထွက်ရာခဲ့ကြရာမှ ဓားပြများ၏ လက်ချက်ကြောင့် ခင်ပွန်းဖြစ်သူ အသက်ဆုံးရှုံးခဲ့ရ၍ စိမ်းကိုယ်တိုင်မှာလည်း လမ်းဘေးချောက်ထဲသို့ လိမ့်ကျပြီး၊ သတိမေ့သွားခဲ့သည်။ ဤတွင် လှသူမနီးသည် ယာတောတစ်ခုတွင် တောင်ယာလုပ်ကိုင်နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည့် ခေတ်ပညာတတ် တော်လှန်ရေးသမားဟောင်း ကိုဝဏ္ဏတို့မိသားစုက စိမ်းကို ဆေးဝါးကုသစောင့် ရှောက်ထားခဲ့ကြသည်။

ဤနေရာတွင် စိတ်နှလုံး ကောင်းမွန်၍ မေတ္တာ၊ စေတနာ ပြည့်ဝကြသည့် လူပျိုကြီးကိုဝဏ္ဏတို့ မိသားစု၏ အေးချမ်းသာမော ဖွယ်ကောင်းလှသည့် ယာတောအလှကို ဖွဲ့သွားသည့် ခင်နှင်းယု၏ အရေးအဖွဲ့မှာ လှပညက်ညောလှသည်။ စာဖတ်သူ၏ မျက်စိထဲတွင် လွမ်းမောဖွယ်ရာ ယာတောကလေးမှာ ချမ်းမြေ့ဖွယ်ကောင်းလှသည်။ ကိုဝဏ္ဏ၏အမေနှင့် ညီငယ်၊ ညီမငယ်ကလေးများ၏ ကလေးသဘာဝ စရိုက်များလည်း ချစ်ဖွယ်ကောင်းလှသည်။

ရံဖန်ရံခါ မြို့သို့တက်၍ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ဝယ်လေ့ရှိသည့် ကိုဝဏ္ဏအပြန်တွင် ပါလာသည့် သတင်းစာများမှ ဓာတ်ပုံနှင့်သတင်းများအရ စိမ်း၏ခင်ပွန်းမှာ ဓားပြများလက်ချက်ဖြင့် အသက်ဆုံးရှုံးသွားခဲ့ပြီဟု သိရသည်။ သို့ဖြင့် စိမ်းသည် ကိုဝဏ္ဏတို့ မိသားစုနှင့် ရက်လရှည်ကြာ နေလာရင်း သံယောဇဉ် ဖြစ်လာခဲ့သည်။ စိမ်း၏ အပြင်အဆင်ကြောင့် ယာတောအိမ်ကလေးမှာပို၍ နေချင်စဖွယ် ဖြစ်လာခဲ့သည်။

သို့သော် တစ်နေ့တွင် စိမ်း၏ခင်ပွန်းမှာ အသက်မသေဘဲ မြို့သို့ပြန်ရောက်သွားပြီး ပျောက်ဆုံးနေသည့် သူ့ဇနီးကို သတင်းစာထဲတွင် ကြော်ငြာထည့်၍ ရှာဖွေစုံစမ်းခဲ့သည်။ ထိုကြော်ငြာကို ကိုဝဏ္ဏ၏ညီငယ်၊ ညီမငယ်များက စိမ်းမြို့ပြန်သွားမည်စိုးသဖြင့် သတင်းစာထဲမှဖြတ်၍ ဝှက်ထားခဲ့ကြသည်။ ဒါကိုပင် စိမ်းကအမှတ်မထင်တွေ့သွားပြီး၊ ကိုဝဏ္ဏအပေါ် အထင်လွဲကာ ခင်ပွန်းသည်နှင့်





ပြန်လည်တွေ့ဆုံရန် မြို့သို့ပြန်သွားခဲ့သည်။ သို့ဖြင့် ကိုဝဏ္ဏတို့ ယာတောမှာ သာမောဖွယ်များ ဆိတ်သုဉ်း၍ ကျန်ရစ်ခဲ့သည်။

သည့်နောက် စိမ်းတစ်ယောက် ရန်ကုန် ပြန်ရောက်ပြီး ဒိုကိုးရာမဲ့ ခြေသလုံးအိမ်တိုင်ဘဝတွင် ရုန်းရကန်ရသည်များကို ခင်နှင်းယုက ခြယ်မှုန်းထားသည်မှာ ရင်မောစရာ ကောင်းလှသည်။ စိမ်း၏ခင်ပွန်းသည် သတင်းစာများတွင် ကြော်ငြာထည့်ပြီး ရက်ရှည်လများကြာခဲ့သည်အထိ စိမ်းသတင်းကို လုံးဝမကြားမသိရသဖြင့် နောက်အိမ်ထောင် ပြုသွားခဲ့ပြီဖြစ်ရာ မူလကပင် တစ်ကောင်ကြွက် ဖြစ်ခဲ့သော စိမ်း၏ဘဝမှာ နွေဦးပေါက်လေအပင့်တွင် ကြွေလွင့်ခဲ့ရသည့် သစ်ရွက်ခြောက်ကလေးလို ဖြစ်ခဲ့ရသည်။

ဤတွင် တိုက်တိုက်ဆိုင်ဆိုင် ရှမ်းပြည်နယ် ဘက်သို့ နောက်တစ်ကြိမ် ခရီးထွက်ခဲ့ရသော စိမ်း၏ခင်ပွန်းသည် ကိုဝဏ္ဏတို့ ယာတောသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ရာမှ အကြောင်းသိရပြီး ရန်ကုန်သို့အပြန်တွင် ကိုဝဏ္ဏတို့မောင်နှမတစ်စုက စာများရေးပေးလိုက်ကြသည်။ စာများထဲတွင် သတင်းစာထဲမှ ကြော်ငြာ ဖြတ်ပိုင်းကိစ္စကို ရှင်းပြထားသည်များပါဝင်ခဲ့သည်။ သို့သော် စိမ်း၏ ခင်ပွန်းသည် နောက်အိမ်ထောင်ရှိနေပြီဖြစ်၍ ရန်ကုန်တွင် စိမ်းကို ဝတ်ကျေတန်းကျေ မျှသာရှာခဲ့ပြီး မတွေ့သည့်အဆုံး စိမ်း၏သူငယ်ချင်းအမျိုးသမီးထံ ကိုဝဏ္ဏတို့စာများကို ပေးထားခဲ့သည်။

ထိုအချိန်တွင် စိမ်းသည် ဘဝရပ်တည်ရေးအတွက် မူလတန်းပြဆရာအလုပ်ကို ဝင်လုပ်ခဲ့ရသည်။ ဝတ္ထုထဲတွင် ကိုဝဏ္ဏအပေါ် အထင်လွဲ၍ စိတ်အနာကြီး နာနေသော စိမ်းသည် ရန်ကုန်တွင်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ရာမယ့်ဘဝဖြင့် ဆရာမအလုပ်ကို လုပ်နေရင်း သူ့အားအလုပ်သွင်းပေးပြီး နေစရာအိမ်ကြီးတစ်လုံး ပေးထားခဲ့သော ပညာရေးမှူးကိုဘကောင်း၏အချစ်ကို လက်ခံတော့မည့် ပုံသဏ္ဌာန်မျိုးရေးဖွဲ့ထားသည်ကို ဖတ်လိုက်ရသော ကျွန်တော်သည် ဝတ္ထု၏ဇာတ်သိမ်းခန်းကိုမှန်းဆပြီး ခင်နှင်းယုအပေါ် ဘဝင်မကျအောင် ဖြစ်သွားမိသည်။ အကယ်၍သာ စိမ်းသည် ကိုဘကောင်းကို ယူလိုက်ပါက 'ခင်နှင်းယုတော့သွားပြီ' ဟု ကျွန်တော် တွက်လိုက် မိသည်။ သို့သော် သည်နေရာတွင် စိမ်းနှင့် ကိုဘကောင်းကို မယူဖြစ်အောင် ဇာတ်ကွက်ကို ဖန်တီးလိုက်သော ခင်နှင်းယု၏ လှည့်ကွက်ကလေးမှာ လက်များခါလောက်အောင် ပိရိပိုင်နိုင်လှသည်ကို တွေ့လိုက်ရသည်။

နောက်ဆုံး၌ အကြောင်းစုံသိသွားရသော စိမ်းက 'စိမ်းရှမ်းပြည်ကို ပြန်တော့မယ်' ဟူသော စကားကိုလွှတ်ခနဲ ပြောလိုက်တော့မှ စိမ်းဆိုသော မိန်းကလေး၏ 'စိမ်းသင့်မှစိမ်း'သော အဖြစ်ကို ခံစားနားလည်လိုက်ရပြီး အကြီးအကျယ် ကျေနပ်သွားခဲ့ရသည်။

( ၃ )

ပရိသတ်ကို ဖမ်းစားနိုင်သည့် ဇာတ်လမ်းဇာတ်ကွက်များကို ဖန်တီးတတ်သည့်အလျောက် ခင်နှင်းယု၏ ဝတ္ထုအတော်များများသည် စာရွက်ပေါ်မှ ပိတ်ကားပေါ်သို့ ရောက်ခဲ့ကြသည်။ သို့သော် ဝတ္ထုနှင့် ရုပ်ရှင်တို့၏ မတူကွဲပြားသော သဘာဝ အခြေအနေများကြောင့် ခင်နှင်းယု၏ ဝတ္ထုများထဲတွင် အောင်မြင်သည့် ရုပ်ရှင်ကားများရှိခဲ့သလိုမအောင်မြင်သည့် ရုပ်ရှင်ကားများလည်းရှိခဲ့သည်။

ယခု 'စိမ်းသင့်မှစိမ်း'ကိုလည်း တစ်ခါက ရုပ်ရှင်ရိုက်ခဲ့ပြီး





သည်။ မောင်သင်နှင့် မြင့်မြင့်ခင်တို့ သရုပ်ဆောင်ခဲ့ကြသည်ဟု ထင်ပါသည်။

ယခုတစ်ဖန် ဇာတ်လမ်းကောင်းများ ရှားပါးနေသော ရုပ်ရှင်လောကတွင် ဇာတ်ကားဟောင်းများ ပြန်လည်ရိုက်ကူးနေကြသည်ဖြစ်ရာ 'စိမ်းသင့်မှစိမ်း'ကိုလည်း ရန်အောင်၊ မေသန်းနုတို့နှင့် ဒုတိယအကြိမ်ပိတ်ကားပေါ်တွင် မြင်တွေ့ကြရဦးမည်ဟု သိရသည်။ အကယ်၍သာ ရိုက်ကွင်း (Location) ကောင်းကောင်းနှင့် ဇာတ်ဆောင်စရိုက်နှင့်ခံစားချက်များကို အသေးစိတ်ရိုက်ပြနိုင်ပြီး ပင်မအခရာဖြစ်သော ဒါရိုက်တာ၏ ကြိုးပမ်းအားထုတ်မှု အပြည့်အဝရှိမည်ဆိုပါက ဒုတိယအကြိမ် 'စိမ်းသင့်မှစိမ်း'သည် အကယ်ဒမီတွေ တစ်ပွေ့တစ်ပိုက်ကြီးရနိုင်မည်ဟု ယုံကြည်မျှော်လင့်မိသည်။

ဒါပေမယ့် စာရေးဆရာတစ်ယောက်အနေဖြင့် ဆန္ဒပြုရမည်ဆိုပါက ခင်နှင်းယုတစ်ယောက် ဝတ္ထုရှည်ကြီး (Novel)တစ်ပုဒ်လောက်တော့ ရေးထုတ်စမ်းပါဦးဟူ၍သာ . . .။

လင်းယုန်မောင်မောင်

(၁၀-၈-၉၄)



www.burmeseclassic.com

www.burmeseclassic.com

## စိမ်းသင့်မှုစိမ်း သို့မဟုတ် မေတ္တာမဟာဝန်

ဆင်တော်ရန် ကောသာ ဖြိုးရင်လ
လင်မျှော်ပြန်ပြီ တော့လို့
အများပြည်ရွာက
ညည်းကြပါလိမ့်
အတီးကိုပင် စရော့သလား
သမီး ကိုယ်ညီမကဲ့သို့
အများက မစာနာသတော်
ကြားရ စကားလာ။

ထိုတေးအိုလေးမှာ ကျွန်မ၏မေမေ ဆိုပြသော သီချင်း





တစ်ပုဒ်ဖြစ်ပါသည်။ ထိုတေးကို ''စိမ်းသင့်မှုစိမ်း''ဝတ္ထုရေးသောအခါ ဒုတိယပိုင်းတွင် ထည့်သွင်းသုံးစွဲခဲ့ပါသည်။

၁၉၅၂-ခုနှစ်လောက်တုန်းက ရှမ်းပြည်နယ်မြောက်ပိုင်းကို ကျွန်မခရီးထွက်ခဲ့ပါသည်။ ကားနှင့်လားရှိုးမှထွက်ကာ နမ့်တူဘော်တွင်းသို့ ခရီးဆန့်ရာတွင် မိုင်းငေါ်ကို ဖြတ်ကျော်ခဲ့ရပါသည်။ မိုင်းငေါ်အနီးရွာလေးမှာ ချောင်းတစ်ခုရှိ၍ ထိုချောင်းကိုဖောင်နှင့်ဖြတ်ကူးရသည်။ ပထမဆုံးပစ္စည်းများနှင့် လူကြီးများဖြတ်ကျော်နေချိန်တွင် ချောင်းကမ်းပါးနှင့် ခပ်လှမ်းလှမ်းရှိ တဲငယ်တစ်ခုအတွင်း ကျွန်မ ခေတ္တနားနေပါသည်။ ထိုတဲထဲမှာ တဲပိုင်ရှင်အမျိုးသမီးနှင့် ကျွန်မ စကားလက်ဆုံကျနေပါသည်။

သူ့ခင်ပွန်းမှာ ထိုဖောင်ကို တစ်ဘက်ကမ်းရောက်အောင် ပို့ရာတွင် ဦးဆောင်ရသူဖြစ်ပါသည်။ ကျွန်မတို့ဆီမှာတော့ ကူးတို့သူကြီးခေါ်ပါသည်။ ရှမ်းပြည်နယ်မှာတော့ ဘယ်လိုခေါ်သည် မသိပါ။ သူသည် နွမ်းပါး၍သူ့တဲမှာ အိုဟောင်းလှသည်။ သူ့ချစ်ဇနီးသည် ကျွန်မကို မြေကရားထဲမှ ရေနွေးကြမ်းနှင့် ဧည့်ခံပါသည်။ ပန်းကန်ကတော့ စဉ့်ဝါရောင် မြေခွက်ပဲဖြစ်သည်။ နောက်ကျောတွင် နို့စို့ကလေးတစ်ယောက် လွယ်ထား၍ အကြီးနှစ်ယောက်က သူ့ဘေးမှာ ထိုင်နေသည်။ အကြီးမှာ ငါးနှစ်သားလောက်ရှိ၍ အငယ်က သုံးနှစ်သားလောက်ရှိပြီး၊ သူတို့အမေကို မုန့်ပူဆာနေသည်။

''အစ်မ သူတို့ကို ကျွန်မ မုန့်ပေးလိုက်ဦးမယ်''

သူသည် ပေါ့ပါးစွာထ၍ ကျပ်ခိုးစင်ပေါ်ရှိ မြေအိုးထဲမှ ဖက်ရွက်နှင့်ထုပ်ထားသော မုန့်သုံးထုပ် ယူချလာသည်။ နှစ်ထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကလေးများဖဲ့အားပေး၍ ကျွန်တစ်ထုပ်ကိုဖြေကာ ကျွန်မကို ချကျွေးသည်။ ဖက်ရွက်ထဲမှာတော့ ပဲကတ္တီပါလို ပဲမည်းမည်းများ ပေါင်းထားသည်ကို တွေ့ရပါသည်။

"စားပါ အစ်မရယ်၊ ရေနွေးကြမ်းလည်း သောက်ပါ။ ဒီမှာတော့ကလေးအတွက် မုန့်ဟာ ဒါပဲရှိတယ်။ တစ်ခါတစ်ခါ အာလူးပြုတ်ပေးတယ်။ ကောက်ညှင်းပေါင်းလည်း ကျွေးပါတယ်။ တဲနောက်မှာသူ့အဖေက အာလူးခင်းနဲ့ပဲခင်းစိုက်ထားတယ်။ ကလေးတွေသွားရည်စာနဲ့ ကျွန်မတို့ စားဖို့လုံလောက်ပါတယ်"

သူ့ဘဝကို အကျဉ်းရုံးတင်ပြပါသည်။ ထိုစဉ်က ထိုနေရာမှာ ခေါင်လှသည်။ ကျွန်မကတော့ တစ်တဲနှင့်တစ်တဲ အလှမ်းအတော်ဝေး၍ တဲငယ်များကြားတွင် ယာခင်းလေးများခြားနေသော ရွာဟုပင်မခေါ်သာသည့် သည်ပတ်ဝန်းကျင်ကို စိတ်ဝင်စားနေမိ၏။

"သူတို့အဖေ အားတဲ့အချိန် အခင်းကို စိုက်ထားတယ်။ ကျွန်မက နောက်ပိုင်းကြည့်ရတာပေါ့။ လိုချင်တာရှိမှ တစ်ခါတလေ မိုင်းငေါ ဈေးသွားဝယ်ရတယ်"

ပါးစုံဖောင်းဖောင်းနှင့်စားနေသော ကလေးများမှာ မပိန်မဝ အတော်လောက်ပင်။ ကျန်းမာရေးတော့ ပြည့်စုံပုံရသည်။ သူတို့သည် လတ်ဆတ်သောလေနှင့် လတ်ဆတ်သော သစ်သီးဝလံစားနေရ၍ ကျန်းမာကြသည် ထင်ပါသည်။ အဝတ်အစားကတော့ နွမ်းပါးလှ၏။ အမျိုးသမီးမှာ ရှမ်းပြည်ဇာတိ ဖြစ်ဟန်မတူ။ စကားသံ မဝဲပါ။ သူ့အမျိုးသားမှာတော့ ရှမ်းအမျိုးသား ဖြစ်ပါသည်။ ချစ်၍ခေါ်ရာ လိုက်တော်မူခဲ့ပုံရပါသည်။





ကျွန်မက ပဲပြုတ်ကိုစား၍ ရေနွေးကြမ်းသောက်ကာ ကျေးဖူးတင်ကြောင်းပြောပြရာမှ –

"သူတို့ကို ကျောင်းဘယ်မှာ ထားသလဲ" ဟုမေးမိသည်။ မိန်းမငယ်သည် ကျောင်းဆိုသောစကားကို ထည့်သွင်းစဉ်းစားပုံမရ။ သူကိုယ်တိုင်လည်း စာသင်ဖူးမည် မထင်ပါ။

ကျွန်မတို့ အလှည့်ရောက်၍ ချောင်းကိုကူးရန် ထလိုက်သောအခါ မိန်းမငယ်သည် ချောင်းကမ်းပါးအထိ ကျွန်မကို လိုက်ပို့နှုတ်ဆက်ပါသည်။ သူ့ခင်ပွန်းသည်မှာ ကျွန်မတို့ကို တစ်ဘက်ကမ်းအရောက်ပို့ပါသည်။ ကျေးဇူးတင်ကြောင်း ပြောပြနှုတ်ဆက်၍ ကျွန်မခရီးဆက် ထွက်ခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်စောင်းနှင့် တောင်ကြားမြေပြင်များရှိ ယာခင်းများ၊ တဲငယ်များမှာ ကျွန်မ အတွေးကိုနှိုးဆွလျက်ရှိသည်။ ဤယာခင်းများရှိ ကလေးများ ပညာသင်ကြားရေးကိုလည်း ကျွန်မ အစီအစဉ်လုပ်ကြည့်မိသည်။ သူတို့ယာခင်းများကို ခေတ်မီတိုးတက် စိုက်ပျိုးရေးအထိ ဦးဆောင်နိုင်သော ရှမ်းလူငယ်များဖြစ်လာအောင် ကလေးများကို ကျွန်မ ပညာသင်ကြားချင်သည်။ အိပ်မက်ထဲမှာတော့ မြစ်၊ ချောင်းနှင့်ဝေးကွာသော သီးနှံယာခင်းများကို ရေသွင်းစိုက်ရန် ရေစုပ် စက်မောင်းနှင်သံသည် တညံညံဖြစ်၍နေပါသည်။ ကျွန်မ နှလုံးသားတွင် ဆောင်းနှင်းဖြူ ခြုံစောင်အောက်မှာ အိပ်ပျော်နေသော ယာခင်းများသည် လဲလျောင်းလျက်ရှိနေပါသည်။

၁၉၅၄–ခုနှစ်ရောက်တော့ 'စိမ်းသင့်မှစိမ်း'ကို ရှုမဂ္ဂဇင်းတွင် ကျွန်မ မွေးထုတ်ဖြစ်သည်။ စိတ်ထဲမှာ ဖြစ်ချင်သည်များကို ဝတ္ထုထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်ဖန်ဆင်းလိုက်သည်ဆိုပါတော့။ စိမ်းဆိုသော ရန်ကုန်မြို့ပေါ်မှ နယ်ပိုင်ကတော် တစ်ယောက်ကို ကျွန်မသည် မိုင်းဝေါ်ရွာအနီး ချောင်းကမ်းပါး ယာခင်းဆီသို့ ခေါ်သွားခဲ့ပါသည်။

စိမ်း ယာခင်းထဲသို့ ရောက်သွားပုံမှာ ထွေထူးဆန်းပါသည်။ လက်ထပ်ပြီး ခြောက်လအကြာ ခင်ပွန်းသည်နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်းကို ခရီးထွက်ရင်း မိုင်းဝေါ်အနီးမှာ ဓားပြတိုက်ခံရသည်။ ကားအရှိန်မသတ်ခင် စိမ်းသည် ကားတံခါးကိုဖွင့်၍ လိမ့်အချကားပေါ်မှ ချောက်ထဲသို့ ကျကျန်ရစ်သည်။ ခင်ပွန်းသည်နှင့်ကားကို ဓားပြများက ခေါ်ယူသွားကြသည်။ သတိမေ့နေသော စိမ်းကို ရှမ်းအဘိုးကြီး တစ်ယောက်က ချောက်ကမ်းပါးချေပေါ်မှ ကယ်တင်ခဲ့ရာမှ ကိုဝဏ္ဏတို့ ယာခင်းကို ရောက်လာခဲ့ရသည်။

ကိုဝဏ္ဏ၏ အမေ၊ ညီမလေး မခမ်းလုံ၊ ညီငယ်တိုးကြီးနှင့် အတူးတို့က မမျှော်လင့်ဘဲရောက်လာသော စိမ်းကိုချစ်ခင်လှိုက်လှဲစွာ ကြိုဆိုလက်ခံကြသည်။ ကိုဝဏ္ဏကလည်း အထူးဂရုစိုက် စောင့်ရှောက်သည်။ ရောက်စက ကားပေါ်မှကျသောဒဏ်၊ အဖျားဒဏ်ကြောင့် အိပ်ရာမှ မထနိုင်သော စိမ်းမှာ နွေးထွေးသော ကိုဝဏ္ဏမိသားစု မေတ္တာဖြင့် ကျန်းမာလာသည်။

စိမ်းက နေကောင်းလာချိန်တွင် သူ့အဖြစ်ကို ပြောပြ၍ သူ့ရန်ကုန်ပြန်ရန် စီစဉ်နေသည်။ ကိုဝဏ္ဏက မိုင်းဝေါ်၊ ကျောက်မဲတို့သို့သွားရောက်တိုင်း စိမ်း၏ယောကျ်ားသတင်းကို အမြဲစုံစမ်းပေးသည်။ တစ်နေ့ကျောက်မဲသို့ ကိုဝဏ္ဏသွားရာမှ သတင်းစာတစ်စောင်ယူလာခဲ့သည်။ သတင်းစာထဲတွင် စိမ်းယောကျ်ား





ကိုဝင်းဖေ ဓားပြလက်ချက်ဖြင့် သေဆုံးသွားကြောင်း၊ ပုံပျက်နေသော အလောင်းနှင့်ပစ္စည်းများ၊ ကိုဝင်းဖေလက်ဆွဲအိတ် ဓာတ်ပုံပါသောသတင်းဖြစ်သည်။ ကိုဝင်းဖေ မိဘများက စိမ်းနှင့်ကိုဝင်းဖေ လက်ထပ်သည်ကို သဘောမတူသောကြောင့် အဆက်ဖြတ်ထားသည်။ စိမ်းမှာမိဘမရှိ။ ရင်းနှီးသော ဆွေမျိုးလည်းမရှိပါ။

အထီးကျန်ဘဝနှင့် ရန်ကုန်မှာ တစ်ယောက်တည်း နေရမည့်အတူတူ ယာတောတွင် ဆက်လက်နေပါရန် အမေက တောင်းပန်သည်။ စိမ်းက သူ့ဘဝအတွက် ဘာမှပြင်ဆင်မှု မရှိသေးဘဲ ရန်ကုန်ပြန်ရန် မဖြစ်သေး၍ အမေတို့ယာတောတွင် ဆက်လက်နေရန် သဘောတူလိုက်သည်။ ကလေးများကလည်း စိမ်းကိုချစ်ခင်ကြသည်။ ကိုဝဏ္ဏကလည်း အလွန်ဝမ်းသာသည်။

စိမ်းသည် အိမ်ထောင်မှုကို ကျွမ်းကျင်သူပီပီ အမေ့တွက် အကူအညီရသည်။ စိမ်းရောက်လာမှ အမေတို့၏ မြေစိုက်တဲမှာ သန့်ရှင်းသပ်ရပ်လာသည်။ တိုးကြီး၏ ဝက်ခြံမှာလည်း ကောင်းရေပွားလာ၍ နွားခြံကလည်း နို့ပိုထွက်လာသည်။ မခမ်းလုံ၏ ကြက်ခြံကလည်း ကြက်ဥများပိုထွက်လာသည်။ ကြက်ခြံရှင်းသည်ကအစ နွားခြံကိစ္စများပါ စိမ်းက မခမ်းလုံနှင့်တိုးကြီးကို ကူညီဝင်ရောက်ဆောင်ရွက်ပေးသည်။

တိုးချဲ့သော ယာခင်းများအတွက် ရေစုပ်စက်ဝယ်ရန် ကိုဝဏ္ဏက ငွေစုဆောင်းသည်။ သို့သော် စိမ်းအတွက် ရာသီဥတုဒဏ်ခံနိုင်ရန် တဲငယ်ကိုဖျက်၍ ကျောက်တုံးအိမ်လေးဆောက်လိုက်သည်။ နောက်မှတဖြည်းဖြည်း ရေစုပ်စက်ဝယ်ယူရန် စီစဉ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက ဖျက်လိုက်သော တဲမှဝါး၊ သစ်များနှင့်တဲငယ်တစ်လုံးကို အိမ်အနီးမှာ သပ်သပ်ရပ်ရပ် ဆောက်လိုက်ပြီး စာသင်ကျောင်းအဖြစ် ဖန်တီးအသုံးပြုလိုက်သည်။ အိမ်နီးချင်း ဦးခွန်နောင်အကူအညီဖြင့် ယာခင်းတစ်ဝိုက်တွင်နေသော ကလေးငယ်များကို စုဆောင်းကာ စိမ်းက မခမ်းလုံ၊ တိုးကြီး၊ အတူးတို့နှင့်အတူ အားလပ်ချိန်တွင် စာသင်ပေးသည်။ တိုးကြီး နွားနို့ပို့အသွားတွင် မိုင်းငေါ်မှသတင်းစာကို ယူလာကာ ညဘက်တွင် သတင်းစာဖတ်တတ်အောင် သင်ပေးသည်။

သူတို့အပျော်ဆုံး ဆောင်းရာသီ ညဘက် ရေချိုးချိန်တွင် ရေနွေးနှင့် ချိုးရသည်ကိုပျော်ကြသည်။ ယခင်က အမေ့မှာတစ်ယောက်တည်း၊ လူကလည်း အိုမင်းလာ၍ အလုပ်များများ မလုပ်နိုင်။ စိမ်းရောက်လာမှ တိုးကြီး စုဆောင်းထားသော ထင်းများနှင့် သူတို့တစ်အိမ်သားလုံးအတွက် စိမ်းက ရေနွေးကျိုပေးသည်။

ကိုဝဏ္ဏအဖို့ နေ့လယ်ယာခင်းကအပြန် ခေတ္တနားချိန်တွင် စိမ်း၏လက်ရာတို့ဟူးသုပ်၊ နို့နှင့်ကြက်ဥရော၍ ဖုတ်ထားသော ပုတင်းများစားရသည်။ စိမ်း၏အပြုအစုကို ကိုဝဏ္ဏသာယာလာသည်။ ညဦးတွင် အိမ်ထဲ၌ မီးဖို၍ မီးလှုံရင်း သူတို့စာဖတ်ကာ စကားပြောကြသည်။ တစ်ညမှာ စိမ်းကတိုးကြီးယူလာသော သတင်းစာတွင် တိတိရိရိပြတ်နေသော ကြော်ငြာစာကွက်လပ်ကို ကိုဝဏ္ဏအားပြသည်။ ကိုဝဏ္ဏက သူဘာမှမသိဟု ဖြေသည်။

ကိုဝဏ္ဏသည် ငယ်စဉ်က တောင်ကြီးတွင်နေ၍ စာသင်ခဲ့ရပြီး အရွယ်ရောက်တော့ မြေပြန့်သို့ဆင်းကာ မြန်မာမျိုးချစ်လူငယ်





များနှင့်ပူးပေါင်း၍ နယ်ချဲ့တော်လှန်ရေး၌ ပါဝင်ဆောင်ရွက်သည်။ လွတ်လပ်ရေးရပြီး ဖခင်ကြီးဆုံးသွားသောအခါ အမေတို့မိသားစုကို အမေချစ်သော ယာခင်းသို့ပြန်လည်ခေါ်ကာ စိုက်ပျိုးမွေးမြူရေးလုပ်၍ မိသားစုကိုလုပ်ကျွေးသည်။

တစ်နေ့ ကိုဝဏ္ဏအိပ်ရာထ နောက်ကျ၍ ယာခင်းသို့ အထွက်နောက်ကျသည်။ စိမ်းက –

"ကိုဝဏ္ဏ ညက ဘာဖြစ်လို့လဲ၊ ဒီမနက် အိပ်ရာ,ထ နောက်ကျတယ်"

ကိုဝဏ္ဏသည် ညက သူ၏အတွေးကို ဖွင့်၍ပြောပြသည်။

"ကျွန်တော် အိပ်လို့မရဘူး၊ တစ်ညလုံး စိမ်းကို တွေးနေမိတယ်။ ခင်ဗျားများ တစ်နေ့ ဒီယာခင်းက ထွက်သွားမလားလို့၊ ပြီးတော့ ယာတောအကြောင်းလည်း တွေးမိတယ်။ ကျွန်တော်က နယ်ရှင်တွေကို အားမကိုးချင်ဘူး။ ကိုယ့်ယာခင်းကို တိုးတက်အောင် ကိုယ့်ဟာကိုယ် လုပ်ချင်တယ်။ မြေရိုင်းတွေထွင်ပြီး တောင်ကုန်းဘက်မှာ ရေစုပ်စက်နဲ့ ယာခင်းတွေကို တိုးချဲ့စိုက်ချင်တယ်။ ကျွန်တော် အားကြိုးမာန်တက် လုပ်နိုင်အောင် စိမ်း ကျွန်တော့်အနားမှာ အမြဲရှိနေစေချင်တယ်။ ကျွန်တော်ဟာ စိမ်းနဲ့အတူနေရတော့ အလုပ်ပို လုပ်လာတယ်။ ကျွန်တော်မှာ တိုင်ပင်ဖော်၊ တိုင်ပင်ဖက်လည်းရတယ်။ ပြီးတော့ ဟိုနေ့ကလိုဆိုပါတော့ နေ့လယ်ပြန်လာချိန် တို့ဟူးသုပ် လုပ်ထားတာတွေ၊ ညဦးဦးမှာ ယာခင်းကပြန်ရောက်ချိန် ရေနွေးနဲ့နွေးနွေးထွေးထွေး ရေချိုးရတာတွေ၊ အားလုံးစိမ်းပြုစုပေးတာတွေ အသေးအဖွဲပေမယ့် အပြုစုခံရသူ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ တစ်အားတက်တာပဲ။ ရှင်းရှင်းပြောရရင် ကျွန်တော် စိမ်းကို မခွဲနိုင်ဘူး။ စိမ်းနဲ့လက်တွဲပြီး ယာခင်းမှာအခြေချချင်တယ်။ ကျွန်တော့် သားစဉ်မြေးဆက်တွေကို ဒီယာခင်းသစ်မှာ အတွေးသစ်၊ အမြင်သစ်တွေနဲ့ တိုးတက်တဲ့ ခိုက်ခင်းတွေအလယ်မှာ တွေ့ချင်တယ်။ ဒါပေမယ့် စိမ်းဆာကို ဒီယာတောမှာ နှစ်ပစ်လိုက်ပါလို့လဲ ကျွန်တော် မပြောရက်ဘူး။ စိမ်းကိုလည်း မခွဲနိုင်ဘူး၊ မခွဲချင်လို့ တစ်ညလုံး စိတ်ဒုက္ခကျရောက်ပြီး အိပ်မရတာ၊ ကျွန်တော်သွားမယ်”

ကိုဝဏ္ဏက ဒါပဲပြောကာ ယာတောသို့ ထွက်သွားသည်။

စိမ်းကလည်း ကိုဝဏ္ဏ၏ ယဉ်ကျေးစွာ ပြောသွားသော လူပျိုစကားကြောင့် တုန်လှုပ်သွားမိသည်။ တကယ်တော့လည်း လွတ်လပ်သူနှစ်ဦး ယခုလိုကြာရှည်ရင်းနှီးစွာ နေလာတော့လည်း ကိုဝဏ္ဏလို လူငယ်တစ်ယောက်အဖို့ သူ၏ ပြုစုစောင့်ရှောက်မှုများမှာ စိတ်လှုပ်ရှားစရာပေပဲ။ သူ့အနေနှင့်က သူခိုလှုံနေရသော ကျေးဇူးရှင်အဖြစ် အမေတို့ မိသားစုကို မိသားစုစိတ်ဓာတ်နှင့် ပြုစုနေခြင်းဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရန်ကုန်သို့သွား၍ သူ့ချစ်လင် ကိုဝင်းဖေအကြောင်း စုံစမ်းဖို့ သူအမြဲကြံစည်နေသည်။ ယခုလို ကိုဝဏ္ဏက ဖွင့်ပြောခါမှ ကိုဝင်းဖေကို အထူးသတိရဖို့ ဖြစ်လာသည်။ စိတ်ထဲမှာ လင်ဖြစ်သူကို အောက်မေ့တမ်းတစိတ်ဖြင့် စိတ်မကောင်းဖြစ်လာ၍ စိတ်တည်ငြိမ်အောင် ကိုဝဏ္ဏအခန်းထဲဝင်ကာ စာအုပ်များ နေသားတကျ ရှင်းလင်းပေးသည်။ ကျောက်တုံးအိမ် ဆောက်ပြီးကတည်းက ဖရိုဖရဲဖြစ်နေသော စာအုပ်၊ စာရွက်၊ စာတမ်းများကို ရှင်းလင်းပေးသည်။





ကိုဝဏ္ဏအတွက် မကောင်းသော ကံကြမ္မာက ဝင်လာခဲ့သည်။ စာအုပ်ပုံတစ်ခုထဲမှ သတင်းစာဖြတ်ပိုင်းများ ထွက်ကျလာသည်။ ကြော်ငြာသတင်းများ ဖြစ်သည်။ ကိုဝင်းဖေက သူအသက်ရှင်လျက်ရှိသေး၍ စိမ်းလည်း အသက်ရှင်လျက်ရှိပါက ရန်ကုန်သို့ အမြန်ပြန်လာရန် ကြော်ငြာသော ဖြတ်ပိုင်းဖြစ်သည်။ စိမ်းသည် သတင်းစာဖြတ်ပိုင်းကို ဖတ်ပြီးပြီးချင်း ကိုဝဏ္ဏကို အထင်လွဲသည်။ ကိုဝဏ္ဏကို တစ်ညတုန်းက သတင်းစာဖတ်ရင်း တိတိရိရိဖြတ်ထားသောကွက်လပ်ကို မြင်စဉ်က စိမ်းကမေးခဲ့သည်။ ကိုဝဏ္ဏက မသိဟု ဖြေခဲ့သည်။ ကိုဝဏ္ဏကိုခွဲ၍ စိမ်းရန်ကုန်ကို ပြန်မှာစိုးသောကြောင့် ကိုဝဏ္ဏက ကိုဝင်းဖေ၏ကြော်ငြာများကို ဖြတ်တောက်သိမ်းဆည်းထားသည်ဟု သူစွပ်စွဲကာ ကိုဝဏ္ဏအကူအညီကိုပင်မယူဘဲ ရန်ကုန်သို့ ထွက်လာခဲ့သည်။

ယာခင်းရှိ အမေတို့ မိသားစုမှာကြေကွဲ၍ ကျန်ရစ်ကြသည်။ တစ်ညတွင် ကိုဝဏ္ဏက အိပ်မပျော်ဖြစ်နေစဉ် ကလေးများ အိမ်အလယ်မီးဖိုတွင် စကားပြောနေသံကြား၍ အခန်းဝမှ သွားရောက်နားထောင်သည်။ ထူးဆန်းသောအဖြစ်ကို ကြားရ၍ သူအံ့သြသွားသည်။ ကလေးတွေက သူ့ကိုမမြင်။

“အစ်မသာအစောကြီး ဒီလိုပြန်မယ်မှန်းသိရင် ငါသတင်းစာအပိုင်းတွေကို ဖြတ်မထားပါဘူး”

တိုးကြီးက ခမ်းလုံနှင့်သူ့ညီကို ပြောပြနေသည်။ သူသိမ်းထားရင်းမှ အိမ်ဖျက်ဆောက်ရာတွင် အပြောင်းအလဲနှင့် ပျောက်သွားကြောင်းပြောပြသည်။ မခမ်းလုံက သတင်းစာကြော်ငြာများကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်း ဆုတ်ပစ်ရင်ကောင်းမည်ဟု ကလေးတွေးတွေးကာ ပြောလိုက်သည်။

"ဖြတ်သိမ်းထားတာတောင် လွန်လှပြီ။ အစ်ကိုသာသိရင် သတ်မှာပဲ။ ငါ့စိတ်ထဲမှာတော့ အစ်မကို မပြန်စေချင်လို့ပါ"

အမှန်ကတော့ ကလေးများအားလုံး စိမ်းကို ယာခင်းမှာပဲ ရှိစေချင်သည်။ ကိုဝဏ္ဏက ကလေးများရှိရာလာကာ ကြော်ငြာစာရွက်ကို ဘယ်သူဖြတ်သလဲမေးသည်။ မခမ်းလုံက တိုးကြီး သတင်းစာသွားယူစဉ် ကြော်ငြာကို အရင်ဆုံးဖတ်ရကြောင်း၊ သူ့ကိုတိုင်ပင်သောအခါ စိမ်း ရန်ကုန်ကို မပြန်စေချင်၍ ထိုကြော်ငြာကို ဖြတ်ဖို့ အကြံဉာဏ်ပေးမိကြောင်း ဖွင့်ဟဝန်ခံကြသည်။ သူတို့စိမ်းကို ချစ်လွန်း၍ လုပ်မိကြောင်း ပြောပြကြသည်။ နောက်ကို ဒီလို မလုပ်ရန် ကလေးများကို ဆုံးမသည်ကလွဲ၍ ကိုဝဏ္ဏဘာမျှ မတတ်နိုင်တော့ပါ။ စိမ်းကို ရှင်းလင်းပြောပြဖို့ အချိန်မရတော့။

ရန်ကုန်ရောက် စိမ်းဘဝက မတည်ငြိမ်။ သူငယ်ချင်း ဒေစီအိမ်တွင် ခေတ္တနားရင်း ကိုဝင်းဖေသတင်းစုံစမ်းသည်။ ဒေစီက ကိုဝင်းဖေမှာ ဓားပြဖမ်းဆီး ခေါ်ဆောင်သွားပြီး ဒဏ်ရာနှင့်လွတ်မြောက်သွားကြောင်း၊ ကိုဝင်းဖေ တပည့်မှာ ဓားပြများလက်ချက်နှင့် သေသွားကြောင်း၊ ရုပ်ပျက်ဆင်းပျက်အလောင်းကို အချိန်လွန်မှသိကြရ၍ အလောင်းဘေးတွင် တွေ့ရသော လက်ကိုင်အိတ်အတွင်းမှ ဓာတ်ပုံကြောင့် ကိုဝင်းဖေသေပြီဟု ယူဆကြကာ မိဘများက နာရေးကြော်ငြာကို ကြော်ငြာကြောင်း၊ ကိုဝင်းဖေက အလွန်ခေါင်သော ရှမ်းကျေးရွာတစ်ရွာမှာ ရှမ်းအဘိုးကြီး တစ်ယောက်၏ ဆေးကုသမှု





ကိုခြောက်လလောက် ခံယူနေရသောကြောင့် အဆက်အသွယ်ပြတ်ကာ သတင်းစာ မရောက်သော ကျေးရွာလေးတွင် သူ့သတင်းကိုရော နာရေးကြော်ငြာကိုရော မဖတ်မိဘဲ ကျန်းမာလာမှ ရန်ကုန်သို့ပြန်ရောက်လာကြောင်း။ ရန်ကုန် အရောက်တွင် စိမ်းအသက်ရှင်လျက်ရှိနေဆဲထင်၍ သတင်းစာထဲတွင် ကိုဝင်းဖေက ကြော်ငြာသော်လည်း စိမ်းကရောက်မလာ။ နောက်ဆုံး မိဘများ အစီအစဉ်အရ ခင်ခင်သန်းဆိုသူနှင့် လက်ထပ်ကာ နယ်သို့ပြောင်းရွှေ့သွားကြောင်းပြောပြသည်။

စိမ်းသည် ကိုဝင်းဖေကို ရှာဖွေလိုပေမယ့် ခင်ခင်သန်းနှင့် လက်ထပ်ပြီးဖြစ်၍ အဆင်ပြေနေပြီဖြစ်သော ကိုဝင်းဖေ အိမ်ထောင်ရေးကို အနှောင့်အယှက်မပေးချင်။ ဒေစီအိမ်မှာ ဆက်လက်နေထိုင်လိုသော်လည်း ဒေစီ့ခင်ပွန်းမှာ အရက်အိုးဖြစ်၍ သူ့လိုငယ်ရွယ်သူတစ်ယောက်အနေနှင့် အတူနေ၍ မသင့်လျော်။ တစ်နေ့ အလုပ်ရှာရန်အထွက်မှာ သူ့မိဘများရှိစဉ်က သူ့ကိုထိန်းခဲ့သော ဒေါ်ရွှေသွယ်နှင့်သွားတွေ့သည်။ စိမ်းကို အကျိုးအကြောင်းမေး၍ စိမ်းက သူ့ဘဝကိုပြောပြသည်။

ဒေါ်ရွှေသွယ်က စိမ်း၏အမျိုး မှဆိုးမ မင်းကတော်ကြီး ဆါမြနုအိမ်မှာ သူနေထိုင်ကြောင်း၊ မိန်းကလေးတစ်ယောက်အဖို့ သခုလို ကစဉ့်ကလျားနေသည်ထက် အမျိုးဖြစ်သူ မင်းကတော်ကြီးထံမှာ ခိုလှုံသင့်ကြောင်း၊ ထိုအိမ်မှ အလုပ်ကိုရှာဖွေဖို့ အကြံဉာဏ်ပေးသည်။ စိမ်းသည် သူ့လိုမိဘမဲ့၊ အခြေအနေမဲ့သူကို ဂရုစိုက်မည်မထင်၍ စိမ်းကမသွားလို။ သို့သော် ဒေါ်ရွှေသွယ် တိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင့် စိမ်းက ဒေါ်မြနုထံသွားရန် သဘောတူလိုက်သည်။ ဒေါ်မြနုမှာ ချမ်းသာသော မင်းကတော်ကြီးဖြစ်၍ ကြင်နာသနားတတ်သူဖြစ်သော်လည်း တစ်ဦးတည်းသောသမီး လှဲ့လှဲ့ကြောင့် စိမ်းက နေရသည်ကိုမပျော်။

လှဲ့လှဲ့မှာ ခေတ်ဆန်သူဖြစ်၍ သူ၏ယောက်ျားလေး သူငယ်ချင်းများကို အိမ်တွင်ဖိတ်ခေါ်ကာ ကျွေးမွေးဧည့်ခံလေ့ရှိသည်။ ညစာစားပွဲတွင် စိမ်းကကူညီကျွေးမွေးရင်းမှ လှဲ့လှဲ့၏ ရည်မှန်းထားသူ ကိုမောင်မောင်တင်က စိမ်းအား အရေးပေးသည်ကို လှဲ့လှဲ့က မကျေနပ်။ စိမ်း၏ပင်ကိုအလှကြောင့် လှဲ့လှဲ့၏ ရည်မှန်းသူ ကိုမောင်မောင်တင်၏ မိတ်ဆွေ ကိုဘကောင်းမှာ စိမ်းကိုသဘောကျသည်။ ကိုဘကောင်းသည် ပညာဝန်တစ်ယောက်ဖြစ်၍ မုဆိုးဖိုဖြစ်ကာ အင်းစိန်မှာ အိမ်တစ်လုံးရှိသည်။ စိမ်းကို ဆရာမအလုပ်ရှာပေးသည်။ သူက ရန်ကုန်တွင်နေသူဖြစ်၍ စိမ်းကို သူ၏အင်းစိန်မှာနေခွင့်ပေးသည်။

လှဲ့လှဲ့က စိမ်းသူတို့အိမ်မှာ နေသည်ကိုမကြိုက်၍ ဒေါ်မြနုကိုပြောပြသည်။ သမီးဆန္ဒကိုမလွန်ဆန်နိုင်သော ဒေါ်မြနုက စိမ်းကို အိမ်မှထွက်သွားခွင့် ပြုလိုက်သည်။ စိမ်းနှင့် ဒေါ်ရွှေသွယ်မှာ ကိုဘကောင်းအိမ်မှာ နေထိုင်ရင်း စိမ်းက ကျောင်းတက်ရသည်။ ကိုဘကောင်းက ခဏခဏ အလည်လာသည်။ တစ်နေ့မှာ စနေနေ့ နေ့လည်စာ စိမ်းတို့အိမ်တွင် စားလိုကြောင်းပြောသည်။ စိမ်းကိုယ်တိုင်သူ့ကိုလာကြိုဖို့ လိုအပ်သည်များဝယ်ရန် ကားပါအင်းစိန်အိမ်တွင်ထားခဲ့သည်။ စိမ်းသည် အလုပ်ရှင်၊ ကျေးဇူးရှင်အနေနှင့်





ကျွေးမွေးရန် တာဝန်ရှိသည်။ ဒေါ်ရွှေသွယ်နှင့် ထမင်းသုပ်များပြင်ဆင်ပြီး ကိုဘကောင်း၏ ကားဒရိုင်ဘာနှင့်အတူ ရန်ကုန်ထဲရှိ ကိုဘကောင်းရုံးကို သွားကြိုသည်။ ရုံးခန်းအဝတွင်အထဲမှ ကိုမောင်မောင်တင်နှင့် ကိုဘကောင်းတို့ စကားပြောသံကြား၍ အထဲမဝင်သေးဘဲ အပြင်မှာရပ်၍ နားထောင်နေမိသည်။

"ခင်ဗျား ရုံးဆင်းရင် ဘယ်သွားမလဲ"

ကိုမောင်မောင်တင်က မေး၏။

"စိမ်း လာခေါ်လိမ့်မယ်"

"တယ်ဟုတ်ပါလားဗျို့၊ ကျွန်တော်တော့ အပွဲပွဲနွှဲခဲ့သမျှ ဒီပွဲမှာမိနေပြီ။ လှဲ့ကို ကျွန်တော် လက်ထပ်ရတော့မယ်"

"ကိုယ့်လူ လျှော်တာကို၊ လှည့်ထွက်လို့ မရဘူးလား"

"မရဘူး၊ မရဘူး၊ အဘွားကြီးက အထက်လူကြီးတွေနဲ့ကိုင်ထားတာ။ ယူရတော့မယ်၊ ခင်ဗျားကော စိမ်းနဲ့ဘယ်တော့ လက် ထပ်မလဲ"

"ကိုယ့်လူ ရယ်စရာတွေ သိပ်မပြောနဲ့၊ ကျွန်တော် သူ့ကို အိမ်ပေးထားတယ်၊ အလုပ်ရှာပေးထားတယ်။ ဒါနဲ့ကျွန်တော်က လက် ထပ်ရဦးမှာလား။ ကျွန်တော့်ရာထူး၊ ကျွန်တော့်အခြေအနေနဲ့ အပျို တွေ ငွေထုပ်အပြည့်နဲ့ လိုက်နေကြတာ။ ဒါတွေကြားထဲက သူ့လို တစ်ခုလပ်၊ အိမ်ခြေရာခြေမရှိတဲ့ မိန်းမကို ယူရမယ်တဲ့လား။ အိမ်နဲ့ အလုပ်ရတဲ့အတွက် ကျွန်တော် စိတ်ပျော်အောင် သူက တစ်ခုခုပြန်ပေးရမယ်လေ။ ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကောင်း ရယ်သံမှာ စိမ်းကို ရင်ပွင့်မတတ် ခံစားရသည်။ ရုံးပေါ်မှ ချက်ချင်းပြန်ဆင်းကာ ဒရိုင်ဘာကို သူ့ဆရာမရှိကြောင်း၊ အင်းစိန်ပြန်မည်ဟု ပြောကာ မောင်းခိုင်းလိုက်သည်။ အိမ်ရောက်တော့မှ ကားကို ကိုဘကောင်းဆီ ပြန်လွှတ်လိုက်သည်။ ဒရိုင်ဘာမှာ ဘာမျှမသိဘဲ ပြန်ထွက်သွားသည်။

စိမ်းသည် အိမ်ထဲသို့ ပြေးဝင်ကာ ထမင်းသုပ်အတွက် ပြင်ဆင်ထားသော ဆီချက်၊ ပုစွန်ခြောက်မှုန့်ကာအစ လွှင့်ပစ်သည်။ ဒေါ်ရွှေသွယ်မှာ ဘာမှနားမလည်။ ပစ္စည်းများ အမြန်သိမ်းဆည်း၍ ဘုတာရုံကို ထွက်လာသည်။ မီးရထားပေါ်ရောက်မှ ဒေါ်ရွှေသွယ်ကို စိမ်းက အကျိုးအကြောင်း ပြောပြသည်။

ဒေစီအိမ်ရောက်တော့ ဒေစီက စာနှစ်စောင် လှမ်းပေးသည်။ ကိုဝင်းဖေ ရှမ်းပြည်နယ်ဘက် ခရီးထွက်ရာတွင် ယခင်က စိမ်းနှင့်အတူ မားပြတိုက်ခံရသော နေရာမှာ ခေတ္တနား၍ ရေဝင်သောက်ရင်း၊ ကိုဝဏ္ဏတို့အိမ်ကို ရောက်သွားကြောင်း၊ တစ်ခါက သူ့ဇနီးသည်နှင့် ခရီးထွက်စဉ် ဤနေရာအရောက် မားပြတိုက်ခံရကြောင်း၊ သူ့ဇနီးသည်၏ သတင်းကိုမကြားရကြောင်း ကိုဝင်းဖေက ပြောပြသည်။ ဒီတော့မှကိုဝင်းဖေမှာ စိမ်းယောကျ်ားမှန်း သိကြသည်။ ကိုဝဏ္ဏ၏အမေက စိမ်းအကြောင်းကို ပြောပြလိုက်သည်။ ကိုဝဏ္ဏက သတင်းစာဖြတ် ပိုင်းအကြောင်းပါ ရှင်းလင်းရေးထားသော စာတစ်စောင်၊ မခမ်းလုံတို့ မောင်နှမက စာတစ်စောင်နှင့် ချယ်ရီပန်းခြောက်များ အိတ်နှင့်ထည့်၍ ကိုဝင်းဖေကို ပေးလိုက်သည်။

စိမ်းသည် လင်သည်ထံမှ ပေးရစ်ခဲ့သော စာများဖြစ်၍





မျှော်လင့်ကြီးစွာ ဖောက်ဖတ်လိုက်သည်။ စာများမှာ သူ့ခင်ပွန်းသည် ကိုဝင်းဖေထံမှမဟုတ်။ ကိုဝဏ္ဏနှင့် မခမ်းလုံတို့ မောင်နှမတစ်စုထံမှ ဖြစ်သည်။ ကိုဝင်းဖေနှင့် ပြန်လည်ဆုံတွေ့ပြီး ယခင်းကိုအလည်တစ်ခေါက်ပြန်လာရန် ဖိတ်ခေါ်စာများဖြစ်သည်။

"သန်ဘက်ခါကျရင် ဒေစီနဲ့အတူ ကိုဝင်းဖေက မင်းကို လိုက်ရှာမလို့"

ဒေစီ့ထံမှ ထိုစကားကို ကြားရသော်လည်း သူ့ရင်ထဲမှာ သူ့အတွက် စာလေးတစ်စောင်ပင် သူ့ချစ်လင်က မထားခဲ့သည်ကို သူဝမ်းနည်းမိသည်။ သူ့ကို ကိုဝင်းဖေ စိတ်မဝင်စားကြောင်း ထင်ရှားနေသည်။

နောက်ဆုံး သူအမျိုးမျိုး စဉ်းစားသည်။ အခြေကျနေပြီဖြစ်သော ကိုဝင်းဖေတို့ အိမ်ထောင်ရေးကိုလည်း အနှောင့်အယှက်မပေးချင်။ အခြေအနေမရှိ ငယ်ရွယ်ချောမောသော သူ့လိုတစ်ခုလပ်တစ်ယောက်အနေနှင့် ရန်ကုန်တွင် အန္တရာယ် များလှသည်။ ကိုဘကောင်းတို့၊ ကိုမောင်မောင်တင်တို့လို အသိုက်အဝန်းကိုလည်း ရှုံ့ရှာမိသည်။ ကိုဝဏ္ဏအပေါ် မဆင်မခြင် အထင်လွဲခဲ့သည်ကို နောင်တရမိသည်။

နောက်ဆုံး အမေတို့ ယာတောကိုပြန်ရန် ဆုံးဖြတ်လိုက်သည်။

"စိမ်းသင့်မှစိမ်း" ဝတ္ထုဇာတ်လမ်း ဒါပဲဖြစ်သည်။ ကျွန်မ၏ ဇာတ်ဆောင် စိမ်းသည် ရှမ်းပြည်နယ်မှအပြန် အိမ်တစ်ဆောင်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာတစ်ခု၊ ထမင်းအိုးလေးတစ်လုံးအတွက် ရိုးသားစွာ အခြေချ လိုပါသော်လည်း ရှမ်းရိုးမဖြတ်ကျော်လာကတည်းက ရန်ကုန်မြေ တည်းဟူသော အပြောကျယ်သည့် မြစ်ရေပြင်တွင် ရေသာများခဲ့၍ ဖြူဖွေးသန့်စင်သော မေတ္တာတရားနှင့်တူသည့် ငါးကိုမတွေ့ခဲ့ပါ။

ဆောင်းပါးအစက ကဗျာလေးမှာလည်းတစ်ခုလပ်၊ မုဆိုးမ များဖြစ်လာလျှင် လူ့အထင်အမြင် အသေးခံရပုံ၊ သပ်ရပ်အဆင်ပြေ အောင် ဆင်ယင်ထုံးဖွဲ့ နေထိုင်သည်ကိုပင် လင်လိုချင်သည်ဟူ၍ အများက အထင်သေးပုံကို ဖွဲ့နွဲ့ထားသည့် ကဗျာလေးဖြစ်ပါသည်။

စိမ်းက ကိုဘကောင်းနှင့် တွေ့ချိန်တွင် ကိုဘကောင်း၏ အပြောအဆို အထောက်အပံ့ အကူအညီတို့ကို တိမ်းညွတ်လုနီးနီး ဖြစ်လာသည်။ သူသည် ရေပြင်လို မတည်ငြိမ်သော သူ့ဘဝကို မြေပြင် လိုတည်ငြိမ်ချင်သည်။ သူကအိမ်တစ်ဆောင်၊ အိပ်ရာတစ်ခု၊ ထမင်းအိုးလေးတစ်လုံးမှာ မိန်းမတစ်ယောက်၏ဘဝအတွက် လိုအပ် သော ပစ္စည်းများဟု သူကထင်သည်။ ဒေါ်ရွှေသွယ်က ‘အချစ်’ပါမှ ပြည့်စုံသည်ဟုဆိုသည်။ မှန်၏။ နောက်ဆုံး ကိုဘကောင်း၏ စိတ်ထား ကိုသိရတော့မှ “မေတ္တာ”သည် ဘဝတစ်ခုအတွက် မည်မျှအဖိုးတန် သည်ကို သူသတိရပြီး မေတ္တာလွှမ်းခြုံရာ အမေတို့ ရှမ်းကုန်းမြေပြင် ကို သူပြန်ဖို့ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

ကျွန်မ၏ဝတ္ထုထဲတွင် ရှမ်းပြည်နယ် ယာတောကို ဖော်ပြ ရာ၌ မေတ္တာရနံ့သင်းပျံ့နေ၍ ရန်ကုန်မှာနေရသော စိမ်း အခြေ အနေကို ဖော်ပြရလျှင် မြို့ပြစော်နံ၍ နေပါသည်။





ဝေဖန်ရေးဆရာ တချို့က ခင်နှင်းယုသည် ဝတ္ထုများကို ရုပ်ရှင်ရိုက်လို၍ ရုပ်ရှင်ဇာတ်လမ်းဆန်ဆန် ရေးသည်ဟု ဆိုသည်။ အမှန်တော့ ၁၉၅၄–ခုနှစ် ‘စိမ်းသင့်မှစိမ်း’ဝတ္ထုရေးချိန် ပတ်ဝန်းကျင် လောက်က ကျွန်မဝတ္ထုများကို ဘယ်သူမှ ရုပ်ရှင်အဖြစ် ဖန်တီးရန် စိတ်မကူးကြသေးပါ။ မွေးကို ၁၉၅၈–၅၉ ခုနှစ်မှာ ကျွန်မရေးခဲ့၍ မွေးအရင် စိမ်းသင့်မှစိမ်းကို စောစောရေးခဲ့ခြင်း ဖြစ်ပါသည်။ စိမ်းသင့်မှ စိမ်းရုပ်ရှင်ရိုက်ကြလိမ့်မည်ဟု ကျွန်မ မမျှော်လင့်ခဲ့ပါ။ မွေးရုပ်ရှင်ကို ၁၉၆၁–၆၂ ခုနှစ်လောက်မှာ ပြပြီးမှ စိမ်းသင့်မှစိမ်းကို ဒါရိုက်တာ ရွှေဘော်က ရုပ်ရှင်အဖြစ် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဒါရိုက်တာ ရွှေဘော်အနေနှင့် အောင်မြင်သည်ဟု ဆိုရပါမည်။ ထိုဇာတ်လမ်း ရုံတင်ပြီး စာရေးဆရာ ဦးသုခက ဒါရိုက်တာရွှေဘော်ကို ချီးကျူး ပါသည်။

ဝင်ငွေအနေနှင့်လည်း ကောင်းပါသည်။ ရုပ်ရှင်ကားကို ရုံတင်ပြီးသောအချိန်မှာ ကျွန်မကို ငွေတစ်ထောင် ထပ်မံကန်တော့၍ ရန်ကုန်ဆေးရုံကြီး တီဘီဌာနသို့ ကျွန်မ လှူဒါန်းလိုက်ပါသည်။ ဒါရိုက်တာ ဦးရွှေဘော်က ကျွန်မကို တောင်းပန်ပါသည်။ ကျွန်မ ဝတ္ထုထဲကအတိုင်း ဇာတ်လိုက်မင်းသားမှာ သရုပ်မပေါ်၍ ဖြစ်ပါ သည်။ ကျွန်မ ဝတ္ထုထဲက ဇာတ်လိုက် ရှမ်းအမျိုးသား ကိုဝဏ္ဏမှာ ယောကျ်ားပီပီ၊ မြင်းကြီးတကားကားနှင့် လယ်ယာတောမှာလည်း ယာခင်းရှင်ပီသစွာနှင့် ကိုယ့်အားကိုယ်ကိုးသော ကျေးတောသား တစ်ယောက်ဖြစ်သည်။ ရုပ်ရှင်ထဲမှာတော့ ဇာတ်လိုက်မင်းသားမှာ တစ်ချိန်လုံး ငှက်ဖျားတက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကအရေးကြီးတဲ့ ဇာတ်ကားတစ်ခုရိုက်နေလို့ ကျွန်တော်တို့ကို(၉)ရက်တည်း အချိန်ပေးတယ်။ အဲဒါကိုကျွန်တော်က သင့်လျော်အောင် ဖြတ်တောက်ထည့်ရတော့ အဆင်မပြေ ဖြစ်ရတာကို ဝမ်းနည်းပါတယ်"

ဟုဆိုသည်။ ကျွန်မကတော့ ဘာမှမပြောပါ။ နာမည်ကြီး၍ ထုထည်ကောင်းသော ဝတ္ထုဇာတ်လမ်းကို ရိုက်နေချိန်ဖြစ်သောကြောင့် ဇာတ်လိုက်မင်းသားမှာ ထိုစဉ်က ကျွန်မလို မထင်မရှားစာရေးဆရာတစ်ယောက်၏ သာမန်ဇာတ်လမ်းကို အချိန်မပေးနိုင်ခြင်းမှာ မထူးဆန်းပါ။

တစ်ခုကလည်း ကျွန်မဝတ္ထုထဲတွင် ထိုးခန်းကြိတ်ခန်းဟူ၍ လုံးဝမပါပါ။ သို့သော် ရုပ်ရှင်ကြည့် ပရိသတ်အကြိုက်ဟူ၍ သေနတ်ပစ်ခန်းတွေ ဘာတွေနှင့်ရုပ်ရှင်ထဲမှာ တွေ့ရသောအခါ ကျွန်မရယ်မိသည်။ ပြီးတော့ ရှမ်းကုန်းမြေမြင့်ကို နောက်ခံမည့်နေရာတွင် ဒေသမှန်ကို သွားရောက်မရိုက်ကူးနိုင်၍ မေမြို့နေရာအချို့နှင့် မင်္ဂလာဒုံဘက် ရာဘာတောနောက်ကို နောက်ခံအဖြစ်ထား ရိုက်သည်ကို တွေ့ရပါသည်။ ချယ်ရီပင်ကြီးကလည်း လုပ်ထားသော ချယ်ရီပင်ကြီးမှန်းသိသာပါသည်။ ဒေသန္တရမကျွမ်းကျင် သူတို့အဖို့တော့ မသိသာပါ။ ပြီးတော့ သန်းနွဲ့တို့နှင့် ရယ်စရာအခန်းတွေပါ ထည့်ထားပါသည်။ ထိုအခန်းတွေကြောင့် လူကြိုက်များသလားတော့ မသိပါ။

ချီးကျူးစရာကောင်းသည်ကတော့ မြင့်မြင့်ခင် ဖြစ်ပါသည်။ ဝတ္ထုဇာတ်လမ်းမှာ အမျိုးသမီးဇာတ်ဆောင် စိမ်းက နေရာအများအပြား ယူထားသောကြောင့် ရုပ်ရှင်မှာလည်း စိမ်းနေရာတွင် သရုပ်





ဆောင်ရသူ မြင့်မြင့်ခင်မှာ တစ်ဇာတ်လုံး ပင်ပန်းလှပါသည်။ မြင့်မြင့်ခင်ကို ကျွန်မ ချီးကျူးမိသည်က သူသည် အနုပညာသည် ပီသသည်။ အနုပညာသည်မှာ မိမိဖန်တီးသော အနုပညာတွင် ခြသေ့်စိတ်ထားရသည်။ ခြသေ့်သည် သမင်တစ်ကောင်ကို ဖမ်းသည်ဖြစ်စေ၊ ယုန်တစ်ကောင်ကို ဖမ်းသည်ဖြစ်စေ၊ ခုန်အုပ်ရာ၌ တူညီသော စွမ်းအားကို ထုတ်သည်။ အသုံးပြုသည်။ ယုန်ငယ်ဖြစ်၍ မိမိအားကိုလျှော့မချ။ မြင့်မြင့်ခင်ကလည်း ဒါကစာရေးဆရာ နာမည်ကြီးရေးသောဇာတ်လမ်း ဒါကစာရေးဆရာပေါက်စရေးသော ဇာတ်လမ်းဟူ၍ မခွဲခြားဘဲ သူ့အစွမ်းကို အပြည့်အဝဖြင့် သရုပ်ဆောင်ရသည့် အခန်းတွင် ပိုင်နိုင်အောင် အသုံးချသည်ကို တွေ့ရသည်။

ယာတောမှ ကလေးများ စာတတ်လာအောင် လုပ်ဆောင်သောအခန်းနှင့် ကလေးသရုပ်ဆောင်အခန်းတို့မှာတော့ ပီပြင်လှပါသည်။ တကယ့် ရှမ်းကျေးရွာမှ ကလေးတို့၏ ရိုးစင်းပွင့်လင်းသော စေတနာစရိုက်မှာ ပေါ်လွင်လှပါသည်။

ခင်နှင်းယု

၁။ လုံမလေးမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၈၇–ခုနှစ်။
၂။ မယ်သည်းအိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၀–ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

## စိမ်းသင့်မှုစိမ်း

မြောက်ဘက်ကုန်းမြေမြင့်မှ လေအေးများစတင်တိုက် ခတ်စပြုလာလေသည်။ စူးရှသောမြောက်လေအေးနှင့်အတူ နှင်းမှုန်များသည်လည်း လေတွင်ပျံဝဲလာကြလေသည်။

ကိုဝဏ္ဏ ယာခင်းမှ ဂျုံပင်များသည် ခေါင်းမော်၍ ငွေနှင်းမှုန်တို့ကို နှုတ်ဆက်၍နေသည်။ ဦးခွန်နောင် လယ်ထဲတွင်မူစပါးနှံများသည် စိမ်းရောင်ဖျော့၍ ဝါရောင်သမ်းလာသည်။ မနက်ခင်းနေရောင်တွင် ငွေပွင့်များလို ယာခင်းများပေါ်သို့ နှင်းစက်များ ကျလာကြသည်။

တောင်တန်းညိုကြီးသည် မြောက်ဖက်တွင် ငြိမ်သက်၍ ယာခင်းများကို ငေးမောနေပုံရ၏။ တောင်ထိပ်များသည် နှင်းပွင့်များထွေးနေ၍ အဖိုးအိုကြီးနှင့်တူနေ၏။





အမှန်မှာတောင်တန်းကြီးသည် အိုမင်းလှပေပြီ။ တောင်ခြေရင်းမှပတ်၍ စီးသွားသောချောင်းငယ်ပင် တောင်တန်းကြီးထက် နုပျိုပေသေးသည်။ အိုမင်းရင့်ရော်လာသည်နှင့်အမျှ ညိုမွဲမွဲကြီးဖြစ်သည်။ တောင်ခြေယာခင်းများတွင် စပါးပင်နှင့် ဂျုံပင်လေးများ ရင့်သန်နုထွားလာကြပုံ၊ သီးနှံနိုင်များနှင့် ပြည့်ဖြိုး၍ နွေဘက်သို့ရောက်လာချိန် နီးလာသည်နှင့် တစ်ပြိုင်နက် တဖြည်းဖြည်း ရင့်ရော်ခြောက်သွေ့သွားကာ ဇာတ်သိမ်းသွားကြပုံအဖြစ်များကို စောင့်၍ကြည့်နေပုံရသည်။ တစ်ခါတစ်ရံ လေပြင်းစွာ တိုက်ခတ်လာလျှင် တောင်တန်းပေါ်မှ သစ်ပင်များကို လေခတ်သံမှာ ဘဝကိုကြာမြင့်၍ ညည်းညူနေဟန် ပေါက်၍နေလေသည်။

ချောင်းတစ်ဖက်တွင် ဖောက်လုပ်ထားသော လမ်းမကြီးမှာ ချောင်းလေးနှင့်အတူ မိုင်းဝေါသို့ရှေ့ရှု၍ သွားနေသည်။

လမ်းခွဲလေးတစ်ခုမှ ကိုဝဏ္ဏတို့ ယာတောသို့ သွားရ၏။ ကိုဝဏ္ဏယာခင်းသည် တောင်ခြေမှမဝေး၍ ချောင်းရေစီးသံကို ကြားနေရသည်။ ဘိုးဘွားများ လက်ထက်မှစ၍ စိုက်ပျိုးလာသော ယာခင်းများမှာ တစ်ခါမှ အခြေအနေမပြောင်းလဲခဲ့ပေ။

ဦးခွန်နောင် စပါးခင်းများကလည်း ဖြစ်မြောက်လှသည် မရှိ။ ကိုဝဏ္ဏ အဘိုးများသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အမြောက်အများစိုက်လေ့မရှိသော ဂျုံကိုသူတို့ယာတောတွင် စိုက်ပျိုးခဲ့လေသည်။ မိုးတွင်းမှာမူ အာလူးကိုစိုက်ပျိုး၏။

ဘာမှမပြောင်းလဲခဲ့ဘူး ဆိုသော်လည်း ကိုဝဏ္ဏယာ တဲ၏အနောက်ဘက် တောင်ကုန်းမြင့်လေးမှာမူ ပြောင်းလဲ ခဲ့၏။ ယခင်က အမေနှင့်အဘိုးတို့ လက်ထက်က မြေစိုက် တဲအိမ်ကြီးသည် ကုန်းမြင့်ပေါ်တွင် ထင်ထင်ရှားရှားရှိခဲ့၏။ နွားတင်းကုပ်နှင့် ဝက်ခြံမှာတဲ၏ တောင်ဘက်တွင်ရှိလျက် မြင်းဇောင်းနှင့် ကြက်ခြံမှာ တဲ၏မြောက်ဘက်တွင် ရှိလေ သည်။

ယခုတော့ တဲကြီးနေရာတွင် လေးထောင့်ကျောက်တုံး အိမ်လေးမှာ ယာခင်း၏ အပြောင်းအလဲ အထိမ်းအမှတ် သဖွယ်တည်ငြိမ်၍နေသည်။

အိမ်သည် ကျောက်တုံးအရိုင်းများကို အင်္ဂတေနှင့် တွဲဆောက်ထား၍ အထဲတွင် အအေးဓာတ် အဝင်နည်းကာ ထွေးထွေးနွေးနွေး ရှိလေသည်။

ဆောင်းလယ်အရောက်တွင်မူ အိမ်လယ်တွင် မီးလှုံရန် မီးလင်းဖိုကို လုပ်၍ထားရသည်။ အိမ်သည် နိုင်ခံ့သည်ကလွဲ၍ လှလည်းမလှ၊ အချိုးအစားလည်း မကျပေ။

တောင်တန်းကြီးသည် ယာခင်းရှင် တို့အကြောင်း မှတ်သားထားသည့် မှတ်တမ်းတွင် ထိုကျောက်တုံးအိမ် ကိုဝဏ္ဏနှင့် စိမ်းတို့အကြောင်းသည် ထုံးစံအတိုင်း ပါဝင်နေ ပေလိမ့်မည်။





အမှန်လည်း ကိုဝဏ္ဏသည် စိမ်းနှင့် တွေ့ခဲ့ရခြင်း အကြောင်းသည် ပုံပြင်တစ်ခုပင် ဖြစ်လိုက်ပါတော့ဟူ၍ ဆုတောင်းမိ၏။ သို့သော် အထင်အရှား ကျန်ရစ်နေသော စိမ်း၏လက်ရာ ခြေရာများသည် ပုံတစ်ခု မဟုတ်ကြောင်း ဖော်ပြနေသည်။

နန်းတော်ရာ၏ အုတ်ကျိုးအုတ်ပဲ့ကို တူးဖော်တိုင်း ရာဖဝင် အထောက်အထားသည် ထင်ရှား၍လာ၏။

စိမ်းလက်ရာများမှာမူ နန်းတော်လို အိုမင်းဆွေးမြည့် ၍မသွားသေးပေ။ စားပွဲပေါ်တွင် စာအုပ်သည် စိမ်းစီ၍ထားခဲ့ သလိုရှိသေး၏။ အဝတ်အစားများမှာလည်း သစ်သားတန်း ပေါ်တွင် အချိုးတကျ ခေါက်လျက်ပင် ရှိသေးသည်။

ကလေးများသည်လည်း သူတို့ဖိနပ်ကြမ်းလေးများကို စိမ်းညွှန်ကြားချက်အတိုင်း အခန်းထောင့် စင်ပေါ်တွင်စီ၍ ထားကြသည်။

တဲကြီးတုန်းကလို အဝတ်တန်းများသည် အိမ်ထဲတွင် ရှုပ်ယှက်ခတ်၍မနေတော့ပေ။

မီးလင်းဖိုဘေးတွင် သစ်သားခုံများသည် ကြမ်းပေမယ့် မီးလှုံရန် ပတ်လည်ဝိုင်း၍ သေသေသပ်သပ် ချထား၏။

ဤအကြောင်းအရာများသည် မပျောက်ကွယ်သမျှ စိမ်းလာရောက်သည့် အကြောင်းမှာလည်း ပုံအဖြစ်သို့မပြောင်း လဲနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးရှိကလေးများကမူ စိမ်းကိုတန်ခိုးတော်ရှင် နတ်သမီးလိုတမ်းတလွမ်းဆွတ်ကြ၏။ သူတို့၏သိုးမွေးဆွယ်တာများမှာလည်း စိမ်း ထိုးပေးခဲ့သည်ဖြစ်၍ မေ့၍မရ နိုင်ကြတော့ပေ။

ကိုဝဏ္ဏသည် သူ့အခန်းထောင့်မှ ဖိနပ်များကို ကြည့်လိုက်၏။ ဖိနပ်များသည် ဟောင်းနေသော်လည်း ဖုန်မရှိပေ။ ဖိနပ်များပေါ်တွင် ပုဆိုးကြမ်းအဟောင်း တစ်ထည်ကိုဖုံး၍ထားလေ၏။

သူ့ကိုယ်တွင် ဝတ်ထားသော ဆွယ်တာမှာလည်း စိမ်းကိုယ်တိုင်ထိုးပေးခဲ့သည်။ စိမ်း၏ရင်ငွေ့နှင့် ထွေး၍ထွေး၍ထားသလို ဆွယ်တာမှာ နွေးနွေးထွေးထွေးရှိပေသည်။

တစ်ခါတစ်ရံ လူကြမ်းကြီးဘဝမှ ကဗျာဆန်ခဲ့ပုံများ တွေး၍ရှက်မိသေးသည်။

ချယ်ရီပွင့်များကိုခူး၍ စိမ်းအတွက် မွေ့ရာလုပ်ပေးချင်သည်။ သန့်စင်ပွင့်ဖတ်ဖြင့် ဆောင်းအခါတွင် စိမ်းခြုံဖို့စောင်ကလေးကိုလည်း ရက်လိုက်ချင်သည်။ ဆောင်း၏နှင်းမှုန်များအား ခြယ်လှယ်၍ ရပါလျှင်လည်း ငွေဇာပြင်လုံချည်ကို စိမ်းအတွက် ရက်လိုက်ချင်ပါ၏။

တကယ်တော့ အတွေးနောက်သို့ လက်မပါနိုင်ပါပေ။ တတ်နိုင်သမျှတော့ စိမ်းလက်ရာများ အိမ်ထဲတွင် မပျောက်အောင် သူကကြိုးစား၏။ သို့သော် စိမ်းထားခဲ့သည့်အတိုင်း





မရှိသော အရာများမှာ သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှ ပန်းအိုးဖြစ်၏။ ပန်းအိုးထဲရှိ သန့်စင်ပန်းများသည် စိမ်းရှိစဉ်ကလို မဟုတ်၊ ညှိုးလျော်ခြောက်သွေ့၍နေကြလေသည်။ အကယ်၍ သန့်စင်ပန်းသည် အမြဲသာလန်းဆန်းနေနိုင်ပါလျှင်လည်း ကိုဝဏ္ဏသည် အစဉ်ပင် လန်း၍နေစေချင်သည်။ တစ်အိမ်လုံးတွင် စိမ်း၏လက်ရာများသည် အားလုံးထင်၍ကျန်ရစ်စေချင်သည်။ အထူးသဖြင့် သူ့အခန်းတွင် ဘာမှမပြောင်းလဲစေလိုပေ။

တစ်နေ့သောအခါ စိမ်းပြန်လာလျှင် –

"ကိုယ့်အခန်းထဲမှာလေ၊ စိမ်းလက်ရာတွေ ဘာမှမပျက်ဘူး"ဟူ၍ဆီးကြိုကာ ပြောလိုက်ချင်သည်။

သို့သော် အမြဲမျှော်လင့်နေရသော မရွှေစိမ်းက ပြန်၍လာပါမည်လား။

နောက်ဆုံးတွေ့ရချိန်ကမူ စိမ်းပြောပုံဆိုပုံ အမူအရာများသည် ပြတ်တောင်းတင်းမာလွန်းလှ၏။ ထိုအချိန်ကို ပြန်၍တွေးမိလျှင် ကိုဝဏ္ဏသည် မျှော်လင့်ခြင်း လုံးဝကင်းသွားကာ ရင်ထဲတွင်ဟာ၍ သွားပြန်သည်။

စိမ်းနှင့်မတွေ့ခင်က အိပ်မပျော်ခဲ့လျှင် တစ်မျိုးဟာ၍ ဘာလုပ်ရမှန်းမသိခဲ့ပေ။

ယခု စိမ်းမရှိသော်လည်း စိမ်း၏အကြောင်းများသည်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အတူနေရစ်၏။ အတူနေခဲ့စဉ်က စိမ်း၏လှုပ်ရှားပုံတို့ကို ပြန်လည်တွေးတောရသည်က အရသာတစ်ခုပင်။ ယခုလို ညဉ့်နက်အောင် ထိုင်နေချိန်တွင် သူ့အတွက် တွေးစရာတစ်ခု ကိုထားခဲ့သော စိမ်းအား ကျေးဇူးတင်မိသည်။

သူသည် ပြတင်းနားသို့ ထသွားကာ ခန်းဆီးပိတ် ကြမ်းကလေးကို ဆွဲလိုက်၏။ မှန်ပြတင်းအပြင်တွင် ဟင်းသီး ဟင်းရွက်ပင်များသည် နှင်းများနှင့် ရွဲရွဲစိုနေသည်။ ခြံဝင်းဝ တွင်မူ ချယ်ရီပင် နှစ်ပင်သည် ခပ်ဖြည်းဖြည်း နွဲ့နေကြသည်။ တစ်ခါတုန်းက ဤချယ်ရီပင်အောက်တွင် စိမ်းသည် ယာတော အကြောင်းကိုပြောခဲ့သေး၏။ ယခုတော့ စိမ်းသည် ယာတော ကိုပါစွန့်ခဲ့လေသည်။

● ● ●

စိမ်းယာတောသို့ ရောက်သည့်အကြောင်းက ဝတ္တု ဆန်လှသည်။ စိတ်ကူးယဉ်ဝတ္ထုလိုပင် ယုံကြည်ရခက်ပေမယ့် တကယ်တော့ ရောက်ခဲ့လေသည်။

ကိုဝဏ္ဏ ညီမလေး မခမ်းလုံကမူ မိုးများရွာနေစဉ် စိမ်း သည် မိုးရေစက်များနှင့်အတူ ကောင်းကင်မှကျလာသည်ဟု ပြော၏။ သူ့မောင်လေးတွေကလည်း မခမ်းလုံပြောသည်ကို ယုံကြည်ကြပေသည်။ အထူးသဖြင့် မောင်အလတ် တိုးကြီးက ပို၍ ယုံ၏။ ယခုတော့လည်း ပုံပြင်တစ်ခုလို ကျန်ရစ်ခဲ့ရ သည်ကို ကိုဝဏ္ဏ ရင်နာလှပေသည်။

စိမ်းရောက်လာသောနေ့သည် မိုးသည်းသော နေ့တစ် နေ့ဖြစ်၏။ ကိုဝဏ္ဏတို့ယာတောသည် မိုင်းပေါ်မြို့သွားရာ လမ်းဘေးတွင်ရှိလေသည်။ သူတို့ယာတောဘေးကို ဖြတ်၍





www.burmeseclassic.com

www.burmeseclassic.com



စီးသော ချောင်းငယ်များမှာ မိုင်းငေါ်မြို့ကိုပတ်၍ သွားလေသည်။

မိုးကျလာသည်ဆိုသော်လည်း ရှမ်းပြည်မြောက်ပိုင်း သူတို့နေရာတွင် မိုးသည်းထန်စွာ မရွာသေးပေ။

ယခုတစ်ခါမူ ခါတိုင်းရွာနေကျထက် ရေပို၍ပါသည် ဟုဆိုရပေမည်။ ကိုဝဏ္ဏနှင့်အဖော်တစ်စုမှာ မိုးကြောင့် ပျော်ရွှင်၍လာကြ၏။ မြင်းကိုယ်စီနှင့် ကျောက်မဲမှစ၍ ထွက်လာကတည်းက မိုးမိလာကြလေသည်။

သူတို့ယာတောများသည် ချောင်းငယ်ကို အမှီပြုနေရ၍ ယခုလို မိုးကောင်းလျှင်လည်း အာလူးခင်းများအတွက် အားတက်စရာပင် ဖြစ်လေသည်။

လမ်းဘေးရှိ သစ်ပင်များကို လေတိုးသံနှင့် မိုးသံမှာ ဆူညံနေသည်။ သူတို့ရှေ့မှ ကားတစ်စီးလာသံကိုပင် မကြားရပေ။ လမ်းထောင့်ချိုးတွင် အရှိန်နှင့် ကွေ့လိုက်သောကားကြောင့် သူတို့မြင်းများသည် ဖရိုဖရဲ ဖြစ်သွားကြသည်။

သို့သော် ကားမှာတစ်စုံတစ်ခု အရင်လိုလာသလို ရပ်တန့်ခြင်းမရှိဘဲ အပြင်းပင်ဆက်၍ မောင်းသွားတော့သည်။ သူတို့လူစုသည် ကားကိုရပ်၍ကြည့်နေကြသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ ထင်တယ်။ မောင်းပုံကြမ်းလိုက်တာနော်"





ကိုဝဏ္ဏသည် မြင်းကိုစ၍ မောင်းရင်းပြော၏။

သူ့နောက်မှ ဦးခွန်နောင်သည် တစ်စုံတစ်ခုကို သွား၍သတိရသလို မျက်စိမျက်နှာပျက်သွားပြန်သည်။

"မောင်ဝဏ္ဏရေ ဓားပြတွေလားမသိ၊ ငါကျောက်မဲမှာကြားခဲ့တယ်။ သိန္နီနဲ့ကွတ်ခိုင်သွားတဲ့လမ်းမှာ ရှမ်းစော်ဘွားလူစုကို ဓားပြတွေ လမ်းကဖြတ်တိုက်လို့ ရှမ်းစော်ဘွားတစ်ယောက် သေသွားတယ်။ သူတို့လက်ထဲမှာလဲ သေနတ်ရှိတယ်တဲ့"

အားလုံးသည် တိတ်ဆိတ်သွားပြန်ကာ ခရီးဆက်ကြပြန်သည်။ ချောင်းကလေးမရောက်ခင် လမ်းဘေးတွင် ချောက်သည် မတ်စောက်နေသည်။

"မောင်ဝဏ္ဏ ချောက်ထဲမှာ အဝတ်စတစ်ခုလဲတွေ့တယ်။ ငုံ့ကြည့်စမ်း။ မဟုတ်မှလွဲရော ဒီနေရာမှာ ဓားပြတိုက်ကြသလားမသိ"

"ဟိုကျွန်းပေါ်က လူတွေ ဓားပြတိုက်ခံရရင်လဲ ကျွန်တော်တို့ကို ပြောမှာပေါ့"

"မဟုတ်ဘူး ဓားပြတွေက ရပ်ခိုင်းပြီး ကားရောလူပါ ပြန်ပေးဆွဲသွားလားမှ မသိဘဲ"

"အင်း . . ဒါလဲဖြစ်နိုင်တာပဲ"

သူတို့မြင်လိုက်သော ကားမှာ ဂျစ်စတေရှင်ဝက်ဂွန်ဖြစ်၍ ရှမ်းပြည်တွင် စော်ဘွားနှင့်အရာရှိများသာလျှင် အသုံးများလေသည်။ ကိုဝဏ္ဏသည် ချောက်ထဲသို့လှမ်း၍ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စမှာ အဖြူရောင်ဖြစ်၍ ပြဲစုတ်နေသည်။ လမ်းပေါ်တွင်လည်း သွေးစက်များ ကျကျန်ရစ်နေလေသည်။

"အေး...တို့အိမ်ရောက်ရင်တော့ သိမှာပဲ။ လူတွေ ဘာတွေများ သေသေးလားမသိ။ ကဲ မြန်မြန် ဒုန်းချပေတော့ ဟော့"

သူတို့ ယာခင်းအနားတွင်မူ ဘာမှလှုပ်လှုပ်ရှားရှား မရှိပေ။ မိုးရေအောက်တွင် တဲအိမ်လေးသည် ငြိမ်သက်နေကြ၏။ ဦးခွန်နောင်နှင့် အဖော်တွေမှာ သူတို့အိမ်များတွင် နေရစ်၍ ကိုဝဏ္ဏတစ်ယောက်တည်း သူ့တဲရှိရာတောင်ကုန်းဘက်သို့ လမ်းခွဲ၍ထွက်လာသည်။ ထိုစဉ်က ကိုဝဏ္ဏအိမ်သည် တဲကျယ်ကြီးတစ်ခုပင် ဖြစ်လေသည်။

သူ့တဲဝတွင်မူ ယာခင်းစောင့် အဘိုးကြီးသည် ငုတ်တုတ် ထိုင်နေသည်။ သူ့မျက်နှာသည် ထိတ်လန့်စိုးရိမ်နေပုံရ၍ ကိုဝဏ္ဏမှာ စိတ်ပူသွား၏။ မြင်းဇောင်းသို့ မသွားသေးဘဲ တဲအထိ မောင်းလာကာ မြင်းပေါ်မှ ဆင်းလိုက်လေ၏။

"အဘ ဘာဖြစ်နေလဲ"

အဘသည် ဘာပြန်ပြောရမှန်းမသိသလို ခဏကြောင်၍နေသည်။ နောက်မှအိမ်ထဲသို့ လှည့်လိုက်သေးသည်။

"မိန်းကလေးတစ်ယောက် ချောက်ထဲမှာ လဲနေလို့ ကျုပ်ခေါ်လာတယ်။ သတိမေ့နေတယ်၊ ခုထိ သတိမရသေးဘူး"





အမေ့အခန်းဝတွင် ကလေးတွေမှာ ပြုစိပြုစိလုပ်နေကြသည်။ အခန်းထဲတွင် အမေတစ်ယောက်တည်းရှိ၍ အမေ အိပ်သော ကွပ်ပျစ်ပေါ်တွင် 'စိမ်း'ကို သူပထမဆုံး မြင်ရ၏။

သူအခန်းဝရပ်လိုက်လျှင် ကလေးတွေသည် အသာ ဖယ်လိုက်ကြသည်။

"ဘယ်သူတွေ ဘာဖြစ်တာလဲ အမေ"

"တိုးတိုး...ကလေးမ သတိမေ့နေတယ်။ ဦးခမ်းလွန်း မင်းကို ပြောမပြဘူးလား၊ သူထင်းခုတ်နေရင်း မိန်းကလေးက ချောက်ထဲကို လိမ့်ကျလာတာပဲ။ ကြည့်ပါလား သစ်ပင်တွေနဲ့ ခြစ်မိထားတဲ့ ဒဏ်ရာတွေ။ ကြီးကြီးကျယ်ကျယ်တော့ မထိပါဘူး"

ကိုဝဏ္ဏသည် ရှေ့တိုး၍ စေ့စေ့စပ်စပ်ကြည့်၏။ နဖူး၌ ပွန်းထားသော ဒဏ်ရာတွေ့ရလေသည်။

"လက်မှာလဲ ရှိသေးတယ်။ သူ့ကိုမိုးရေထဲမှာ ထမ်းခေါ်လာတော့ သိပ်အေးတယ် မဟုတ်လား။ တစ်ကိုယ်လုံး အေးစက်နေလို့ အမေ့အကျႌတွေလဲပြီး စောင်နဲ့ထွေးထားရတယ်"

"သူ ဒီကမဟုတ်ပါဘူး အမေ"

"အေး မဟုတ်ဘူး၊ ဦးခမ်းလွန်း ချောက်ထဲမှာ ထင်းခုတ်နေတုန်း အပေါ်ကလမ်းပေါ်မှာ ကားတစ်စီး ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ သူက အမှတ်တမဲ့ပဲ၊ နောက်သေနတ်သံရော ဆူဆူညံညံကြားရပြီး မော့ကြည့်လိုက်တော့ မြင်းတွေရော၊ လူရော ရှုပ်ထွေးနေတာပဲတဲ့။ အဲဒီလို ဖြစ်နေတုန်း အပေါ်ကနေ ဒီ မိန်းကလေးက လိမ့်ကျလာတာ။ အကျီတွေ စုတ်ပြဲနေတာပဲ။ ကားနဲ့မြင်းသမားတွေကတော့ ရှေ့ဆက်မောင်းသွားကြတယ်တဲ့။ သူလဲ ကလေးမကို ထမ်းပြီးခေါ်လာတာပဲ"

ကိုဝဏ္ဏသည် သူလမ်းမှာ တွေ့ခဲ့သော ကားကိုသတိရမိ၏။

"ဓားပြတိုက်တာပါပဲ။ ဓားပြတွေတော့ ကားပါယူသွားတယ်ထင်တယ်။ မြင်းသမားတွေက လမ်းခွဲက လစ်ကြမှာပဲ။ ကျွန်တော် ကားတစ်စီးကို လမ်းမှာတွေ့ခဲ့တယ်။ သူသတိရဖို့အတွက် မိုင်းဝေါမှာ ဆရာဝန် သွားခေါ်ရဦးမလား အမေ"

"မလိုသေးဘူးထင်တယ်၊ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရှိတော့ လန့်လို့သတိလစ်မေ့သွားတာ ဖြစ်လိမ့်မယ်"

"အမေ အစ်မမျက်နှာက ချစ်စရာ ကောင်းတယ်နော်"

တိုးကြီးသည် စိမ်း၏လက်ကို အသာစမ်းရင်းပြော၏။ သူတို့စိတ်ထဲတွင် ရှင်လန်းအားရနေသလို မျက်နှာများမှာ ပြုံးနေသည်။ မခမ်းလုံ ပြုံးနေ၍ သူ့ပါးမို့သည် ပို၍နီနေလေသည်။





"ကဲ . . . ကဲ မင်းတို့အပြင်ထွက်နေကြဦးနော်"

မခမ်းလုံသည် ခေါင်းလေးငုံ၍ တိုးကြီးကို အပြင်ဆွဲခေါ်၏။ အတူးကမူ လိုက်လိုဟန်မပေါ်ပေ။ သို့သော် သူသည် ကိုဝဏ္ဏကိုကြောက်၏။ စိမ်းမျက်နှာအား လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်သွားရတော့သည်။ အခန်းအပြင် တံခါးဝတွင် တိုးကြီးနှင့်မခမ်းလုံသည် ငုတ်တုတ်ထိုင်နေကြလေသည်။

"အစ်မ အိပ်ရာက နိုးနိုးချင်း ငါ့ကိုအရင်ဆုံး မြင်ရင် သိပ်ကောင်းမှာပဲ"

အတူးသည် တံခါးကိုမှီရင်း ပြောလိုက်၏။

"အေး . . . တို့သုံးယောက်စလုံးကိုပဲ မြင်ပါစေ၊ တို့ကိုမြင်ရင် သူပျော်မှာပါ"

တိုးကြီးက ထောက်ခံပြန်သည်။

"အစ်ကိုက သူ့ကိုမြင်စေချင်လို့ အနားမှာစောင့်နေတာပါ။ အရင်ဆုံး အစ်ကို့မျက်နှာကို မြင်ရမှာပါပဲ"

"ငါတော့ အစ်မနိုးနိုးချင်းပြဖို့ ဝက်ပေါက်စလေး သွားယူထားမယ်"

တိုးကြီးသည် ဝက်ခြံစောင့်ရ၍ မွေးစဝက်လေးကို ပြချင်သည်။

"အေး . . . ဟုတ်တယ်၊ ငါလဲ မနေ့ကညတဲ့ ကြက်ဆူတွေယူပြီးပြမယ်၊ ပြီးတော့ အစ်မအားရှိအောင် ကျွေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မခမ်းလုံက ကြက်ဥများကို ပြမည်ဟု ပြောပြန်သည်။ အတူးကတော့ စိတ်ညစ်၏။ သူ့မှာ စိမ်းသတိရရချင်း ပြစရာ ဘာမှမရှိ။ သူသည် ငယ်သေး၍ ယာတောမှ ဘာမှမလုပ်နိုင်သေးပေ။

"ငါတော့ ငါ့မျက်နှာကိုပဲ ပြရမှာပဲ။ ငါ့ပါးလေးတွေက နီနေပါတယ်။ တိုးကြီးရဲ့ဝက်ပေါက်စလေးထက် ငါ့မျက်နှာ ပိုလှမှာပါ"

မခမ်းလုံနှင့် တိုးကြီးသည် အတူးကို ကြည့်၍ ခပ်အုပ်အုပ် ရယ်နေကြသည်။

● ● ●



စိမ်းသတိရလာသည်အထိ ကိုဝဏ္ဏသည် အနားမှာ စောင့်နေသည်။ မိုးကာခြုံထားသော်လည်း ရေစွတ်နေသော အဝတ်များကိုပင် မလဲသေးပေ။

စိမ်းသည် လွန့်လိုက်၍ မျက်လုံးကိုဖြည်းဖြည်းဖွင့်ကြည့်၏။ ပထမဆုံး ကိုဝဏ္ဏမျက်နှာကို သူမြင်ရသည်။ သူ့စိတ်တွင် အိပ်မက်ပေပဲလား၊ တကယ်လား၊ တွေးမရအောင် နေမိသည်။

ခပ်ကြောင်ကြောင် မျက်လုံးနှစ်လုံးကို ကိုဝဏ္ဏသည် စိုက်၍ကြည့်ရင်း ရုတ်တရက် ဘာလုပ်ရမှန်းမသိပေ။

"မင်း . . . သတိရလာပြီလားဟင်"

အမေကလည်း ရှေ့ကိုတိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး သတိရလာပြီ ထင်တယ်"

စိမ်း၏လက်ကို အမေသည် အသာဆုပ်၍ မေး၏။

"လက်တွေ သိပ်ပူတာပဲ၊ ဖျားနေပြီ ထင်တယ်နော်"

စိမ်းသည် ဘာမှပြန်မပြောနိုင်၊ မျက်ရည်တွေသာ ဝဲလာသည်။

"ဝမ်းမနည်းပါနဲ့၊ ကျွန်တော်တို့ဆီမှာ နေကောင်းတဲ့ အထိနေပါ"

"ဟုတ်တယ်၊ အမေတို့ယာတောက မြို့နဲ့ဝေးပေမယ့် အမေက အိမ်မှာအစုံအလင် ဝယ်ထားပါတယ်။ သမီးအတွက် နွားနို့လဲရနိုင်ပါတယ်"

စိမ်းသည် ဝမ်းနည်း လာတော့သည်။ သူ့နှုတ်ခမ်းများကို လျှာနှင့်သိမ်းရင်း မျက်ရည်များ စီး၍ကျလာပြန်သည်။

"နွားနို့ပူပူတစ်ခွက်တော့ သောက်လိုက်ဦး၊ အမေ သွားယူမယ်နော်"

အမေသည် နို့ယူရန် ထွက်သွားပြန်သည်။

"ခင်ဗျား ချောက်ထဲကိုလိမ့်ကျလာလို့ ယာခင်းစောင့် အဘိုးကြီးက ခေါ်လာတယ်"

စိမ်းရင်ထဲတွင် နည်းနည်းအေးသွားသည်။ သူ့လက်ကိုလှုပ်ချင်ပေမယ့် လက်မှာ နာနေသေးသည်။





"ကျွန်မ အားလုံးမှတ်မိပါတယ်။ ကျွန်မ ယောက်ျား ကိုရော အနီးအနားမှာ မတွေ့ဘူးလား"

"ဘယ်သူမှမတွေ့ဘူး၊ ခင်ဗျား တစ်ယောက်သာ ချောက်ထဲလိမ့်ကျလာတယ်တဲ့။ ကားနဲ့လူတွေတော့ ဓားပြ တွေတစ်ခါတည်း ဖမ်းသွားတယ် ထင်တယ်။ အဘက ပြော ပြတာပဲ။ ကျွန်တော်တော့ ဘာမှမမြင်ရဘူး။ ကျောက်မဲက ပြန်လာမှသိတယ်။

"ဒါဖြင့် သူ့ကိုဓားပြတွေ ဖမ်းသွားပြီပေါ့"

"ဟုတ်မှာပဲ"

လွှတ်ခနဲ ပြောလိုက်ပြီးမှ ကိုဝဏ္ဏသည် သူ့စကား အတွက် စိမ်းအား စိတ်ထိခိုက်စရာဖြစ်မှာ စိုးရိမ်သွားပြန် သည်။ စိမ်းသည် ပင့်သက်ရှူ၍ ငြိမ်သက်နေပြန်၏။

အမေသည် နို့တစ်ပန်းကန်ကိုယူ၍ တံခါးဝမှဝင်လာ သည်။ မလိုင်တက်၍ ပူပူနွေးနွေးဖြစ်နေသော နို့မှာသောက် ချင်စဖွယ်ဖြစ်နေ၏။ စိမ်းရင်ထဲမှာမူ တင်းတင်းကျပ်ကျပ် ဖြစ် နေသည်။

"ကဲ...ပူပူနွေးနွေးပဲ သမီး၊ သောက်လိုက်ဦး၊ ပြီး တော့ တစ်ရေးအိပ်လိုက်သေးတာပေါ့။ စိတ်လှုပ်ရှားရလွန်း လို့ပါ၊ အားရှိသွားရင် နေကောင်းမှာပါပဲ"

စိမ်းသည် စကားပြန်ပြောဖို့ကြိုးစားတိုင်း မျက်ရည် များကဝဲ၍လာသည်။ သူကတော့ အသက်မသေဘဲ ကျွန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ သူ့ချစ်လင်မှာ ဓားပြတို့လက်တွင် အဘယ်သို့ရှိရှာမည်နည်း။ တွေးရင်း ငိုချင်လာပြန်သည်။ သူက ငိုလွန်းလျှင် အိမ်ရှင်တို့ စေတနာကို စော်ကားရာများ ရောက်မည်လား။

"ကျွန်မ မသောက်ပါရစေနဲ့ဦး"

"နည်းနည်းဖြစ်ဖြစ်တော့ သောက်လိုက်ပါ၊ အမေတို့ခြံက ထွက်တဲ့နွားနို့ပါ"

"ရင်ထဲမှာ ကျပ်နေတယ်"

ကိုဝဏ္ဏသည် မချင့်မရဲဖြစ်လာပြန်သည်။ အမေ့ဘက်ကိုလှည့်ကြည့် ပြန်သည်။ အမေသည် စိမ်းယောကျ်ား အကြောင်းသိပုံ မပေါ်သေးပေ။

"အမေ . . . သူစိတ်မကောင်း ဖြစ်နေတယ်။ သူ့ယောကျ်ား ဓားပြတွေလက်ထဲမှာ ပါသွားတယ်တဲ့"

"ဟင်း . . . အင်း၊ စိတ်မကောင်းစရာပဲပေါ့လေ၊ ဒီလိုပဲပေါ့။ ကဲ . . . သား၊ သွားချင်သွားတော့၊ အမေ မိန်းကလေးနားမှာရှိနေမှာပဲ"

ကိုဝဏ္ဏ ထွက်သွားတော့မှ စိမ်းသည် ရှိုက်၍ရှိုက်၍ ငို၏။ အမှန်တော့ မိန်းမချင်း ကျန်ရစ်ချိန်တွင် ပွင့်ပွင့်လင်းလင်း ငိုလိုက်ရသည်မှာ စိတ်သက်သာရလေသည်။

"မိန်းကလေး ခင်ပွန်းသည်ကို ပြန်ပြီးတွေ့တဲ့အထိ အမေတို့ယာတဲမှာ အေးအေးဆေးဆေးနေပါ။ ကျန်းမာအောင် ကုသေးတာပေါ့။ ကျန်းမာလာရင် သူ့ကိုရှာနိုင်ပါတယ်"





စိမ်းကခေါင်းခါ၏။ သူ့ရင်ထဲမှာမတွေးရဲပေ။ သူသည် အားယူ၍ တိုးတိုးလေး မေးလိုက်သည်။

"သူ့ကို ရှာလို့တွေ့ပါ့မလား"

"တွေ့ပါတယ်လေ တွေ့မှာပါပဲ"

"မတွေ့နိုင်ပါဘူး အမေရယ်၊ သူ့ကို သတ်ပစ်ကြမှာပါ"

စိမ်းမှာ အသည်းတွေတုန်လာကာ စောင်နှင့်မျက်နှာကိုအုပ်ထားလိုက်သည်။ အမေကတော့ သူ့ကို "အမေရယ်" ဟုခေါ်လိုက်သည်ကို ကျေနပ်သွား၏။

"ကံ . . . ကံရဲ့အကြောင်းတရားတွေကို ဘယ်သူမှ အဆုံးအစမပြောနိုင်ပါဘူး မိန်းကလေးရဲ့ကံ၊ သူ့ရဲ့ကံကလဲ ရှိပါသေးတယ်။ သေချင်မှ သေမှာပါ။ သေတာကို မတွေးနဲ့ဦးလေ။ တွေးချင်ရင် ဘယ်လိုရှာချင်သလဲဆိုတာ တွေးပေါ့။ မောင်ဝဏ္ဏက သမီးကိုကူညီပါလိမ့်မယ်။ လောလောဆယ်တော့ အားရှိဖို့လုပ်ဦး"

စိမ်းနားထဲတွင် အမေ့အသံသည် အေး၍ချို၏။ 'မိန်းကလေးရဲ့၊ သမီးကို' ဟူသော စကားလုံးများမှာ မေတ္တာရောင်ခြည်ဟပ်၍ နေသည်။ အမေသည် စိမ်းမျက်နှာပေါ်မှ စောင်ကို အသာဆွဲယူ၍ နဖူးမှစို့နေသော ချွေးကိုသုတ်ပေးလိုက်၏။

"မိန်းကလေးရဲ့ နာမည်က ဘယ်သူတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်း"

"ဩော်...တစ်လုံးတည်းနော်၊ စိမ်းဆိုတာ စိုစိုပြည်ပြည် ရွှင်ရွှင်လန်းလန်းရှိတာပေါ့။ ဖြစ်သမျှ အကြောင်းပေါ့ မိန်းကလေးရယ်။ အမေ့ယာတောထဲမှာ ကျန်းမာတဲ့အထိ နေကြည့်ပါဦး။ မိန်းကလေးမှာ သားသမီးရှိလား"

"မရှိပါဘူး၊ လက်ထပ်ပြီးတာ ခြောက်လပဲရှိပါသေးတယ်။ သူက နယ်ပိုင်ဝန်ထောက်၊ လက်ထပ်တုန်းက ခွင့်မယူဘူး။ ခုမှခွင့်ရတာနဲ့ ရှမ်းပြည်နယ် ခရီးထွက်လာတာပါ"

"အိုကွယ်...ဖြစ်မှဖြစ်ရတယ်။ ပြန်တွေ့မှာပါ။ စိတ်ပျော်ပျော်နေပေါ့"

အမှန်တော့ စိမ်းကိုသာ အားပေးနေရသည်။ အမေ့စိတ်ထဲတွင်လည်း မျှော်လင့်ချက်တော့ သိပ်မထားလှပေ။

"သမီး နွားနို့သောက်ပြီး အိပ်လိုက်ဦး၊ အိပ်ရာကနိုးမှ အမေနဲ့စကားဆက်ပြောပေါ့။ ကဲ...သောက်လိုက်ဦး"

စိမ်းသည် အိပ်ရာမှ ထထိုင်ကြည့်၏။ ခါးနှင့်လက်မှာ တော်တော်နာသေး၍ ခေါင်းထဲကလည်း နည်းနည်းမူးသေးသည်။

အမေ့လက်ထဲမှ နို့ပန်းကန်ကို ယူသောက်လိုက်သည်။ ရင်ထဲမှာ နွေးထွေးသွားသော်လည်း လှဲ၍ပင် နေချင်သည်။ နို့ပန်းကန်ကိုဘေးရှိ သစ်သားခုံပေါ် လှမ်းတင်လိုက်သည်။ စိမ်းသည် ပြန်အိပ်နေပြန်၏။





"အမေ သွားမယ်နော်၊ လိုချင်တာရှိရင်ပြော"

အမေသည် နို့ပန်းကန်ကိုယူ၍ အပြင်သို့ထွက်သွားသည်။ စိမ်းသည် မျက်စိကိုမှိတ်၍ အမေ့အကြောင်း တွေးနေမိပြန်သည်။ ဤမျှခေါင်သော ယာတဲတွင်နေသော အမေ့စကားလုံးများသည် ရည်မွန်ချောင်လှပါကလား။ တောသဘာဝ စကားလုံးများမဟုတ် ပြေပြစ်ယဉ်ကျေးလှ၏။ စကားအသုံးအနှုန်း ပြေပြစ်ရုံတွင်မက တောအရိပ်ဖြစ်သော ရိုး၍ပွင့်လင်းသောဟန်၊ အသံတို့မှာ အမေ့စကားလုံးတွင်ပါလာ၍ အေးချမ်းကြည်လင်လှပေသည်။ သူကတော့ ချမ်းမြေ့စရာကောင်းသောလူတို့၏လက်တွင် ရောက်နေပေပြီ။ 'ဘုရားမလို့ သူ့ချစ်လင်သည်လည်း ဘေးကင်းပါစေ' သူသည်ဆုတောင်းရင်း ရောက်တတ်ရာရာကို တွေးမိပြန်သည်။

ဓားပြတွေ တောဘက်မှ တက်လာလာချင်း မြင်းကိုယ်စီနှင့် လမ်းကိုဆီး၍ပိတ်၏။ သူ့ယောက်ျားသည် ချောက်ဘက်ကပ်၍ကားကို ထိုးရပ်လိုက်စဉ် သေနတ်သံတွေ ဆူလာ၍ သူ့ဘေးမှ အဖော်မိန်းကလေးက သူ့ကိုတွန်းရင်း 'တံခါးဖွင့် တံခါးဖွင့်'ဟူ၍ နားထဲတွင် ကြားလိုက်သည်။ သေနတ်သံ တစ်ချက်နှင့်အတူ ကားတံခါးကို ဆောင့်ဖွင့်ကာ လှိမ့်ချလိုက်သည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားသည်ကလွဲ၍ သူဘာမှ မသိတော့။ အဖော်မိန်းကလေး၊ သူ့ခင်ပွန်း၊ ဒရိုင်ဘာတို့မှာ ဓားပြတို့လက်တွင် ပါသွားပြီထင်သည်။ သူ့ကိုယ်တွင်နားကပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရွှေလက်ကောက် တစ်ရံသာ ကျန်ရစ်ပေသည်။ တေးပြ များမှာ သူ့ကိုမတွေ့ရှာဘဲ ချန်ရစ်ခဲ့သလား။

တွေးရင်း ခေါင်းနောက်လာသည်။ သူ့ယောက်ျားအား တေးပြတို့ ဖမ်းသွားသောအကြောင်းရောက်လျှင် ချွေးစေးတွေ ပြန်လာကာ အသက်ရှူရပင် ကျပ်လာသည်။

ငွေနှင့်လက်ဝတ်လက်စား ထည့်ထားသော လက်ကိုင် အိတ်လည်း ကားပေါ်တွင် ကျန်ရစ်သည်။ ထိုပစ္စည်းတွေ ယူ၍သူ့လင်အား လူဆိုးတို့ ပြန်၍လွှတ်လိုက်စေချင်သည်။ ထိုအတွေးမှာ သူကဖြစ်စေချင်သော အတွေးမျှသာဖြစ်၏။ တကယ့်အဖြစ်ကမူ ဘယ်လိုဖြစ်လာမည်ကို သူမတွေးနိုင်ပေ။

ခေါင်းက နောက်လာသလို၊ မူးလာသလိုနှင့် သူမေ့ခန် ဖြစ်သွားပြန်သည်။

နိုးလာချိန်တွင် သူ့အဖို့ကြောက်စရာလို၊ ထိတ်စရာ လိုဖြစ်နေပြန်သည်။ ဘာတွေများပါလိမ့်။ သူ့အိပ်ရာဘေးတွင် ဝက်ပေါက်စလေး တစ်ကောင်မှာ ကွပ်ပျစ်ကိုမေးတင်၍ မှေးနေသည်။ ရုတ်တရက် သူသည်နောက်ကို တွန့်လိုက်၏။ တစ်ခါပြန်၍ သူသည် ကြည့်ပြန်သည်။ ကလေးသုံးယောက် သည် သူ့ကိုစူးစိုက်ကြည့်နေကြသည်။ သူသည် ဝက်ကလေး ကိုမကြည့်တော့ဘဲ ကလေးတွေ မျက်နှာကို သေသေချာချာ ကြည့်မိပြန်၏။ သူတို့ကလေးတွေ မျက်နှာမှာ ဖော်ရွေပုံရ၍ ခပ်ပြုံးပြုံးဖြစ်နေကြသည်။





"အစ်မ နေကောင်းရဲ့လား"

ဝက်ပေါက်စလေးကို ကိုင်ထားသော ကလေးက ပြုံး၍ မေးလိုက်၏။ စိမ်းသည် ကလေးတို့ အပြုံးကြောင့် ရင်ထဲတွင် ပေါ့ပါးသွားသလို ဖြစ်လာသည်။

"နေကောင်းပါတယ်"

စိမ်းက ထမည့်ဟန်ပြင်လျှင် အကြီးမိန်းကလေးသည် စိမ်းအနားကို ကပ်လာကာတွဲ၍ ထူပေးသည်။ စိမ်းအဖို့မှာမူ ကလေးများ အမူအရာကလည်း အံ့ဩစရာ ဖြစ်နေသည်။

"အစ်မ နေကောင်းရင် ကျွန်မကြက်ခြံကို လာကြည့် ပါဦး။ ဟိုတလောက ကြက်တွေအများကြီးပဲ သေကုန်လို့ ကြက်ခြံကို မီးရှို့ပစ်ရတယ်။ ခု ကြက်တွေက ငွေနားတွေတဲ့ သိပ်ထွားတာပဲ။ အဘိုး လားရှိုးက ဝယ်လာတာတွေ"

မခမ်းလုံသည် သူ့ကြက်ခြံအကြောင်းကို ပြောပြ၏။ တိုးကြီးကမူ သူ့ဝက်ပေါက်စလေးကို အရေးတယူ မကြည့် သည့်အတွက် စိတ်မကောင်းဖြစ်နေသည်။ သူ့ဝက်ကလေးကို ပွေ့၍ယူသွားရန် ပြင်လိုက်၏။

"အစ်မကို ပြဖို့တဲ့၊ တိုးကြီးက ဝက်ကလေးကိုယူ လာတယ်၊ ဒါ သူ့ဝက်ခြံကပဲ"

"ဩော် . . . သူ့နာမည်က တိုးကြီးတဲ့လား"

"ဟုတ်တယ်၊ ကျွန်တော့်နာမည်က တိုးကြီး၊ အစ်မ နေကောင်းရင် ဝက်ခြံကို လာကြည့်ပါဦး။ သူတို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဝတယ်။ နှာခေါင်းလေးတွေကလဲ ရဲနေတာပဲ။ အစ်မ မနိုးခင်ကတည်းက ပြုရအောင်လို့ ကျွန်တော်ယူထားတယ်။ သူ့အခုနို့ဆာတော့မယ်။ သွားပြီး ထားဦးမယ်''

တိုးကြီးသည် သူ့ကို စိမ်းက အရေးတယူ စကားပြော၍ ကျေနပ်သွားသည်။ ဝက်ကလေးကို မ,ချီကာ ထွက်သွားတော့သည်။

မကျေနပ်နိုင်ဆုံးမှာအတူးဖြစ်၏။ သူ့မှာ ဘာမှပြစရာမရှိ။ ဘာကစ၍လည်း စိမ်းကို စကားပြောရမှန်းမသိ။ တိုးကြီးထသွားသောခုံဘေးတွင် မတ်တတ်ရပ်ရင်း စိတ်ထဲမှ ငိုချင်လာသည်။ သူ့ကိုလည်း စိမ်းက ဂရုတစိုက် စကားပြောစေချင်သည်။ သူ့မျက်လုံးထဲတွင် မျက်ရည်တွေဝဲလာ၏။ မခမ်းလုံသည် သူ့ကိုလှမ်းကြည့်လိုက်သည်။

''သူက ကျွန်မ မောင်လေး အငယ်ဆုံး အတူးပါ။ အစ်မကိုသူလဲတွေ့ချင်လို့ အစ်မသတိမေ့နေတုန်းကတည်းက ခုတင်ဘေးမှာ စောင့်နေတယ်။ သူ့မှာ ဘာမှပြစရာမရှိလို့ ဝမ်းနည်းနေတယ်''

''ဟင်''

စိမ်းသည် အတူးကို လှမ်းကြည့်၍ပြုံးလိုက်၏။

''လာပါဦး၊ ဒီကိုလာပါဦးကွယ်၊ ဘာမှမပြလဲ ကိစ္စမရှိပါဘူး။ အတူးမျက်နှာလေးက ချစ်စရာကောင်းပါတယ်''





စိမ်းလက်ဆန့်တန်းလိုက်သည်နှင့် တစ်ပြိုင်နက် အတူးသည် လက်ထဲသို့တိုးဝင်လိုက်၏။ အားလုံး ကျေနပ်သွားသည်။ စိမ်းသည် ထူးထူးဆန်းဆန်းတွေ့ရသော ကလေးတစ်စုကြောင့် စိတ်ထဲတွင် အတော်သက်သောင့်သက်သာ ဖြစ်သွားသည်။ သူတို့မျက်နှာလေးတွေကလည်း ချိုချိုပြုံးပြုံးရှိလှ၏။ မခမ်းလုံသည် သူတို့မောင်နှမတွေ နာမည်နှင့်အမေ့ နာမည်၊ ကိုဝဏ္ဏနာမည်ကို ပြောပြ၏။ သူ့ကြက်ခြံနှင့်တိုးကြီး၏ ဝက်ကလေးများမွေးပုံကို ကိုဝဏ္ဏ၏အာလူးခင်းများ ပျိုးစပြုပုံတွေကို ပြောပြနေပြန်သည်။

အိပ်ရာမှ မထနိုင်သေးသည့် အတောအတွင်းတွင် သူတို့လေးတွေ ခဏခဏလာ၍စကားပြောကြ၏။ ငြီးငွေ့အားငယ်နေသောစိတ်မှာ ကလေးများလာရောက် စကားပြောလျှင် မေ့မေ့ပျောက်ပျောက် ဖြစ်၍နေပြန်သည်။ တစ်ယောက်တည်းနေချိန်တွင်တော့ ကွဲကွာသွားသော သူ့ချစ်လင်ကိုဝင်းဖေအကြောင်းကိုသာ တွေးနေမိပြန်သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

စိမ်းရောက်လာသည့် နေ့ကစ၍ အလုပ်ပိုလာသူမှာ ကိုဝဏ္ဏဖြစ်သည်။ ယာခင်းအလုပ်များသည့် ကြားထဲမှ ကျောက်မဲကို သွားလိုက်ရသေး၏။ မိုင်းဝေါတွင်လည်း စိမ်းယောက်ျားအကြောင်းကို သက်ဆိုင်ရာသို့ သွား၍ရောက် အကြောင်းကြားရသေးသည်။ သို့သော် ကိုဝင်းဖေအကြောင်းမှာ လေသံမျှပင် မကြားရပေ။

ခုတလော စိမ်းသည် အိပ်ရာမှ ထနိုင်ပြီ ဖြစ်၍ သူကိုယ်တိုင် ကျောက်မဲကိုသွားချင်ကြောင်းသာ ပြောနေသည်။ အမေကမူ စိမ်းကိုယ်တိုင် သွားဖို့ကို သဘောမတူပေ။

ယနေ့ မနက်တွင်မူ ကိုဝဏ္ဏသည် အစောကြီးပင် ကျောက်မဲကို ဦးခွန်နောင်တို့နှင့်အတူ ထ၍သွားသည်။ နောက်နေ့ညနေမှ ပြန်လာမည်ဟုပြော၍ သွားသည်။



စိမ်းသင့်မှစိမ်း

စိမ်းသည် နေကောင်းပေမယ့် အိမ်ပြင်ကိုမူ အမေက ထွက်ခွင့်မပေးသေး။ နေ့လယ်တွင် သူသည် တံမြက်စည်းတစ်ချောင်းနှင့် အမေ့ကိုကူ၍ အိမ်ရှင်းပေးသည်။ အိမ်မှာ တဲသာသာဖြစ်၍ မြေကြီးကိုခုံမြင့်မြင့်ပြုကာ ဆောက်ထားခြင်းဖြစ်သည်။ အမေတစ်ယောက်တည်း မြေကြီးအိမ်ကို ရှင်းလင်းရသည်မှာ နိုင်ပုံမပေါ်ပေ။

ကလေးတွေအခန်းသည် အမှိုက်များ၍ ကိုဝဏ္ဏအခန်းသည် စက္ကူစုတ်များလှသည်။ သစ်သားစားပွဲဟောင်းပေါ်တွင် စာအုပ်များသည် ပုံ၍ပြွတ်သိပ်ထိုးနေသည်။ ကိုဝဏ္ဏအိပ်သည့် သစ်သားကွပ်ပျစ်အောက်တွင်လည်း အဝတ်စုတ်စနှင့် မြေကြီးမှာ ရောထွေးနေသည်။ ပုဆိုးနှင့်အကျႌအဟောင်းများမှာ ခုတင်ခြေရင်းတန်းတွင် တွဲလောင်းဆွဲကာ စီရရီဖြစ်နေသည်။ အခန်းထဲတွင် မှိုနံ့လို စိုထိုင်းထိုင်း နံနေသည်။

စိမ်းသည် အခန်းပြတင်းကိုဖွင့်လိုက်၏။ အပြင်မှ လေတိုးဝင်လာသောအခါတွင် မှိုနံ့မှာ နည်းနည်းလျော့သွားသည်။ ကျူထရံကို ဖောက်ထားသော ပြတင်းမှာ အခန်းထဲ၌နှစ်ခုရှိသည်။ သို့သော် ခေါင်းရင်းတစ်ခုမှာ ဖွင့်လေ့ဖွင့်ထရှိပုံမပေါ်ပေ။ စိမ်းသည် တံခါးကို မနည်းမ,၍ ဖွင့်ရ၏။ တံခါးရွက်များကို ဝါးလုံးနှင့် ထောက်ထားလိုက်သည်။

မြေကြီးကို ရေနည်းနည်းဖျန်း၍ တံမြက်စည်းလှဲလိုက်သည်။ အဝတ်ဟောင်းများနှင့် တန်းကိုဖြုတ်လိုက်လျှင် အခန်းသည် အတော်ရှင်း၍ လင်းလာ၏။ စားပွဲပေါ်မှ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



များကို ရှင်းရပြန်သည်။ စာအုပ်များထဲတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ လွယ်လွယ်ရေးထားသော အင်္ဂလိပ်စာအုပ် လေးငါးအုပ်ပါသည်။ ကျန်စာအုပ်များမှာ ဝတ္ထု၊ ဂျာနယ်များ နှင့် နဂါးနီတိုက်ထုတ် စာအုပ်များဖြစ်လေသည်။

မခမ်းလုံသည် စိမ်းကိုကူ၍လုပ်ပေး၏။ အခန်းတိုင်း လိုလိုလင်း၍ ရှင်းရှင်းလင်းလင်း ရှိလာသည်။ မနက်ဘက် နေရောင်ခြည်များ ပြတင်းမှ ဝင်လာချိန်တွင် အိမ်ကလေး သည် တောက်ပလာသလိုပင် ဖြစ်လာတော့သည်။

အမေသည် မီးဖိုထဲတွင် အာလူးပြုတ်ကို နွှာနေ သည်။ မီးဖိုထဲမှာမူ သပ်သပ်ရပ်ရပ်ရှိ၏။ မီးဖိုကိုတော့ အမေ နိုင်နင်းပုံရလေသည်။ နေ့လယ်စာအတွက် နွားနို့တစ်ချိုင့်၊ အာလူးပြုတ် တစ်ပန်းကန်၊ ဆီပန်းကန်လေးတစ်ခုနှင့် ဆား ပန်းကန်ကို ထမင်းစားပွဲခုံပေါ်တွင် သစ်သားတန်းလျားခုံနှစ်ခု ချထားသည်။

နေ့ခင်းတွင် ကလေးများသည် အာလူးကိုဆီနှင့်ဆား နှင့်တို့စားသည်။ စိမ်းသည် သူ့အတွက် နို့တစ်ခွက်ပဲငှဲ၍ သောက်သည်။ အမေကမူ အာလူးကို ဆီဆားနှင့်တို့၍ ရေ နွေးကြမ်းနှင့်သောက်နေသည်။

"သမီးက မြို့ကလာတော့ ဒီကအစားအစာတွေကို စားတတ်မှာ မဟုတ်ဘူး။ ဒီမှာကလေးတွေအတွက် ကောက် ညှင်းရယ်၊ ကန်စွန်းဥရယ်၊ အာလူးရယ်၊ ဒါပဲကျွေးရတယ်။





တစ်ခါတစ်ခါတော့ ထန်းလျက်နဲ့ မုန့်လုပ်ပေးပါရဲ့။ ကုလားပဲ ကိုတို့ဟူးလုပ်ပေးတဲ့အခါ ပေးရတယ်။ ဒါပေမယ့် မအားပါ ဘူးကွယ်။ အမေဖြင့် မြန်မြန်ပြီးတာပဲ လုပ်ပေးရတယ်။ အရင်လို အမေဟာ မသွက်လက်တော့ဘူး"

"အမေတို့ ဒီမှာနေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ မောင်ဝဏ္ဏအဖေ ဆုံးပြီးမှပေါ့။ ဒီကိုပြောင်းလာတာ။ အစက အမေတို့ တောင်ကြီးမှာ နေတယ်။ မောင်ဝဏ္ဏအဖေက ကုန်သည်ပဲ။ အမေလဲ သူနဲ့အကြောင်းပါတာနဲ့ ယာခင်းကိုစွန့်ပြီး တောင်ကြီးကို လိုက်သွားတာပဲ။ အမေ့အဖေ အမေများကတော့ ယာခင်း မှာပဲနေသွားကြတယ်။ သူတို့သေသွားတာတောင် အမေဖြင့် သိလိုက်ဘူး။ ဒီယာတွေကို ဦးခွန်နောင်အပ်ခဲ့လို့ အမေ ပြန်ရတာပဲ။ ဟိုမှာနေရတာ ကောင်းတော့ ကောင်းတာ ပေါ့လေ မောင်ဝဏ္ဏနဲ့ သူ့အောက်ကလေးတွေ အားလုံး စာသင်ရတယ်။ ဒီကလေးသုံးယောက်ပဲ စာမတတ်ဘူး"

"ကိုဝဏ္ဏအောက်မှာ ရှိသေးလား"

"ရှိတာပေါ့၊ မခမ်းလုံနဲ့ မောင်ဝဏ္ဏကြားမှာ နှစ်ယောက်ရှိတယ်။ တစ်ယောက်က နမ္မတူဘော်တွင်းမှာ အလုပ်လုပ်နေတယ်။ တစ်ယောက်က နမ်းဆမ်က မိန်းကလေး နဲ့အိမ်ထောင်ကျပြီး ဟိုမှာလက်ဖက်ခြံ လုပ်နေတယ်။ ဒီကလေးတွေကြီးတဲ့အချိန်မှာ နည်းနည်းပါးပါးပဲ အမေစာပြ



www.burmeseclassic.com

www.burmeseclassic.com



ပေးရတယ်။ တိုးကြီးနဲ့ မခမ်းလုံတော့ နည်းနည်းဖတ်တတ်နေပြီ။ ဒီဘက်ဆီမှာတော့ စာကိုဘယ်သူမှ အရေးတယူ မသင်ကြပါဘူး''

''တောင်ကြီးမှာနေရင် ကလေးတွေအတွက် ပိုကောင်းမှာပေါ့''

''ကောင်းတယ်ဆိုတာက သူတို့အဖေရှိရင်တော့ ကောင်းတာပေါ့။ သူတို့အဖေ ဆုံးပြီးတော့ အမေဘာမှ မလုပ်တတ်ဘူး။ အမေတို့မှာ ငွေစုပြီးဆောင်းပြီးလဲမရှိဘူး။ ပြီးတော့လဲ အမေဖြင့် သူရှိရာသာ လိုက်နေရတယ်။ ယာတောလောက်မပျော်ဘူး။ ဒီမှာက ဝဝစားရသလိုပဲ။ ပင်တော့ ပင်ပန်းတာပေါ့လေ။ ဒါပေမယ့် နို့စစ်စစ်တစ်ဝသောက်ပြီး ကောက်ညှင်းပူပူနွေးနွေးကို လက်နဲ့ဆုပ်ပြီး အမေကစားချင်တယ်။ ဟိုမှာက ဒီလိုမှ မဟုတ်ဘဲ။ အမေကိုယ်တိုင်က တခြားနည်းနဲ့ ငွေမရှာတတ်ဘူး။ ယာခင်းထဲမှာက ငွေသက်သက် ရှာဖို့မလွယ်ဘူး။ အမေတို့ ယာတောက ကောက်ညှင်းလဲရတယ်။ ပြီးတော့ အာလူးလဲ စိုက်တယ်။ ပြန်ရောင်းနိုင်အောင်တော့ ဆောင်းဝင်လာရင် ဂျုံစိုက်တာပဲ။ နွားကလဲ မွေးထားတော့ နွားနို့လှိုင်လှိုင် သောက်နေရပြီပဲ။ ဘာမှ သိပ်မလိုဘူးပေါ့။ တစ်နှစ်တစ်နှစ် ဂျုံရောင်းလို့ရတဲ့ ပိုက်ဆံထဲက အိမ်သုံးပစ္စည်းနဲ့ အဝတ်အထည်လေး ဝယ်လိုက်တာပါပဲ''





အမေသည် ရောင့်ရဲခြင်းနှင့်ပြည့်နေသော သူ့ဘဝ ရိုးရိုးလေးကို နှစ်သိမ့်စွာ ပြောပြနေ၏။

''မောင်ဝဏ္ဏကို တောင်ကြီးမှာတုန်းက သာသနာပြုကျောင်းမှာထားတယ်။ သူခုနစ်တန်းအထိသင်ခဲ့လို့ အင်္ဂလိပ်စာတွေဘာကွေ ဖတ်တတ်တယ်။ အမေ့စိတ်ထဲ သူအင်္ဂလိပ်စာတတ်လို့ ယာတောကိုမှခေါ်လို့ရပါ့မလားလို့ တထိတ်ထိတ်နဲ့ ဖြစ်နေသေးတယ်။ သူလိုက်လာတာကိုပဲ ကျေးဇူးတင်ရသေးတယ်။ သူမရှိရင် ယာခင်းကို ဘယ်သူလုပ်မလဲ''

အမေသည် ရေနွေးကြမ်းကို မော့သောက်လိုက်ပြန်သည်။ စိမ်းသည် အမေ့စကားနှင့်ဆက်၍ ကိုဝဏ္ဏအခန်းထဲ မှစာအုပ်များကို စိတ်ရောက်သွား၏။ ကလေးတွေ စာမတတ်သည်ကိုလည်း စိတ်မကောင်း ဖြစ်သွားပြန်သည်။ ကလေးများ မျက်လုံးသည် ရှမ်းစပ်ဟန် မျက်ရစ်မရှိသော်လည်း ဝိုင်း၍ တောက်ပ၏။ သူတို့မျက်လုံးများသည် ဉာဏ်ထက်မြက်ကြောင်း ဖော်ပြနေသည်။

''ဒီလိုဆို သူတို့စာတတ်ဖို့အတွက် အမေဘယ်လို လုပ်မလဲ''

''ဘယ်လိုလုပ်ရမယ်လို့တော့ မစီစဉ်ရသေးပါဘူး။ မောင်ဝဏ္ဏကတော့ ပြောတယ်။ ဒီယာခင်းတွေမှာ ကလေးတွေ အတော်များများရှိတယ်။ မိဘတွေကငွေစုပြီး ကျောက်မဲက ဖြစ်ဖြစ်၊ မိုင်းငေါ်ကဖြစ်ဖြစ် ဆရာတစ်ယောက်ခေါ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသဘောမျိုး လုပ်ထားမယ်လို့ ပြောတယ်။ ဒါပေမယ့် ဒီလိုခေါင်တဲ့ နေရာမျိုးကို ဘယ်သူလာမလဲ။ ဒီနေရာက လမ်းဆိုပေမယ့် သတ်သတ်ခွဲလာရတော့ အရောက်အပေါက် နည်းတယ်။ ရွာရယ်လို့လဲ မဟုတ်ဘဲကိုး။ သတင်းစာတို့ ဘာတို့လဲ မရောက်ဘူး''

ကလေးများသည် နေ့လယ်စာ စားပြီး၍ ပန်းကန်များကို မီးဖိုချောင်သို့ မခမ်းလုံက သယ်သွားသည်။ အမေသည်စားပွဲမှထ၍ မီးဖိုကို ဆက်ဝင်သွားပြန်သည်။

● ● ●



နောက်တစ်နေ့ ညနေတွင် ကိုဝဏ္ဏ ပြန်လာချိန်ကို စိမ်းသည် အထူးပင်မျှော်လင့်မိ၏။ ကလေးများနှင့် ခြံဝရှိ ချယ်ရီပင်အောက်တွင်ထိုင်၍ စောင့်နေကြသည်။ အဝေးမှ ချောင်းငယ်စီးသံမှာ တဟည်းဟည်းမြည်နေသည်။ တဲရှိရာကုန်းမှ တဖြည်းဖြည်းလျှောသွား၍ မြေနိမ့်ပိုင်းတွင် ယာခင်း အစိမ်းကွက်များကို မြင်တွေ့ရ၏။ ချောင်းတစ်ဖက်တွင် တောင်ကမ်းပါးသည် မြင့်မား၍ ညိုညိုမည်းမည်းအုံ့ဆိုင်း ဆိုင်းဖြစ်နေသည်။ တောင်စွယ်တွင် နေလုံးမကွယ်သေး၍ ရွှေရောင်များသည် ယာခင်းအစိမ်းပေါ်တွင် ပြန့်ကြဲနေကြသည်။

မိုးပါးသော်လည်း လေက အေးစိမ့်စိမ့် ဖြစ်နေလေသည်။ ရေစီးသံသဲ့သဲ့ထဲမှ ကိုဝဏ္ဏ မြင်းခွာသံကိုပင် စိမ်းက စိတ်ဝင်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဲရှေ့တွင်လည်း အမေသည် သူ့သားကိုမျှော်နေဟန်ရှိသည်။ ညနေ၏ နေရောင်ခြည် ဝင်းဝင်းထဲတွင် ကိုဝဏ္ဏသည် ဖြည်းဖြည်းလေး မြင်းကိုစီးလာ၏။ မြင်းပေါ်တွင် ကိုဝဏ္ဏဟန်သည် မြင့်မားထွားကျိုင်း၍ လှပပေမယ့် မြင်းလှုပ်ရှားပုံမှာ နွေးကွေးလှသည်။ သူ့မျက်နှာကလည်း အေးဆေးငြိမ်သက်လှသည်။

စိမ်းသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ကိုဝဏ္ဏအပြန်ကို သူတစ်ခါမှ သည်လိုမကြုံဖူးပေ။ ယခင်အခါများကလည်း ကိုဝဏ္ဏသည် ယခုလိုပဲ အေးအေးဆေးဆေး ပြန်လာဟန်ရှိပေမည်။

"အစ်ကို ပြန်လာပြီဟေ့"

ကလေးများသည် အော်ဟစ်ပြေးလွှား၍ ကိုဝဏ္ဏကို ကြို၏။ စိမ်းကမူ ချယ်ရီပင်အောက်ကပင် စောင့်နေသည်။ ကိုဝဏ္ဏသည် တဲညာဘက်ရှိ မြင်းဇောင်းတွင် မြင်းကိုထားခဲ့၍ စိမ်းရှိရာခြံဝသို့ လျှောက်လာသည်။ စိမ်းသည်လှမ်း၍ ပြုံးရုံသာပြုံးနိုင်သည်။ သူ့ပါးစပ်က ဘာမှမမေးရဲပေ။

ကိုဝဏ္ဏသည် စိမ်းကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ညနေနေခြည်ဖြင့် အသားမှာဝင်းနေသော်လည်း အဖျားဒဏ်ကြောင့် မျက်နှာမှာသွယ်၍ကျနေသည်။ မျက်လုံးဝိုင်းကြီးများဖြင့်ကြည့်ကာ သူ့အားကြိုဆိုနေသော စိမ်း၏စိတ်ကို သူက





သိပါ၏။ စိမ်းသည် သူ့ယောကျ်ားသတင်းကို ကြားချင်ရှာပေလိမ့်မည်။

"စိမ်း နေကောင်းရဲ့လား"

သူသည် နှုတ်ဆက်ရင်း စိမ်းကိုဖြတ်၍ ရှေ့မှလျှောက်ကာ ခြံထဲကိုဝင်သွားတော့သည်။ စိမ်းသည် သူ့နောက်မှ တပ်၍လိုက်လာ၏။

သို့သော် ပါးစပ်မှစကားတစ်လုံးမှ မကြားရပေ။ အမေ့ရှေ့တွင်လည်း စိမ်းသည်ငြိမ်၍ နေ၏။ သူ့မျက်နှာများကမူ ကိုဝဏ္ဏထံမှ စကားလုံးကို တောင်းဆိုသလို ခဏခဏ ကြည့်၏။

"အမေ...ကျွန်တော် ဆာလာပြီ၊ ရေချိုးပြီးပြီးချင်း ထမင်း စားမယ်အမေ"

အမေ့ကို ဒါပဲလှမ်းပြောကာ ကိုဝဏ္ဏသည် တဲထဲသို့ ဝင်သွားတော့သည်။ စိမ်းရင်ထဲတွင် မချင့်မရဲနှင့် ကျန်ရစ်ခဲ့ပြန်သည်။ ညနေစာအတွက် ပြင်ဆင်ရန် မီးဖိုချောင်သို့ ဝင်ခဲ့လေသည်။

အမေကတော့ သူ့သားအခန်းထဲသို့ ဝင်သွား၏။

ထမင်းပြင်ရင်း နားကမူ ကိုဝဏ္ဏ အခန်းကို စွင့်နေမိသည်။ တကယ်ဆို ကိုဝဏ္ဏသည် ပြန်ရောက်,ရောက်ချင်း သတင်းအစအနများကို ရသလောက် သူ့ကို ပြောသင့်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ယခုတော့ အေးဆေးလွန်းလှသည်။ စိတ်ထဲမှ စိမ်းသည် အပြစ်တင်မိ၏။

ညစာ စားကြပုံမှာ တိတ်ဆိတ်လှသည်။ ကလေးများကလည်း ငြိမ်ငြိမ်သက်သက်ပင် စားကြ၏။ ကိုဝဏ္ဏကလည်း စကားတစ်လုံးမှမပြောပေ။ စိမ်းသည် ဒါလောက်ငြိမ်သက်နေပုံကို မကြိုက်။ အော်၍ပစ်လိုက်ချင်သည်။

ခပ်မြန်မြန်ပင် ထမင်းစား၍ သူထသွားမိသည်။ အိပ်ခန်းထဲသို့ဝင်သွားကာ တစ်ယောက်တည်း ထိုင်နေလိုက်သည်။ ယခုလို တစ်ယောက်တည်း ငြိမ်နေသည်က တော်ပေသေးသည်။ လူအများကြီးက ငြိမ်နေသည်မှာ တစ်ခုခုဖြစ်တော့မလို အရိပ်အယောင်တွေများလှ၏။

ထိုင်နေရင်း စိတ်မှာကျဉ်းကျပ်လှသည်။ ငိုရမည်လား၊ ငိုရလျှင်လည်း ဟစ်၍ငိုချင်သည်။ ပြတင်းအနားတွင်သွား၍ရပ်ပြန်သည်။ နေလုံးမှာ လုံးဝကွယ်သွား၍ တောင်တန်းမည်းမည်းကြီးသာ သတ္တဝါကြီးအိပ်နေသလို ရှည်လျားလျားကြီး မြင်နေရသည်။

အလင်းရောင်က မှုန်ရီရီဖြစ်နေ၍ တောတောကလိုမြင်ကွင်းမှာ မသာယာလှ။ တောင်တန်းကြီးကလည်း အရုပ်ဆိုးနေသည်။ ရွှေရောင်လွှမ်းနေသော ညနေက သစ်ပင်များမှာလည်း မည်းညိုညိုအရိပ်များသာ ဖြစ်နေတော့၏။ လေကလည်း အေးစက်စက်။





"သမီး . . .အခန်းထဲက မှောင်နေပြီ"

အမေ့အသံသည် အခန်းဝမှပေါ်လာ၏။ စိမ်းကမူ အမေ့ဘက်ကို ရုတ်တရက် လှည့်မကြည့်နိုင်ပေ။ မကြာခင် မီးရောင်လင်းလာသည်။

"သမီး ဘာကြည့်နေလဲ ထိုင်ဦးလေ"

အမေက သူ့ကိုဆွဲ၍ ခေါ်၏။ သူသည် အမေ့ကို မော်ကြည့်ရင်း စိတ်ထဲမှာ စကားလည်းပြောချင် ပြောလည်း မပြောရဲသလို ဖြစ်နေသည်။

မီးခွက်ဘေးရှိ ကွပ်ပျစ်တွင် ထိုင်ချရင်း သူသည် စိတ်ကိုတင်းလိုက်၏။

"အမေ . . .ကိုဝဏ္ဏ ပြန်လာတော့ စိမ်းယောကျ်ားရဲ့ အကြောင်း သူဘာမှ မကြားရဘူးတဲ့လား"

အမေသည် သက်ထဲမှ သတင်းစာရွက်များကို ဆုပ်ထားရင်း ခပ်ကြောင်ကြောင် ကြည့်နေသည်။

"သူ ဘာမှမကြားဘူးတဲ့လား အမေ"

"ကြားတော့ မကြားဘူး၊ ဖတ်ခဲ့ရတယ်"

"ဘာ . . .ဖတ်ခဲ့ရတယ်"

"အင်း . . .သတင်းစာထဲမှာ ဖတ်ခဲ့ရတယ်။ သတင်းစာက လားရှိုးကတစ်ဆင့် ကျောက်မဲကို ရောက်လာတာ တစ်ပတ်လောက်တော့ ရှိသွားပြီ။ သူသတင်းစာပါ ဝယ်လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့လက်ထဲမှ သတင်းစာကို စိမ်းသည် ကမန်းကတန်းယူ၍ ဖတ်လိုက်၏။ စိမ်းမျက်နှာကို စိုက်ကြည့်ရင်း အမေ့ရင်များပင် တဒိတ်ဒိတ်ခုန်နေသည်။ စိမ်းသည် သတင်းစာကိုဆုံးအောင်ဖတ်ရင်း မျက်နှာက ဖြူ၍ဖြူ၍လာ၏။ အဆုံးတွင် သူ့မျက်နှာသည် သွေးမရှိသလို ဖျော့သွားတော့သည်။

"သမီး"

အမေသည် သူ့ဘေးတွင် ကပ်ထိုင်ကာ သူ့ပခုံးကို ဖက်လိုက်၏။ သူသည် စကားပြောမရ။

"စိမ်း"

အခန်းဝတွင်လည်း ကိုဝဏ္ဏသည် ရပ်နေသည်။ စိမ်းသတင်းစာကို ဖတ်ကတည်းက အားပေးရန်အတွက် အခန်းဝတွင် ကိုဝဏ္ဏ ရပ်နေခြင်းဖြစ်သည်။ စိမ်းသည် သူတို့ အားလုံးကိုမမြင်၊ ပတ်ဝန်းကျင်သည် ဟင်းလင်းဖြစ်၍ လေကိုပင် ရှူရှိုက်၍မရတော့ပါလား။

ဘာကိုမှ ဖက်တွယ်၍ ထားမရသလို၊ ဟာလွန်းလှသည်။ သတင်းစာကို ကောက်ကိုင်လိုက်ပြန်သည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကိုဝင်းဖေအလောင်းနှင့် အလောင်းဘေးအိတ်ထဲမှရရှိသော ကိုဝင်းဖေ၏ဓာတ်ပုံမှာ သတင်းစာတွင်ထင်ထင်ရှားရှား ပေါ်လွင်လှ၏။

လားရှိုးနားတွင် အလောင်းကို တွေ့ရသည်ဆိုပေသည်။ စိမ်းသည် သတင်းစာကို မဖတ်တော့ပေ။ လက်ထဲ





တွင်ကျစ်ကျစ် ဆုပ်ထား၍ သတင်းစာမှာ ကြေမွသွားတော့သည်။

"သူ သေသွားပြီ အမေ . . ."

စိမ်းသည် အော်သလို ပြောလိုက်သည်။

ကိုဝဏ္ဏသည် စိမ်းရှိရာသို့ လျှောက်လာ၏။ အမေက စိမ်းကို အိပ်ခိုင်းသည်။ အိပ်ရာတွင် လှဲနေဖို့ ပြောသည်။ စိမ်း လက်ဖျားတွေမှာ ရေခဲလို အေးလာ၍ နှုတ်ခမ်းတွေ ပြာလာသည်။

စိမ်းကိုဆွဲ၍ အိပ်ရာပေါ် အိပ်ခိုင်းရင်း အမေသည် စောင်များကို ခြုံ၍ပေးလိုက်၏။ မီးရောင်အောက်တွင် ဖျော့တော့လှသော စိမ်းမျက်နှာကို ကိုဝဏ္ဏသည် မကြည့်ရက်ပေ။

"ကျွန်တော် . . . ညကတည်းက ဦးဝင်းဖေ အကြောင်းကို ပြောချင်ပါရဲ့။ မပြောရက်လို့ပါ စိမ်းရယ်၊ ဘာမှအားမငယ်ပါနဲ့၊ စိမ်း ဘာလုပ်ချင်တယ်ဆိုတာသာ ပြောပါ။ ကျွန်တော် တို့အားလုံးကူပါ့မယ်"

စိမ်းသည် ရှိုက်၍သာနေသည်။ မျက်ရည်က မထွက်။ ခေါင်းထဲတွင် အတွေးများပြတ်သွား၍ မနည်းသတိထားနေရသည်။ အမေသည် စိမ်းလက်ဖျားများကို နွေးလာအောင် ဆုပ်ပေးနေ၏။

"သမီး . . . ငိုချင်လဲ အားရအောင် ငိုလိုက်"



www.burmeseclassic.com

www.burmeseclassic.com



''ငိုတော့ မငိုချင်ပါဘူး အမေရယ်၊ သူလဲ သေမှာ မဟုတ်ပါဘူး''

''စိတ်ထဲမှာတော့ ဘယ်တော့မှ မသေပါဘူး။ အမေ့ ရင်ထဲမှာ မောင်ဝဏ္ဏအဖေဟာ ခုထိအသက်ရှင် နေပါ သေးတယ်။ ဒါပေမယ့် အားကိုးရာတော့ မဲ့တာပေါ့လေ။ အချိန်တွေ ကြာလာပြန်တော့လဲ ဘဝဟာ နေလို့စားလို့ ဖြစ်လာရတာပါပဲ။ စိတ်ကတင်းရတာပဲ သမီး''

''တင်းရလွန်းလို့ ရင်ထဲမှာခြောက်နေတယ် အမေ''

စိမ်းသည် မောဆို့ဆို့ကြီးပြောနေသည်။ ကိုဝဏ္ဏကို စေ့စေ့ကြည့်ရင်း သူသည် ရှိုက်လိုက်ပြန်၏။

''ကိုဝဏ္ဏအဖေ သေသွားပေမယ့် အမေ့မှာ အဖော် တွေအများကြီး ကျန်ရစ်ပါတယ်။ သားကြီး၊ သမီးကြီးတွေဟာ အမေ့အဖော်ပေါ့၊ စိမ်းမှာတော့ တစ်ယောက်တည်း ဘယ် သူမှ မရှိဘူး။ စိမ်းတစ်ယောက်တည်းပဲ ကျန်ရစ်တယ်''

''မိဘတွေကော''

ကိုဝဏ္ဏ မေးလိုက်လျှင် စိမ်းသည် ခေါင်းခါပြ၏။

''ဟင် . . . မောင်နှမတွေကော''

''အားလုံးပေါင်း စိမ်းတစ်ယောက်တည်းပဲ ရှိတယ်''

''အို . . .''

ကိုဝဏ္ဏရော အမေပါ စိမ်းအတွက် ပို၍ဆွေးသွား





တော့သည်။ စိမ်း ယခုမှ မျက်ရည်များ စိမ့်ကျလာ၏။ အမေတို့ အားလုံးသည် ငြိမ်သက်သွားကြသည်။

တောင်တန်းမည်းမည်းကြီးမှ လေများသာ အေးစက် စက်နှင့် ပြုတင်းမှဝင်လာကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မှဆိုးမဘဝသို့ ကူးလာသော စိမ်းအတွက် အမေသည် ပို၍ မချိပေ။ သားသမီးတွေနှင့် အိုကြီးအိုမဖြစ်နေသော သူပင် လျှင် အဖေ ဆုံးပြီးကတည်းက လောကကို စိတ်မဝင် စားတော့ ခြောက်သွေ့ ပျင်းရိမိ၍ ဟာလွန်းလှသည်။ စိမ်း အဖို့တွင်တော့ ခြောက်လမျှပေါင်းလိုက်ရသော သက်တမ်းမှာ လည်းဆွေးမြည့်စရာပေပဲ။ အထီးတည်းလောကတွင် ကျန်ရစ် သည်မှာလည်း ကြေကွဲစရာပင် ဖြစ်ပေတော့သည်။

စိမ်းကမူ တစ်ညလုံး တောင်ကို ဆင်းလိုက်တက် လိုက်လုပ်နေရသလို မောလည်း မောလှ၏။ ရင်ကလည်း ရှု၏။ အိပ်မပျော်ရင်လည်း ကောင်းပေသည်။ လုံးလုံးအိပ် ပျော်သွားလျှင်လည်း သောကကို မေ့နိုင်ပေမည်။ ယခုတော့ နှီးတစ်ဝက် အိပ်တစ်ဝက်နှင့် မပျော်တပျော်တွင် အိပ်မက် ခန်းများကလည်း ချောက်ချားစရာ ကောင်းလှသည်။

မိုးလင်းခါနီးတွင် အမောပြေသလို ရင်နည်းနည်း အေးလာသည်။ ကြိုးစားအိပ်ကြည့်၏။ အိပ်နေရင်း စိတ်ကူး ထဲတွင်ဓားပြများ ကိုဝင်းဖေကို သတ်ကြပုံကို တွေးကြည့် မိသည်။ ချွေးစေးတွေ ပြန်လာကာ ရင်ထဲမှာ ပူလာပြန် သည်။ မနက်တွင်မူ စိမ်းသည် ပြန်၍ဖျားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးရေ ကျန်းမာရေးတော့ မထိခိုက်စေနဲ့ ကွယ်၊ သမီးက ဘ၀ကိုစခါစဆိုတော့ ဒုက္ခကိုမတွေ့စဖူး တွေ့ရတာကိုး။ အမေကတော့ တစ်ဝက်ကျိုးသွားပြီ။ ခုအမေ ဟာ ဒုက္ခကို ဟုံသွားပြီ။ ရှေ့လျှောက် ဆက်လက်နေသွား သမျှ သုခရယ်လို့တော့ ရှိလှမယ်မဟုတ်ဘူး။ တွေ့သမျှ ဒုက္ခလို့မှတ်သာ သွားပေတော့။ ဒါမှ နောင်ကို ခံနိုင်ရည် ရှိမယ်"

သူများအိမ်တွင်နေသည့်အတောအတွင်းတွင် စိတ်ကို တင်းမှဖြစ်မည်။ စိတ်ကို လျှော့၍ ခွေကျသွားလျှင် မမာ မကျန်းဖြစ်နေဦးမည်။ အမေတို့ စေတနာကိုသိပေမယ့် စိတ် ထဲမှာ အားနာနေသည်။

ရှေ့ဆက်၍ သူဘာလုပ်ရမည်နည်း။ ဘာဖြစ်၍များ အထီးကျန်ဘ၀တွင် မိန်းကလေးတစ်ယောက်အဖြစ်နှင့် နေ ရပါသနည်း။

အစက ကြိုတင်၍သိပါလျှင်လည်း လက်မထပ်ဘဲ အပျိုတုန်းကလိုပင် နေလိုက်ပါ၏။ ယခုတော့လည်း တွယ်တာ ရခြင်းကြောင့် ဒုက္ခက ပိုရပြန်သည်။ ကွေကွင်းရခြင်းထက် သူတစ်ယောက်တည်း နေရဖို့ကိစ္စက ပို၍ ရင်လေးစရာ ကောင်းပေသည်။

ကိုဝင်းဖေကသာ ကျောင်းနေစဉ်ကတည်းက ချစ်ခဲ့သူ ဖြစ်၍ သူ့ကိုလက်ထပ်ခဲ့သည်။ ကိုဝင်းဖေ မိဘများကမူ





စိမ်းကိုရှိ၏။ ခုထိ သူ့သားကိုသာ လက်ထပ်ခဲ့သည် သူ့ မိဘများကို စိမ်းသည်မျက်နှာချင်း မဆိုင်ရပေ။ Y.W.C.A တွင်တွယ်၍ နေရသော သူ့ကို ယောက္ခမလောင်းများက အပေါ်စားဟု ထင်သည်။ တစ်ကောင်ကြွက် တွယ်ရာမဲ့သူမှာ Y.W. C.A ကိုမှမတွယ်လျှင် ဘယ်ကိုတွယ်ရမည်နည်း။ ရုံးမှာ အလုပ်လုပ်နိုင်၍ ထိုနေရာတွင် နေနိုင်သေးသည်။ သူသာ ပညာမဲ့၍ အလုပ်မရှိခဲ့လျှင် တစ်အိမ်အိမ်တွင် ခိုကပ်၍ ကျွန်လိုနေရပေမည်။

ယခု သူတို့သား ဆုံးကြောင်းကိုသိလျှင် ယောက္ခမ ကြီးများသည် ဆွေ့ဆွေ့ခုန်ကြပေတော့မည်။ ဘာလုပ် ရမည်နည်း။ ယောက္ခမများထံ တိုးဝင်အသနားခံ၍ ကပ်နေ ရမည်လော။ တစ်ယောက်တည်းပင် အလုပ်ပြန်လုပ်၍ Y.W.C.A သို့ ပြန်လည် ကပ်ရမည်လား။ တကယ်ဆိုတော့ စိမ်းတွင် ခိုဝင်နားနေဖို့ နေရာကား ဝေးလေ . . ဝေးလေ မမြင်နိုင်တော့ပေ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

အာလူးခင်းများသည် ရေပေးသွင်းရန် လိုလာပြန်သည်။ ကိုဝဏ္ဏသည် ဦးခမ်းလွန်းနှင့်အတူ ယာတောဆင်းရန် ပြင်ဆင်နေသည်။ အမေသည် သူ့အတွက် ကောက်ညှင်းနှင့်လုပ်ထားသော ခေါ်ပုပ်နှင့်ဆတ်သားခြောက်ကို ထုပ်၍ယူလာသည်။

"စိမ်း . . . နေကောင်းရဲ့လား အမေ"

"အေး . . . သူ နို့ကောင်းကောင်းသောက်လာပြီ။ မကြာပါဘူး ပြန်ပြီးလမ်းလျှောက်မှာပါ"

"စိမ်းရှိတာတော့ စိတ်ချမ်းသာတယ် အမေ . . .၊ အိမ်ကကြည့်ရတာ လင်းလာသလိုပဲ။ ကျွန်တော့် အခန်းထဲလည်း သပ်သပ်ရပ်ရပ် ရှိမလာဘူးလား"





အမေသည် သူ့ခုတင်ပေါ် ထိုင်ရင်း သူ့ကို မော့ကြည့်၏။

"ဟုတ်တယ် . . . မိန်းကလေးက အိမ်ထောင်ကိုနိုင်ပုံရတယ်။ အမေ့အတွက် သိပ်အဖော်ရတာပဲ။ အမေဖြင့် စိတ်ကူးကြည့်တယ်။ သူကဆွေမရှိ မျိုးမရှိဆိုတော့ 'ရန်ကုန်ကိုမပြန်ချင်တော့ဘူးဆိုရင် အမေတို့နဲ့အတူ ဒီယာတောမှာနေဖို့ အမေက တောင်းပန်ချင်တယ်"

"ဘာ . . . ဘာပြောတယ် အမေ"

ကိုဝဏ္ဏသည် တအံ့တဩဖြစ်ကာ ဝတ်မည့်အကျီကို ဘေးသို့ပစ်ချလိုက်လေသည်။

"သူ့ကို အမေက ဒီမှာနေဖို့ ပြောမယ်လား။ မဖြစ်နိုင်တာ အမေရာ၊ နယ်ပိုင်ဝန်ထောက်ကတော် တစ်ယောက်လုံးက ဒီလိုတဲစုတ်မှာ နေမတဲ့လားအမေ . . .။ ပြီးတော့ အမေတို့ ကျွန်တော်တို့စားတဲ့ အာလူးပြုတ်ကို သူကစားမတဲ့လား။ မြို့မှာဆို အစေခံတွေ တစ်ပြုံကြီးနဲ့ ကော်ဖီတွေ ကိတ်မုန့်မျိုးစုံတွေ စားတဲ့လူတွေက ဒီတဲစုတ်မှာ ကောက်ညှင်းနဲ့အာလူးပြုတ်ကို စားမတဲ့လားအမေ"

"အေးလေ . . . သူတို့မနေရင်သာ မတတ်နိုင်ဘူးပေါ့။ အမေ တောင်ကြီးမှာတွေ့ခဲ့ပါတယ်။ သူတို့မြို့မှာသောက်တယ်ဆိုတဲ့ နို့ကလဲ ရေရောနို့တွေပါကွယ်၊ အာလူးလတ်လတ်ကလဲ အမေတို့လို မစားနိုင်ပါဘူး။ ပေါင်မုန့်ထက် အမေ့



www.burmeseclassic.com

www.burmeseclassic.com



အာလူးက နူးညံ့ပါတယ်။ ကောက်ညှင်းဆိုလဲ ဆောင်းမနက်မှာ ပူပူနွေးနွေးစားရရင် အင်မတန် အရသာရှိတာ''

ကိုဝဏ္ဏသည် တစ်ချက်ပြုံးကာ အင်္ကျီကို ပြန်ဝတ်၍ခေါင်းပုပ်ထုပ်ကို ယူလိုက်၏။

''သူကျေနပ်သလို နေပါစေ...၊ ကျွန်တော် သွားမယ် အမေ''

အမေသည် ကိုဝဏ္ဏအခန်းမှထွက်၍ စိမ်းအိပ်ခန်းသို့ဝင်ခဲ့၏။ စိမ်းမျက်နှာမှာ အတော်ရွှင်လန်း နေပုံရသည်။ မခမ်းလုံတို့မောင်နှမတစ်စုမှာ သူ့အနားတွင် ကစားနေကြသည်။

အခန်းထရံကြားမှ နေခြည်ပြောက်များ ထိုးကျနေ၍ မြေကြီးပေါ်တွင် အပြောက်ပြောက် ထင်နေသည်။

အမေ့ကိုမြင်လျှင် စိမ်းသည် ထ၍ထိုင်လိုက်၏။

''ကျွန်မ တော်တော်နေကောင်းနေပါပြီ အမေ''

အမေသည် စိမ်းအနားသို့ ကပ်ထိုင်ရင်း သူ့ဆန္ဒကို ထုတ်ဖော်ရန် ကြိုးစားလိုက်သည်။

''သမီး နေကောင်းရင် ညနေကျ လမ်းလျှောက် ထွက်ပေါ့...။ ဒီမှာ နေကောင်းတဲ့အထိ နေတဲ့အပြင် ပျော် သလောက် ဆက်နေသွားပါလား''

''ရှင်...''





စိမ်းသည် အမေပြောသည်ကို နားလည်ပုံမပေါ်။

''အမေ တောင်းပန်ချင်တာက သမီး ရန်ကုန်ကိုမပြန် တော့ဘူးဆိုရင် ဒီမှာနေပါလို့။ အမေပြောတာဟာ ရိုင်းများ ရိုင်းသွားသလား မသိဘူး။ အမေတို့ ယာတောက ဟိုမှာလို တော့ ဖိမ်ခံစရာတွေ မရှိဘူးဆိုတာ အမေသိပါတယ်။ အဲဒီ အတွက်တော့ အားနာပါရဲ့၊ သာယာပြေပြစ်တာတွေတော့ ကွာမှာပေါ့။ သမီးတစ်ယောက်တည်းဆိုလို့ တောင်းပန်ချင် တာပါ''

ရုတ်တရက် စိမ်းသည် ဘာမျှ ပြန်မပြောနိုင်ပေ။ ကြောင်၍ ငေးနေမိ၏။ အမေတို့ စေတနာတွေမှာ လိုတာ ထက်ပင် ပိုနေပေပြီ။ သူသည် လာမည့်ပြဿနာကို ရင်မဆိုင် ရဲသေး၍မတွေးဘဲ ခဏမေ့ထားလိုက်သည်။ တွေးလိုက်တိုင်း လည်း ဘာလုပ်၍ ဘယ်မှာ နေရမှန်းမသိခဲ့။ လာစဉ်က ချစ် လင်နှင့်ပျော်ပျော်ခရီးထွက်ခဲ့၏။ အပြန်တွင်တော့ တစ်ယောက် တည်းမပြန်ချင်ပေ။ အမေ့ဆန္ဒကို လက်ခံသင့်ဖို့ကများ၏။ သို့သော် သူသည် ဒီယာတောတွင် ကြာကြာနေနိုင် မနေနိုင် ကိုလည်း တွေးရပေဦးမည်။

''အဆုံးထိတော့ စိမ်းမပြောပါရစေနဲ့ဦး အမေ၊ စိတ် ပြေသလောက်အထိတော့ အမေနဲ့အတူ စိမ်းနေသွားပါ့မယ်။ တစ်နေ့နေ့ အစီအစဉ် လုပ်လို့ရလာတဲ့အခါ စိမ်းကို ခွင့် လွှတ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဘယ်လောက်ပဲဖြစ်ဖြစ်၊ အမေတို့နဲ့အတူ စိမ်းနေတဲ့အချိန်ဟာ အမေစိတ်ချမ်းသာတာပါပဲ။ ကလေးတွေကအစ မောင်ဝဏ္ဏပါ စိမ်း ဒီအိမ်မှာနေတဲ့အတွက် ဝမ်းသာနေကြတယ်။ ကဲ . . . မခမ်းလုံရဲ့ ကြက်ဥနဲ့ နို့တစ်ခွက်တော့ သောက်လိုက်ဦးနော် . . ."

အမေသည် သွက်သွက်လက်လက် ထသွား၏။ အမှန်တော့ အမေသည် အတော်ပင်အိုမင်းနေပြီ။ ပါးရေများ တွန့်နေပေမယ့် အနားမနေ၊ တလှုပ်လှုပ် အလုပ် လုပ်နေ၍လားမသိ တုန်ချည့်နွေးကွေးခြင်း မရှိပေ။ သန်သန်မြန်မြန်ပင် လုပ်ကိုင်တတ်ပေသည်။

စိမ်းသည် သူ့ဘဝ၏အပြောင်းအလဲ မြန်ပုံတွေကို ကြောက်သွားမိ၏။ လက်ထပ်ပြီးသည်မှာ တစ်နှစ်မပြည့်သေး။ အဖြစ်အပျက်များကမူ ဇာတ်က နေသလို တစ်ကွက်ပြီး တစ်ကွက် အပြောင်းအလဲ မြန်လှပါကလား။

● ● ●



မိုးလယ်သို့ရောက်လာ၍ ဆောင်းဦး တန်ဆောင်မုန်းတွင် ဂျုံစိုက်ရန်အတွက် ဂျုံခင်းများကို ထယ်ထိုးရပြန်၏။ များသောအားဖြင့် တောင်ပိုင်းရှမ်းပြည်နယ်တွင်သာ ဂျုံအစိုက်များလေသည်။

နေလုံးပျောက်၍ တောင်တန်းကြီး ညိုရောင်သမ်းလာမှ ကိုဝဏ္ဏသည် တဲသို့ပြန်ရောက်သည်။ ယခုတလောတဲပြန်ချိန်သည် နှစ်သက် ပျော်မွေ့စရာကောင်း၏။ တဲခန်းများကို ကြည့်ရသည်ကိုက စိတ်ကြည်လင်စရာ ကောင်းပေသည်။ ညစာကလည်း ပူပူနွေးနွေးနှင့် အရသာရှိလှ၏။

ညဦးတွင် အကြွပ်ကြော်ထားသော အာလူးပါးပါးလေးများနှင့် တို့ဟူးခြောက်ကြော်များကို ရေနွေးကြမ်းနှင့်သောက်ရသည်မှာ ကိုဝဏ္ဏအဖို့ ကျေနပ်စရာပင် ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ တန်ခိုးသည် ကြီးမားပေစွ။ သက်မဲ့သော ဝတ္ထုပစ္စည်းများကိုပင် သူရှိလျှင်တစ်မျိုး သူမရှိလျှင်တစ်မျိုး ပြောင်းလဲ ထင်မြင်တတ်ကြရပေသည်။

သို့သော် စိမ်းကို မြင်ရသည့်အတွက် သူ့မှာစိတ်မချမ်းသာပေ။ စိမ်းသည် မီးဖိုဆောင်ကို သူ့ရှေ့မှဖြတ်သွားတိုင်း အင်္ကျီကြီးများမှာ ကပိုကရိုနှင့် ဖိုးရိုးဖားရားနိုင်လှ၏။

အမေ့အင်္ကျီ ပွယောင်းယောင်းကြီးများက ကြီးမားရသည့်အထဲ စိမ်းလည်ပင်းသည် သေးသွယ်လွန်း၍ ငှက်ကြီးဝန်ပိုလို ငေါင်းစင်းစင်း ဖြစ်နေသည်။ ယခုအချိန်အထိ စိမ်းမှာအသားအရေ ပြန်၍မပြည့်ဖြိုးသေးပေ။

နောက်တစ်ခေါက် ကျောက်မဲကို သွားရလျှင် စိမ်းဖို့ အင်္ကျီအဝတ်အစား ဝယ်ရဦးမည်။ ရှေ့လာမည့်ဆောင်းတွင်လည်း စိမ်းအဖို့အနွေးထည်များ လိုဦးမည်။ ရှမ်းပြည်နယ်၏ဆောင်းဒဏ်ကိုလည်း စိမ်းတစ်ယောက် ခံမှခံနိုင်ပါ့မလား ဟူ၍လည်း တွေး၍ပူမိသေး၏။

လောကတွင် ပူပင်ရမည့်သူတစ်ယောက်တိုး၍ လာပါပကော။ မကျေမနပ် အမြဲဖြစ်နေရသော သူ့ဘဝတွင် ယခုတစ်ခါတော့ စိတ်ကျေနပ်စရာ ကောင်းပါစေတော့ ဟူ၍ ဆုတောင်းမိ၏။ ယခုထိတော့ ကျေနပ်ပျော်ရွှင်စရာများပဲ တွေ့နေရသည်။





အဖေရှိစဉ်တုန်းကမူ အဖေက သူ့ကို စိတ်ကျေနပ်အောင်ထားသည်ဟုဆို၏။ သူကမူ တစ်ခါမှ အဖေထားသလိုမနေခဲ့။ သူကျောင်းက ထွက်တော့မည် ပြောစဉ်က အဖေ့မျက်နှာ အတော်ဝမ်းနည်းပုံရလေသည်။

"ခုနစ်တန်းနဲ့ မင်း ဘာသွားလုပ်လို့ရမလဲ . . .၊ ခုခေတ်မှာ ပညာဟာ အနည်းဆုံး (၁၀)တန်းအောင်မှ တန်ကျနိုင်မယ်"

"ကျွန်တော် ဒီမှာမနေချင်ဘူး . . ."

"ဟော . . .တို့များနဲ့အတူ မင်းမနေချင်ဘူး။ မင်းဟာ ကမ္ဘာကြီးကိုသိဖို့ အလွန်ငယ်ပါသေးတယ်။ ခုချိန်ဟာ မိဘရဲ့ လက်အောက်မှာ ဘယ်လောက် ပျော်ရွှင်ချမ်းမြေ့ဖို့ကောင်းသလဲ . . ."

"အဖေကတော့ ကုန်သည် တစ်ယောက်အနေနဲ့ သားသမီး အပေါ်မှာ တာဝန်ကျေပါတယ်။ ဒါပေမယ့် ကျွန်တော့် ဘဝကို ကျွန်တော် မကျေနပ်ဘူး . . ."

"ဘယ်လိုကွယ့် . . .မကျေနပ်ဘူး . . ."

အဖေ့မျက်စိထဲတွင် သူ့သားလေးကို ငယ်ငယ်လိုမြင်၏။ သူဘာပြောနေသည်ကိုလည်း အဖေက နားလည်ပုံမပေါ်ပေ။

"အဖေက ကုန်သည်၊ မင်းအမေက ယာတောသူဆို



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် တောင်ကြီးလိုမြို့မှာ ငါ့သားတွေကို အဖေကမွေး ခဲ့တာပါ။ ငါ့သားတွေဟာ အားလုံး ပညာတတ်လေးတွေ ဖြစ်ရမှာပေါ့''

''ဟုတ်တော့ ဟုတ်တာ ပေါ့လေ . . .၊ ဒါပေမယ့် ယာတောမှာ ဆင်းရဲသားတွေဟာ ကုန်းပြီးခံနေရချိန်မှာ ကျွန်တော် ပညာတတ်ကြီး တစ်ယောက်အနေနဲ့ မြို့မှာ ရင်ကော့ မနေချင်ဘူး''

''ဒီတော့ သားက ဘယ်သွားနေမှာလဲ . . .''

အဖေသည် အသံကိုနှိမ့်၍ သူ့ကို ယုယစွာ မေး လိုက်သည်။

''ကျွန်တော် ပြည်မကိုသွားမယ်၊ ပြည်မမှာ ကျွန် ပညာကိုစွန့်ပြီး လွတ်လပ်ရေးအတွက် တိုက်နေချိန်မှာ ကျွန်တော်က မစ်ရှင်ကျောင်းတွေမှာ အေးအေးလေး အချိန် မဖြုန်းချင်ဘူး''

''အလို . . . ငါ့သားက နိုင်ငံရေးသမား ဖြစ်နေပါ လားကွယ့်''

အဖေသည် တကယ်ပင် ပါးစပ်အဟောင်းသားနှင့် ငေး၍သွားတော့သည်။

''ယာတော၊ လယ်တောသမားတွေ လွတ်မြောက် ရေးဟာ ကျွန်တော်တို့အပေါ်မှာ တည်တယ်''





ထိုစဉ်က သူသည် တကယ့် နိုင်ငံရေးသမားလို ရင်ကော့၍ ခပ်မော့မော့လေး ပြောလိုက်၏။ ပြီးတော့မှ အဖေကို ဒီလိုပြောလိုက်မိသည့်အတွက် သူနည်းနည်း ရှက် သွားလေသည်။

''ဘယ်လိုကွယ့် . . .၊ လယ်သမားတွေ လွတ်မြောက် ရေးအတွက် သားက ပြည်မသွားမယ် ဟုတ်လား၊ အမှန် တော့ သားဟာ အမေ့ယာတောကို သွားချင်တယ်ဆိုရင် တော့ ပိုပြီးမှန်မှာပဲ၊ အမေကလဲ သဘောတူမှာပဲ''

အမေသည် သူတို့သားအဖ ပြောနေရာသို့ဝင်၍ ပြောလိုက်၏။ ထိုစဉ်က အမေ့မျက်လုံးများသည် တောက်ပ နေသေးသည်။ သူသည် အဖေနှင့်အမေကို ကြာကြာရင်ဆိုင် ၍မနေချင်ပေ။ ပြည်မဘက်ကို သွားချင်သောစိတ်ကို ဘယ် သူမှမတားဆီးစေချင်ပေ။

''ပြီးတော့ . . . လယ်သမားတွေ ခေါင်းဆောင်ချင်တဲ့ လူဟာ ရွှံ့ကိုနင်းဖူးရလိမ့်မယ်။ ဘယ့်နှယ့်လဲ စပါးတစ်ပင် ဖြစ်အောင်ကော သားစိုက်တတ်ပြီလား''

အမေသည် သူ့ကို စူးစူးရှုရှုကြည့်၍ နေမိစဉ် သူသည် ဘာမှမပြောဘဲ အိပ်ခန်းဘက်သို့ ထ၍လာခဲ့ရ လေသည်။

''ဦးနန့်စံရင်တို့ ကောင်ကလေးတွေဟာ စာကိုသိပ် ကြိုးစားတာပဲ။ ဦးခွန်နောင်ရဲ့ ကလေးတွေကတော့ စာသင်

www.burmeseclassic.com



နိုင်လို့ စိတ်ပျက်ကြတယ်။ ငါ့သားကတော့ စာမသင်ချင်ဘူးတဲ့''

အဖေ့ ညည်းညူသံကို သူသည် အခန်းဝအရောက် တွင်ကြားလိုက်ရ၏။

''စာမသင်ချင်တာ မဟုတ်ဘူး အဖေရဲ့၊ သင်ချင်တယ်။ ခုတော့ စိတ်ကို မထိန်းနိုင်ဘူး . . .။ ခုချိန်မှာ ပြည်မမှာဆိုရင် လွတ်လပ်ရေးအတွက် အပြင်းထန်ဆုံး ထကြွလှုပ်ရှားနေချိန်မှာ ကျွန်တော်က ချယ်ရီပင်အောက်မှာထိုင်ပြီး စာသင်မနေနိုင်ဘူး''

သူသည် စိတ်ထဲမှ အဖေ့ကို ပြန်၍ပြောကာ သူ့အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။

အမေနှင့်အဖေသည် တစ်ယောက်ကို တစ်ယောက် စေ့စေ့ကြည့်နေကြ၏။ အဖေသည် သားများကို ကျောင်းထား မရ၍ စိတ်မချမ်းမသာ ဖြစ်နေဟန်ပေါ်သည်။ အမေကာ သိပ်တုန်လှုပ်ပုံမရပေ။

''ရှင့်သားကြီးတွေကတော့ လက်ဖက်ခြံပဲ စိုက်ချင်တာပါ။ မောင်ဝဏ္ဏအတွက်ကတော့ စာဖတ်လွန် သွားတယ်လေ၊ သူဖတ်နေတဲ့စာအုပ်တွေ ရှင်တွေ့ရဲ့လား''

အမေက မေးလိုက်မှ အဖေသည် ပြန်၍စဉ်းစားမိ၏။

သူ့ခေါင်းရင်းက စာအုပ်စင်မှာ ကျောင်းသုံး





စာအုပ်ထက် နိုင်ငံရေးစာအုပ်တွေ အများကြီးပဲ။ အတန်းကုန်အောင် စာမသင်တာကတော့ ဝမ်းနည်းစရာပေါ့။ ဒါပေမယ့် သားဟာ အများအတွက် ဒီလိုလုပ်ချင်တယ် ဆိုတဲ့ စိတ်ပေါ်လာတာတော့ ဝမ်းသာစရာပဲ။ တစ်ခုပဲ ကျွန်မ စိတ်ညစ်တယ်၊ လယ်သမားတွေ တိုးတက်အောင် လုပ်ချင်တဲ့ သူဟာ ယာတောကိုမသွားဘဲ မြို့ကိုသွားမယ်ဆိုတာ မတွေးတတ်ဘူး''

''အင်း . . . ငါတော့ ဘာလုပ်ရမလဲ မတွေးတတ်ဘူး။ မင်းရောကလေးတွေပါ ယာတောမှာ အ,အ အနကြီးတွေ ဖြစ်မှာစိုးလို့ ဆွဲထုတ်လာခဲ့တာပါ။ မင်းလဲ ဒီရောက်မှစာဖတ်လာတာပါ။ မင်းစကား ပြောပုံဆိုပုံတွေဟာ ဦးခွန်နောင် မိန်းမပြောတာနဲ့ နည်းနည်းမှမတူတော့ဘူး၊ မတတ်နိုင်တော့ ဘူးလေ။ ငါဟာ အဖေတစ်ယောက်နဲ့ တူအောင်တော့ သားသမီးတွေအပေါ်မှာ လုပ်ခဲ့ပါတယ်''

''ဟုတ်ပါတယ် . . .၊ ရှင်တာဝန်ကျေပါတယ်၊ လူငယ်တွေ စိတ်ဆိုတာက တက်ကြွလာပြီဆိုရင် ချုပ်နိုင်ဖို့ခက်သားပဲ၊ ကျွန်မတော့ သူတို့အားလုံး စာတတ်ပြီး သားသမီးတွေ တပျော်တပါးကြီးနဲ့ ယာတောကိုပြန်ချင်တာပဲ''

''တော်စမ်းပါ . . . တော်ကြပါတော့၊ ဒီယာတောကို ပြန်ချင်တာကိုလဲ ထပ်ထပ်ပြီး မပြောကြပါနဲ့၊ စော်ဘွားခြံအောက်က ရွံ့ထဲမှာ မင်းတို့အားလုံး ပြန်နစ်ချင်နေကြပြီ''



www.burmeseclassic.com

www.burmeseclassic.com



အဖေက အသံကျယ်ကျယ်ကြီးနှင့် အော်လိုက်၍ အမေသည် ငြိမ်သက်၍နေလိုက်၏။ သားနှင့်အဖေတွေ့လျက်နှင့်မတွေ့သည်ကို အမေ့စိတ်ထဲတွင် နားလည်လိုက်ပါ၏။ အဖေက သူတို့တစ်တွေ ယာခင်းရှုံ့ခင်းထဲတွင် စော်ဘွားခြေတောက်အောက် နှစ်မွန်းနေမှာစိုး၍ မြို့ကိုခေါ်ကာ စာသင်၍ အထက်တန်းကျကျထားမည်။ ပြီးတော့ စာရေးစာချီဘ၀တွင် နေသွားရမည်။ သားကလည်း စော်ဘွားခြေတောက်အောက်မှ လွတ်ချင်သည်။ သို့သော် သားဆန္ဒထဲတွင် ရှမ်းပြည်နယ်သူ တစ်စုလုံးပါသည်ကို အမေက သိ၏။ အမေသည် သားဆန္ဒကိုသဘောတူပေမယ့် ပြည်မကိုသွားလိုသည်ကိစ္စကိုမူ နားမလည်ပေ။

ကိုဝဏ္ဏပြည်မသို့ ထွက်လာချိန်တွင် အဖေနှင့်အမေတို့သည် မတားမြစ်ကြပေ။

သားတစ်ယောက် နိုင်ငံရေးပင်လယ်ပြင်တွင် မျောနေပုံကိုတော့ အမေသည် နားစွင့်၍နေ၏။ အဖေကမူ ဘာကိုမှမမေးတော့ပေ။

ဂျွန်တို့လူစု သူတို့အိမ်ရှေ့မှ ဖြတ်၍ ကျောင်းတက်သွားတိုင်း အဖေသည် သက်ပြင်းတချချ လုပ်နေတတ်သည်။

"ရှင့်သား လွတ်လပ်ရေးစစ်တပ်ထဲမှာ ပါသွားပြီတဲ့"

အမေသည် ကိုဝဏ္ဏထံမှ စာရွက်ကိုကိုင်၍ အဖေ့အားပြောပြသည်။ အဖေကမူ ဘာမှပြန်မပြောပေ။

● ● ●



တစ်နှစ်ဆောင်းဦးတွင် ပြည်မမှ လွတ်လပ်ရေး၏ ရှေ့ပြေးဂယက်သံများသည်လည်းကောင်း၊ ပင်လုံညီလာခံမှ ပေါက်ကွဲသံတို့သည်လည်းကောင်း ပြင်းထန်သော ဆောင်းလေနှင့်အတူ ပါလာကြသော်လည်း အဖေသည် တစ်စုံတစ်ရာ တုန်လှုပ်ပုံမရပေ။

သူ့လက်ချောင်းများသည် ဘာကိုမှ ကြာကြာမြဲမြဲဆုပ်၍မရ၊ မျက်လုံးများကလည်း အဝေးသို့မျှော်ကြည့်တိုင်း ဖွာမွဲမွဲအရောင်ကလွှဲ၍ သဲကွဲစွာ မမြင်ရပေ။ အဖေသည် ပို၍တိတ်ဆိတ်ငြိမ်သက်ကာ အေးအေးလေး အနေများလာ၏။

အဖေ၏ ငြိမ်သက်ဟန်မှာ စိတ်လျှော့နေပုံရသည်။ အမေသည် ဖြစ်ပေါ်နေသော သတင်းစကားများကို အဖေ့



www.burmeseclassic.com

www.burmeseclassic.com



အားခဏခဏ ပြောမပြတော့ပေ။ သားထံက ရသည့် စာအကြောင်းကိုပင် သူသည် ပြောမပြပေ။ အဖေ ကောင်း ကောင်းနေမကောင်းတော့သည့်အကြောင်းကိုမူ ကိုဝဏ္ဏထံသို့ အမေက ထည့်၍စာရေး၏။

လွတ်လပ်ရေးရပြီးသည့် တစ်ချိန်တွင် အမေသည် အဖေ့ကိုပြောပြ၏။ သို့သော် လွတ်လပ်ရေးအကြောင်းကို အိပ်ရာပေါ်တွင် လှဲနေရင်း အဖေက နားထောင်ရပေသည်။

"မောင်ဝဏ္ဏ ဘယ်တော့ပြန်လာမှာလဲ"

အဖေ့ မေးခွန်းကို အမေသည် မဖြေတတ်ပေ။ တကယ်တော့လည်း သားဘယ်တော့မှ ပြန်လာမည်ကို အမေ ကမသိပေ။

အဖေ မမာကြောင်း သိရချိန်တွင် ကိုဝဏ္ဏသည် ရှမ်းပြည်နယ်ကို ခဏပြန်ရန် စိတ်ကူးမိသည်။ သို့သော် လယ်သမား စည်းရုံးရေးမှာ အရေးကြီးသည်ဆို၍ သူသည် မပြန်ခဲ့ရပေ။

နွေပေါက်လာချိန်တွင် တောင်ကြီးကိုပြန်ရန် အဆင် သင့်ဖြစ်၍လာသည်။ အဖေ လိုလားသော ပညာတတ်ကြီး တစ်ယောက်အဖြစ်နှင့် မပြန်နိုင်သည့်အတွက် အဖေ စိတ် ဆင်းရဲမှာစိုး၏။ ဘယ်လိုပဲဖြစ်ဖြစ် အဖေသည် သူ့မျက်နှာ ကိုမြင်လျှင် စိတ်ချမ်းသာကောင်းပါရဲ့။





ပြန်ချင်ပြီဆိုတော့လည်း လေယာဉ်ပျံလက်မှတ်ကို ကမန်းကတန်း ပြေးဝယ်မိပြန်သည်။ သူလက်မှတ်ဝယ်နေစဉ် နောက်မှတစ်ယောက်က ပြေး၍ဖက်လိုက်၏။

"ကိုဝဏ္ဏ . . ."

သူသည် နောက်ကိုလှည့်ကြည့်၏။

"ဟေး . . .ဂွန်ပါလား၊ မင်း သိပ်ဝတာပဲနော်"

"အေး . . .ခင်ဗျားလဲ မတွေ့တာဗျာ၊ ကျောင်းက ထွက်ကတည်းကပဲ။ အခု ကျွန်တော် တောင်ကြီးပြန်မလို့"

"ကိုယ်လဲ ပြန်မလို့"

"ကျွန်တော် အမေရိကကို ပညာတော်သင် သွားရ မယ်။ ခုအိမ်ကို နှုတ်ဆက်ရအောင် သွားမလို့၊ ခင်ဗျားဘယ် ရောက်နေတာလဲ။ ကျွန်တော်တို့ (၁၀)တန်းရောက်တော့ စစ်စဖြစ်တာပဲဗျာ။ သတိရသေးတယ်။ နောက်စစ်ပြီးမှာ အရေးပေါ် ကောလိပ်ဝင်ပြီး သင်တယ်။ ခု . . .ကျွန်တော် ဘီအက်စ် အောင်ပြီ။ ခင်ဗျား ခုနစ်တန်းကထွက်ပြီး ဒီမှာ စာလာသင်နေတာ မဟုတ်လား"

ဂွန်ကသူ့ပညာသင်ကြားရေးကို ဝမ်းသာအားရ ပြောပြနေ၍ ကိုဝဏ္ဏသည် ပျော်လာသည်။ သို့သော် ဂွန် စာသင်ချိန်က သူဘယ်ရောက်နေသည်ကို မတွေးတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ခင်ဗျား ဘယ်ရောက်နေလဲ"

ဂျွန်က ထပ်မေးပြန်သည်။

"ကဲ . . . သတိရပြီဗျို့၊ ကိုယ်ကျောင်းမနေပါဘူး။ မင်းတို့အရေးပေါ် ကောလိပ်တက်နေတော့ ကိုယ်ကမျိုးချစ် ဗမာ့တပ်မတော်(P.B.F)ကနေ ခုလက်ရှိ တပ်မတော်ဆိုပါ တော့ (Burma Command) အကူးအပြောင်းမှာ စိတ်လေ နေတုန်းပေါ့"

"P.B.F"

ဂျွန်သည် စကားသုံးလုံးကို ရွတ်ဆို၍ ရယ်လိုက်၏။

"ကျွန်တော် ဖေဖော်ဝါရီ လကုန်သွားမယ်။ ကိုစံရင် ကိုရောမှတ်မိသေးလား။ သူတော့ B.C.S ဝင်ဖြေလို့ အောင်သွားပြီ။ အလုပ်သင်ဝန်ထောက်အဖြစ်နဲ့ မြစ်ကြီးနား ကိုသူလဲ မနက်ဖြန်သွားလိမ့်မယ်"

"ဟုတ်လား . . . ဝမ်းသာစရာပဲ၊ ကိုစံရင်ကို သတိ ရပါတယ်"

ဂျွန်သည် သူငယ်ချင်းများ၏ ကောင်းသတင်းကို အရှည်ကြီး ဆက်၍ပြောနေသည်။ နောက်နေ့တောင်ကြီးသွား သည့်လေယာဉ်ပေါ်တွင်လည်း ဂျပန်ခေတ် တစ်လျှောက်လုံးနှင့် စစ်ပြီးခေတ်တွင် သူတို့သူငယ်ချင်းတစ်စု တာသင်မပျက်အောင် နေခဲ့ပုံ၊ ကိုဝဏ္ဏအား လွမ်းပုံများကို ပြောပြသွား၏။





ဂျွန် စကားပြောသည်ကို နားထောင်ရင်း ကိုဝဏ္ဏ မျက်လုံးများကမူ ဂျပန်နေတံဆိပ်အလံ၊ အင်္ဂလိပ်၏ယူနီယံ ဂျက်၊ ယမ်းငွေ့ဖုံးလွှမ်းသော လယ်ကွင်းနှင့် သွေးစသွေး ကွက်များကိုသာ ပြန်၍မြင်သည်။ သူ၏ကျော်ဖြတ်ခဲ့သော အတိတ်မှာ ဒါပဲဖြစ်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးကို ရောက်ရှိခြင်းသည် ပျော်ရွှင်စရာ မကောင်းပေ။ အဖေ့ကို တွေ့ဆုံရန် လာပေမယ့်၊ အဖေ့ကို မတွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

အမေက စောစောသာလာလျှင် အဖေနှင့်တွေ့သွား ရမည်ကို ငိုရင်းပြော၏။ သူသည် အမေပြောသမျှကို ငြိမ် သက်စွာ နားထောင်၍နေသည်။ ဘာတစ်ခွန်းမှ မပြောပေ။

"သား ထွက်သွားတာကို မကျေနပ်ပေမယ့်၊ အပြစ် ရယ်လို့ ဘာမှမပြောရှာဘူး။ ဌျွန်တို့ ကျောင်းတက်သွား တိုင်းသာ သူ့သက်ပြင်း တစ်ချချ လုပ်နေတာပဲ"

"ခု . . . ဌျွန် . . . အမေရိကကို သွားတော့မယ်"

သူသည် အမေ စိတ်ကျေနပ်အောင် ပြောလိုက်၏။





"အေး . . . မင်းအဖေ ဆုံးတဲ့နှစ်က ဂျွန်ရဲ့အမေ ဘာရင်း ပြောသွားပါတယ်။ သား အခု စာဆက်သင်ချင် သေးလား"

ကိုဝဏ္ဏသည် ခေါင်းခါလိုက်သည်။

"အဖေ မရှိတော့ ကျွန်တော် အမေ့တို့အတွက် ဆက်လုပ်သွားမှာပါ။ ကျွန်တော့်ကို တာဝန်ယူမယ့်လူ မရှိ တော့ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။ အဖေဟာ အမေတို့အတွက် ငွေများများ မချန်ရစ်ခဲ့နိုင်ဘူး မဟုတ်လား"

အမေသည် မျက်ရည် စို့လာသော်လည်း သူ့သား၏ တတ်ပုံအတွက် ကျေနပ်သွားသည်။

"ဟုတ်တယ် . . . မင်းညီတွေကိုလည်း နေရာချ ကိုက်ရသေးတာကိုး။ စစ်ဖြစ်တဲ့ လေးငါးနှစ်အတွင်းမှာ သား လုပ်ချင်တာတွေကို လုပ်လို့ အားရပြီလား"

အမေသည် ဘာကိုလို၍ မေးမှန်းသူ မသိပါ။ သူသည် ခေါင်းကိုဖြည်းဖြည်းခါ၏။

"အားမရပါဘူး၊ မကျေနပ်ပါဘူး အမေ . . ."

"ဒါဖြင့် ပြည်မကို သားပြန်သွားဦးမလား"

"ပြန်ကြည့်ဦးမလားလို့"

"အလုပ်သွားရှာမလို့လား . . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုဝဏ္ဏက အသံထွက်အောင် ရယ်လိုက်သည်။

"မရှာဘူး အမေ . . ."

"ဘယ်လို ဖြစ်လို့လဲ"

လေးလေးတွဲ့တွဲ့ကြီး သူက ရယ်၏။

"မင်းအဘိုးမှာ ဂျုံခင်းနဲ့ မြေယာကွက်တော်တော် များများ ကျန်ခဲ့ပါတယ်"

ကိုဝဏ္ဏသည် ရုတ်တရက် ဘာမှ အဖြေမပေး သေးပေ။ 'စဉ်းစားဦးမယ်'ဟုပဲ အမေ့ကို ပြောလိုက်၏။

ညဘက်တွင် မြို့ထဲမှထွက်၍ အစိုးရဟိုတယ် ဘက်ကို လမ်းလျှောက်လာ၏။ ဟိုတယ်ရှိရာ တောင်ကုန်း ကြည့်လျှင် တောင်ကြီးမြို့သည် မီးပွင့်မီးတန်းများနှင့် အ လှပသည်။ တောင်စွယ်ကျော်၍ ထွက်ပြူစ လဝန်းရောင် ပန်းချီ ချယ်မှုန်းထားသလို ရွှေရောင်ပြေပြေလေး ဖြစ် သည်။ နှင်းမှုန်များ ပွင့်နေသလို တောက်ပနေသည်။ ဆော လေသည် ငြိမ့်ငြိမ့်လေး တိုက်ခတ်နေ၍ ထင်းရှူးရွက် သည်တိမ်းသည့်တိမ်းပါးနှင့် လှုပ်ရှားနေကြသည်။

သူ့ချက်မြှုပ်ဌာနေဖြစ်သည့် မောတို့နယ်မြေ လှပစိုပြည်သော တောင်ကုန်းမြေမြင့်ပင် ဖြစ်ပေသည်။ စ တို့လည်း မြွေနဂါးများလို လွန့်၍လွန့်၍ စီး၏။ ရေတံခွန် သည်လည်း နတ်သမီးတေးသံများလို ငြိမ့်ညောင်းစွာ





ဆို၍ သွန်ကျလာကြသည်။ ပန်းမျိုးစုံတို့မှာ ရာသီမပြတ် ပွင့်၍ တောင်ကုန်းလွင်ပြင်ကို တန်ဆာဆင်၍နေကြသည်။

မြင်ကွင်းသည် သူ့နှလုံးကို ဆွဲယူလိုက်သည်။ ထို ညက သဘာဝအလှသည် သူ့အား တောင်းပန်တိုးလျှိုးဟန်ရှိ သည်။

အမှန်တော့ ထိုညတွင် သူသည် ပြည်မကို မပြန်ရန် ဆုံးဖြတ်လိုက်တော့သည်။

မပြန်ခြင်းနှင့်ပတ်သက်၍ အမေ့ကို ဖွင့်မပြောလိုသော အကြောင်းများသည် အများကြီးဖြစ်၏။ ဖြစ်ခဲ့သည်များကို တွေးပဲမတွေးလိုတော့။

"အစိုးရဌာနတစ်ခုမှာ ခင်ဗျား ဝင်လုပ်ပါလား"

သူသည် သူ့ဆရာသမားများ၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဌာနများကို သွားခဲ့၏။ သွား၍ဆိုင်ရာ အတွင်းဝန် များနှင့်တွေ့တိုင်းပင် –

"ခင်ဗျား ဘယ်နှစ်တန်း အောင်လဲ"

ဒီမေးခွန်းသာ သူ့ကို သရဲခြောက်သလို လှမ်း၍ အမေးခံရ၏။

"ခုနေခါမှာ ထူထောင်ရေးအတွက် စီမံကိန်းတွေ ရေးဆွဲချိန်မှာ ဒီဂရီရတဲ့လူတွေပဲ လိုတယ်၊ ကမ္ဘာတစ်ခုလုံးနဲ့ ဆက်ဆံတဲ့အတွက် တော်ရုံတန်ရုံနဲ့ဖြစ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်မင်း၏ ပြန်လည်ဖြေကြားချက်မှာ လျော့ကန်သင့်မြတ်လှပေသည်။

"ခုနစ်တန်းပဲ တတ်ပါတယ်ဗျာ၊ ကျုပ်က ခုနစ်တန်းပဲတတ်တယ် . . ."

ဟူ၍ သူသည် တိုးတိုးလည်းဖြေ၏။ ကျယ်ကျယ်လည်းပြောလာတတ်၏။ နောက်တော့လည်း ဘယ်ကိုမှ မသွားချင်တော့ပေ။

သူအမှတ်မဲ့ဆုံးသော နေ့တစ်နေ့မှာ အတွင်းဝန်မင်းတစ်ပါးနှင့် တွေ့ခဲ့သောနေ့ဖြစ်သည်။ ဝန်မင်းဦးပေါ်ဝကို သူသည်နိုင်ငံရေးကြောင့် သာယာဝတီထောင်သို့ မကျခင်ကတစ်ကြိမ်တွေ့ခဲ့ရ၏။

သူ့အမှုကို စီရင်ချက်ချစဉ်က ဦးပေါ်ဝသည် စီရင်ချက်အပြီးတွင် ဘာမှမဆိုင်သော ဗလာသက်သက် စကားလုံးများကို ရွတ်ဆိုလိုက်သည်။

"လွတ်လပ်ရေးကို လိုက်ချင်ဦးလေကွာ၊ လူရှုပ်တွေ ထောင်ထဲမှာနေပေရော့"

ဒီတုန်းက ဦးပေါ်ဝကို စေ့စေ့ကြည့်၍ သူက ပြုံးခဲ့၏

ယခု လွတ်လပ်ရေးပြီးတော့လည်း ကုလားထိုင်ပေါ်တွင် ဦးပေါ်ဝကို အပြုံးမပျက် ပြန်လည် တွေ့ရလေပြီကိုဝဏ္ဏက ဘာကိုမျှ ပြန်လည်၍ မချေပလိုပါ။ သူတို့၏အမြဲပဲ ပြည်တော်သာလျက်ရှိ၏။ ဘဝဆုတောင်း ကောင်





ခဲ့ပေသကိုး။ ပညာလည်း တတ်ပေသည်။ ဦးနှောက်လည်း ကောင်းပေသည်။ အုပ်ချုပ်ရေးလည်း နားလည်ပေသည်။ သူ့လိုခုနစ်တန်းက အတွင်းဝန်ရာထူးလည်း တောင်းဖို့မသင့်။ ဘကယ်ဆိုတော့ အကြမ်းပတမ်း တောက်တိုမယ်ရ နိုင်းဖို့လောက်သာ အမွေခံဖို့ကောင်းသည့် လူကလေးများပေပဲဟု သူကသူ့စိတ်ကို သူဖြေ၏။ အားလုံးသည် လျော့ကန်သင့်မြတ်လှပေ၏ဟူ၍လည်း ဆင်ခြင်မိပါ၏။ ဘယ်သူ့အပြစ်မှလည်း မဟုတ်၍ ဘယ်သူ့ကိုမှလည်း သူအပြစ်မတင်လိုပါ။

လွတ်လပ်ရေးအတွက် တိုက်ပွဲတိုင်းတွင် ဖြူးဖြူးဖြောင့်ဖြောင့် နောက်လိုက်တစ်ယောက်အဖြစ် ကြိုးစားခဲ့သူမို့ ဘာပေးပါ၊ ညာပေးပါဟူ၍ တောင်းဆိုဖို့ကိုလည်း ဘယ်တုန်းကမှ ပါးစပ်မရဲခဲ့ပေ။ လွတ်လပ်ရေး၏နောက်ပိုင်းတွင်လည်း ရာထူးအတွက် နားပူနားဆာ လုပ်ဖို့ဆိုသည်မှာ သူ့စိတ်ထဲတွင် လုပ်အပ်သောကိစ္စဟူ၍ မထင်ခဲ့ပေ။ သူ့ကို အခွင့်အရေးသမားတစ်ယောက်ဟု ထင်မည်ကို သေရမည်ထက် ကြောက်နေ၏။

နောက်ဆုံး အမေပြောသလိုပင် လယ်သမားတို့နှင့်အတူ ရွံ့ထဲသို့ဆင်းမှပင် ဘဝအမှန် ဖြစ်ပေမည်။

နွေနှောင်းစတွင် သူသည် အမေနှင့်အတူ မိုင်းငေါ်သာတောသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်ပေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

လယ်တောမှာနေရခြင်းသည် တစ်နေ့တခြား နှစ်သိမ့်စရာကောင်းလာသည်။ စိမ်းနှင့်လာရောက် တွေ့ဆုံရခြင်းမှာလည်း ပိုမို၍ကျေနပ်စရာကောင်းလာသည်။

စိမ်းသည် သူ့ဘဝကို ကြိုးစား၍ မေ့ပျောက်သွားဟန်ရှိ၏။ တတ်နိုင်သလောက် အမေနှင့်အတူ အလုပ်လုပ်ပေးသည်။ ဟန်ပန်အနေအထားကိုလည်း ယာတောသူတစ်ယောက်လို တူနိုင်သမျှတူအောင် ကြိုးစားနေပုံရလေသည်။ ရောက်စလို နုနယ်သွယ်လျှဟန်များ ပျောက်သွားတော့လည်း အသားအရေများမှာ ပိုမို၍ စိုပြည်လတ်ဆတ်လာသည်။

ဆောင်းဝင်စတွင် သိုးမွေးချည် အကြမ်းကြီးများနှင့် စိမ်းသည် အိမ်သားများအတွက် အင်္ကျီများ ထိုးပေး၏။





အိမ်သားများ ဝတ်စားရပုံမှာ ယမန်နှစ်ဆောင်းတွင်းများထက် ပိုမို၍ ထွေးထွေးနွေးနွေးရှိလာသည်။ မခမ်းလုံကမူ စိမ်းရောက်လာမှ ကြက်မများ ဥပို၍ဥသည်ဟုဆို၏။ စိမ်းသည် ကြက်ခြံကို ရှင်းလင်းရာ၌လည်း ကူ၍လုပ်၏။ တစ်ခါတစ်ခါ နို့ပုံးကြီးများကို ဆေးကြော၍ တိုးကြီး၏ နွားခြံသို့ ယူ၍လာသည်။

တိုးကြီးကလည်း သူ့နွားမများသည် စိမ်းရောက်လာမှပို၍ နို့ထွက်သည်ဟုဆိုလေသည်။ နို့ပိုမို ထွက်ရှိသော်လည်းယာတောတွင် သူတို့အိမ်နှင့် ဦးခွန်နောင်ကလွဲ၍ နို့ကို မသောက်ကြပေ။

ဆောင်းတွင်းတစ်ခုလုံး ထူးခြားလာသည်။ အိမ်သားများရေနွေးနှင့် ရေချိုးရခြင်းပင် ဖြစ်ပေသည်။ အမေ တစ်ယောက်တည်းတုန်းက သူတို့အတွက် အထူးတလည် လုပ်၍ မပေးနိုင်ပေ။ ယခုတော့ စိမ်းသည် ထင်းများကို ကြိုးစား၍ စုဆောင်း၏။

ညနေမိုးချုပ် ကိုဝဏ္ဏ ယာတောက ပြန်လာလျှင် ရေနွေးအိုးမှာ အဆင်သင့်တည်ပြီး ဖြစ်လေသည်။

စိမ်း ခပ်၍ပေးသောရေနှင့် ကျကျနနချိုးပြီးမှ ကိုဝဏ္ဏသည် ညစာစား၏။ ကလေးများကို ကြည့်ရသည်မှာလည်း အစဉ် လန်းဆန်းနေဟန် ရှိပေသည်။

နေရောင်နှင့် သွေ့ခြောက်သော မွေ့ရာခင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အိပ်စက်ကြရသည့်မှာလည်း နှစ်မြိုက်ပျော်ရွှင်စရာကောင်းပေသည်။ အိပ်ရာခင်းများသည် ကိုဝဏ္ဏမွေ့ရာမှလွဲ၍ အဖြူရောင်မရှိပေ။ သို့သော် ယခင်ကလို မှိုနံ့နှင့်ချွေးနံ့များမရှိ၍ သူတို့ အိပ်ရာများသည် အိပ်စက်နားနေချင်စရာကောင်းပေသည်။

စိမ်းသည် တလှုပ်လှုပ် အလုပ်လုပ်နေသော်လည်း ကိုဝဏ္ဏနှင့် ကြာရှည် စကားပြောလေ့ပြောထ မရှိပေ။

ဆောင်းလယ်တွင် အအေးဒဏ်သည် ပို၍ပြင်းထန်လာ၏။ ရေခဲမတတ်ဖြစ်ကာ နှင်းမှုန်ဖြူဖြူ အခဲများပင် သစ်ရွက်မြက်ခင်းများပေါ်၌ တွေ့လာရသည်။

ညဘက်တွင်တော့ မီးလင်းဖိုကို အားကိုးရပြန်သည်။

ကိုဝဏ္ဏသည် မီးဖိုနားတွင် မီးလှုံရင်း သူ့ဘဝ၏ သာယာစိုပြည်လာပုံကို တွေးနေမိသည်။ ဘဝဆိုသည်မှာလည်း ဖြေဆိုရန်ခက်သော ပုစ္ဆာတစ်ခုဖြစ်၏။ လူသူမနီးသည့် ယာတောတွင်လည်း သာယာနှစ်သိမ့်ဖွယ်ကောင်းသော ဘဝကိုတွေ့ ချင်တွေ့တတ်ပေသည်။ စိမ်းစရာတွေ အနန္တနှင့် စည်ကားလှသော ရွှေမြို့တော်တို့တွင် အေးချမ်းသာယာသော ဘဝကိုလည်း တွေ့ချင်မှ တွေ့တတ်ပေမည်။

"ဒီမှာကလေးတွေ အစောကြီးပဲ အိပ်ကုန်ကြပြီး ရှင် . . . ကလေးတွေအတွက် ဘာမှမစိစဉ်တော့ဘူးလား"





စိမ်းအသံမှာ သူ့နောက်မှပေါ်လာ၍ အံ့အားသင့်သွားသည်။ သူနှင့်ဘေးချင်းတိုက် သစ်တုံးတစ်ခုပေါ်တွင် စိမ်းသည် ဝင်ထိုင်ရင်းပြောပြလိုက်၏။ မီးရောင်သည် စိမ်းမျက်နှာကို ဟပ်နေ၍ နီစပြုနေသော ပါးမို့ကို ထင်ထင်ရှားရှားမြင်ရသည်။ ရှမ်းပြည်နယ်၏ ဆောင်းလေသည် စိမ်း၏ပါးကိုလျက်နမ်း၍ ပြုလေပြီ။

"ကျွန်တော်လဲ စဉ်းစားလျက်ပါပဲ၊ ဒီကိုပြောင်းလာတာ ကျွန်တော့်အတွက် ကောင်းပေမယ့် သူတို့အတွက်တော့ လူပြိန်းတွေ ဖြစ်သွားမှာစိုးတယ်"

"အမေကပြောတယ် ရှင်ဒီကို မလာခင်က ပြည်မမှာ နေဖူးတယ်ဆို"

"ဟုတ်တယ် ပြည်မမှာပေါ့၊ ဟိုမှာ နေခဲ့တာကို သတိရတိုင်း ကလေးတွေအတွက် စိတ်မကောင်း မိပြန်ဘူး။ အမေ ပြောသလို ယာတောကို ပြန်လာခဲ့မှ ယာတောအခြေအနေကိုပါ သိမယ်ဆိုတာတော့ မှန်ပါရဲ့။ ခက်တာက ယာတောလယ်သမားတွေ စာမတတ်ပေမတတ်နဲ့ ဗဟုသုတမရှိတော့လဲ ဒုက္ခပဲ"

"ဘယ်လို"

"ကျွန်တော် ပြည်မမှာ လယ်သမား အစည်းအရုံးတွေ ကိုင်တုန်းက တစ်ခါတစ်ခါ ကျွန်တော်တို့ စီမံကိန်းတွေ ချရုံသာချရတယ်။ တောက လယ်သမားတွေ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ကြဘူး။ ပြီးတော့ တစ်ခါတစ်ခါဆိုလဲ မြို့က နိုင်ငံရေးသမားတွေ လိုမ့်သမျှခံရတာပဲ။ တစ်ခါတုန်းက ကိုရီးယားစစ်ပွဲ စခါစပေါ့။ နိုင်ငံရေးသမားတစ်စုက ရွာတစ်ရွာမှာ လယ်သမားတွေစုပြီး အစည်းအဝေးလုပ် ဆုံးဖြတ်ချက်ချကြတယ်။ အစိုးရက ကိုရီးယားနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်ကို မထောက်ခံဖို့ရယ်၊ မြောက်ပိုင်းကိုရီးယားဘက်က ထောက်ခံဖို့ဆိုလား၊ မေ့တောင်နေပြီ။ အဲဒါ အစည်းဝေးဆုံးဖြတ်ပြီး နောက်နေ့ သတင်းစာထဲမှာ လယ်သမားလူထုကြီးရဲ့ လိုလားချက်ဆိုပြီး သတင်းစာထဲ ပါလာတာပါပဲ။ တကယ်တော့ အဲဒီလယ်သမားတွေဟာ ကိုရီးယားဆိုတာ ဘာမှန်းကို မသိဘူး။ ၃၈-မျဉ်းပြိုင်ကိုလည်း နားလည်ဖို့ဝေးလို့ ကမ္ဘာဟာ လုံးသလား၊ ပြားသလားတောင် သူတို့ မသိဘူး။ အိုကွေတာနဲ့ တောင်ဘက်ယဉ်စွန်းတန်း၊ မြောက်ဘက် ယဉ်စွန်းတန်းတွေကိုလည်း အိပ်မက် မမက်ဖူးဘူး''

''ရှင် အဲဒီလိုသာ ပြောနေတယ် ရှင့်ကလေးတွေရော ကမ္ဘာ့အကြောင်းဝေးလို့ သူတို့ရဲ့ ကုန်းပြင်မြင့် အကြောင်းကို သူတို့ သိပ့်ါမလား''

''အဲ . . . ဟုတ်တယ်လေ၊ ဒါကြောင့် ကျွန်တော်လဲ သူတို့အတွက် စဉ်းစားဆဲပဲ''

''ကျွန်မတော့ သူတို့ကို စာသင်ပေးချင်တယ်။ ရှင့်တဲ





ကလဲ ကျယ်ပါတယ်။ ယာတောမှာဆို ကလေး အားလုံး သုံးဆယ်မရှိပါဘူး။ ကျွန်မ သင်ပေးပါ့မယ်''

''ဟုတ်ပါတယ်လေ၊ ဒါကြောင့် အမေကလဲ တစ်လီ တစ်လီ ကျွန်တော့်ကို ကယ်တင်ရှင်လို့ ပြောတာ''

''ဘာ . . . ကယ်တင်ရှင်''

''ဟုတ်တယ်၊ ကယ်တင်ရှင်ဆိုတာ ဆင်းရဲသားတွေကို ဘုရားသခင် တမန်တော်တွေလို ဖြုန်းခနဲ ကယ်တာကို ပြောတာ၊ နိုင်ငံရေးမှာတော့ ဒီလိုကယ်လို့ ဘာရမလဲ''

''ကျွန်မ နိုင်ငံရေးကို နားမလည်ပါဘူး''

စိမ်းသည် ခပ်တည်တည်နှင့် တောက်လောင်နေသော မီးပုံကိုကြည့်၍ ပြောနေသည်။ ကိုဝဏ္ဏသည် ရုတ်တရက် ကြောင်သွားဓါ။

စိမ်းမျက်လုံးများကို စိုက်၍ကြည့်နေမိလေ၏။ စိမ်းက နှုတ်ဆက်၍ ထသွားမှပင် သူစိုက်ကြည့်နေသည့်အတွက် အားနာ၍သွားတော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက် သူယာတောသို့မသွားခင် စိမ်းသည် သူ့အနားသို့ ရောက်လာသည်။

"ဒီနေ့လယ် ရှင်ပြန်လာချိန် ရမလား"

ကိုဝဏ္ဏသည် အံ့အားသင့်သလို ကြည့်ရင်း . . .

"ဘာလုပ်မလို့လဲ စိမ်း၊ ပြန်လာစေချင်ရင် လာခဲ့မယ်လေ"

"နေ့လယ်မှာ တို့ဟူးသုပ်မလို့ပါ၊ ရှင်အားရင် ပြန်စားပါလား။ မြို့မှာနေတုန်းကတော့ ကိုဝင်းဖေ စနေနေ့ဝက် ပြန်လာတယ်ဆိုရင် တစ်ခုခု လုပ်ကျွေးတာပဲ"

"အင်းလေ . . . ဒီလိုဆို ကျွန်တော် ပြန်စားမယ်"

ကိုဝဏ္ဏသည် ယာခင်းကို ထွက်လာရသည်မှာ





လေနင်းလာရသလို လျင်မြန်လှ၏။ စိမ်း၏တို့ဟူးသုပ် အကြောင်းကို ဘာဖြစ်၍မှန်းမသိ၊ ထပ်ခါထပ်ခါ တွေးနေမိသည်။ ပြီးတော့ ရင်ထဲတွင်လည်း ကတုန်ကယင်ဖြစ်လှသည်။

နေ့လယ်ပြန်စားချိန်တွင် စိမ်းသည် အမေနှင့်အတူ ခုံပေါ်မှာပြင်ပေး၏။ တို့ဟူးသုပ်နယ်ရင်း လက်များတုန်နေ၍ မနည်းထိန်းထားရသည်။ အမှန်တော့ သူဝမ်းသာနေခြင်းဖြစ်လေသည်။

ယာခင်းသို့ အပြန်တွင်လည်း သူကြာမြွေမရဖြစ်နေ၍ ဦးခမ်းလွန်းက ကြည့်နေသည်။ သူသည် ရိတ်သိမ်းစပြု နေသော ဂျုံခင်းတစ်ထောင့်တွင် ငြိမ်ငြိမ်လေးသွား၍ ထိုင်နေမိသည်။

ဆောင်းနှောင်းလာ၍ ဂျုံပင်များမှ အနှံများသည် အစိမ်းရောင် ပျောက်ကာ အောက်ပိုင်းမှစ၍ ရွှေရောင်ဖုံးလာလေသည်။

ဂျုံရိတ်သိမ်းခြင်းကို မိန်းမများက ပိုမို၍ လုပ်ကိုင်ကြလေသည်။ ထိုနေ့တစ်နေ့လုံး သူသည် ဦးခမ်းလွန်းကိုရော မိန်းကလေးများကိုရော ဘာမှအကူအညီ မပေးမိပေ။

ဆောင်းတွင်းတွင် ယာတောသည်ပို၍ အလုပ်များ၏။ ယခင်က တလှုပ်လှုပ်လုပ်တတ်သော ကိုဝဏ္ဏသည် ယခုလို ငြိမ်ငြိမ်သက်သက် ထိုင်နေသည်ကို ဦးခမ်းလွန်းက မကျေနပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက မျက်ခုံးရှုံ့၍ သူ့ကိုကြည့်တိုင်း ကိုဝဏ္ဏသည် မနေတတ် မထိုင်တတ်ဖြစ်နေ၏။ နောက်ဆုံး ဂျုံပင်များကို ကူ၍ရိတ်သိမ်းပေးတော့မှ စိတ်မှာ နည်းနည်းငြိမ်သွား၏။ ထိုနေ့က သူသည် မိုးတော်တော်ချုပ်မှပင် အိမ်ပြန်၍လာနိုင်သည်။

ဂျုံများ ရိတ်သိမ်းပြီးလျှင် အမေက တဲကို ပြင်ဆောက်မည်ဆို၏။ စိမ်းကမူ ကုန်တင်ကားတစ်စီး လိုချင်သည်။ တိုးကြီး၏ နွားခြံကို ပိုမိုတိုးချဲ့၍ထွက်သော နွားနို့ကို မိုင်းဝေါမှာသွား၍ ရောင်းဖို့ပြောပြ၏။

သို့သော် ဆောင်းကုန်ပြီး၍ ဂျုံများ ရိတ်သိမ်းပြီးချိန်တွင် အမေ့ဆန္ဒအတိုင်း အိမ်ကိုပြင်၍ ဆောက်၏။ အိမ်ကို အအေးဒဏ် ကာကွယ်ရန်နှင့် ခိုင်ခံ့ရန် ကျောက်တုံးအိမ်ကို ဆောက်ဖို့ စိမ်းက အကြံညာဏ်ပေးသည်။

စိမ်း၏ဆန္ဒအတိုင်း ကျောက်တုံးအိမ်ဆောက်လိုက်၍ စိမ်းလိုချင်သော ထရပ်ကားကို မဝယ်နိုင်တော့ပေ။

တဲဖျက်လိုက်၍ ကျန်ရစ်သော ဝါး၊ ဝါးကပ်များဖြင့် အိမ်ဘေးတွင် တဲအသေးတစ်ခု ဆောက်လိုက်သည်။ ထိုတဲမှာ ကလေးများစာသင်ရန် ဖြစ်လေသည်။

ကျောက်တုံးအိမ်လေးထဲတွင် ယခင်လို ရှုပ်ပွ၍အဆင်မပြေသော အခင်းအကျင်းများ မရှိကြတော့ပေ။ အခန်းလေးများ၏နံရံတွင် အကျီချိတ်ရန်၊ ပုဆိုးလှန်းရန်အတွက် သစ်သားတန်းများ စိမ်းလုပ်ခိုင်းသည်။





တိုးကြီးသည် လူထွားကြီးတစ်ယောက် ဖြစ်လာကာ တောက်တိုမယ်ရ အလုပ်များကို လုပ်ပေး၏။ သစ်သားတန်းများ ရိုက်နေစဉ် သူ့လက်များသည် လူကြီးတစ်ယောက်လို အကြောပြိုင်းပြိုင်းထ၍ လာသည်။

အတူးသည် သူ့ဘာသာ စာကြည့်နေချိန်သာ များပေသည်။ အိမ်အလယ်တွင် မီးဖိုတစ်ခုတည်းထား၍အတူးက မကျေနပ်ပေ။ သူ့အိမ်ကလေးတွင်လည်း မီးလင်းဖိုတစ်ခု လုပ်ပေးဖို့ စိမ်းကိုပူဆာ၏။

နောက်နှစ် ဂျုံရောင်းပြီးမှ လုပ်ပေးမည့်အကြောင်း သူ့ကိုချော့၍ ထားရသည်။

ညမိုးချုပ်၍ မီးလင်းဖိုနားတွင် ကိုဝဏ္ဏထိုင်နေလျှင် စိမ်းသည် သတင်းစာကို ဖတ်ပြ၏။ ပြတင်းများသည် မှန်ပြတင်းများဖြစ်သွား၍ အပြင်မှတောင်တန်းနှင့် သစ်ပင်များကို အိမ်ထဲမှ မြင်နိုင်ပေသည်။

နှင်းဖွေးသော တောင်တန်းများကို ငေးမောရင်း စိမ်းဖတ်ပြသော အသံလေးကို နားထောင်ရသည်မှာ အမောပြေစရာအတော် ကောင်း၏။

ပြဿနာတစ်ခုခုတွေ့တိုင်း နှစ်ယောက် ရင်းရင်းနှီးနှီး ဆွေးနွေးရသည်မှာလည်း အားတက်ဖွယ် ကောင်းလေ၏။ စိမ်းသည် သတင်းစာကို ဖတ်ပြရင်းမှ စာရွက်များကို ထောင်၍ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြည့်စမ်း ကိုဝဏ္ဏ သတင်းစာ ထောင့်မှာ စာကို တိတိရိရိ ဖြတ်ထားလိုက်တာ ဘယ်သူဖြတ်လဲ မသိဘူး"

စိမ်းပြသော သတင်းစာရွက်မှာ ဓာတ်ပုံသို့မဟုတ် ကြော်ငြာတစ်ခုခု ဖြတ်ထားသလို လေးထောင့်ကွက်ရှည်ရှည် တစ်ခုလပ်၍ နေလေသည်။

"ဓာတ်ပုံလား ကြော်ငြာလားမသိဘူး။ ကလေးတစ်ယောက်ဖြစ်လိမ့်မယ်"

စိမ်းသည် သတင်းစာကို ဆက်ဖတ်နေ၏။ သူတို့နှစ်ယောက်လုံးသည် သတင်းစာပြတ်အကြောင်းကို ဆက်၍ မတွေးကြပေ။ သတင်းစာမှာ ကျောက်မဲသို့ ခုနစ်ရက် တစ်ပတ်တစ်ခါ သွားယူရ၍ ယူသူမှာ တိုးကြီးဖြစ်သည်။

တိုးကြီးသည် ရဲရင့်သောလူငယ်လေး ဖြစ်လာ၍ ခရီးဝေးကိုလည်း သွားချင်စိတ်ရှိသည်။ လှည်းကြုံနှင့်လိုက်၍ သတင်းစာယူရသည်ကို တိုးကြီးက ပျော်၏။

ကိုဝဏ္ဏသည် တိုးကြီးသတင်းစာ ယူသည်ကို မတွေးမိပေ။ သူ့စိတ်ထဲတွင် စိမ်းဘယ်လောက်ကြာကြာ နေမည်ကိုပဲ မေးချင်သည်။ သို့သော် အိမ်ရှင်ကမေး၍ မသင့်ပေ။

စိမ်း ဒီမှာဆက်၍ နေသွားစေချင်သည်။ ယာတော အတွက် ရှေ့နှစ်တွင် ရေစုပ်စက် ဝယ်နိုင်အောင် ငွေစုမည်။ သူ့ယာခင်းများသည် မြေနိမ့်နှင့်တောင်ကုန်းများပေါ်တွင်ရှိ၍





တောင်ကုန်းမြေမြင့်ပိုင်း ယာတောများကို ရေပေးသွင်းရသည်မှာ ခက်သည်။ ချောင်းငယ်သည် မြေနိမ့်ပိုင်းတွင် စီးသွား၍ ရေစုပ်စက်နှင့်စုပ်၍ ရေကိုသွယ်ယူကာ တောင်ကုန်းခါးပန်း ယာခင်းများကို ရေပေးချင်သည်။

စိမ်းနှင့်နေရသည်မှာ တွေးရသည်ပင် တွေးအားရှိသည်။ စိတ်တူသဘောတူသာ ယာတောကိုလုပ်ရလျှင်၊ သူ၏ ချပြည်တော်ကို မျှော်မှန်းနိုင်သည်။ သို့သော် စိမ်းသည် ယာခင်းကို ဆင်းနိုင်သည်မဟုတ်။ တောင်သူတို့လို ရွံ့ကို နင်းရဲသူ မဟုတ်၍ သူ့အတွေးမှာ လေထဲတွင်ပင် ပျောက် ပျက်ဖို့များလေသည်။

နယ်ပိုင်ကတော် တစ်ယောက်က ယခုလိုဘဝတွင် နေသည်ကို အံ့ဩစရာပင် ဖြစ်လေသည်။

သူတွေးနေစဉ် စိမ်းသည် နေရာမှထ၍ သွားသည်။

သူ့ရှေ့တွင် မီးပုံမှာ မီးညွန့်များပျောက်ကာ မီးကျီးခဲ သာကျန်တော့သည်။ သူ့ရင်ထဲတွင်မူ အချစ်မီးသည်တိုး၍ တောက်လောင်လာ၏။ မီးပုံကို ငြိမ်းသတ်ခဲ့ပေမယ့် သူ့ သည်းနှလုံးမှ မီးပွားကိုမူ မငြိမ်းသတ်နိုင်ဘဲ၊ အိပ်ရာသို့သာ ဝင်ခဲ့ရလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက်တွင် အိပ်ရာထနေမြင့်နေ၍ စိမ်း
နိုး၏။ သူသည် ကမန်းကတန်း ထ၍ ယာတောသို့သွာ
ပြင်နေလေသည်။

သူ့အတွက် ထမင်းချိုင့်ကို စိမ်းသည် အခန်းထဲ
ယူ၍လာသည်။ သူ့စိတ်ထဲမှာမူ စိမ်းကို ကောင်းကော
မကြည့်ရဲပေ။

''ရှင်...ညက ဘာဖြစ်လို့လဲ၊ ဒီမနက် အိပ်ရာ
နောက်ကျနေတယ်''

စိမ်းကိုမော့၍ ကြည့်ရင်းသူသည် သားရေ
ကြမ်းကိုစီး၍နေ၏။

''ကျွန်တော် ညက အိပ်လို့မရဘူး''





''နေမကောင်းလို့လား''

''မဟုတ်ဘူး''

''ခေါင်းကိုငုံ၍ ဖိနပ်ကြိုးချည်သလို၊ ဖုန်ခါသလို
ပ် နေသည်။

''ညက ခင်ဗျားကို တစ်ညလုံး တွေးနေရလို့ပါ''

စိမ်းမျက်နှာ ဘယ်လိုပြောင်းလဲသွားသည်ကို သူသည်
ာမကြည့်ရဲပေ။

''စိမ်းကို တွေးနေတယ်''

စိမ်းသည် ပြန်၍ မေးလိုက်၏။

''ဟုတ်တယ် တစ်ညလုံးပဲ တွေးနေမိတယ်။
ားများ တစ်နေ့နေ့ ဒီယာတောက ထွက်သွားမလားလို့၊
တော့လဲ ယာတောအကြောင်းတွေပေါ့လေ။ ကျွန်တော်က
ယ်ချင်တွေကို အားမကိုးချင်ဘူး။ ကိုယ့်ဘာသာ တတ်နိုင်
လောက် ကိုယ့်ယာခင်းကို တိုးတက်အောင် လုပ်ချင်တာ
ါလေ။ ရေစုပ်စက်လဲ ဝယ်ချင်တယ်''

စိမ်းသည် သူ့ကိုပြုံး၍ ကြည့်၏။ သူ့စကားများမှာ
ရောက် သည်ရောက် ဖြစ်နေသည်။ သူသည် ခါးကိုဆန့်
က်ပေမယ့် စိမ်းပြုံး၍ ကြည့်နေသည်ကို မခံနိုင်သလို
က်လွှာချနေသည်။

''ရေစုပ်စက် ဝယ်ချင်တာနဲ့ စိမ်းက ဒီမှာအမြဲရှိရ
ယ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ အလုပ်ကြိုးစား လုပ်မှ ငွေစုမိမယ် မဟုတ်လား၊ ဒီတော့ အလုပ်ကြိုးစားလုပ်ဖို့ စိမ်းရှိနေ ဖြစ်မယ်။ ဒီမှာ ဟိုနေ့ကလို ဆိုပါတော့ စိမ်းက တို့ဟူးသု လုပ်ထားမယ်ဆိုတာလေ။ ပြီးတော့ ရေနွေးနဲ့ရေချိုးဖို့ လု ထားတာတွေလေ။ အဲဒါတွေဟာ အသေးအဖွဲလေးတွေ၊ မစိုက်လောက်ဘူးလို့ ထင်စရာပေမယ့်၊ လုပ်ပေးခံရတဲ့ ကျွန်တော့်မှာတော့ တအားတက်တာပါပဲ"

သူသည် ဘုန်းကြီးတစ်ပါးလို တတွတ်တွတ် ရွတ် ပြန်သည်။ ခေါင်းငုံ့နေရာမှ ရုတ်တရက် မတ်တတ်ရပ် စိမ်း ရှေ့ရောက်လာပြန်သည်။ စိမ်းမျက်နှာကို စေ့စေ့ကြည့်

"လုပ်ပေးတဲ့သူကတော့ အမှတ်တမဲ့ အမှတ်မထ ပါပဲ။ ကျွန်တော့် စိတ်ထဲမှာတော့ သိပ်ပြီးသာယာတာ ကျွန်တော် စိမ်းကို မခွဲနိုင်ဘူး။ မခွဲချင်ဘူး မခွဲချင် တစ်ညလုံး စိတ်ဒုက္ခရောက်ပြီး အိပ်မရတာပဲ။ ခက်တာ ကျွန်တော့်ကိုငဲ့လို့ ဒီယာတောမှာ နစ်နေပါလို့လဲ မပြေ ရက်ဘူး။ ကျွန်တော်သွားမယ်"

သူသည် စကားကို တောက်လျှောက် ပြော ထမင်းချိုင့်ကိုဆွဲ၍ ထွက်သွားတော့သည်။ စိမ်းသည ကျောက်ရုပ်လို တောင့်တောင့်ကြီးရပ်၍ နေမိ၏။ ကိုဝ အပြင်ထွက်သွားမှပင် သူ့ကိုလူပျိုစကား ပြောသွားမှန်း သ ထားမိတော့သည်။





ဘာကစ၍ ဘယ်လိုစဉ်းစားရမှန်းမသိဘဲ၊ ကိုဝဏ္ဏ ခုတင်ပေါ်တွင်ထိုင်လိုက်၏။ ကိုဝဏ္ဏနှင့် အမေတို့ကျေးဇူးသည် သူ့အပေါ်အနန္တရှိသည်မှာမှန်၏။ ဒါကြောင့်လည်း သူသည် တတ်နိုင်သမျှ အိမ်ထောင်စုသားများအတွက် ကြိုးစား၍ လုပ်ပေးခဲ့သည်။

ယခုတော့ သူကြိုးစားလုပ်သမျှသည် ကိုဝဏ္ဏ၏ နှလုံးသားကို လှုပ်ရှားစရာဖြစ်နေပါပကော။

မှန်ပေသည်။ အိမ်ထောင်ရှင်မ တစ်ယောက်သည် သူပြုံးသလို သူစိမ်းယောကျ်ားအပေါ်တွင် ပြုံးလိုက်မိလျှင် အပြုံးခံရသူ သူစိမ်းအဖို့ နမ်းစရာပင် ဖြစ်ပေသည်။

သူသည် အမှတ်မထင် ကိုဝင်းဖေကို ပြုစုသလို ကိုဝဏ္ဏကိုလည်းပြုစုခဲ့၏။ တစ်အိမ်တည်းတွင် ယခုလို အိမ်ထောင်မရှိသူ နှစ်ဦးကြာရှည်နေလာလျှင် စိတ်ဖောက် ပြန်လာကြမည်မှာတော့ ဓမ္မတာပေပဲ။ သူ့စိတ်ထဲတွင်သာ ရုတ်တရက် ကွေကွင်းခဲ့ရသော ချစ်လင်ဝိညာဉ်က မပျောက် ပျက်သေး၍သာ လှုပ်ရှားသော စိတ်များမဝင်ခဲ့ခြင်း ဖြစ်ပေ သည်။ ကြာရှည်နေလျှင်တော့ အိုးချင်းထားလျှင် အိုးချင်း ထိရန် အကြောင်းတရားတို့သည် များစွာရှိကြပါတကား။

"မြို့မှာတုန်းကဆိုရင် စနေနေ့ ကိုဝင်းဖေ ပြန် လာရင် စားဖို့တစ်ခုခု လုပ်ပေးနေကျပဲ"

သူပြောခဲ့သည်ကို စိမ်းကပြန်တွေးမိ၏။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ယခုလို ဘယ်လိုနည်းနဲ့မှ မန္တိုင်းယှဉ်သင့်ပေ။ သူ့စကားသည် ကိုဝဏ္ဏစိတ်ကို လှုပ်ရှားမည်ဆိုလျှင် လှုပ်ရှားစေစရာပဲ။ ဘဝ အကြောင်းတရားသည် အသက်ရှင်နေလျက်နှင့် နှစ်ဘဝ ပြောင်း၍ နေပါပကော။

ဤယာတောတွင် ကိုဝဏ္ဏနှင့် လက်ထပ်၍ အစဉ် သပြဖြင့်နေဖို့ဆိုသည်ကျတော့ တွေး၍မရနိုင်အောင် ခက်ခဲလှ တော့သည်။

သေသွားပြီဆိုပေမယ့် ကိုဝင်းဖေအကြောင်းကို မြို့သို့ သွား၍ စုံစမ်းချင်သည်။ ရန်ကုန်လည်း ပြန်ချင်သည်။ ယခုတော့ မြို့ကိုသွားရန်ပင် အမေတို့ကို သူမပြောလိုပေ။

ရင်ထဲတွင်ပို၍ လေးသွား၏။ အိပ်ရာခင်းများကို ဆွဲ ဆန့်၍ထုံးစံအတိုင်းသာ ရှင်းလင်းနေရသည်။ စိတ်ကမူ လေး၍နေပေသည်။ တစ်နေ့လုံး အငြိမ်မနေချင်တိုင်း အခန်း ထောင့်ကြားများ၊ စာအုပ်စင်၊ သေတ္တာကြားများပါမကျန် ရှင်းလင်းနေသည်။

ယာတောတွင်လည်း ကိုဝဏ္ဏသည် ဂျုံစေ့များ လှေ့ သည်ကို ကြည့်ရင်း စိတ်ကမောနေသည်။ ဂျုံစေ့များသည် မြေပြင်သို့ ပတ်ချာလည်ကာ ကျလာသလို သူ့ခေါင်းများမှာ လည်းချာချာလည်နေသည်ဟု ထင်သည်။

ဖွင့်၍ပြောခဲ့သည်မှာတော့ ပြီးခဲ့ပြီ။ ညနေယာတောမှ အပြန်တွင် စိမ်းအား ဘယ်လိုမျက်နှာချင်း ဆိုင်ရမည်ကို





သူမတွေးတတ်ပါပေ။ သူပြောခဲ့သည်မှာ ရိုင်းသွားလေသလား၊ စော်ကားရာများ ကျလေမည်လားဟု တွေးပြန်သည်။ တွေး လိုက်လျှင်လည်း ရင်ထဲမှ ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် မြည်၍ လာတော့သည်။

နေလုံးကွယ်၍ အားလုံးပြန်ကုန်ချိန်တွင်ပင် သူသည် ယာတောထဲတွင် ကျန်ရစ်နေပေသေးသည်။ ချောင်းဘက်ကို လျှောက်သွား၍ ချောင်းဘက်မှ လမ်းခွဲသို့ရောက်မှ အိမ်ရှိ ရာသို့သူပြန်လာခဲ့သည်။ ဦးခွန်နောင် လယ်တောမှ စပါး ရိတ်သိမ်းပြီးစ ရိုးပြတ်ရနံ့မှာ သင်း၍နေပေသည်။

အရှေ့ဘက်မှ လရောင်ခြည်ဖြင့် လမ်းကို မှန်း၍ လျှောက်လာရသည်။ စိတ်ကမူ လမ်းကိုပင်လျှောက်ရန် စိတ် မပါပေ။ အိမ်ဝသို့ နီးလာလေလေ၊ စိတ်မှာပို၍ လှုပ်ရှား လာသည်။

အိမ်ဝတွင်တော့ စိမ်းကို မတွေ့ရပေ။ အမေ တစ်ယောက်တည်းသာ သူနောက်ကျသည်ကိုပြော၍ သူ့ကို ဆီးကြို၏။ စိမ်းသည် မီးဖိုချောင်တွင် အလုပ်လုပ်နေပုံရ သည်။ သူချိုးဖို့ရေမှာ အဆင်သင့်ဖြစ်၍ ထမင်းပွဲမှာလည်း အဆင်သင့်ဖြစ်နေသည်။ စိမ်းကမူ သူ့အနားသို့ နီးနီးကပ် ကပ်လာ၍ မရပ်ပေ။

ထမင်းစားပြီးချိန်တွင် အတော်ညဥ့်နက်၍နေပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကလေးများသည် စာဖတ်နေ၍ အမေ့ အခန်းက မီးမှိတ်လျက်ရှိလေသည်။

ကိုဝဏ္ဏသည် အဝတ်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ဆေးတံကိုခဲနေသည်။ သူ့ရှေ့တွင် မီးလင်းဖိုသည် မနေ့က လိုပင် တောက်လောင်နေ၏။ သူ့နှလုံးသားများမှာတော့ မနေ့ ညကထက်ပင် ပို၍ပူပြင်းစွာ တောက်လောင်နေသည်။

စိမ်းသည် သူ့အနားသို့ မလာလိုတော့ပြီ ထင်သည်။ တကယ်တော့ မီးပုံဘေးတွင် မနေ့ညကလိုပင် စကားပြော နေဖို့ကောင်းပါသေးသည်။ တစ်ခုခုကိုတော့ စကားပြန်အဖြစ် ပြောဖို့ကောင်းသည် မဟုတ်ပါလား။

အကယ်၍သာ စိမ်းသည် သူနှင့်အတူနေဖို့ လက်ခံ ပါလျှင် အို . . . သူ၏ရွှေပြည်တော်သည် မိုးကောင်းလိုက် မည့်ဖြစ်ခြင်း။ သူ့ချစ်ဇနီးသည် ပညာတတ်ဖြစ်၍ သူ့သား မြေးမြစ်တို့သည် စာတတ်ပေမည်။ ဤယာမြေပေါ်တွင် အစဉ်အဆက်ကြီးပွား၍ ပညာတတ်သော ကျေးတောသား သားမြေးတို့ကို သူတို့ ထားရစ်ခဲ့နိုင်ပေတော့မည်။ သူတို့ တစ်ခေတ်တွင် ပဒေသရာဇ်တို့အား အပြီးတိုင် တိုက်ဖျက် ပြီး၍ အများပြည်သူ ဆန္ဒဖြင့်ရွေးချယ်သော ဗဟိုအစိုးရပင် တက်ကောင်းတက်နေပေလိမ့်မည်။ ခေတ်မီသော လယ်သမား များအဖြစ်သို့ ပြောင်းလဲ၍ ရေပေးစက်ခုတ်မောင်းသံပင် နားထဲမှာ ကြားယောင်လာသည်။





တလွှန့်လွှန့်တက်နေသော မီးခိုးတန်းကို ကြည့်ရင်း သားမြေးတို့ခေတ်ကို သူက တွေးနေမိ၏။ စိမ်းအခန်းမှ ခြေသံကြားမှပင် သူ့အတွေးသည် ရပ်၍သွားသည်။

စိမ်း သူ့ထံသို့ လာနေလေပြီ။ ဘာတွေများလာ၍ ပြောမည်လဲ။ ရင်တုန်လှပါဘိ။ သူ့နှလုံးခုန်သံမှာ စိမ်း ကြားလောက်အောင်ပင် ကျယ်လောင်၍ နေသည်ဟု ထင် သည်။ မနေ့ညက ထိုင်သွားသော ခုံပေါ်တွင် စိမ်းထိုင်သည် အထိ သူသည် စိမ်းကို မကြည့်ရဲသေးပေ။

"ရှင့်လောက် ယုတ်မာတဲ့သူ မရှိတော့ဘူး"

စိမ်းစကားသံမှာ သူ့နှလုံးသားကို ပစ်၍ခွဲလိုက် သည်။ သူသည် လှုပ်၍ပင်မရပေ။

"ရှင်ဟာ သိပ်ပြီးအကွက်ဆင်တတ်တဲ့ လူလိမ်ကြီးပဲ"

ချစ်သည်ဟု ပြောသည့်မှာ ယုတ်မာကောက်ကျစ် စရာကျပါသလား။ သူသည် ဆတ်ဆတ်တုန်လာ၏။

"ကျွန်တော်မှားရင် ခွင့်လွှတ်ပါ။ စော်ကားရာများ ကျမလားလို့တွေးရင်း တစ်နေ့လုံးပဲ ယာခင်းမှာ ဘာမှလုပ်လို့ မရဘူး"

"ဒါတွေကို ဘာမှစိမ်းမကြားချင်ဘူး။ ရှင်ယုတ်မာ တာကိုသာ ကျွန်မ အံ့ဩတာပဲ။ ရှင်တို့ စေတနာတွေ၊ ရှင်တို့ကျေးဖူးတွေကို ကျွန်မက တုံ့ပြန်သလောက် ရှင့်ဆိုပ ပုံဟာ သိပ်စုတ်ပဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကျွန်တော် ဘာလုပ်လို့လဲ"

စိမ်းသည် မီးဝင်းဝင်းတောက်မတတ် မျက်လုံးများနှင့် လှမ်း၍ကြည့်ရင်း လက်ထဲမှ သတင်းစာ ဖြတ်ပိုင်းများကို သူ့လက်ထဲသို့ ပေါက်၍ထည့်လိုက်၏။

"ရှင့် စာအုပ်စင် ကြားထဲက တွေ့တာတွေ ဖတ်ကြည့်ပါဦး။ ကိုဝင်းဖေ မသေဘူးသိလား၊ မသေဘူး။ ဒါကို ရှင်ကသေတယ် ဆိုပြီး ကျွန်မကို ရအောင်ကြံမယ်။ ဒီနေ့ သတင်းစာ ဖြတ်ပိုင်းတွေသာ ကျွန်မ မတွေ့ရင် ကျွန်မဟာ ရှင့်လက်ထဲက လွတ်မှာမဟုတ်တော့ဘူး။ သိပ်ပက်စက်တယ်။ ဒါလောက် လုပ်ရက်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး"

ကိုဝဏ္ဏသည် သတင်းစာပိုင်းများကို ကိုင်ရင်း ကြောင်နေသည်။

"စိမ်း ပြောတာတွေ ကျွန်တော် တစ်လုံးမှ နားမလည်ဘူး"

"နားလည်ရမယ်၊ ရှင်ဘာလုပ်တယ်ဆိုတာ ရှင် နားလည်ရမယ်။ ကျွန်မကတော့ ရှင်တို့ ပိုက်ဆံကုန်မှာစိုးလို့ မြို့သွားချင်တာကိုလဲ မပူဆာခဲ့ဘူး။ ကျွန်မ လင်သေသွားပြီ ဆိုတာလဲ တကယ် ယုံခဲ့တယ်"

"သူ မသေဘူးလား"

"မသိချင်ယောင် ဆောင်မနေပါနဲ့ ရှင်ဖွက်ထားတဲ့ သတင်းစာပိုင်းတွေကို ရှင်ဖတ်ကြည့်ပါလား"





သူဖွက်ထားသည်ဟု စိမ်းကပြော၏။ သူသည် ခုထိ ဘာမှနားမလည်။ သတင်းစာပိုင်းများကို ဖြန့်၍ဖတ်၏။ သတင်းစာများမှာ ကြော်ငြာဖြစ်၍ ကိုဝင်းဖေက သူမသေကြောင်း၊ စိမ်း အမြန်ပြန်လာရန်နှင့် အကျိုးအကြောင်းကို ပြန်လည်တွေ့ဆုံလျှင် ရှင်းပြမည့်အကြောင်း ကြော်ငြာဖြစ်လေသည်။ နောက်ဆုံးတစ်ရွက်တွင်မူ ကိုဝင်းဖေမှာ ကောင်းစွာ မမာနေ၍ လာရောက် မရှာဖွေနိုင်ကြောင်း၊ စိမ်းသာ သတင်း ရရချင်း ရန်ကုန်သို့ ပြန်လာရန်၊ သို့မဟုတ် စာပေး၍ အကြောင်းကြားရန် ဖြစ်သည်။ ကိုဝဏ္ဏမှာ ထို သတင်းစာပိုင်းများကို ယခုတစ်ကြိမ် ပထမဆုံး တွေ့ရခြင်း ဖြစ်ပေသည်။

"စိမ်း ယောက်ျား အသက်ရှင်ပြီး ရှိသေးတယ်ဆိုလို့ ကျွန်တော် ဝမ်းသာပါတယ်။ မနက်က ကျွန်တော် ပြောမိတာလဲ ဝမ်းနည်းပါတယ်။ ခွင့်လွှတ်ပါ။ ဒီသတင်းစာတွေတော့ ကျွန်တော် မသိမ်းတာအမှန်ပါ။ ကိုဝင်းဖေ သေတယ်ဆိုတာလည်း ကျွန်တော် လုပ်ကြံတာမဟုတ်ဘူး။ သတင်းစာက ရေးတာပဲ"

"ရှင့်ကို ကျွန်မ တစ်သက်မှာ ခွင့်မလွှတ်နိုင်ဘူး။ ကြော်ငြာကို ဖွက်ထားတာကိုက ဘယ်လောက်ဆိုးထားလဲ။ ကျွန်မက အထင်သေးမှာစိုးလို့ ရှင်ညာပြောတာ။ ရှင့် အိပ်ခန်းကို ဘယ်သူမှ မဝင်ရဲဘူး။ ရှင်သိပ် တတ်နိုင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲတွေက ပျက်နေပြီ။ ဘယ်တုန်းကများ ကြော်ငြာထားလဲ မသိဘူး။ သတင်းစာမှာ အပြတ်တွေပါလာလို့ ကျွန်မ ရှင့်ကို မေးတယ်မဟုတ်လား။ ရှင်ညာပြီးတော့ မသိဘူးလို့ ဖြေတယ်လေ''

''ကျွန်တော် ဒါလောက် မယုတ်မာပါဘူး''

''ယုတ်မာတယ်၊ သိပ် . . . ယုတ်မာတယ်။ ရှင့် ကျေးဇူးတွေအတွက် ကျွန်မ စိတ်ကို မနည်းထိန်းရတယ်။ ကျွန်မ ပြန်မယ်၊ သိလား . . . ပြန်မယ်''

စိမ်းသည် သူ့လက်ထဲမှ သတင်းစာပိုင်းများကို ဆောင့်ဆွဲကာ အိပ်ခန်းရှိရာသို့ ထသွားတော့သည်။

မတတ်နိုင်တော့ပြီ။ ဖြစ်မှဖြစ်ရလေခြင်း၊ မချစ်နိုင်ဘူး ဆိုသည့် အဖြေရသည်ကမှ တော်ပေသေးသည်။ ယခုတော့ ကိုဝဏ္ဏသည် လူယုတ်မာကြီးဖြစ်၍ နေပေသည်။ ရှေ့တွင် တောက်လောင်နေသော မီးပုံထဲသို့ပင် မျက်နှာကို ထိုး၍ အပ်လိုက်ချင်သည်။ ရိုးရိုးတန်းတန်း ခွဲခွာသွားကြရလျှင် လွမ်းဆွတ်တသသည့် စိတ်ကိုဖြေရပေမည်။

ယခု ခွဲခွာရခြင်းမျိုးကတော့ အသည်းကွဲ ရင်နာစရာ ပါကလား။ သူမဝှက်၊ သူမသိမ်းဆည်းသည်ကလွဲ၍ ဘာမှ သူမပြောတတ်ပေ။ သူ့အခန်းကိုလည်း စိမ်းကလွဲ၍ မည်သူမှ မဝင်။ အမေက လာတတ်ပေမယ့် သူ့ပစ္စည်းများကို မကိုင် တတ်ပေ။





ခွဲခွာရသော တစ်နေ့သည် အမုန်းနှင့် ခွဲခွာရခြင်း ပါကလား။ မိန်းကလေး တစ်ယောက်အနေနှင့်တော့ စိမ်း ဘက်ကမှန်ကန်ပေသည်။ သူ့ချစ်လင်ထံသို့ ပြန်သွားခြင်းမှာ မိန်းမကောင်းတို့ ပြုအပ်သော ကျင့်ဝတ်တစ်ရပ်ပင် ဖြစ်ပေ သည်။ အနူးအညွတ် ခွင့်လွှတ်လိုပေသည်။

စောစောကသာ သိရှိပါလျှင်လည်း ဖူးငုံစပြုသော ချစ်ပွင့်အား နှလုံးသားနောက်တွင် ကွယ်ဝှက်၍ ကိုဝင်းဖေ သက်သို့ အရောက်ပို့အပ်လိုက်ပါသည်။ ယခုတော့ သူက ရှင့်လုစ် ပြောဆိုပြီးပါမှ သတင်းစာဖြတ်ပိုင်း အရေးကိစ္စက ပေါ်ပေါက်၍ လာရလေသည်။

ကံ . . . ကံ၏အကြောင်းတရားတို့သည် မျှော်မှန်း သည်ထက် ပိုဆိုးသွမ်းစွာ ကျရောက်လာကြပါပကော။

ထင်းခြောက်များကို တစ်ခုပြီးတစ်ခု မီးပုံထဲသို့ထိုး၍ ထည့်လိုက်၏။ မီးရှိန်များမှာ ပို၍ ပြင်းလာတော့သည်။ စိတ်အိုက်လာတိုင်း ဆေးတံကိုတစ်ဆုံပြီးတစ်ဆုံ ထပ်၍ထည့် လိုက်သည်။ သူ့အနားတွင် ဆေးတံမှဆေးနံ့နှင့် ထင်းမီးမှအနံ့ တို့သည် ရောပြွမ်း၍နံနေကြသည်။

အိပ်ခန်းဆီသို့ ခဏသွားပြန်သည်။ နေ့လယ်ကလဲ သားဟန်ရှိသော စားပွဲတင် ပန်းအိုးထဲမှပန်းများမှာ အိပ်ရာ သားရှိ စားပွဲပေါ်တွင် လန်းဆတ်၍နေသည်။ သန့်စင်နံ့သည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် သင်း၍နေသည်။ အိပ်နေလျှင် ပို၍ စိတ်ညစ် စရာကောင်းပေသည်။ မီးဖိုဘေးတွင် ပြန့်လာည့်ထိုင်ရင်း ရင်ထဲမှာမောလ၍ လာသည်။ စိမ်းအခန်းထဲသို့ ပြေး၍ ဝင်လိုက် ချင်သည်။ မိဒ္ဒေါစိမ်းကို ရှင်းပြချင်သည်။ သို့သော် ဘယ်သူ ဝှက်ထားသည်ကို လက်သည် မဖော်နိုင်၍ ရှင်းပြခြင်းမှ ပို၍နေပေတော့မည်။

ဩော် . . . ဘယ်လိုများ ဖြစ်ရခြင်းပါလိမ့်။

● ● ●



မနက်တွင် စိမ်းသည် အိမ်သားများမနိုးခင် အစော ကြီးထ၏။ သို့သော် ကိုဝဏ္ဏကို သူ့အိပ်ခန်း၌ မတွေ့ရပေ။ ကိုဝဏ္ဏက သူ့ထက် စောစီးစွာထ၍ ထွက်သွားလေပြီ။

စိမ်း အခန်းဝတွင်မူ စာရွက်တစ်ရွက်မှာ ကျ၍ နေသည်။ စိမ်းသည် စာရွက်ကိုယူ၍ ဖတ်လိုက်၏။

*"စိတ်ချမ်းချမ်းသာသာနဲ့ ပြန်ဖို့အသင့်ပြင် ထားပါ။ ကျွန်တော် လမ်းခရီးအတွက်စီစဉ်ဖို့ ထွက် သွားပါတယ်"*

စိမ်းသည် စာရွက်ကိုလုံးချေလိုက်၏။ လာတုန်းက သူ့တွင် ဘာမှမပါ၍ ယခုအပြန်တွင်လည်း ဘာတစ်ခုမှ သယ်ယူဖို့ စိတ်မကူးပေ။ ယမန်နှစ်ဆောင်းဦး ထိုးထားသော ဆွယ်တာကိုတော့ ယူသွားမှဖြစ်မည်။ ဆောင်းနှောင်းလာ ပေမယ့် အအေးဒဏ်သည် ပြင်းထန်နေတုန်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း အားလုံးကို အမေ့အား ပြော၍ မပြချင်ပေ။ ပြန်တော့မည့်အကြောင်းတစ်ခုကိုပဲ ပြောပြမည် စိတ်ကူးသည်။ သို့သော် ကလေးများနှင့် အမေ့ကို ပြောမည် ကြံတိုင်း ရင်ထဲမှာ တစ်ဆို့နေသည်။ သူတို့စေတနာ၊ မေတ္တာတွေမှာ စိမ်းစကားများကို တားဆီးသလို ဖြစ်နေတော့သည်။

အိမ်အလုပ်များကို လုပ်မြဲလုပ်နေ၏။ အမေနီး လာလျှင် သူသည် ကောက်ညှင်းပေါင်းပန်းကန်ကို ချပေးရင်း စကားစမည် စိတ်ကူးသည်။ သို့သော် ပြော၍မထွက်။

"အမေ ကိုဝဏ္ဏ ယာခင်းထဲကို အစောကြီးသွား တယ်။ သူ့အိပ်ရာထဲမှာမရှိဘူး။ စိမ်း မိုင်းငေါ်ကို ခဏ သွားချင်လို့ တိုးကြီးကို ထည့်လိုက်ပါ"

အမေက အံ့အားသင့်သွားသည်။ သို့သော် စိမ်းသည် ယာတောကို ရောက်ကတည်းက တစ်ခါမှ အပြင်သွားဖို့ ခွင့်မတောင်းဖူးပေ။

"ဘာနဲ့သွားမလဲ၊ မောင်ဝဏ္ဏဆီမှာ လှည်းမတောင်း လိုက်ဘူးလား"

"ဦးခွန်နောင်လှည်းနဲ့ သွားမယ်"

အမေက သူ့ကိုဘာမှ ပြန်မပြောတော့ပေ။

တိုးကြီးကိုခေါ်ကာ ဦးခွန်နောင် တဲဘက်သို့ ထွက်၍ လာကြသည်။ ဦးခွန်နောင် အိမ်သားများမှာလည်း မိုင်းငေါ်





ကိုသွားရန် ပြင်ဆင်နေကြ၍ အဆင်သင့်ပင် စိမ်းလိုက်၍ သွားလေသည်။

ညနေဘက်တွင် စိမ်းသည် ခပ်စောစော ပြန်ရောက် လာ၏။ ကိုဝဏ္ဏကမူ တော်တော်နှင့် ပြန်မရောက်လာပေ။

ကလေးသုံးယောက်သည် ဝင်းအဝ ချယ်ရီပင် အောက်တွင် ပန်းပွင့်ဖတ် အကြွေများကို ကောက်၍နေ သည်။ နေရောင်မှိန်မှိန်လေး ကျန်နေချိန်အထိ သူတို့ အိမ်ထဲမဝင်သေးပေ။ အမေက အိမ်ထဲမှ လှမ်းခေါ်ပေမယ့် အစ်ကိုပြန်လာမှ ဝင်မည်ဟု ပြောနေကြသည်။

ကိုဝဏ္ဏပြန်လာချိန်တွင် သူတို့သည် ချယ်ရီပွင့် ဖတ်များနှင့်ပေါက်၍ ကြိုကြရင်း အိမ်ထဲသို့ ဝင်လာကြ သည်။

အမေသည် သူတို့အားလုံးကိုကြည့်ရင်း စိတ် ချမ်းသာပုံ ပေါ်နေသည်။

"စိမ်း တစ်ယောက် ပြန်တော့မယ်တဲ့"

"ဟင်"

ကလေးများအားလုံး သံပြိုင်အော်ကာ စိမ်းအခန်း ဘက်သို့ ပြေးဝင်သွားကြသည်။ ကိုဝဏ္ဏသာ အမေ့ဘေးတွင် တစ်ယောက်တည်း ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညကတည်းက သိပြီးသားပါ"

"အေးလေ တားဖို့လဲ မသင့်ဘူးပေါ့။ ဒါလောက် ကြာကြာ နေတာပဲ အံ့သြစရာပဲ။ မင်းသူ့အတွက် ဘာတွေ စီစဉ်ပြီးပြီလဲ"

"အားလုံး စီစဉ်ပြီးပါပြီ။ ဒါကြောင့် မိုးချုပ်နေတာ။ သူ့အတွက် ခရီးစရိတ် သုံးရာတော့ အမေ ထုတ်ပေး လိုက်ပါ"

အမေ့ကိုပြောပြီး စိမ်း အခန်းထဲသို့ သူရဲရဲပင်ဝင်၍ သွားသည်။ အခန်းထဲတွင် ကလေးများအားလုံး ငိုနေ ကြသည်။ အတူးက စိမ်းပေါင်ပေါ်တွင်ထိုင်၍ စိမ်းကိုဖက် ထားသည်။ စိမ်းသည် ခေါင်းမော့၍ ကိုဝဏ္ဏကို ကြည့်လိုက် စဉ်တွင် သူ့မျက်လုံးမှ မျက်ရည်စက်များ အတူး လက်ပေါ် သို့ကျ၍ သွားသည်။

"ကျွန်တော်အားလုံး စီစဉ်ပြီးပြီ။ မနက်စောစောသာ ထပေတော့"

"မလိုပါဘူး။ ကျွန်မလဲ မိုင်းဝေါမှာ စီစဉ်ခဲ့ပြီးပြီ"

"ဟင်. . .မိုင်းဝေါကို စိမ်းသွားတယ်။ ကျွန်တော်လဲ မနက်က ရောက်တယ်"

"ဟုတ်တယ်၊ ကျွန်မဘာသာ သွားခဲ့တယ်။ မတွေ့ ကြတာပဲ ကောင်းပါတယ်လေ"





ကလေးများသည် အခန်းထဲမှ ထွက်၍ သွားကြ ပြန်သည်။

"မိုင်းဝေါဗိုလ်တဲကိုလဲ ရောက်ခဲ့တယ်။ စော်ဘွားနဲ့ လဲတွေ့ခဲ့တယ်။ စော်ဘွားရဲ့သားနဲ့ ရန်ကုန်က လာလည်တဲ့ အရာရှိတွေ နက်ဖြန်မနက် လားရှိုးကိုသွားကြလိမ့်မယ်။ စိမ်းက သူတို့ကို သတင်းစာတွေပြပြီး အကူအညီတောင်းလို့ သူတို့ကလဲ စိတ်မကောင်းဖြစ်ကြတယ်။ နက်ဖြန်လိုက်ဖို့ သူတို့ကပဲ စီစဉ်ပေးတယ်။ ချောင်းဘေးက လမ်းအထိ ပို့ပေးဖို့ ဦးခွန်နောင် လှည်းကိုလဲ ပြောပြီးပြီ။ ရှင့် အကူအညီ ကျွန်မ ဘာမှမလိုတော့ဘူး"

"ကျွန်တော့်ကို သိပ်ပြီး စိတ်ဆိုးနေတယ်ပေါ့။ တကယ်တော့ ကျွန်တော်ဟာ ကိုဝင်းဖေ အကြောင်းကို မိုင်းဝေါက ပုလိပ်တွေဆီလဲ တိုင်ထားတယ်။ ကျွန်တော်တို့ ဆီတောက အသွားအလာခက်ခဲလို့ သတင်းစာ မရောက်ရင် ထားပါဦး။ မိုင်းဝေါကိုတော့ သတင်းစာ ရောက်ပါတယ်။ ကိုဝင်းဖေ ကြော်ငြာတွေ့ရင် သူတို့ဟာ ဒီကိုလာပြီး အကြောင်းကြားပါတယ်"

"ကျွန်မ ရှိနေသေးတယ်ဆိုတာ သိချင်မှ သိဦးမှာ ကိုး"

"အုပ်ချုပ်တဲ့ သူတွေအနေနဲ့တော့ ဒီလောက်တော့ တာဝန်ယူကြဦးမှပေါ့။ စုံစမ်းဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အပြစ်ကို အုပ်ချုပ်တဲ့လူတွေအပေါ် လွှဲမချပါနဲ့တော့။ ကဲလေ သွားပါတော့။ ကျွန်မလဲ ဒီကသွားဖို့ အဆင်သင့် ဖြစ်နေပြီပဲ"

ကိုဝဏ္ဏသည် သက်ပြင်းချလိုက်၏။

"ဒီမှာစိမ်း၊ ကျွန်တော့် စေတနာကိုတော့ သွားခါနီး အသိအမှတ်ပြုသွားပါဦး။ ကျွန်တော်ဟာ ခင်ဗျား ရန်သူ မဟုတ်ပါဘူး။ စိမ်းဆက်ဆံပုံက ရန်သူတစ်ယောက်လိုပဲ"

စိမ်းသည် မဲ့ပြုံးပြုံးလိုက်၏။ ပြီးတော့ တစ်ဖက် လှည့်လိုက်ကာ ပြတင်းအပြင်ကို ကြည့်နေလိုက်သည်။

"ကျွန်တော်ဟာ လူယုတ်မာကြီး တစ်ယောက်အဖြစ် ခင်ဗျားနှလုံးသားထဲမှာ ပါသွားရတာကိုတော့ ဝမ်းနည်းလို့ မဆုံးဘူး။ ဒါပေမယ့် မရှင်းနိုင်သေးတဲ့ အချိန်မှာတော့ ခံရတော့မှာပဲ"

"ကျွန်မတို့ နှစ်ယောက် ရှေ့ဆက်ပြီး စကားတွေ ပြောနေဖို့ မလိုတော့ဘူး ထင်တယ်"

"မှန်ပါတယ် မင်းကတော်"

သူသည် စိတ်ထဲမှ ခံပြင်းကာ အခန်းထဲမှ ထွက်ခဲ့ လေသည်။

စိမ်းမှ စိတ်ချမ်းသာပါစေ။ နေလို့ထိုင်လို့ ပြေပြစ်ပါစေ၊ စိတ်ထားနှင့် ရေစုပ်စက်ပင် မဝယ်ဘဲ အိမ်ကိုပြင်၍





ဆောက်လိုက် ရသည်။ ယခုတော့ အားလုံး ပြီးကြွဲကြပါပကော။

ပညာတတ်သော ကျေးတောသား သားမြေးတို့ကို ဤယာတောတွင် ထားရစ်မည့် အတွေးအစီအစဉ်သည်လည်း ပိုင်လဲပျက်စီး၍ သွားကြပြီ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောတွင် တောင်ခြေသည် နှင်းမြူများ အုပ်နေ၍ ရေပြင်ကြီးလို ဖြစ်နေသည်။

ကလေးများသည် အစောကြီးထ၍ အိမ်ဝတွင်ရပ် နေကြသည်။ သူတို့နှုတ်ခမ်းများမှာပြာ၍ လက်ဖျားများ အေးစက်နေကြသည်။ အမေက မီးဖိုနားတွင် ထိုင်နေကြရန် ပြောပေမယ့်၊ သူတို့သည် အိမ်ဝမှနေရာ မရွှေ့ကြပေ။

အရှေ့ဘက်တွင် အလင်းရောင် အတန်းမျှင်ကို ရေးရေး မြင်နေရသည်။ မှုန်မွှားသော နှင်းမှုန်များကို ထိုး ဖောက်၍ အဝေးမှလှည်းတစ်စီးလာသံကို ကြားနေရသည်။ နွားခြူသံသည် နှင်းထုကို ဖောက်ထွင်း၍ သာယာစွာ မြည်လာသည်။

အသံပို၍ကျယ်လာတိုင်း၊ ကလေးတို့သည် ရင်ခုန်





လာကြ၏။ နှင်းတောထဲမှ လာနေသောလှည်းကို သရဲတစ် ကောင်ကြည့်နေသလို ကြောက်အားလန့်အားနှင့် ကြည့်နေ ကြလေသည်။

မှောင်နေသေး၍ နွားနှင့်လှည်းမှာ အနက်ကြီးဖြစ် နေကြသည်။

“လှည်းကြီးကလဲ သရဲမောင်းလာသလိုပဲဟယ်”

မခမ်းလုံသည် သူ့မောင်ကလေးများကို ပြော လိုက်၏။ အိမ်ဝတွင် လှည်းရပ်လိုက်သည်နှင့် တစ်ပြိုင်နက် စိမ်းသည် သူ့အခန်းထဲမှ ထွက်လာသည်။

အမေသည် ထမင်းချိုင့်နှင့် ညက စုဆောင်း ထားသော လက်ဆောင်ပစ္စည်းများကို လှည်းပေါ်တင် ပေးသည်။ ရှမ်းပဲပုပ်ခြောက်နှင့် ကြက်သွန်ဖြူများကို ပုတ် အငယ်ကလေးတစ်လုံးနှင့် ထည့်၍ပေးလိုက်သည်။

သဇင်ပန်းများကို ဖက်ရွက်နှင့်ထုပ်၍ ခြင်းအငယ် ကလေးတစ်လုံးထဲထည့်ကာ စိမ်းလက်ထဲကို ထည့်လိုက်၏။

မခမ်းလုံ၏ ကြက်ဥများလည်း တစ်ခြင်းပါသွား သေး၏။ တိုးကြီး၏လက်ဆောင် လိမ္မော်သီး တစ်ခြင်းလည်း ပါသွားသေးသည်။

စိမ်းသည် အမေ့ကိုကန်တော့၍ ကလေးများပါးကို တစ်ယောက်စီ နမ်းလိုက်၏။ ပြီးလျှင် လှည်းပေါ်ကိုတက်၍



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မခမ်းလုံ ရှိုက်သံသည် အမှောင်ထဲတွင် ကျန်ရစ်ပေသည်။

တောင်တန်းထိပ်သည် ငွေရောင်လင်းလာ၍ ချယ်ရီပင်ပေါ်မှ ငှက်ကလေးမှာလည်း လေးလေးတွဲ့တွဲ့ သီချင်းဆိုလိုက်သည်။

အမေသည် အိမ်ဝတွင်ရပ်၍ ငေးနေ၏။ မိုးလင်းစ အလင်းရောင်ဖြင့် အမေ့ပါးတွင် မျက်ရည်ကြောင်းကို မြင်နေရသည်။

လှည်းနောက်သို့ လူတစ်ယောက် မြင်းစီးကာ လိုက်ပါသွားလေသည်။ အတူးသည် မြို့ရိုကလေးများ ရပ်ရှင်ကြည့်ရင်း အော်သလို လက်ခုပ်လက်ဝါး တီး၍ အော်လိုက်လေသည်။

"အစ်ကို လိုက်သွားပြီဟေ့ . . .၊ အစ်ကို လိုက်သွားပြီ။ ပြန်လာရင် အစ်မကို မြင်းပေါ်မှာ ပွေ့ပြီးခေါ်လာမှာ။ အစ်ကို လိုက်သွားပြီဟေ့"

အတူးအော်သံကြောင့် အားတက်သလို ရှိသွားသော်လည်း မခမ်းလုံနှင့် အမေကတော့ စိမ်းပြန်မလာတော့ပြီကိုသိနေပေသည်။ သူတို့မျက်လုံးထဲတွင် တစ်နှစ်မိုးတွင်းက ဦးခမ်းလွန်း လက်ထဲတွင် ပျော့ခွေ၍ မိုးစက်စက်နှင့် ပါလာသော စိမ်းကိုမြင်ယောင်၍ နေကြသည်။

● ● ●



လမ်းခွဲတွင် စိမ်းတို့လှည်းကို မော်တော်ကားများ စောင့်နေကြ၏။ စိမ်းသည် လှည်းပေါ်မှဆင်း၍ သူ့ကိုရပ်၍ ကြိုနေသော လူတစ်ယောက်နှင့်အတူ ကားပေါ်သို့ တက်လိုက်သည်။ ရက်လည်း ရက်စက်နိုင်ပါပေသည်။ လှည်းဘေးတွင် မြင်းပေါ်မှဆင်း၍ ရပ်နေသော ကိုဝဏ္ဏကိုမှ နှုတ်မဆက်။ ကားထဲရှိ ယောကျ်ားများမှာ ကိုဝဏ္ဏကို ကြည့်၍ ပြောင်လှောင်သွားသည်ဟု သူက ထင်သည်။

ကားတန်းကြီး ထွက်သွားလျှင် သူသည်လက်ကို မြှောက်ကာ ဝှေ့ရမ်း၍ နှုတ်ဆက်နေ၏။ စိမ်းကတော့ လက်ကိုပင်ပြ၍ နှုတ်မဆက်ပေ။

နာမည်နှင့်လိုက်အောင် စိမ်းသည် မိန်းကလေးပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လျှင် အားလုံး သွေ့ခြောက်နေသည်။ ဂျုံခင်း ကိစ္စလည်း ပြီး၍နေပြီ။ ဟင်းသီးဟင်းရွက်လောက် စိုက်ပျိုးရတော့မည်။ ကလေးများကလည်း ငြိမ်ငြိမ်သက် သက်နေကြ၍ စိတ်ချောက်ချားစရာ ကောင်းနေပေသည်။

ယခုလိုအချိန်တွင် ငြိမ်၍နားနေဖို့ မကောင်းပေ။ ဂျုံစေ့များ သိုလှောင်ထားသည့် တဲများဘက်သို့ ထွက်၍ လာပြန်သည်။

ဦးခမ်းလွန်းသည် တဲတံခါးတစ်ခုကို ပြင်၍နေသည်။

"အဘ . . . ဟိုမိုးတွင်းတုန်းက ခေါ်လာတဲ့ မိန်းကလေး ပြန်သွားပြီ အဘရေ"

သူသည် အဘကို လှမ်းပြော၍ တဲဘေးကပြင်တွင် ထိုင်လိုက်သည်။

"ဘယ်တုန်းကလဲ"

"မနက်ကပဲ"

"အေး . . . မြို့သူက ဒီမှာ ဘယ်ကြာကြာ နေမလဲ ကွယ်"

အေးစက်သော လေများသည် တိုးဝှေ့တိုက်ခတ် လာကြပြန်သည်။ ဦးခမ်းလွန်း၏ တူသံတဒေါက်ဒေါက်သာ တိတ်ဆိတ်ပြီး ငြိုးငွေ့ဖွယ်ကောင်းသော ဆောင်းနေ့လယ်ကို အသက်သွင်း၍နေသည်။





သူသည် တစ်နေ့လုံး ဘာမှမလုပ်။ ကပြင်တွင် အိပ်၍နေသည်။ ဦးခမ်းလွန်း ရေနွေးမှာလည်း မီးဖိုပေါ်မှ မဆင်းရပေ။ ဆတ်သားခြောက်ကို မှောက်လျက်စားလိုက်၊ ရေနွေးကြမ်း မော့လိုက်နှင့် လုပ်နေသည်။ အိမ်ကိုလည်း ပြန်ချင်စိတ်မရှိပေ။

ဦးခမ်းလွန်းက သူ့အနားတွင် လာထိုင်၍ ဝါနေသော မြေခွက်နှင့်ရေနွေးကြမ်းကို ငှဲ့၍သောက်နေ၏။

"ဟေ . . . အရင်လို မသွက်တော့ပါလား။ တယ်ပြီး ငြိမ်နေပါလား၊ ပျင်းနေပြီထင်တယ်"

"ဟုတ်တယ် အဘရေ၊ ပျင်းတာထက် စိတ်ညစ် တာက ပိုတယ်"

"မင်းအရွယ်က မိန်းမယူဖို့ကောင်းပြီကွယ့်။ ဘယ့်နှယ့်လဲ မင်းတို့ ကောင်လေးတွေက မြို့က မိန်းမတွေကို တယ်ပြီး အိပ်မက်တာကိုး"

ကိုဝဏ္ဏသည် ကြောင်၍သွား၏။ သူ စိမ်းကိုချစ် နေသည်ကို ဦးခမ်းလွန်းများ သိသွားပြီလား။

"ဘယ်သူ့ကိုမှ စိတ်မကူးသေးပါဘူး အဘရာ"

"အေးကွယ့်၊ ဒါပေမယ့် အိမ်ကို ကျောက်တုံးအိမ် ဆောက်မယ့်အစား၊ ရေစုပ်စက်ဝယ်လိုက်ရင် တောင်စောင်းက ယာခင်းအသစ်တွေကို လာမယ့်မိုးတွင်းမှာ ထယ်ထိုးနိုင်မှာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမြို့သူက ကျောက်တုံးအိမ် ဆောက်ပေးတာတောင် မနေချင်ပဲကိုး''

''အို. . .အဘက မဟုတ်တာတွေ ပြောမနေပါနဲ့ဗျာ။ သူက သူ့ယောက်ျားဆီ ပြန်သွားတာပါ''

ငြိမ်သက်၍ သွားကြပြန်သည်။ အမှန်တော့ အဘ ပြောသည်မှာ အမှန်ချည်းဖြစ်ပေသည်။ ကိုဝဏ္ဏသည် ဝါး ကြမ်းပေါ် ပစ်လှဲရင်းပြန်တွေးပြန်သည်။ ကားများသည် မနားဘဲသွားလျှင် လားရှိုးကို ညနေရောက်မည်။ မနက်တွင် စိမ်းသည် လေယာဉ်ပျံနှင့် ရန်ကုန်ကိုသွားတော့မည်။ မြင်းနှင့် ဖြစ်ဖြစ်၊ လှည်းနှင့်ဖြစ်ဖြစ် ထ၍လိုက်လိုက်ချင်သည်။

မြင်းနှင့် လှည်းတို့မှာ တကယ်ဆိုတော့ လေယာဉ်ပျံ ကိုတု၍ ရပါမည်လား။

အိမ်ပြန်ရောက်ချိန်တွင်လည်း ထမင်းမစားတော့ဘဲ အိပ်ရာသို့ အစောကြီး ဝင်လိုက်၏။ အေးစက်သော ည များကို ကုန်လွန်စေချင်လှပြီ။

သူအိပ်နေသော်လည်း ကလေးများ အခန်းမှစကား ပြောသံကြားနေရလေသည်။ တိုးတိုး တိုးတိုးနှင့်ကလေးများ စကားသံမှာ သူ့အိပ်ရာသို့ လွင့်လာသည်။ မှင်စာလေးများ ညည်းနေသလို နားထဲတွင် နားငြီးလာသည်။

အိပ်ရာမှထ၍ အခန်းဝတွင် ရပ်လိုက်၏။ ကလေးများ





သည် သူတို့အခန်းထဲတွင် စကားပြောနေကြခြင်းမဟုတ်ဘဲ၊ မီးလင်းဖိုဘေးတွင် ထိုင်၍ပြောနေကြခြင်း ဖြစ်သည်။ သူတို့ သည် စိမ်းအကြောင်းကို စိတ်ဝင်စားစွာပြောနေ၍ ကိုဝဏ္ဏ အခန်းဝတွင် ရပ်နေသည်ကို မမြင်ကြပေ။

မခမ်းလုံကမူ မျက်ရည်လေး လည်လည် လည်လည် နှင့်စကားပြောနေသည်။

''အစ်မသာ အစောကြီးက ဒီလိုပြန်မယ် မှန်းသိရင်၊ ငါသတင်းစာပိုင်းတွေကို ဖြတ်မထားပါဘူး''

တိုးကြီးသည် ထင်းတစ်စကို နေရာရွှေ့ရင်း ပြော လိုက်သည်။ ကိုဝဏ္ဏသည် တိုးကြီးစကားကို ကြားကြားချင်း ကျောက်ရုပ်ကြီးလို ငြိမ်သက်နေမိသည်။

''အင်း. . .အဲဒီ စာရွက်တွေ ဘယ်မှာလဲ''

''ငါ သိမ်းထားရင်းက ပျောက်သွားတာပဲ။ အိမ်ပြင် ဆောက်တော့ နေရာတွေ ဟိုပြောင်းဒီပြောင်းနဲ့ မဟုတ်လား။ အဲဒါကိုများမြင်သွားလို့ အစ်မပြန်သွားတာလား''

''နင်ကလဲ အစကတွေ့တွေ့ချင်း၊ ဆုတ်ပစ်လိုက်ရော ပေါ့''

''ဖြတ်သိမ်းထားတာတောင် လွန်လှပြီ။ အစ်ကို သာသိရင်သတ်မှာပဲ။ ငါ့စိတ်ထဲမှာတော့ အစ်မကို မပြန်စေ ချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



ခုမှလက်သည် ပေါ်ပေပြီ။ ကိုဝဏ္ဏသည် ဖြုန်းခနဲ သူတို့အနားတွင် ရပ်လိုက်၍ ကလေးများလန့်၍ သွားကြလေသည်။

''ကဲ...မှန်မှန်ပြောကြစမ်း၊ မမစိမ်း ယောက်ျားက သတင်းစာထဲမှာ ကြော်ငြာတဲ့စာတွေကို ဘယ်သူဖြတ်ထားသလဲ''

''ကျွန်တော် ဒီတုန်းက စာမတတ်သေးပါဘူး''

အတူးက ကြောက်ကြောက်ရွံ့ရွံ့ဖြေ၏။ တိုးကြီးသည် သူ့အစ်ကိုကို မော့ကြည့်၍ မျက်ရည်တွေ လည်လာ၏။

''ကျွန်တော် လုပ်တာ အစ်ကို''

''ဘာလို့ လုပ်ရတာလဲကွယ်''

''ဒီကြော်ငြာကိုတွေ့ရင် အစ်မမြန်မြန် ပြန်သွားမှာစိုးလို့ အစ်မကို ကျွန်တော်တို့ အိမ်က ဘယ်မှမသွားစေချင်ဘူး''

''ဟုတ်တယ်၊ သတင်းစာ ကြော်ငြာပါတုန်းက တိုးကြီးက ကျွန်မကို လာပြောတယ်။ ကျွန်မလဲ သိမ်းထားဖို့ သဘောတူမိတယ်။ အစ်ကို့ကို မပြတာက အစ်ကို သဘောမတူမှာစိုးလို့''

ကလေးများသည် သူတို့သိမ်းထားသော ဖြတ်ပိုင်းကို စိမ်းတွေ့မတွေ့ မသိကြပေ။ သို့သော် သူတို့စာများ ပျောက်





သွား၍ စိတ်မကောင်းကြပေ။ စောစောက ဆုတ်မပစ်မိသည်ကို နောင်တရနေကြသည်။

''နောက် ဒီလိုမလုပ်ကြနဲ့၊ သူ့ယောက်ျားနဲ့သူ ကွဲအောင်လုပ်သလို ဖြစ်နေတော့ မင်းတို့ ငရဲကြီးမှာပေါ့''

ကလေးများမှာ ယခုလိုဆိုတော့လည်း သူတို့လုပ်လိုက်မိသည့်အတွက် စိတ်မကောင်း ဖြစ်ကြရပြန်သည်။

''မမစိမ်း စိတ်ဆိုး သွားသလား''ဟု မခမ်းလုံက မေးမြန်းသည်။

မခမ်းလုံ မေးသည်ကို သူမကြားပေ။

''ကောင်းကြတာပေါ့ကွာ''

ကိုဝဏ္ဏသည် ဒါပဲရေရွတ်နိုင်သည်။ ကလေးတွေကို ကြိမ်းမောင်းဖို့ကလည်း ကလေးများသည် သူစွဲလမ်းသလိုပင် စိမ်းကိုစွဲလမ်းကြခြင်း ဖြစ်ပေသည်။

တံခါးဝသို့ ထသွားကာ တံခါးတစ်ချပ်ကို ဖွင့်လိုက်၏။ အပြင်တွင် နှင်းထုဖြင့် မည်းမှောင်၍နေသည်။ လေအေးများသည် တံခါးမှစွတ်၍ ဝင်လာသည်။

ညတွင်းချင်းပဲ လားရှိုးသို့လိုက်ကာ ရှင်းလိုက်ချင်ပါရဲ့။ အချိန်များကား နောက်ကျခဲ့ပေပြီ။

''မရွှေစိမ်းရေ...၊ ကျုပ် မယုတ်မာပါဘူး။ ကျုပ် တစ်နေ့တော့ ရှင်းပြပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



သူသည် တတွတ်တွတ် ရွတ်ရင်း၊ တံခါးကို ပြန်၍ ပိတ်လိုက်၏။

မနက်အစောကြီး အိပ်ရာမှထလိုက်၏။ အမေသည် မီးဖိုချောင်သို့ ရောက်နှင့်နေပြီ။ သူ့အတွက် ကောက်ညှင်းပေါင်း၊ နို့နှင့်ကန်စွန်းဥပြုတ်ကို ပြင်၍ထားသည်။ သူသည် နို့တစ်ခွက်သာ သောက်ကာ အိမ်ပြင်သို့ထွက်သွားသည်။

ကောင်းကင်သည် လင်းလာ၍ နှင်းပြင်များကို မနေ့ကလိုပဲ တွေ့ရသည်။ နေရောင်ခြည်သည် တောင်တန်းပေါ်မှ ဖြတ်ကျော်လာ၍ ချယ်ရီပင်ခက်များပေါ်မှ နှင်းစက်များသည် ငွေရောင်တောက်လာသည်။

မှုန်မှိုးမှိုးဖြစ်နေသော ပတ်ဝန်းကျင်တွင် နှင်းဖတ်များနှင့် သစ်ရွက်များ တောက်ပပုံမှာ နှင်းနတ်မယ်၏ ဝတ်လွှာရုံ ငွေခြည်ပါးတွင် ပိုးဇာပွင့်များ ဖော်ထားသလို ပြိုးပြိုးပြက်ပြက်နှင့်ပေါ်လွင်နေတော့သည်။

ကိုဝဏ္ဏသည် တစ်ယောက်တည်း ချယ်ရီပင်အောက်တွင် မတ်တတ်ရပ်နေသည်။

အရှေ့ဘက် တောင်တန်းကိုဖြတ်ကျော်၍ လေယာဉ်တစ်စင်းသည် မြောက်ဘက်သို့ဦးတည်၍ ပျံသွားသည်။ ဘယ်သူတွေကို တင်ဆောင်သွားသည် မသိနိုင်သော လေယာဉ်မှာ ငွေရောင်လက်ကာ တရွေ့ရွေ့ သူ့ခေါင်းပေါ်မှ ဖြတ်သန်းသွားသည်။





သူသည် လည်စည်းကိုဖြုတ်ကာ ကောင်းကင်ကို မော့၍တလှုပ်လှုပ် ဝှေ့ယမ်းပြနေသည်။

"သွားတော့စိမ်းရေ . . . သွားတော့"

ပါးစပ်မှ တိုးတိုးရေရွတ်သည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ် လုပ်နေရသည်။ ကျေနပ်စရာပေတည်း။ လေယာဉ်ပျံထဲမှာမှ စိမ်းပါလေလား၊ မပါလား မသိပေ။ သူ့ကို ဂရုမျှပင် မစိုက်။ ဆက်လက်ပျံသန်း၍ သွားသည်။

တောင်တန်းအိုကြီး၏ခေါင်းမှာ ပို၍ဖြူဖွေးလာ၏။ အမေနှင့်ကလေးများကမူ အိမ်ဝမှထွက်၍ သူ့အပြုအမူကို တအံ့တသြ ကြည့်နေကြသည်။

မိုးနှင့်မြေကြီးမှာ ဝေးကွာလှပါကလားး . . .။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

*မြင်စမ်းပါလှည့်မောင်*

ဆင်တော်ရန် ကေသာဖြီးရင်လ
လင်မျှော်ပြန်ပြီ တော်လို့
အများပြည်ရွာက ညည်းကြပါလိမ့်
အထီးကိုပင် စရော့သလား
သမီး ကိုယ့်ညီမကဲ့သို့
အများက မစာနာသတော်
ကြားရစကားသာ . . .။

မိုးသောက်ချိန်သည် ယာခင်း၏ မိုးသောက်ခင်းနှင့် ကွာခြားလွန်း၍ စိမ်း၏စိတ်ထဲတွင် ယာခင်းကိုရောက်ရခြင်းသည် အိပ်မက်ပင်လောဟု ထင်မိပေသည်။





ယာခင်း၏ နံနက်သည် သဘာဝ သံများနှင့်သာ ဖုံးလွှမ်း၍နေသည်။ မခမ်းလုံ၏ ကြက်ခြံမှ ကြက်ဖကြီး တွန်သံနှင့် တိုးကြီး၏နွားခြံမှ နွားအော်သံများသည် မရေး မနှောင်း ပေါ်လာ၏။

အိမ်၍ စိမ်းနေသော ဂျုံခင်းပေါ်တွင် နံနက်၏ နေခြည်ကလည်း တောက်ပသစ်လွင်၍ တောင်တန်းပေါ်မှ ဖြတ်ကျော်တိုက်ခတ်လာသော လေအေးများကလည်း သန်းဆတ်ချိုအေး လှပေသည်။ အမေတို့ မိသားစုသည် ချမ်းငြိမ်း သစ်လွင်သော နံနက်ခင်းတွင် အလုပ်ကိုယ်စီကို ကြရသည်။ လတ်ဆတ်သော လေတွင် မြေရနံ့များက အလုပ်စကြပြီဖြစ်သော မိသားစုစိတ်ကို ရွှင်လန်းစေပေသည်။

စိမ်းသည် ခုတင်ပေါ်လှဲရင်း ယာခင်း၏ နံနက်ကို အိပ်မက်သလိုပင် ပြန်တွေးနေမိသည်။ ရန်ကုန်၏နံနက်ခင်း ကတော့ ကသောကမျောနိုင်လှသည်။ လေသည် ပင်လယ်ဝ ကပင်တိုက်ခတ် လာရသော်လည်း လူနေများသော တိုက် အိမ်များကို ဖြတ်သန်းလာရ၍ လူငွေ့ပါလာသလို ပူနွေး နွေးဖြစ်နေလေသည်။ ရှူရှိုက်ရတိုင်း ငြီးစော်နံလာသလို လေက ညစ်ထိုင်း၍ နေပေသည်။

လမ်းမပေါ်မှ ဖြတ်သန်းသွားသော ကားသံများသည် ရန်ကုန်နံနက်၏ အိပ်ရာမှထလာသော အသံဖြစ်သည်။ ဆူ၍ မောစရာကောင်းလှသည်။ ပဲပြုတ်သည်အသံနှင့် ကုလား



www.burmeseclassic.com

www.burmeseclassic.com



မုန့်သည်သံမှာလည်း တစ်နေ့တာအတွက် ဝမ်းစာရှာဖွေရခြင်း၏ မောပန်းကျပ်တည်းလှပုံကို ဖော်ပြနေသည်နှင့် တူပေသည်။

စိမ်းသည် အိပ်ရာမှထ၍ ပြတင်းကို ဖွင့်လိုက်၏။ ပြတင်းမှ ကျလာသော နံနက်ခင်း နေရောင်ခြည်တန်းကဖုန်များပြည့်သိပ်ကာ ယာတော၏ နေရောင်ခြည်များလို သစ်လွင်တောက်ပခြင်း မရှိပေ။

ရန်ကုန်၏အငွေ့ အတွေ့တို့နှင့် စိမ်းသည် ထိတွေ့ရလေပြီ။ မနက်ခင်းတွင်တော့ ရေချိုးမျက်နှာသစ်နှင့် အလုပ်များသလိုရှိလိုက်၏။ နေမြင့်လာသော အချိန်များတွင်မူ သူသည် အိပ်ခန်းထဲမှာပင် ငြိမ်ငြိမ်လေးနေ၏။ ဒေစီကလည်း သူ၏အလုပ်များကို စိမ်းမကူညီရန် တောင်းပန်သည်။ စိမ်းအား အိပ်ရာထဲတွင် လှဲ၍အိပ်စက်နားနေရန် ပြော၏။ စိမ်း၏ စိတ်များကလည်း ထိုင်းမှိုင်းလှသည်။

လေသည် ပြတင်းမှ ဖြည်းညင်းစွာ ဝင်ရောက်လာ၍ ဇာခန်းဆီးမှာ တိမ်းနွဲ့တိမ်းပါး ဖြစ်နေလေသည်။ ဇာပြင်သည် အဝါရောင်ဖြစ်၍ ပန်းပွင့်ငယ်များနှင့် သစ်ရွက်နွယ်များကို ဖက်စပ်ရက်ထားလေသည်။ လေတိုက်လိုက်တိုင်း သစ်ရွက်ကလေးများ လွင့်စင်၍ ကျသွားသလို ထင်နေရလေသည်။

စိမ်း၏ခုတင်တိုင်မှ ဇာခြင်ထောင်ကိုလည်း လေသည် တိုးဝှေ့၍ တိုက်ခတ်သွားလေသည်။ စိမ်းကတော့ ငြိမ်ငြိမ်





သက်သက်ပင် အိပ်ရာပေါ်တွင် ခွေ၍နေ၏။ ပိုးတီကောင်အဖြူလေးလိုပင် သေးနွဲ့ပျော့ခွေလွန်း၍ သူ့ခန္ဓာကိုယ်မှာ မွေ့ရာထဲသို့ပင် နစ်၍ပျောက်သွားတော့မလို ဖြစ်နေပေသည်။

သူ့ဘေးတွင် ဒေစီကလည်း ငြိမ်ငြိမ်ထိုင်နေလေသည်။ ကြမ်းပြင်ပေါ်ရှိ ဒေစီ့သားလေးကလွဲ၍ အခန်းထဲတွင် အားလုံး ငြိမ်သက်နေသည်။ ကလေးသည် ကတ်ပြားအပိုင်း အစကလေးများနှင့် ဆက်၍ထားသော အင်္ဂလိပ်မအရုပ်မှာ ဆက်၍မရပေ။ အပိုင်းပိုင်း ဖြစ်နေလေသည်။

စိမ်းသည် အရုပ်နှင့်ကတ်ပြား အစအနများကို စိုက်၍ကြည့်နေမိသည်။ ကလေးမှာ သူဆက်စပ်မရသော အရုပ်ကားအတွက် ခေါင်းရှုပ်နေပုံရလေသည်။

စိမ်းအဖို့တွင်လည်း သူ့ဘဝကားချပ်ကို ဆက်စပ်မရ၍ မူးနောက်လာတော့သည်။

ဖြစ်ပျက်နေပါသည်ဆိုသော အကြောင်းတရားများကိုလည်း သူကမယုံချင်၊ မယုံချင်၍လည်း ဘာကိုဆက်လက်လုပ်ရမည်ကို မတွေးတတ်ပေ။ ဘဝသည် အပိုင်းပိုင်းအဆက်ဆက်များလှ၍ ပြေပြစ်ချောမွေ့သော ကားချပ်တစ်ခုဖြစ်ဖို့အတွက် ဘယ်လိုဆက်စပ်ရမည်ကို သူသည် မတွေးတတ်ပေ။

ကြမ်းပြင်ပေါ်မှ ကလေးသည် အရုပ်ကား အပိုင်းများကို လက်နှင့်မွှေနှောက်ဖျက်ပစ်၍ အခန်းပြင်သို့ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကလေးခေါင်းထဲတွင် စိတ်မရှည် ဖြစ်လာဟန်တူသည်။

''ကလေးရေ၊ မင်းအဖို့ကတော့ ကစားစရာ ကားချပ်ကို စိတ်မရှည်ရင် မွှေနှောက်ဖျက်ပစ်လို့ရတယ်။ ငါ့မှာကဘဝကွယ်၊ ဘဝကသာ စက္ကူတစ်ချပ်ဆိုရင် ငါလဲပဲ မင်းလိုပဲ မွှေနှောက်ပြီး ဆုတ်ပစ်လိုက်ပါရဲ့''

စိမ်းသည် ကလေးကို ကြည့်ရင်း စိတ်ထဲမှာ ရေရွတ်မိ၏။ ပြီးတော့ သူ့ဘဝကို သူ မယုံနိုင်သလို ဖြစ်လာပြန်သည်။

''ဒေစီ . . . တကယ်ပဲ ကိုကိုဟာ မိန်းမယူသွားပြီ''

ဒေစီသည် စိမ်းမေးခွန်းအတွက် ပါးစပ်မှမဖြေတော့ပေ။ ခေါင်းညိတ်၍ပြလိုက်၏။ မနေ့က လေယာဉ်ပေါ်မှဆင်းလာကတည်းက တစ်နေ့လုံး ကိုဝင်းဖေအကြောင်းကို ပြောခဲ့၏။ ဒါနှင့်လည်း စိမ်းသည် ကျေနပ်ပုံမရ။ ထပ်၍မေးနေသောကြောင့် ခေါင်းညိတ်၍ပင် ပြောလိုက်တော့သည်။

မနေ့က တစ်နေ့လုံး မောခဲ့ရ၏။ လေယာဉ်ပျံပေါ်မှ ဆင်းဆင်းချင်းပင် ဂျစ်ကားတစ်စီးငှားကာ သတင်းစာဖြတ်ပိုင်းတွင်ပါသည့် လိပ်စာအတိုင်း ကိုဝင်းဖေအိမ်သို့သွားခဲ့လေသည်။ သို့သော် ဦးဝိစာရလမ်းရှိအိမ်မှာ ကိုဝင်းဖေကို သူမတွေ့ရပေ။

သူစိမ်း မျက်နှာများက သူ့ကို ဆီး၍ ကြည့်ကြ၏။





သူ့မေးခွန်းများကိုလည်း ဘာမှကျေနပ်အောင် မဖြေဆိုနိုင်ကြပေ။ ထိုအိမ်မှာကတည်းက မဲ့မဲ့၍ ငိုချင်၏။ အိမ်သားများသည် စိမ်းအား ကြင်နာယုယစွာ စကားပြောကြပေမယ့် စိမ်းက အော်ဟစ်၍ ပစ်လိုက်ချင်သည်။

လွန်ခဲ့သော လေးလခန့်က သူတို့သည်အိမ်ကို ပြောင်းရွှေ့လာကြောင်း၊ ယခင်က ဘယ်သူနေမှန်း မသိကြောင်း၊ သူတို့သည် အစိုးရအလုပ်နှင့် မြေလတ်ပိုင်းမှ ပြောင်းရွှေ့လာကြကြောင်းကိုသာ ရှည်ရှည်မွှန်မွှန် ပြောကြသည်။

''ကျွန်မကို ခွင့်ပြုပါဦး''

စိမ်းသည် ကတုန်ကယင်နှင့် နှုတ်ဆက်၍ ဂျစ်ကားပေါ်ပြန်တက်လိုက်သည်။ ကားသည်ခြံဝင်းမှထွက်၍ ဦးဝိစာရလမ်းပေါ်တွင်သာ အပြေးမောင်းနေသည်။ သူကတော့ ဘယ်ကိုသွားရမည်မှန်း မသိသေးပေ။

မျှော်လင့်ချက်များ . . .

မျှော်လင့်ချက်များကလည်း ရင်ထဲတွင် အပြည့်ဖြစ်၍ လေယာဉ်ပျံပေါ်ကတည်းက ကိုကိုနဲ့သာတွေ့ရင်ဟူသော မျှော်လင့်ချက်နှင့် တွေးခေါ်ခဲ့ရသည့် အတွေးများကား ကြွေလွင့် ပျောက်ကွယ်ရတော့မည် ပါတကား။

မြင်လျှင်မြင်ချင်း ကိုကို့ရင်ခွင်ထဲသို့ပစ်၍ ဝင်လိုက်မည်။ သူ့အဖြစ်များကိုလည်း ပြောမည်။ ကိုကို့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်းမေးမည်။ အသက်ရှင်လျက် ရှိပါလျက်နှင့်သူ့ကို ဘာကြောင့်များ မရှာသည်ကိုလည်း အပြစ်တင်သံတွေ နှော၍ ပြောလိုက်မည်။ ရင်မှာဆို့လာတိုင်းလည်း အားရအောင်ငိုမည်။

ယခုတော့ မျှော်လင့်ချက်၏ လမ်းစသည် ပျောက်လု ပြီထင်ပါရဲ့။

စိမ်းသည် ရင်ထဲမှာ ကျပ်လွန်း၍ ပါးစပ်ဖွင့်ကာ အသက်ရှူရင်း မောဟိုက်ဟိုက် ဖြစ်နေလေသည်။

"အစ်မကြီး ...ဘယ်ကိုမောင်းရမှာလဲ ခင်ဗျာ"

ဒရိုင်ဘာ အသံကြားမှ သတိရလာ ပြန်သည်။ ရုတ်တရက်ဆိုတော့လည်း ဘယ်ကိုသွားရမှန်း မသိပေ။ လက်ထဲမှာ ငွေကလည်း နည်းနည်းပဲကျန်တော့၍ ဝိုင်ဒဗလျူ စီအေသို့ သွားဖို့ကလည်း မဖြစ်သေးပေ။

"သောမဆင်ရိပ်သာကိုမောင်း"

"သော်မဆင်ရိပ်သာတွင် ဒေစီ တစ်ယောက်ကို တွေ့နိုင်ပေသေးသည်။ သူ့ဂျစ်ကားလေးကို အိမ်ဝရပ် လိုက်လျှင် သံဆွဲတံခါးမှ ဒေစီကို စိုက်ကြည့်နေသည်။ သူသည် ဒေစီကို မြင်တော့မှ ရင်ထဲမှာ နည်းနည်းချောင်၍ သွားကာ ကားသမားကို ပိုက်ဆံပေးလိုက်၏။

အိမ်ဘက်သို့ မျက်နှာလှည့်လိုက်သည်နှင့် တစ်ပြိုင် နက် ဒေစီသည် လန့်၍သွားသလို အော်လိုက်တော့သည်။





"စိမ်း...စိမ်း...ဘယ်...ဘယ်လိုဖြစ်လာတာလဲ"

ဒေစီသည် တံခါးကိုဆွဲဖွင့်ကာ သူ့ဆီကိုပြေးလာ၏။ သူ့ကိုတအားဖက်ကာ ဆွဲ၍လည်းလှုပ်၏။ အိမ်ခန်းထဲသို့ လည်း တွဲ၍ခေါ်လာသည်။ ပြီးတော့ သူ့ကိုစေ့စေ့ကြည့် နေ၏။

"စိမ်း မသေဘူးပေါ့နော်"

စိမ်းသည် ဘာကိုမှပြန်မပြောနိုင်။ ဒေစီကိုသာ စိုက်၍ ကြည့်နေမိသည်။ ယခုနေအခါ အားရပါးရ ငိုပစ်လိုက်လျှင် ရင်ထဲတွင် သက်သာတန်ကောင်းပါရဲ့။ ယခုတော့ ငို၍လည်း မရ၊ ရင်ထဲတွင်သာ ကျပ်၍လာသည်။

"စိမ်း ဘာမှမဖြစ်ပါဘူး ဒေစီ၊ ကိုကိုကောဟင် ကိုကို ဘယ်မှာရှိသလဲ"

ဒေစီသည် သူ့ကို ဘာမှမဖြေသေးပေ။

"မင်း ကိုကို့ အကြောင်းကို စုံစမ်းသေးတာပေါ့။ တစ်ခုခုတော့ သောက်လိုက်ဦး။ စိမ်းကို ကြည့်ရတာ နေမကောင်းသလိုပဲ။ ပြီးမှစကားပြောမယ်။ အင်္ကျီတွေ ဘာတွေ လဲပါဦးကွယ်။ စိမ်းအင်္ကျီတွေက တောသူကြီး တွေလိုပဲ"

"စိမ်းမှာ ဘာအင်္ကျီမှမရှိဘူး။ ဒီတစ်စုံပဲ ယူခဲ့တယ်။ ယာတောမှာလဲ ဒါပဲဝတ်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှန်သားပွင့်ရိုက် အကြမ်းအကျႌကို လက်နှင့် သပ်ရင်းပြောလိုက်၏။

"ယာတောမှာ ဟုတ်လား"

"ဟုတ်တယ်၊ စိမ်းယာတော တစ်ခုမှာ နေလာခဲ့ရတယ်"

ဒေစီသည် ပင့်သက်ရှူလိုက်၏။

"ကဲ...အိပ်ခန်းထဲကိုလာဦး။ ခဏလှဲနေရင် ကောင်းမယ်။ တစ်ခုခုသောက်ပြီးမှ စကားပြောရအောင်"

သူသည် ဒေစီနောက်ကကပ်၍ လိုက်လာရပေမယ့်၊ သူ့မေးခွန်းကို ဒေစီက မဖြေသည်ကို မကျေနပ်ပေ။ စိမ်းသည် အိပ်ရာပေါ်တွင် ခဏလှဲလိုက်၏။ သူ့အတွက် ဒေစီသည် အိုဗာတင်းတစ်ခွက်ကို ဖျော်၍ယူလာသည်။ အငွေ့တထောင်းထောင်း ထွက်၍လာသော အိုဗာတင်းပန်းကန်ကို စိမ်းသည် ကြည့်ရင်း၊ ယာတောမှ အမေတိုက်လိုက်သော နွားနို့များကို သတိရလာ၏။

ပြီးတော့ ကိုဝဏ္ဏမျက်နှာပေါ်လာသည့် တစ်ပြိုင်နက် ဒေါသဖြစ်၍ လာရပြန်သည်။

ဒေစီနှင့် အိုဗာတင်းသောက်ရင်း စကားစပြော၏။ ဒေစီကမူ ကိုဝင်းဖေအကြောင်းကို တစ်လုံးမှ မပြောသေးပေ။

သူသည် ကိုဝင်းဖေ ကြော်ငြာထားသော သတင်းစာ





ဖြတ်ပိုင်းကို နောက်ဆုံးတွေ့သည်အထိ အားလုံး ပြောပြနေသည်။

"ဒီလိုဆိုတော့ နောက်ဆုံး သူ့ကြော်ငြာကို စိမ်း မဖတ်ရဘူးပေါ့"

"မဖတ်ရလို့ပေါ့ ဒေစီ၊ ဒါကြောင့် စိမ်း ကြာနေတာပေါ့။ နို့မို့ရင် ပြေးလာမှာပေါ့"

"မင်းနေတဲ့ ယာတောက ဒါလောက်ပဲ ခေါင်လား"

"ခေါင်လှတယ်တော့ မဟုတ်ဘူး။ စာဖတ်လေ့ဖတ်ထ မရှိကြတော့ သတင်းစာလဲ မဖတ်ကြဘူး။ ကိုယ်နေတဲ့ အိမ်သား တစ်စုကသာ စာလေးဘာလေး ဂရုစိုက်ကြတာကိုး"

"ဒေစီထင်တာကတော့ မင်းကိုများ ကိုဝဏ္ဏက ကြိုက်နေသလား။ ဒါကြောင့် စိမ်းပြန်မှာစိုးလို့ ဒီသတင်းစာ ဖြတ်ပိုင်းတွေ ဖွက်ထားတာထင်တယ်"

"ဒါပေါ့၊ ဒါကြောင့် စိမ်းလဲ ကျေးဇူးတွေ ရှိပေမယ့် ပက်ပက်စက်စက်ကို ပြောခဲ့တာပဲ။ သူကိုယ့်ကို ချစ်နေပြီ၊ ဒါတွေ ထားလိုက်ပါဦး၊ ကိုကို သေတယ်ဆိုပြီး ဘယ်လို ဖြစ်တာလဲ"

ဒေစီသည် စိမ်းကိုစိုက်၍ ကြည့်ပြန်သည်။

"သေတယ်လို့ သတင်းကြားတောင် စိမ်းဟာ မြို့ကို ပြန်လာဖို့ ကောင်းပါသေးတယ် ဒီမှာဆို အားလုံးဟာ အဆင်ပြေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းကြားတာ မဟုတ်ဘူးလေ၊ သတင်းစာမှာ ဓာတ်ပုံရော၊ သူ့လက်ဆွဲ သားရေအိတ်ပုံတွေကလဲ အားလုံး ထပ်တူ၊ ပြီးတော့လဲ သေကြောင်းကို ကိုကို့ မေမေတို့ ကြော်ငြာတာတွေလဲ တွေ့တော့ ယုံတာပေါ့။ သေပြီဆို တော့လဲ ဒီမလာချင်တော့ဘူး။ တစ်ယောက်တည်း ပြန်လာ ရမှာကိုဆွေးတယ်၊ ပြန်လာလို့ကော ဘယ်မှာ ဘယ်သူနဲ့ သွားနေရမှာလဲ။ ဝိုင်ဒဗလျူစီအေကို ပြန်ကပ်ရဦးမှာလား ဟင် ဒေစီ။ စိမ်းတစ်ယောက်တည်း အရူးမကြီးလို ပြန်နေ ဦးမှာလား"

"မင်းကိုတော့ တစ်ယောက်တည်း အိုးမဲ့အိမ်မဲ့ နေရမှာကို ဒေစီ မကြည့်ချင်ပါဘူး။ ဒါပေမယ့် မင်းပြန် မလာလို့ ဘယ်လောက် လက်လွှတ်ရတယ်ဆိုတာ စိမ်းသိရင် ရင်ကွဲဦးမယ်"

"ဘယ်လို"

"ပထမ ကိုဝင်းဖေ သေတာကို ပုလိပ်ဘက်က အတည်ပြုတယ်။ သေနေတဲ့အလောင်းကို သွားတွေ့တော့ တောင်ကြီးနားမှာ တွေ့တယ်တဲ့။ အလောင်းဘေးက သားရေ အိတ်မှာလဲ သူ့အမှုစာအုပ်ရော၊ ဒိုင်ယာရီကော သူ့ဓာတ်ပုံ ကောတွေ့တယ်။ ဒီအလောင်းတွေ့ပြီး နောက်ထပ် ကိုဝင်းဖေ သတင်းကလဲ ဘာမှ မကြားရတော့ သူသေပြီဆိုတာကို အားလုံး အသိအမှတ်ပြုတယ်။ ဒါကြောင့်လဲ ကိုဝင်းဖေ





အမေတို့က ကွယ်လွန်ကြောင်း သတင်းစာထဲ ထည့်တာ ပေါ့။ နောက်ခြောက်လလောက်ကြာမှ ကိုဝင်းဖေဆီက သတင်း ရပြီး၊ သူ့အမေတွေ တောင်ကြီးမှာ သွားခေါ်ရတယ်။ တောင်ကြီးက ဆေးဆရာ အိမ်တစ်အိမ်မှာ ဖျားပြီး သတိမရ တစ်ချက် ရတစ်ချက်နဲ့ သူ့ကိုပြန်ခေါ်လာတယ်။ ကိုယ်သွား တွေ့တော့ ကိုဝင်းဖေဟာ သတိကောင်းကောင်း မရ သေးဘူး"

"ဟင် စိမ်းတို့ ဓားပြတိုက်ခံရတာက မိုင်းငေါ်နဲ့ ကျောက်မဲကြားမှာ၊ သူက ဘယ့်နှယ် တောင်ကြီးကိုရောက် သွားတာလဲ"

"ကားနဲ့သွားလို့ ဖြစ်တာပဲကွ၊ ကိုဝင်းဖေ နေကောင်းလို့ ပြောပြတော့ သူတို့ကို မျက်စိပိတ်ပြီး ကားနဲ့ အဝေးကို ခေါ်သွားတာ လေးရက်လုံးလုံးပဲတဲ့။ ပြန်ပေး လုပ်ဖို့ဟာလဲ ခက်တယ်မဟုတ်လား။ တစ်နေ့ ယာတော တစ်ခုမှာ သူနဲ့သူ့တပည့်ကို ထားခဲ့တယ်တဲ့။ အဲဒါ အစောင့် အလစ်မှာ တန်းပြေးကြတာပဲ။ နောက်က ဓားပြတွေ လိုက်လာ တာမှာ ပြေးကြရင်း လူကွဲသွားတာတဲ့။ သားရေအိတ်နဲ့ သေနေတာ သူ့တပည့်ထင်တယ်တဲ့။ အဲဒီအလောင်းကို တောင်ကြီးက စော်ဘွားကတွေ့ပြီး၊ ကိုဝင်းဖေ အမေများ ဆီကိုအကြောင်းကြားတာပဲ။ သူကတော့ ပြေးရင်းနဲ့ ဘယ် ရောက်မှန်းလဲမသိဘူး။ လမ်းမှာဖျားပြီး မေ့နေတာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတောင်ကြီးက ရှမ်းဆရာကြီးဆီ ရောက်နေပေမယ့် သူ့ကို ဘယ်သူမှန်းမသိဘူး။ သူနည်းနည်း သတိရလာမှ အိမ်ကိုမှာခိုင်းရတာတဲ့''

''အိမ်ရောက်တယ်ဆို စိမ်းဘယ်မှာ ရောက်နေလဲ လို့ကြော်ငြာတာပဲလား''

''ဘယ်ကြော်ငြာနိုင်မလဲ ငှက်ဖျားနဲ့စိတ်ညှစ်တာနဲ့ ရောပြီးဖျားနေလို့ မနည်းဘဲကုရတယ်။ ခြောက်လ ခုနစ်လ လောက် အိပ်ရာထဲ လဲပြီးတော့မှ နေကောင်းလာတယ်။ ဒီတော့မှ သူလဲ စိမ်းဆီကို ကြော်ငြာရတာပဲ''

''ဟင် . . .''

''ကြော်ငြာပေမယ့် စိမ်းက ဘာသတင်းမှမရတော့''

''မရတော့ . . .''

ဒေစီစကားဖြတ်ထားသော နေရာသည် စိမ်းအတွက် အရေးအကြီးဆုံးနေရာ ဖြစ်နေ၍ ဒေစီနောက်ပြောမည့်စကား ကို စိမ်းသည် မျှော်လင့်ကြီးစွာနှင့် နားထောင်နေ၏။

''သူ့မိဘတွေက မင်းကို မလိုလားကြဘူး မဟုတ် လား။ အဲဒီလိုဖြစ်နေတုန်း စိမ်းဟာသေပြီ။ ဒါကြောင့် မိန်းမ ယူရမယ်လို့ ဝိုင်းနားချကြတာပဲ။ အရင် သူတို့ပေးစား မယ်လို့ စီစဉ်ထားတဲ့ ခင်ခင်သန်းနဲ့ပဲ လက်ထပ်ပေးလိုက် ကြတယ်''





''ကိုကိုက ခင်ခင်သန်းကို ယူတယ်''

''ယူတာပေါ့''

''စိမ်း မယုံဘူး''

''မင်း အသက်ရှင်လျက်နဲ့ရှိနေရင်တော့ မယုံစရာ ပါလေ။ စိမ်းသေပြီလို့ သူက ယူဆထားတာကိုး။ ဒီတော့ ယူတာပေါ့''

''သူ့နှလုံးသားထဲမှာတော့ စိမ်းဟာ ဘယ်တော့မှ မသေပါဘူး''

ဒေစီသည် ပင့်သက်ရှူလိုက်၏။

''ခက်လိုက်တာ စိမ်းရယ်၊ သူတို့က ယောကျ်ား အသည်းနှလုံးထဲမှာ ချစ်သူရှိသလို သူတို့ဆန္ဒဖြေဖျော်ဖို့ကိုလဲ ရှိချင်ကြတာပဲ။ အသည်းနှလုံးထဲမှာ ရှိနေတဲ့ ချစ်သူကို အစဉ်တောင့်တပြီး မိန်းမမယူဘဲ နေတဲ့သူရယ်လို့ မင်းဘယ် တုန်းကများ တွေ့ဖူးလို့လဲ။ သူတို့ခန္ဓာကိုယ်နဲ့ စိတ်အတွက် ထပ်တူထပ်မျှ ကျေနပ်နိုင်ဖို့အတွက် မိန်းမတစ်ယောက် တည်းဖြစ်ဖို့ဟာ အင်မတန် ခဲယဉ်းပါတယ်ကွယ်''

ဒေစီ့ စကားကို နားထောင်ရင်း ယခုလိုဖြစ်ရသော အကြောင်းများတွင် သူ၏ချွတ်ယွင်းချက်များပါလေသလားဟု စိမ်းကပြန်၍ တွေးနေပြန်၏။ ကိုယ့်ကိုယ်ကိုယ်တော့ လျှော့တွေး၍လား မသိ၊ သူ့အပြစ်ကို သူမတွေ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကိုကိုသည် သူ့ကို ရှာဖို့ကောင်းပါသေးသည်။ သူကလည်း ဘာကြောင့်များ မြို့ကို ပြန်မလာမိပါလိမ့်။

လက်တစ်လုံးကြားလေး ကွာလိုက်မှုသည် ဘဝအား အကြီးအကျယ် ပြောင်းလဲလိုက်ပါပကော။ ကိန္နရီမောင်နှံတို့၏ ချောင်းခြားဇာတ်က ပြန်လည်၍ တွေ့ဆုံမည့်အခန်းပါ သေးသည်။ သူနှင့်ကိုကိုကတော့ အဏ္ဏဝါ ခြားခဲ့ကြပြီ။ ခင်ခင်သန်းသည် သူတို့နှစ်ယောက်ကြားတွင် အဏ္ဏဝါလည်း ဟုတ်၏။ သဲကန္တာရလည်းဟုတ်၏။ သူ့အဖို့ ဘယ်လိုပဲအရင် လက်ထပ်ခဲ့သူအနေနှင့် အခွင့်အရေးရှိပေမယ့် ခင်ခင်သန်း ငုတ်တုတ်ရှိလျက်နှင့် ကိုဝင်းဖေကို ပြန်၍မကပ်လိုတော့ပေ။ မကပ်လိုလျှင် မရွှေစိမ်း ဘယ်ကို လွင့်ပါဦးမည်နည်း။

စိမ်း ယခုလို ငြိမ်သက်စွာ တွေးနေသည့်အတွက် ဒေစီက စိတ်မကောင်း ဖြစ်လာပြန်သည်။

“ဒီမှာပဲ ခဏနားပြီး အလုပ်လေး ဘာလေးရှာသေး တာပေါ့စိမ်းရယ်၊ ပြီးတော့ . . .”

ဒေစီက သူ့စကားကို မဆက်ပေ။ နားထောင်ရင်း စိမ်းသည် ‘ခဏ’ဆိုသည့် စကားလုံးကို သတိထားမိ၏။ ‘ခဏ’ ဆိုတော့ ကြာရှည်နေဖို့တော့ လိုလားဟန်မရှိပေ။ မှန်ပေသည်။ ဒေစီတို့သည်လည်း ငယ်ရွယ်သော အိမ်ထောင် ရှင်များသာရှိသေး၏။ ဒီကြားထဲတွင် သူ့လိုတစ်ခုလပ် မိန်းမသား တစ်ယောက်တည်းအနေနှင့် အတူနေဖို့ကို ဒေစီ စိုးရိမ်ဟန်ရှိသည်။





အမှန်တော့ ဒေစီသည် သူထိန်း၍ မနိုင်သော သူ့ယောက်ျား၏အန္တရာယ်ကို ကြိုတင်ကာကွယ်လို၍ ‘ခဏ’ ဟူသော စကားလုံးကို ထည့်ပြောရခြင်းဖြစ်ပေသည်။ တွယ်ရာ မဲ့ရှာသော သူငယ်ချင်းအတွက် ‘ခဏ’ဆိုသော စကားလုံး ကိုထည့်သွင်းသုံးရသည်ကို စိတ်မချမ်းသာပေ။

“အခု သူဘယ်မှာလဲဟင်”

တိတ်ဆိတ်နေရာမှ စိမ်းက မေးလိုက်၏။

“ကိုဝင်းဖေလား၊ သူတောင်ကြီးမှာ ရှမ်းပြည်ကို စစ်အုပ်ချုပ်ရေးလုပ်ထားတယ်။ သူ့ကိုခေါ်ယူလို့ တောင်ကြီး ကိုပြောင်းသွားရတယ်”

“စစ်အုပ်ချုပ်ရေးတွေ ဘာတွေလဲ ယာတောအနေနဲ့ မသိပါဘူး။ ပြီးတော့ စိမ်းတို့ယာတောရှိတာက ရှမ်းပြည် နယ်မြောက်ပိုင်း၊ ကိုယ်တစ်ခု ဒေစီကိုတောင်းပန်ချင်တာက စိမ်း ဒီကိုလာတာတွေ၊ စိမ်းအသက်ရှင်လျက် ရှိနေတာတွေကို ကိုဝင်းဖေကို ဘယ်လိုနည်းနဲ့မှ အကြောင်းမကြားပါနဲ့”

“ဟင် . . . ဘာဖြစ်လို့လဲ”

“အကြောင်း ထူးတော့တာမှမဟုတ်ဘဲ၊ ကိုယ်ရှိ နေတယ်ဆိုတာသိရင်လဲ သူတို့မှာ စာရင်းရှုပ်လာဦးမယ်။ ခုနေတော့ ကိုကို့စိတ်ထဲမှာ စိမ်းဟာ သေသွားနေပြီ။ စခန်း သိမ်းထားတော့ ဘာမှစိတ်သောက ရောက်စရာမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကံအကြောင်းတရားတွေပေါ့ ဒေစီ။ နက်ဖြန်မှ စိမ်းအလုပ်ရှာဦးမယ်''

ဒေစီသည် ဘာမှပြန်မပြောနိုင်ပေ။ သူ့ရင်ထဲတွင် သူငယ်ချင်းဖြစ်သူအား သူနှင့်အတူနေဖို့ စိမ်မပေးနိုင်သည်ကို ဝမ်းနည်းနေ၏။

ဒေစီယောကျ်ား ရုံးပြန်လာချိန်တိုင်း 'ဘာကြောင့် စိမ်းအား ဒေစီက အတူမနေလိုသည်ကို' စိမ်းသိခဲ့ရလေသည်။ ဒေစီသည် ခေါင်းမဖော်နိုင်အောင် မှူးလာသော ချစ်လင်အပြန်ကို ဆီး၍ကြိုရသည်။ အိမ်ရောက်ပြန်လျှင်လည်း အငြိမ်မနေပေ။ စိမ်းကို ကြည့်ပုံရှုပုံများကိုလည်း စိမ်းက မနှစ်သက်ပေ။

အရက်သမားရဲ့အန္တရာယ်သည် တစ်နေ့နေ့ စိမ်းအပေါ်တွင် ကျရောက်ပေလိမ့်မည်။ ဒေစီ့အကြောင်းကို သိလေလေ စိမ်းက ဒေစီကို ပို၍သနားလာသည်။

● ● ●



နေ့တိုင်းလိုလို စိမ်းအလုပ်ရှာ၏။

ကြာမြင့်လှပြီဖြစ်သော အချိန်များကတည်းက စိမ်းသည် အပြင်တွင် အလုပ်မလုပ်လိုပေ။ ရုံးစာများကို လွယ်အိတ်ထဲတွင်ထည့်၍ ပခုံးတွင်လွယ်ကာ လမ်းသလားနေရသောအလုပ်ကို စိမ်းက နည်းနည်းမှ မလုပ်ချင်ပေ။ သို့သော် ဖေဖေနှင့်မေမေတို့သေပြီးသည့်နောက် အပျိုဘဝတစ်လျှောက် သုံးဒီလွယ်အိတ်ကိုလွယ်၍ ဒီရုံးကို တက်ခဲ့ရ၏။

လမ်းများကလည်း လျှောက်ရသည်မှာ များလွန်းလှသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းမ မဆိုသူတို့အတွက် သင့်တော်သော အိမ်လေးတစ်လုံးနှင့် ချစ်ဖွယ်ကောင်းသော လင်ယောက်ျား သည် ရှိသင့်သည် မဟုတ်ပါလော။ သားသမီးများ ပေါ်ထွန်း လာချိန်တွင်တော့ သူသည်ပြည့်စုံသော မိန်းမဘဝကို ရပြီဟု ဆိုရပေမည်။

သားတို့အတွက် လှပသော အင်္ကျီလေးများကို ချုပ်ရပေမည်။ ချစ်လင်အတွက် ဟင်းကောင်းများကိုလည်း ချက်ပြုတ်ရပေမည်။ သပ်ရပ်လှပသော အိမ်ဖြစ်ဖို့ကိုလည်း ပြင်ဆင်ရပေမည်။

သမီးလေး မအိပ်သေးပါလျှင်လည်း ချိုသာသော တေးကိုဆို၍ သိပ်ရဦးမည်။ ချမ်းငြိမ်းသော အိမ်လေးထဲတွင် သီချင်းသံသည် လွှင့်ပျံ့၍နေသောအခါ လောကနိဗ္ဗာန်ပင် မဟုတ်ပါလား။

ကိုဝင်းဖေနှင့် လက်ထပ်လိုက်စဉ်ကတော့ စိမ်းသည် လောကနိဗ္ဗာန်၏ လမ်းစကို တွေ့ပြီဟု အောက်မေ့ခဲ့သည်။ ယခုတော့ ဘဝသံသရာသည် လည်မြဲအတိုင်းပြန်၍ လည် ပြန်ပကော။

အိမ်မဟုတ်သော အခန်းတစ်ခန်းတွင် နေရဦးမည်။ လွယ်အိတ်ကိုလွယ်၍ ပြေးရလွှားရဦးမည်။ ကျန်သော မိန်းမ များက စိမ်းနှင့်အယူအဆချင်း တူချင်မှတူကြမည်ဖြစ်သော် လည်း အပြင်းထန်ဆုံးသော ဆန္ဒမှာမူ . . .





အိမ်တစ်ဆောင်၊

အိပ်ရာတစ်ခုနှင့်

ထမင်းအိုးတစ်လုံး

ဖြစ်၍လေသည်။

အလုပ်ကို ရှာသာနေရသည်။ မလုပ်ချင်ပေ။ ကိုယ့် အိမ်မှာငါးပိချက်ကို ခရမ်းချဉ်သီးနှင့် ပျစ်ပျစ်တစ်ခွက်ချက်စား ချင်သည်။ ထမင်းဆိုင်က ထမင်းများနှင့် ထမင်းလခ ပေးစား ရသော ထမင်းများကို မစားချင်ပေ။

အပျိုတုန်းက စားခဲ့ရသော ဟင်းများကို ပြန်တွေးမိ တိုင်းငြီးစော်နံလာသည်။ အန်ချင်လာသည်။

တစ်ယောက်တည်းဆိုတော့ ဝိုင်ဒဗလျူစီအေတွင် နေရမည်။ ထမင်းဆိုလျှင် လခကအလွန်ကြီးပေမည်။ တစ်အိမ် အိမ်တွင်ဖြစ်ဖြစ်၊ ဆိုင်တစ်ဆိုင်မှာဖြစ်ဖြစ် နနွင်းနံ့နှင့် မဆလာ အနံ့ပြင်းသော ဟင်းထမင်းများကို ပိုက်ဆံပေး စားရဦးမည်။ မနေချင်သောဘဝကို နေနိုင်ဖို့ပင် ကြိုးစားဦးမည်ပါကလား။

စိမ်းသည် မနက်တိုင်း စောစောထ၍ အလုပ်ရှာထွက် ရ၏။

ယနေ့မှာမူ အင်းစိန်တန်းမြင့်ကျောင်းမှ အောက် တန်းပြ ဆရာမတစ်ယောက် လိုသည်ဆို၍ သူသည် အင်းစိန်ကို ပြေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားပေါ်မှ ဆင်းဆင်းချင်း လမ်းဘေးမှ သူ့ကို ခေါ်သံကြားရသည်။ သူ့ကိုများ ဘယ်သူက သိနေပြန်ပါ သနည်း။

သူသည် လှည့်၍မကြည့်ချင်။ သို့သော် ခေါ်သံက ကျယ်၍ကျယ်၍လာရုံသာမက ခေါ်သံရှင်သည် သူ့ပခုံးကို လာ၍ဆုပ်၏။

"စိမ်း . . . စိမ်း မဟုတ်လားဟင် ကလေးမ"

စိမ်းသည် သူ့ပခုံးကို လှုပ်နေသူအား စေ့စေ့ပြန်၍ ကြည့်မိသည်။

"ဒေါ်ရွှေသွယ် . . ."

"အေး . . ဟုတ်တယ်၊ ရွှေသွယ်လေ၊ မှတ်မိရဲ့လား ဟင် . . . ငယ်ရုပ်နည်းနည်းမှ မပျောက်ဘူး ကြည့်စမ်း။ ခုဘယ်သွားမလို့လဲ။ ယောကျ်ားရပြီဆို"

ဒေါ်ရွှေသွယ့် မေးခွန်းများကို စိမ်းသည် ဘာမှပြန် မဖြေနိုင်။ မျက်ရည်ဝိုင်းသော မျက်လုံးဖြင့်သာ ငေးကြည့် နေသည်။

စိမ်းမိဘများ တစ်ခေတ် ကောင်းစားစဉ်က ဒေါ်ရွှေသွယ်သည် စိမ်း၏အထိန်းတော်ကြီး ဖြစ်ခဲ့၏။ မိဘများ သေဆုံး၍ စိမ်းကစဥ့်ကရဲ ဖြစ်ချိန်တွင် ဒေါ်ရွှေသွယ်ကိုလည်း စိမ်းက တာဝန်မယူနိုင်တော့ပေ။





ဒေါ်ရွှေသွယ်သည် ရေကြည်ရာ မြက်နုရာ ရှာ၍ တစ်နေရာရာတွင် သောင်တင်နေပုံရလေသည်။

"အခု ဒေါ်ရွှေသွယ် ဘယ်မှာလဲ"

"မင်းကြီးကတော် မမြနုနဲ့အတူနေတယ်။ စိမ်းရဲ့ အဒေါ်ဝမ်းကွဲလေ"

"စိမ်း မှတ်မိပါတယ်"

"ဒါနဲ့များ မိန်းကလေးရယ် . . . တစ်ခေါက်တလေ များလာရောပေါ့"

"မေမေတို့ ဆုံးကတည်းက စိမ်းကသိပ်ဆင်းရဲတယ် မဟုတ်လား၊ သူတို့ကလဲ မေမေတို့ ဆုံးတာတောင် လာ မမေးဘူး။ ဒီတော့ စိမ်း ဘယ်အမျိုးမှ မတွေ့ချင်ဘူး"

"နေပါဦး . . . မိန်းကလေးက အခု ဘယ်မှာလဲ"

စိမ်းသည် ခေါင်းခါလိုက်၏။

"ဟင် . . . ဘာလဲ ဘယ်မှာမှ မနေဘူးလား"

"နေပါဦး ဒေါ်ရွှေသွယ်ရယ်၊ ဒါတွေမဖြေပါရစေနဲ့ဦး။ စိမ်း နောက်တော့ ပြောပြပါ့မယ်"

"အခုတော့ မမြနုဆီကို လာလည်ပါဦး၊ လိုက်ခဲ့ပါ ကလေးမရယ်၊ သူ့မင်းကြီးဆုံးကတည်းက မမြနုဟာ စိတ်ကျ ပါတယ်။ တစ်နေ့ကပဲ စိမ်းအကြောင်း စကားစပ်မိကြသေး တယ်။ သူကပြောတော့ စိမ်းယောကျ်ားဟာ သေသွားပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေသွယ်ကို ဘာကစပြောရမှန်း မသိအောင်ပင် သူ့ဇာတ်ကလည်း ရှုပ်လွန်း၍ သူသည် ဘာမှမဖြေပေ။

"နေပါဦး ဒေါ်ရွှေသွယ်၊ နောက်တော့ လာတာပေါ့။ အခု အလုပ်ကိစ္စရှိသေးလို့"

"အလုပ်ရှိသေးလဲ ဟိုအိမ်ကမှသွား၊ မမြနုမှာလဲ သမီးလေးရှိတယ်။ စိမ်းထက် နည်းနည်းပဲ ငယ်မယ်။ မိန်းကလေးရဲ့ ကိုယ့်မှာအားကိုးရာမဲ့ချိန်မှာ နည်းနည်းတော့ လျှော့ပေးပါကွယ်။ တွေ့လိုက်ပါဦး ကလေးမ အဒေါ်ကို တွေ့လိုက်ပါဦး။ ပြီးတော့ မအိုဇာလဲ ရှိတယ်။ မှတ်မိသေးလား"

ဒေါ်အိုဇာ၊ ဒေါ်ရွှေသွယ်ဆိုသော နာမည်တို့နှင့် ဆက်စပ်၍ စိမ်း၏ ပြည့်စုံကြွယ်ဝခဲ့သော အတိတ်သည် ရိုးရိပ်မျှပြန်၍ ထင်လာခဲ့သည်။ ဟိုတုန်းကတော့ မေမေ့ စိန်နားကပ်သည် တဝင်းဝင်းတောက်၍နေခဲ့၏။ စိန်နားကပ် ရောင်အောက်တွင် သွားလာလှုပ်ရှားနေသူများကား များလွန်းလှ၍ စိမ်းက မမှတ်မိပေ။ ထိုလူများထဲတွင်တော့ ဒေါ်အိုဇာ နှင့်ဒေါ်ရွှေသွယ်မှာ နီးစပ်၍ သူမှတ်မိခဲ့၏။ မေမေ့ စိန်နားကပ် ရောင်တဖြည်းဖြည်း မှိန်လာသည်နှင့်အမျှ လှုပ်ရှားသူများ တဖြည်းဖြည်းနည်းလာကာ ဒေါ်ရွှေသွယ်တစ်ယောက်ပင် ကျန်ရစ်ခဲ့၏။ နောက်ဆုံး ဒေါ်ရွှေသွယ်သည်လည်း သူ့ကို ခွဲခွာ၍သွားခဲ့သည်။





အမှန်တော့ သူကဒေါ်ရွှေသွယ်ကို ခွဲထုတ်၍သူ့ခမျာ ထွက်သွားရခြင်း ဖြစ်လေသည်။

"ကဲ . . . လာ၊ ဆိုက်ကားပေါ်တက်"

သူငိုင်နေသည်ကို ဆွဲလှုပ်ရင်း ဒေါ်ရွှေသွယ်က ဆိုက်ကားပေါ် တင်နေသည်။

"ဘယ်လောက် ဝေးလဲ၊ ကျွန်မ ခြေကျင်ပဲလျှောက်မယ်"

"ခုထိလဲ မလျှော့ချင်ပဲကိုး"

စိမ်းသည် ဒေါ်ရွှေသွယ်နောက်ကိုသာ လိုက်သွားရသည်။ စိတ်ထဲကမူ ဆုံးဖြတ်လို့ မနိုင်သေးပေ။ ဒေါ်မြနု အိမ်သည် အင်းစိန်ရွာမလမ်းတွင်ဖြစ်၍ ခြံကျယ်ကြီးထဲတွင် ဆောက်ထားသော တိုက်ခံနှစ်ထပ်အိမ်ကြီး ဖြစ်သည်။ အိမ်ဝ ရောက်သည်အထိ စိမ်း စိတ်သည် ဘာကိုမှ မပြတ်သား သေးပေ။

ဒေါ်ရွှေသွယ်က သံတံခါးကို ဖျတ်လတ်စွာ ဖွင့်၍ ညေ့ခန်းရောက်သည်အထိ စိမ်းကိုခေါ်သွားသည်။ အစိမ်းနု ရောင်ဆိုဖာပေါ်တွင် စိမ်းကထိုင်နေရစ်လေသည်။ ဒေါ်ရွှေသွယ် သည် အတွင်းခန်းထဲသို့ဝင်သွား၏။

နံရံများသည် အစိမ်းနုရောင် ဆေးသုတ်ထား၍ အရောင်မှာ တောက်ပနေသည်။ ဆိုဖာဖုံးများမှာ ပန်းပွင့်များ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြဘဲ ဖက်ဖူးရောင် ပုလဲပေါက်ဖျင်များနှင့် ဖုံး၍ ထား၏။ ကြမ်းပြင်ကော်ဇောကမူ နီညိုရောင်အောက်ခံတွင် ပန်းပွင့်အဖြူကြီးများကို ဖော်၍ရက်ထားသော မွေးရှည် ကော်ဇောကြီးဖြစ်လေသည်။

ရှုံသားအစိမ်းနု အခန်းဆီးများမှာ ပါးလွန်း၍ နွဲ့ဟန် ပေါက်နေသည်။ တစ်ခန်းလုံးသည် ဖက်ဖူးရောင်လွှမ်း၍ ကြမ်း ပြင်မှာ နီညိုရောင်နှင့်ချုပ်၍ထားသည်။

ညှော်ခန်းထောင့်ရှိ နံရံကပ်စားပွဲမှ ငွေပန်းရနံ့ကလည်း သင်းပျံ့ပျံ့နှင့်မွှေးနေသည်။ တစ်ခန်းလုံးရှိ အဆောင်အယောင် များသည် ဒေါ်မြနု အခြေအနေကို ဖော်ပြနေသည်။

ဒါလောက် ကြီးပွားချမ်းသာသော အဒေါ်ကြီးနှင့် လည်းသူကမတွေ့ချင်ပေ။ မဆက်ဆံမိက တစ်ဖက်သတ် အထင်သေးနေခြင်းမှာလည်း မကောင်းလွန်း၍ သူ့ကိုယ်သူ ပြန်၍ဆုံးမနေရ၏။

အမှန်တော့ အထင်သေးခြင်းမဟုတ်၊ လွတ်လပ်လို ခြင်းဖြစ်သည်ဟု သူ့စိတ်ကဖြေ၏။ မှန်ပေသည်။ အိမ်၍ညက် ညောသော သူများဆိုဖာပေါ်တွင် မထိုင်ချင်ပေ။

အရသာပြည့်သော ဟင်းလျာကို ငွေပန်းကန်တွင် ထည့်၍ ငွေဇွန်းနှင့်စားရသော သူများထမင်းဟင်းတို့ကို လည်းမစားချင်ပေ။

ဘာပဲဖြစ်ဖြစ်၊ စပါးတစ်လုံးကိုပဲ ရရ၊ ကိုယ်ပိုင်





ကလေး၊ ကိုယ်ပိုင်တစ်ခုတော့ ရချင်ပါ၏။ ထိုရချင်သော ဆန္ဒက မာနလို ခံနေသည်။ အမှန်တော့ မာနကား မဟုတ် ပါပေ။

"စိမ်း . . ."

မိန်းမကြီး နှစ်ယောက်၏ ခေါ်သံသည် အခန်းဝမှ တစ်ပြိုင်နက် ပေါ်လာသည်။ စိမ်းသည် သူတို့နှစ်ယောက်ကို မော့၍ကြည့်လိုက်၏။ ကြီးကြီးဒေါ်မြနုသည် အရွယ်အားဖြင့် အိုမင်းရင့်ရော်ပြီ ဆိုပေမယ့်၊ သူ့အသားများမှာ ဖြူ၍နုနေ သေးသည်။

ထဘီဖျားမှာ ကော်ဇောပေါ်ပုံနေ၍ လက်မှပဝါ အဖြူကြီးများမှာ ပခုံးပေါ်တွင် မဒို့တရို့ တင်နေသည်။ ခပ်ပုံ့ပုံ့ ထုံးထားသော ထိပ်ပေါ်မှ ဆံထုံးမှာ အဖြူရောင် ဆံပင်များ ကျိုးတိုးကျဲတဲသာ ရှိလေသည်။

ဆံပင်အနက်များခြင်းမှာ သူ့ဘဝတွင် သိပ်ခေါင်း ကိုက်လောက်အောင် ဒုက္ခကိုရင်မဆိုင်ခဲ့ရကြောင်း ဖော်ပြ၍ နေသည်။ စိမ်း၏ပခုံးကိုလာ၍ကိုင်သော လက်ပင်အရည် ပျော့များဖုံးလွှမ်းနေပေမယ့်၊ ကျောက်စိမ်းအပျော့ လက် ကောက်ကြောင့် နုပျိုနေပုံရသည်။

"ဘာကို စိုက်ကြည့်နေတာလဲကွယ်၊ ကြီးကြီးကို မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုထပ်၍ မေးရင်း ဘေးမှဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

"သတိရပါတယ် . . ."

ကြီးကြီးမျက်နှာသည် ရွှင်လန်း၍လာပုံရ၏။ ကြီးကြီးနောက်တွင် ဒေါ်အိုဇာသည်ကပ်၍ပါလာသည်။ ဒေါ်အိုဇာကမူ မမှတ်မိနိုင်လောက်အောင် အိုမင်း၍နေလေ၏။ အမှန်တော့ ဒေါ်မြနုဘဝနှင့် ဒေါ်အိုဇာဘဝသည် တူမှမတူလေဘဲ။

ဒေါ်အိုဇာက ပို၍အိုမင်းပေမည်။ ယခုထက်တိုင် သူတစ်ပါးကို ခိုပါကပ်ပါမှ တမင်းတစ်လုတ် စားရသောသူ့ဘဝတွင် သူတစ်ပါးကျေနပ်ဖို့အတွက် သူ့လုပ်အားနှင့် စိတ်အားကို အသုံးချရပေသည်။

အဘွားကြီးနှစ်ယောက် သူ့ကိုစေ့စေ့ကြည့်နေသည့် အချိန်ထိ သူသည် စကားတစ်လုံးမှ ပြော၍မထွက်။

"လက်ထပ်တယ် ဆိုတာလဲ ကြားလိုက်ပါရဲ့၊ မိန်းကလေး ခင်ပွန်းဆုံးတယ်ဆိုတာလဲ ကြားလိုက်ရဲ့။ သေသေချာချာတော့ ဘာမှမသိလိုက်ဘူး။ ကြီးကြီးအမှားတွေလဲ အများကြီးရှိပါတယ်လေ။ ခုဘယ်မှာနေလဲ။ ဘာလုပ်နေလဲ။ စိမ်းယောကျ်ား ဆုံးတယ်ဆိုတာကော ဟုတ်လား"

မေးခွန်းများကို ဖြေရမည် ကြတိုင်းလည်း ဘာကစ၍ ပြောရမည်ကို တွေးနေရသည်က တစ်ခက်ပင်။





"စိမ်းကကြီးလာ လေလေ၊ မောင်ဘသာ မျက်နှာနဲ့ ပိုပြီးတူလာတယ်"

ဒေါ်အိုဇာကလည်း ဖေဖေ့နာမည်ကို ဖော်၍ဘဝ ဟောင်းကို နူးပြန်သည်။

"စိမ်း အခု အလုပ်ရှာနေတုန်း"

အဘွားကြီးနှစ်ယောက်သည် စိမ်းကလွှတ်ခနဲ ပြောလိုက်သည်ကို ပါးစပ်ဟကာ နားထောင်နေ၏။

"အလုပ်ရှာတုန်းဆိုတော့ မိန်းကလေးယောကျ်ား သေတယ်ဆိုတာ အမှန်ပေါ့"

"သေတာတော့ မဟုတ်ပါဘူး"

အဘွားကြီးများလည်း သတင်းစာနှင့် ဆက်သွယ်နေကြပုံ မပေါ်ပေ။

"အင်း . . ဒီလိုဆိုတော့"

ကြီးကြီးနှ ပါးစပ်သည် စကားလုံး ဆက်ရွတ်ပေမယ့် အသံမထွက်ပေ။

"သူနဲ့စိမ်း အတူမနေဘူး"

"ဘယ်လိုလဲကွယ်၊ ဒါလောက်လှပတဲ့ မိန်းကလေးကို ယောကျ်ားတစ်ယောက်က ပစ်ထားတယ်ဆိုတာတော့ ဒေါ်အိုဇာမယုံဘူး"

ဒေါ်အိုဇာသည် ရင်ကိုဖိကာ တအံ့တသြပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ အင်း . . စိမ်းစကားပြောရမှာ မောလိုက်ပါဘိ။ သူသည် တတ်နိုင်သမျှ အတိုချုံး၍ ဖနီးမောင်နှံခရီးထွက်ရာမှ နောက်ဆုံး ယာခင်းမှပြေးလာသည်အထိကို ပြောပြရပြန်သည်။ ကြီးကြီးနု မျက်လုံးတွင် မျက်ရည်များ ဝဲလာ၍ ဒေါ်အိုဇာကမူ စုတ်တသပ်သပ် ဖြစ်နေသည်။

"ဖြစ်မှ ဖြစ်ရလေကွယ်"

နောက်ဘက်မှ ညည်းသံကြားမှ ဒေါ်ရွှေသွယ် ဝင်လာမှန်း စိမ်းကသိသည်။ သူတို့သုံးယောက် သောက်ဖို့အတွက် လိမ္မော်ရည်သုံးခွက်ကို ဒေါ်ရွှေသွယ်က ယူလာ၏။ ကြီးကြီးနုသည် လိမ္မော်ရည် ဖန်ခွက်ကိုကိုင်ကာ တစ်ခုခု စဉ်းစားနေပုံရသည်။

"ဒါကြောင့် စိမ်းအခု အလုပ်လုပ်မလို့ လာလျှောက်တာ"

နောက်ဆုံး သူ့ဝတ္ထုကို စိမ်းကနိဂုံးချုပ် လိုက်လေသည်။ ကြီးကြီးနုသည် ဘယ်လက်ဖြင့် ပခုံးပေါ်မှပဝါကို ယူကာ မျက်လုံးကို ခပ်ဖိဖိလေး သုတ်လိုက်ပြန်သည်။

"အလုပ်လဲ ရှာတာပေါ့ မိန်းကလေးရယ်၊ ဒါပေမယ့် မိန်းမဆိုတာအုပ်ထိန်းခြင်း ကင်းလို့မတော်ဘူးကွယ့်။ ဒီတော့ အလုပ်ရပြီးလဲ ကြီးကြီးနုနဲ့ အတူလာနေပါ။ လဲ့လဲ့အတွက် လဲအဖော်ရတာပေါ့။ ဘယ့်နှယ်လဲ မကောင်းဘူးလား





မရွှေသွယ်ရယ်။ လူငယ်အမျိုးချင်း ရင်းရင်းနှီးနှီး ရှိဖို့ဟာ တို့လူကြီးတွေက လုပ်သင့်တယ် မဟုတ်လား"

ကြီးကြီးသည် မှူးမတ်ကြီးများ အကြံဉာဏ်ကိုလိုလားသော ဘုရင်ကြီးလို မေးလိုက်၏။

"ဟုတ်ပါတယ်၊ စိမ်း ဒီအိမ်မှာနေဖို့ သိပ်ကောင်းတာပဲ။ မောင်ဝင်းဖေလဲ တစ်နေ့နေ့ အရည်လည်လာရင် ပြန်တွေ့နိုင်တာပဲ"

"စိမ်း ပြန်ရောက်တဲ့အကြောင်းတော့ သူ့ကိုနည်းနည်းမှ မသိစေချင်ဘူး"

အဘွားကြီး သုံးယောက်လုံးသည် ခေါင်းတညိတ်ညိတ်လုပ်နေကြ၏။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ စိမ်းဒီမှာနေပါ"

ကြီးကြီးနုက တောင်းပန်ဟန်နှင့် ပြောပြန်သည်။

"ကဲလေ စဉ်းစားဦးပေါ့၊ မနက်စာ စားပြီးမှ ပြန်ရမယ်၊ မကြာဘူး လဲ့လဲ့လာလိမ့်မယ် စဉ်းစားဦး"

ကြီးကြီးနုသည် ထိုင်ရာမှထကာ အခန်းထဲသို့ ဝင်သွားလေသည်။ ဒေါ်အိုဇာရော၊ ဒေါ်ရွှေသွယ်ကပါ ခဏဖြစ်ဖြစ်တော့ ဒီအိမ်တွင် နေဖို့ဝိုင်း၍ ပြောကြပြန်သည်။

"နေသင့်ပါတယ် ကလေးမရဲ့၊ မင်းအဖေ ကောင်းစားစဉ်က စံစားကြရတဲ့အထဲမှာ မမြနုတို့လဲ ပါတာပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



ခုတစ်လှည့် မိန်းကလေးက နေသင့်ပါတယ်။ အရင်လို စိတ်မျိုးလဲ မမြဲနိုင်မှာ မရှိတော့ပါဘူး''

ခဏဆိုသလိုတော့ ဒေစီအိမ်မှာ အပြောင်းစပ်ကူး မတ်ကူးတွင်နေဖို့ စိမ်းက ဆုံးဖြတ်လိုက်ပေသည်။

သူခဏ ပြန်မည်ဆဲဆဲတွင် မိန်းကလေးတစ်ယောက် ရောက်လာ၏။ မိန်းကလေး၏ သွင်ပြင်မှာ အဘွားကြီးသုံးယောက်နှင့် ဆိုလျှင် နှစ်(၁၀၀)လောက်ကွာခြားအောင်ပင် ဆင်ယင်ထုံးဖွဲ့မှုမှာ ခြားနားလှပေသည်။ ကြီးကြီးနု မိတ်ဆက်ပေး၍ မိန်းကလေးသည် စိမ်းကိုပြုံးကာ နှုတ်ဆက်၏။ နှင်းဆီပွင့်လိုရဲနေသော နှုတ်ခမ်းထဲမှ သွားများမှာ ပုလဲရောင်ထက်တောက်ပ၍ နေလေသည်။ ခေါင်းလှုပ်၍ စကားပြောတိုင်း ရွှေရောင်ဆံပင်တွန့်များမှာ လှုပ်၍ သွားသည်။ စိမ်းကို နှုတ်ဆက်၍ ဦးတိုက်လှေကားမှ အိမ်ပေါ်သို့ တက်သွားသည်။ ဘော်လီလက်ကြိုးမရှိသော ကျောပြင်မှာ ဖြူဖြူဖွေးနေ၍ လက်မောင်းသားများမှာ အိအိလေးလှုပ်နေသည်။ ခုံမြင့်ဖိနပ်ပေါ်တွင် ခြေသလုံးလေးမှာ ဖလပ်ပန်းအသားလို နုဖြူနေသည်။

''လဲ့လဲ့ကို ကျွန်မ မမှတ်မိဘူး''

စိမ်းသည် မိန်းကလေးကိုကြည့်၍ ပြောလိုက်၏။ ကြီးကြီးနုကမူ သမီးကိုပြုံး၍ လှမ်းကြည့်ကာ ဝမ်းသာနေပုံရသည်။





''ကဲ...ကြီးကြီးတော့ တော်တော် ဝမ်းသာတယ်၊ လဲ့လဲ့စီးလာတဲ့ကားနဲ့ စိမ်းပစ္စည်းတွေ ဘာတွေ သွားယူနော်။ မရွှေသွယ် လိုက်သွားပေတော့''

လော်ရင်းခတ်ရင်း မြစ်တစ်ကွေ့သို့ ရောက်၍လာပြန်ပါပကော။

• • •



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြီးနု အိမ်ကြီးသို့ပြောင်းရွှေ့လာချိန်တွင် ဒေစီက သူ့ကိုနိုင်လွန်နှစ်ဝတ်စာ ဝယ်၍ပေးလိုက်၏။ အိမ်တစ်အိမ်မှ ခွဲခွာ၍ လာရတိုင်း မျက်ရည်ဝိုင်း၍နေသော မျက်လုံးများကို ကြည့်ရသည်မှာ စိတ်မသက်သာစရာပင် ဖြစ်ပေသည်။

ကျောင်းဆရာမ အလုပ်သည် နှစ်လစောင့်ရဦးမည် ဖြစ်သည်။ ရုံးအလုပ်များကိုလည်း စုံစမ်း၍ နေရသေးသည်။ အမှန်တော့ သေသေချာချာ မနားမနေ အလုပ်ရှာလျှင် အလုပ်တစ်ခုမှာ ရနိုင်ပေသည်။

သို့သော် စိမ်းက လမ်းမထွက်ပေ။ သူ့အခန်းထဲ မှာပင် ကုပ်ကုပ်ကလေး အနေများပေသည်။





မနက်စောစောတွင် ခြံထဲမှပန်းများကို ဆင်း၍ ကောက်ရ၏။ ဆိတ်ဖလူးပွင့်များ ပွင့်ချိန်တွင် ပင်အောက် မြက်ခင်းပေါ်ရှိ ပန်းပွင့်လေးများကို လိုက်၍ကောက်ရ၏။

မိုးဦး စံပယ်ပွင့်ချိန်တွင်တော့ အပွင့်လေးများကို လိုက်၍ခူးရ၏။ နှင်းဆီခိုင်များကိုလည်း ကတ်ကြေးနှင့် ဖြတ်ရ လေသည်။

လေထဲတွင် ဆိတ်ဖလူးပန်းနံ့ သင်း၍လာလျှင် ယာတောကိုသွား၍ သတိရလာတတ်သည်။ ယာတောနှင့် ဆက်၍ တိုးကြီးနှင့်အတူးတို့၏ မျက်နှာလေးများ၊ မခမ်းလုံ၏ ရိုးသော ဟန်ပန်များမှာ မျက်စိထဲတွင် ပေါ်လာပြန်ပေသည်။

ပန်းပွင့်ကိုခူးခြွေရသည်မှာ သက်သောင့်သက်သာ သောအလုပ်ဖြစ်၏။ ကြေးနန်းကြိုးလေးများခက်၍ ပန်းတောင် သဏ္ဌာန်လုပ်ထားသော ကြိုးတွင်ပန်းများကိုသီ၍ ခက်ရခြင်း သည်လည်း ပင်ပန်းသော အလုပ်မဟုတ်ပေ။ ဒါပေမယ့် သခင်မကြီး ကြီးကြီးနုဘုရားရှိခိုးဖို့အတွက် အစေခံမလေးက လုပ်ပေးနေရသလို စိတ်ကဖြစ်၍ ဖြစ်၍လာသည်။

ကိုယ့်ကိုယ်ကို စိုးပိုင်နေလာခဲ့သော အချိန်ပိုင်းများက များလာလွန်းသောအခါ တစ်ဘဝတွင် သက်သောင့်သက်သာ ရှိသော်လည်း လင်မှတစ်ပါး ဘယ်သူ့ကိုမှ အားမကိုး လိုတော့ပေ။

တစ်ခါတစ်ရံတွင်လည်း ကိုဝင်းဖေကို ပြေး၍တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်၏။ သူ့ချစ်လှစွာသော ဖနီးသည်သည် ပုံပြင်ထဲမှ အစေခံမလေးလို ပန်းကောက်နေရပုံ၊ ကွမ်းယာပေးရပုံ၊ ကြီးကြီးနု ဝေယျာဝစ္စများကို လုပ်ပေးနေရပုံကို ပြလိုက်ချင်သည်။

အိမ်ကြီးမှာ မင်းကတော်ဟောင်း တစ်ယောက် အုပ်ချုပ်လာ၍ စေ့ငသေသပ်လှ၏။ အခြွေအရံများကလည်း ဒေါ်ရွှေသွယ်၊ ဒေါ်အိုဇာတို့လို အိုမင်း ရှေးကျသူများက ဦးဆောင်နေ၍ တစ်အိမ်လုံး ရွေ့လျား သွားလာပုံများမှာ နန်းတော်ဟောင်းကြီးတစ်ခုနှင့် တူနေပေသည်။

သို့သော် တစ်လီတစ်လီ လှဲ့လှဲ့ကျောင်းပိတ် ပြန်လာချိန်တွင်မူ ထိုအိမ်ကြီးတွင် အကြီးအကျယ် ပြောင်းလဲလှုပ်ရှားလာ၏။

အပေါင်းအသင်းများ အသွားအလာနှင့် ပါတီပွဲများမှာ အိမ်သားတွေအဖို့ ခေတ်ကြီးကိုပြောင်းလိုက်သလို ဖြစ်၍ သွားလေသည်။

"ဒီနေ့ညနေ ထမင်းစားပွဲမှာ စိမ်းလဲပါရမယ်ဟေ့"

မနက်ဘက် စိမ်းသည် ဘုရားဆောင်သို့ ပန်းသွားပို့ရင်း ကြီးကြီးနုက ပြောလိုက်၏။

"စိမ်း ပါရမယ်လား"

"အေးကွယ့်...လှဲ့လှဲ့မိတ်ဆွေ မောင်မောင်တင်ကို





ထမင်းကျွေးမလို့၊ မိန်းကလေးအဖော် တချို့နဲ့ မောင်ဘကောင်းတို့လဲ ပါလိမ့်မယ် ထင်ပါရဲ့"

စိမ်းသည် ဘုရားခန်းထဲမှသာ လှည့်၍ထွက်လာသည်။ ကြီးကြီးနု ရွတ်ဆိုပြသော လူနာမည်များမှာ သူ့အဖို့ သူစိမ်းပြင်ပြင်များသာ ဖြစ်နေလေသည်။

တစ်ညနေလုံး ထမင်းပွဲအတွက် ကူညီလုပ်ကိုင်ပေးနေရင်း အဝတ်အစားပြင်ဖို့ အချိန်ကျ၍ လာလေသည်။ အိမ်ပေါ်တက်၍ မှန်ရှေ့တွင်ထိုင်ရင်း ဘာကစ၍ ပြင်ရမှန်း မသိပေ။ လှလှပပဝတ်စား ပြင်ဆင်ခြင်း မလုပ်ရသည့် အချိန်မှာ ကြာလှလေပြီ။

ခေါင်းကိုအရင် သပ်သပ်ဖြီးလိုက်၏။ ရေချိုးရင်း ဝတ်ဖို့အဝတ်အစားအတွက် စဉ်းစားနေမိလေသည်။ အင်္ကျီတတော့ ဒေစီပေးသော နိုင်လွန်ပင် ဝတ်ရပေမည်။ လုံချည်တတော့ ကောင်းကောင်းတစ်ထည်မှမရှိပေ။

ရှမ်းပြည်နယ်က ပြန်လာတုန်းက ဝတ်လာသည့် လုံချည်ကလည်း အမေပေးသည့် အစိမ်းရင့်ရင့် ပိုးတွန့်ဖြစ်သည်။ နောက်ဆုံး သူသည် ရှိသည့်အဝတ်ကိုပင်ဝတ်လိုက်၏။ မျက်နှာကို ပေါင်ဒါခြယ်ရင်း၊ မျက်ရည်များက စို့၍လာသည်။

"စိမ်း...မြန်မြန်လုပ်၊ ဧည့်သည်တွေ လာနေပြီ ဆော့ ဒါက စိမ်းဖို့ စံပယ်ပန်းတွေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေသွယ်သည် စံပယ်ပန်းနှင့် ခက်ချိတ်ထားသော ပန်းတစ်ခက် သူ့ကိုလာပေး၏။ ပန်းပွင့်ကို စိမ်းယူ၍ ပန်းသည်ကို ကျေကျေနပ်နပ် ကြည့်နေလေသည်။

"ကဲ . . . ကဲ . . သွားတော့ အောက်မှာလူတွေ ရောက်နေပြီ"

စိမ်းသည် ဧည့်ခန်းထဲ မသွားရဲသလို ခြေတုံ့နေသည်။ နောက်ဆုံးတော့လည်း မရဲတရဲနှင့် ခပ်ရှုရှုလေး နင်းကာ ဧည့်ခန်းထဲသို့ ဝင်၍သွား၏။ ဧည့်သည်များ အားလုံးသည် စိမ်းကိုဝိုင်း၍ ကြည့်ကြသည့်အတွက် သူ့မျက်လုံးများမှာ ပြာသလိုဖြစ်သွားတော့သည်။ မိန်းကလေး အဖော်များအားလုံး ဝတ်လာသော အဝတ်အစားထဲတွင် သူ့အဝတ်အစားသည် အရိုးဆုံးနှင့် အပေါ်ဆုံးဖြစ်၏။

"ဒါက လဲ့လဲ့ အစ်မဝမ်းကွဲ စိမ်းဆိုတာ"

လဲ့လဲ့ မိတ်ဆက်ပေးမှ အားလုံးကို မျက်လုံးဝင့်ကာ သူကြိုးစား၍ ပြုံးလိုက်၏။ လဲ့လဲ့ကမူ ဧည့်သည်များ၏ နာမည်ကို ရွတ်ဆို ပြလေသည်။ ကြီးကြီးနု ပြောသည့် မောင်ဘကောင်းနှင့် မောင်မောင်တင် နာမည်ကိုလည်း ထပ်၍ ကြားလိုက်ရ၏။

မောင်မောင်တင်ရော ကိုဘကောင်းပါ ထိုင်ရာမှထ၍ စိမ်းကို နှုတ်ဆက်ရန် လက်ကမ်းပေးချိန်တွင် စိမ်းသည် ခပ်ကြောင်ကြောင်ဖြစ်၍ သွားသည်။ ဟန်မပျက်ပြန်လည်





နှုတ်ဆက်ရပေမယ့် လက်ဖျားများက အေးစက်၍ တုန်နေလေသည်။

ထမင်းပွဲစချိန်တွင် ကိုဘကောင်းမှာ သူ့ဘေးတွင် လာ၍ ထိုင်၏။ ဧည့်သည်များသည် ဆယ့်နှစ်ယောက် လောက်ပင်ရှိလေသည်။

စိမ်းမျက်စိထဲတွင်တော့ အားလုံးမှုန်ဝါးဝါး ဖြစ်နေ၏။ စားပွဲထိပ်မှ သူ့ညီမလဲ့လဲ့ လှုပ်ရှားနေသည်ကိုသာ တစ်ခါ တစ်ခါသတိထားမိ၏။ လဲ့လဲ့သည် သူ့ဘေးရှိ မောင်မောင်တင် အားလိုလေသေးမရှိ ပြုစုနေသည်။ အင်္ဂလိပ်လို ကျွေးသည့် ထမင်းစားပွဲတွင် ထုံးစံမရှိသော အလုပ်များပင် လုပ်ပေး၏။

ပန်းကန်လွတ် တစ်ချပ်ပေါ်တွင် ကြက်သားဖတ်များ ဆယ်ထည့်ကာ အရိုးထွင်၍ ပေး၏။ လဲ့လဲ့ လုပ်ပုံသည် ထမင်းစားပွဲ တစ်ခုလုံးတွင် ကြောင်စရာဖြစ်၍ နေလေသည်။ မိန်းကလေးများ၏ ရယ်သံကြောင့်သာ ထမင်းပွဲမှာ စိုပြည်၍ နေလေသည်။

ထမင်းပွဲအပြီးတွင် ဧည့်ခန်းမှာ ပြန်၍ထိုင်ကြ၏။ စကားပြောချိန်တွင်လည်း လဲ့လဲ့နှင့် မောင်မောင်တင်မှာ အထင် ရှားဆုံးဖြစ်နေသည်။ စိမ်းသည် မထင်ရှားသော သူ့အသွင်ပြင်မှာ ဤလူစုထဲတွင် ကြာကြာ မနေလိုပေ။ အိမ်ပေါ် တက်သွားရမှာကလည်း မကောင်းသေး၍ ဧည့်ခန်း ဘေးပြတင်း တံခါးကြီးမှ အသာလျှို့ထွက်ကာ နံ့တန်း



www.burmeseclassic.com

www.burmeseclassic.com



လျှားပေါ်တွင် ထိုင်နေလိုက်သည်။ ခြံထဲမှာ လေအေးများ တိုက်ခတ်လာ၍ စိတ်ပေါ့သွားသလို ဖြစ်လာသည်။

"ဒီမှာနေရတာ အေးလို့လား"

လူတစ်ယောက် မေးသံက နောက်မှပေါ်လာ၍ စိမ်းသည် စိတ်ညစ်လာပြန်သည်။ မေးမေးပြောပြောနှင့် သူ့အနားလာထိုင်သူမှာ ကိုဘကောင်းမှန်း သူသိလိုက်၏။

"ဟုတ်ပါတယ်၊ ညနေခင်းက နည်းနည်းအိုက်လို့"

စိမ်းသည် ကိုဘကောင်းကို လှည့်ကြည့်ကာ ပြော ပြသည်။ မှန်ပြတင်းမှ မီးရောင်ဖြင့် ကိုဘကောင်း မျက်နှာကို ထင်ထင်ရှားရှား မြင်နေရသည်။

"စိမ်း ဒီရောက်လာတာ မကြာသေးဘူး ထင်တယ်။ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်".

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ ကိုမောင်မောင်တင်နဲ့အတူ ဒီအိမ် ကိုခဏခဏရောက်တယ်။ ခုတလောပဲ ကျောင်းတွေ စစ်ဆေး ရှိလို့မလာဖြစ်တာ"

"ဟုတ်ကဲ့၊ ကျွန်မလဲ အလုပ်ရှာရင်း ခဏလာ တာပါ"

"ဘယ်မှာ လုပ်မလို့လဲ"

"အင်းစိန် တန်းမြင့်ကျောင်းမှာ ဆရာမလိုတယ် ဆိုလို့ပါ"





"အို...ဒီလိုဆို ကျွန်တော် တတ်နိုင်သလောက် ကူပါ့မယ်။ ကျွန်တော်က ပညာရေးဌာနမှာ လက်ထောက် ညွှန်ကြားရေးဝန်ပါ။ ရုံးတက်တော့ ရန်ကုန်မှာ သွားတက် တယ်။ ဒီက အေးအေးဆေးဆေးရှိလို့ ကျွန်တော်ပိုင် အိမ်ကလေးလဲရှိတာနဲ့ နေတာပါ"

ကိုဘကောင်း စကားပြောပုံသည် ရည်မွန်၍ အေးဆေးလှသည်။ မျက်လုံးများမှာလည်း မီးရောင်နှင့် လက်၍သွားပုံမှာ တန်ခိုးရှိလှ၏။ စိမ်းရင်ထဲတွင်မူ စကား ပြောနေရသည်ကို စိတ်မပါပေ။ ကိုယ့်ကိုကူညီမည်ဆိုတော့ လည်း ဝမ်းသာသလို ဖြစ်သွားမိသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ စိမ်းရဲ့ ခင်ပွန်းကလဲ မရှိတော့ ကိုယ့်အလုပ်လေးနဲ့ပဲ ကိုယ်နေချင်တာပါပဲ"

စိမ်းသည် ကိုဝင်းဖေနှင့် ကွဲနေသည်ဟူ၍လည်း မပြော။ သေသည်ဟူ၍လည်း မပြောပေ။ သူ့အကြောင်း ကလည်း ပြတ်ပြတ်သားသား ပြော၍မဖြစ်သောဘဝဖြစ်၏။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ်၊ သူ့အပျိုမဟုတ်ကြောင်းကိုတော့ ယောကျ်ားမိတ်ဆွေများကို သိစေချင်ပေသည်။

"အင်း...ကျွန်တော်လဲ မုဆိုးဖိုပေါ့ဗျာ။ သူနဲ့အတူ နေခဲ့တဲ့ အိမ်ကိုမခွဲနိုင်သေးတာနဲ့ နေတာပါပဲ။ အခုတော့ ကိုမောင်မောင်တင်နဲ့ အဖော်ရတာနဲ့ ဆက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်တင်က ဘယ်သူလဲ"

"အင်းစိန်နယ်ပိုင်ပေါ့။ လူအေးလူတော်ပါပဲဗျာ"

အထဲမှ စကားပြောသံများမှာ ပို၍ဆူညံလှုပ်ရှားလာသဖြင့် စိမ်းသည် ထိုင်ရာမှ ထလိုက်သည်။

"ကဲ . . .ပြန်ကြတော့မယ် ထင်တယ်၊ စိမ်းတို့သွားစို့"

ဧည့်ခန်းထဲသို့ သူတို့နှစ်ယောက် ပြန်ဝင်ချိန်တွင် ဧည့်သည်များသည် ဝိုင်း၍ကြည့်ပြန်သည်။ အားလုံး နှုတ်ဆက်၍ အသီးသီးပြန်ပြီးမှ ကိုမောင်မောင်တင်သည် စိမ်းကို နှုတ်ဆက်ကာ ပြန်၍သွားသည်။

စိမ်း အိမ်ပေါ်တက်မည့်အချိန် လှဲ့လှဲ့ကိုလည်း မတွေ့တော့ပေ။ တစ်ယောက်တည်း လှေကားမှ တက်၍ အိပ်ခန်းထဲ ဝင်လာခဲ့လေသည်။

အဝတ်အစားလဲ၍ နောက်ဆုံး စံပယ်ပွင့်ကို ဖြုတ်နေချိန်တွင် ဒေါ်အိုဇာနှင့် ဒေါ်ရွှေသွယ်သည် အခန်းထဲသို့ ဝင်လာ၏။

"ဒါထက် ရိုးတဲ့အဝတ်အစား စိမ်းမှာမရှိတော့ဘူးလား"

ဒေါ်ရွှေသွယ်က သူ့ကို စေ့စေ့ကြည့်၍ မေး၏။ စိမ်းသည် ခေါင်းကိုသာခါ၍ ပြလိုက်သည်။ ဒေါ်အိုဇာကမူ ပြုံးရင်း—





"ရှိလဲ မဝတ်ပါနဲ့ကွယ်၊ နောင်ကိုလဲ ကလေးမတော့ ဘယ်ထမင်းစားပွဲမှ ဝင်စားရမှာ မဟုတ်တော့ဘူး"ဟု ပြောကာ ထွက်သွားတော့သည်။ စိမ်းသည် သူတို့ဘာပြောသည်ကို ဘာမှနားမလည်ပေ။

"ဒေါ်ရွှေသွယ် အဘွားကြီးက ဘာတွေပြောတာလဲ"

"မသိပါဘူးကွယ်၊ ညဉ့်နက်နေပြီ၊ ငါတော့ အိပ်တော့မယ်"

စိမ်းသည် ဒေါ်ရွှေသွယ့် ခေါင်းရင်းမှမီးကို မှိန်လိုက်၏။ မှောင်နေသော အခန်းထဲတွင် ပြတင်းမှလရောင်မှေးမှေး လေးဝင်နေသည်။ လေများသည် မိုးသက်ပါလာ၍ လရောင်သည် တိမ်များကြောင့် မှေးမှိန်မှိန်ဖြစ်နေရှာသည်။ အိပ်ရာပေါ် ပစ်လှဲလိုက်ရင်း မမျှော်လင့် မတွေးခေါ်ဘဲနှင့် ယာတောမှ တောင်တန်းကြီးကိုသွား၍ မြင်ယောင်လိုက်၏။ ပြီးတော့ မျက်ခုံးထူထူနှင့် ကိုဝဏ္ဏ၏ ခပ်ပြည့်ပြည့် မျက်နှာကိုမြင်လာပြန်သည်။ အမေတစ်ယောက်တော့ဖြင့် သူ့ကို လွမ်းရှာပေမည်ကို တွေးနေမိပြန်သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ညနေတိုင်းလိုလို မောင်မောင်တင်နှင့် ကိုဘကောင်းမှာ စိမ်းတို့အိမ်သို့ မှန်မှန်လာလည်သည်။ စိမ်းသည် ခြံဝင်းထဲသို့ ရှောင်ထွက်၍ ဆိတ်ဖလူးပင်အောက်မှာ ထိုင်နေပေမယ့် သူတို့နှစ်ယောက်သည် တွေ့အောင်ရှာ၍ လိုက်လာသည်။

စိမ်း စိတ်ထဲတွင် အလိုလိုနေရင်း ကြောက်၏။ ထိုလူများနှင့်ပတ်သက်၍ နောက်ထပ် ဇာတ်ထုပ်တစ်ခုများ တိုးလာဦးမည်လားဟု စိုးရိမ်နေသည်။ မကြာခင်ပင် လဲ့လဲ့သည် ကျောင်းဘော်ဒါမှာ မနေတော့ဘဲ အိမ်သို့ပြောင်းလာသည်။ ထိုကဲ့သို့ ပြောင်းရွှေ့လာခြင်းမှာ ထူးခြားသော ဇာတ်လမ်းတစ်ခု၏ အစလို့ပင် စိမ်းကတွေးမိ၏။ သို့သော် ဘာကိုဟူ၍လည်း မပြောပြတတ်ပေ။





လဲ့လဲ့သည် အိမ်ကိုပြောင်းလာမှ သူ့ကိုစကား ဖော်ဖော်ရွေရွေ မပြောသည်ကိုတော့ သူဝမ်းနည်းမိ၏။ တစ်မျက်နှာ တစ်ရွာထင်ဆိုသလို အိမ်ရှင်များမျက်နှာကို ကြည့်၍နေရသော သူ့အဖို့ အိမ်ကြီး၏ မင်းသမီးတစ်ပါး ဖြစ်သူ လဲ့လဲ့က သုန်မှုန်လာ၍ သူ့ခမျာ မနေတတ်တော့ပေ။

သူဖြူလျှင် အယူဖြောင့်နိုင်ပေမယ့် သူမှောင့်မှာကိုမူ စိုးရိမ်မိပေသည်။ သူ့ထံသို့ ကိုဘကောင်းနှင့်မောင်မောင်တင် လာ၍ စကားပြောတိုင်း လဲ့လဲ့မျက်နှာထား တင်း၍နေ၏။ စိမ်းက ရိပ်တော့ရိပ်မိ၏။ သို့သော် ကိုဘကောင်းကိုပဲ လဲ့လဲ့ ချိတ်နေသလား၊ မောင်မောင်တင်ကိုလားဟူ၍ မတွေးတတ်ပေ။

ကြာတော့လည်း ယခုလိုနေရထိုင်ရသည်ကို စိမ်းက ပျင်း၏။ သူသည် အိပ်ခါနီး ဒေါ်ရွှေသွယ်၊ ဒေါ်အိုဇာတို့နှင့် ဝိုင်းဖွဲ့၍ စကားပြောရင်း စိတ်တိုလာသည်။

"ဒေါ်အိုဇာ . . . စိမ်းက လင်လုရတာတို့ ဘာတို့ သိပ်ပျင်းတာပဲနော်။ ခုလဲ ဒေါ်အိုဇာ မင်းသမီးက စိမ်းကိုသုန်မှုန်နေတယ်။ ဘာလဲဆိုတာလဲ မေးကြည့်ပါဦး။ စောစော ပြေးရင်ပြေးပါရစေတော့"

ဒေါ်အိုဇာသည် စိမ်းက ပွင့်ပွင့်လင်းလင်း ပြော လိုက်၍ အံ့အားသင့်နေသည်။

"ဒီလူတွေကို စိမ်းက လက်ခံတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာ လာတာတွေ၊ သူ့လူတွေဆိုရင်လဲ စိမ်းနဲ့စကား မပြောဖို့ ပိတ်ထားရင်ကောင်းမှာပဲ"

"လဲ့လဲ့ ချိတ်နေတာက မောင်မောင်တင်ပါ"

"အဲဒီလိုဆိုရင်လဲရှင့် မောင်မောင်တင် မင်းသုရားက မောင်ဘကောင်း စိမ်းဆီလာရင် လိုက်မလာပါစေနဲ့လို့ ပြောထားပါ . . ."

ဒေါ်ရွှေသွယ်သည် ခပ်ရှင်းရှင်းပင် ပြောလိုက်၏။

"နေပါဦး . . . ဒေါ်ရွှေသွယ်၊ ကိုဘကောင်း လာပါစေဆိုတော့ သူက စိမ်းကို ပိုးနေလို့လား"

"အမယ် . . . မိန်းကလေးရယ် မင်းလဲ အိုလာသူပါ။ သူ့ကိုကြည့်ပါလား။ အမုန်တော့လဲ အေးကွဲ့ . . . မိန်းမ ဆိုတာ လင်ရှိမှလဲ တင့်တယ်တာ . . ."

ဒေါ်ရွှေသွယ်က မဒ္ဒီဒေဝီ၏ အဓိုးမရှိသောမီး လင်မရှိသော မိန်းမတို့ မတင့်တယ်ပုံကို ဋီကာချဲ့ပြပြန်သည်။

ဒါကိုတော့ စိမ်းသိလိုက်ပါ၏။ ယခုလို လေစုန်နှင့် လွင့်ရချိန်တွင် လင့်ကျေးဖူးကို ပိုသတိရ၏။ သတိရတိုင်း ကိုဝင်းဖေထံကို ပြေး၍ပြေး၍ သွားချင်သည်။

နောက်လတွင် ကျောင်းမှာကျောင်းဆရာမ အလုပ် ကိုရလေသည်။ ကိုဘကောင်း ကျေးဖူးဆိုသည်ကိုတော့ စိမ်းကသိ၏။ ကျောင်းတက်နေရ၍ စိတ်မှာ ယခင်ကလောက်





ညစ်၍မနေတော့ပေ။ သုံးရစွဲရသည်ကလည်း ကိုယ့်ငွေနှင့် ကိုယ်ဆိုတော့ နည်းနည်း စိတ်ချမ်းသာ၍လာသည်။ သို့သော် ညနေတိုင်း ကိုဘကောင်း၊ ကိုမောင်မောင်တင်တို့နှင့် တွေ့ နေရခြင်းမှာ သူ့အတွက် ခေါင်းခဲစရာ ဖြစ်နေလေသည်။ ယာတောတွင် ကလေးများကို စာသင်ရသလို စိတ်လွတ် လွတ်လပ်လပ်မရှိပေ။ ယာတောတွင် နေရစဉ်က အချိန် တိုင်းသည် နှလုံးသားတွင် ပေါ့ပေါ့ပါးပါးရှိ၏။ ယခု ဒီမှာနေရ သည်က ဝတ်ရေးစားရေး ကောင်းပေမယ့် တစ်ခုခု ခဲဆွဲထား သလို နှလုံးသားထဲတွင် လေးလေးကြီး ဖြစ်နေလေသည်။

အရှေ့မြောက်လေ ကုန်သွား၍ တောင်လေတိုက်လာ ချိန်တွင်လည်း ယာတောကိုပဲသတိရ၏။ အမုန်တော့ ယာတောထက် ကိုဝင်းဖေကို ပို၍သတိရ သင့်ပေသည်။ လေကြောင်းကသာ ရာသီလိုက်၍ ပြောင်းလဲသွားသည်။ စံပယ်ပန်းများကမူ ရာသီမပြတ် ပွင့်နေဆဲပင်ဖြစ်၏။ တောင်း ထဲထည့်နေချိန်တွင် နေရောင်မှာ ပန်းခင်းပေါ်တွင်မြူး၍ နေပေသေးသည်။ သို့သော် နေခြည်များကြားထဲတွင် မမျှော် လင့်သော မိုးဖွားလေးများမှာ ငွေမျှင်တွေလိုတန်း၍ကျ လာသည်။ စိမ်းသည် ပန်းတောင်းလေးကို ကောက်၍ ဆိတ်ဖလူးပင်အောက်ကို ပြေးဝင်သွား၏။

အိမ်ဘက်မှ သူ့ထံသို့ ကိုမောင်မောင်တင်သည် ထီးကို ယူလာသည်။ ကိုမောင်မောင်တင်နှင့်အတူ လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင်းဆင်ဝင်ရောက်မှ လွဲလွဲနှင့် ကိုဘကောင်းကို စိမ်းက တွေ့လေသည်။

"စိမ်း မိုးစိုကုန်မှာစိုးလို့ ကိုမောင်မောင်တင်ကို ပြေးခိုင်းရတယ်"

စိမ်းသည် စကားပြောမည့်ဟန်ပြင်တုန်းပင် လွဲလွဲက ကိုမောင်မောင်တင်ကိုခေါ်ကာ ခပ်ဆောင့်ဆောင့်လေး အိမ်ထဲသို့ဝင်၍သွားသည်။ စိမ်းသည် ဘာမှမပြောတတ်ပေ။

ပါးစပ်လေးဟကာ ကျန်ရစ်၏။ သူ့ပန်းတောင်းလေးကိုကိုင်ရင်း ဘာလုပ်ရမှန်းမသိသလို ကြောင်နေမိသည်။

"စိမ်း . . . ထိုင်ဦးလေ"

အမိန့်ပေးမှပင် လုပ်တတ်သလို စိမ်းသည် ခုံတစ်ခုပေါ်ထိုင်လိုက်သည်။

"ကျောင်းမှာ ပျော်ရဲ့လား"

"ဟုတ်ကဲ့ . . . ပျော်ပါတယ်"

"ကျွန်တော်လဲ ရုံးတက်၊ ရုံးဆင်းကသိလို့ ရန်ကုန်ထဲကို ပြောင်းရမလို ဖြစ်နေတယ်"

စိမ်းသည် ဘာပြန်ပြောရမှန်းမသိပေ။ ရင်ထဲတွင်နင့်နေ၏။ စိမ်းမှာကိုဘကောင်းနှင့် စကားပြောမနေတော့ဘဲ လွဲလွဲ နောက်ပါသွားတော့သည်။ လွဲလွဲ ဘာကြောင့် ဆောင့်ရသည်ကို မတွေးတတ်ပေ။





"စိမ်း ပန်းသီဖို့ ကြေးနန်းခိုင်တွေ သွားယူဦးမယ်နော်"

စိမ်းသည် ဘုရားခန်းကို ပြေးတက်သွား၍ ပန်းတောင်ပုံများကို ယူချလာသည်။ တစ်ညနေလုံး ပန်းကုံး၍သာသီနေသည်။ ရင်ကတော့ တဆတ်ဆတ်ခုန် နေသည်။ ကိုဘကောင်းကလည်း စကားပြောလိုက်သည့် ဖြစ်ခြင်း။

သူ့စကားသံမှာ အေး၍နွဲ့၏။ ကြင်နာသံများကလည်း လှိုင်းအိ၍လာသလို စိမ်းထံသို့ လိမ့်လာပုံရသည်။ ပန်းပွင့်များကိုလည်း ကူ၍သီပေးသည်။

ဒေါ်အိုဇာသည် သူတို့အနားကို ရောက်၍ လာလေသည်။

"ဒေါ်အိုဇာ လွဲလွဲ ဘယ်မှာလဲ"

"ထမင်းစားခန်းထဲမှာ စိမ်း၊ မောင်မောင်တင်ကို ထမင်းကျွေးနေတယ်"

စိမ်းသည် ကိုဘကောင်းကို အားနာသလိုကြည့်နေမိပြန်သည်။ သည်အိမ်ကြီးတွင် ဘာတွေဖြစ်နေမှန်း မတွေးတတ်အောင်ပင် ခေါင်းရှုပ်လာ၏။

နောင်ကို ကိုဘကောင်းတို့ မလာပါနှင့်ဟူ၍ ပြောရမှာလည်း သူ့ကျေးဇူးရှိ၍ စိမ်းက မပြောရဲပေ။ သူတို့နှစ်ယောက် လာတိုင်းလည်း ခေါင်းရှုပ်ရသည်ကို မကြိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင်လည်း အခန်းထဲမှာ တစ်ယောက်တည်း ကုပ်နေမိသည်။ ကြာတော့လည်း တစ်ယောက်တည်း နေရသည်ကို ပျင်းလာ၏။ ဒေါ်ရွှေသွယ်ကိုရှာရန် အပြင်သို့ထွက်လာခဲ့လေသည်။

လှဲ့လှဲ့ အခန်းထဲမှာ စကားပြောသံကြား၍ အခန်းဝတွင် ရပ်လိုက်မိသည်။ ခန်းဆီးကြောင့် သူ့ကို ဘယ်သူမှ မမြင်ရပေ။ အမှန်တော့ အခန်းထဲတွင် ဒေါ်အိုဇာနှင့်လှဲ့လှဲ့ နှစ်ယောက်တည်းသာ ရှိနေသည်ကို မိုးလင်းနေ၍ ကွဲကွဲပြားပြား မြင်နေရသည်။

သူတို့စကားပြောသံထဲတွင် 'စိမ်း'ဟူသော စကားလုံးများပါလာ၍ စိမ်းရပ်ကာ နားထောင်နေမိ၏။ ခန်းဆီးကြားမှနေ၍ လှဲ့လှဲ့၏ နီကြောင်ကြောင် ဆံပင်လေးအား ဒေါ်အိုဇာ ဖြီး၍ပေးနေသည်ကို အတိုင်းသားမြင်နေရသည်။

"မိုရင်ရင်တို့လို ဖြစ်ချင်လို့ထင်တယ်၊ မရွှေစိမ်းက"

လှဲ့လှဲ့အသံသည် စူးစူးရှရှ ပေါ်လာသည်။

"သူများအိမ်မှာ သူများထမင်းလဲ စားသေးရဲ့၊ နေပုံထိုင်ပုံက ဂနာမငြိမ်လိုက်တာ"

"ဒါလောက်လဲ မပြောပါနဲ့ လှဲ့လှဲ့ရယ်၊ သူက ရိုးရိုးနေတာပါ။ ပြီးတော့ အအိုပဲဟာ၊ မောင်မောင်တင်က စိတ်ညွတ်မတဲ့လား"





"အမယ်လေး အမယ်ကြီး ဖာထေးမနေပါနဲ့။ အဲဒီအအိုတွေပေါ့ သာပြီးကြောက်ရတယ်။ ငမ်းငမ်းတက် ရှုပိုးထိုးတာပေါ့"

"ဘုရား...ဘုရား၊ မိန်းကလေးရယ်၊ အပျိုလေး ပါးစပ်နဲ့ ဒါတွေမပြောပါနဲ့"

"ပြောတယ် ဘာဖြစ်သေးလဲ၊ သူက မြူဆွယ်ချင်တာကိုး။ အဘွားကြီးတွေ ဝင်မရှုပ်နဲ့၊ ဒီကောင်မ ဒီမှာမနေနိုင်အောင်ကို လုပ်ပြမယ်။ မိုရင်ရင်တောင် အင်းစိန်ကပြောင်းရတာ လှဲ့လက်ချက် သိရဲ့လား"

လှဲ့လှဲ့အသံမှာ မီးတောင်ပေါက်ကွဲသလို ပူလောင်ပြင်းထန်လွန်း၍ စိမ်းမှာကျောစိမ့်သွားသည်။ ကြောက်စရာကောင်းသော အယူအဆများပါကလား။ သူ့ရင်ကို သူဖိရင်း လက်များမှာ တဆတ်ဆတ်တုန်နေသည်။

"အဲဒီ တစ်ခုလပ်တွေပေါ့။ ယောကျာ်း မြင်ရင် ငမ်းငမ်းတက်၊ ဟင်း...မပြောလိုက်ချင်ဘူး။ ရောက်စတုန်းကတော့ ရိုးတယ် ရိုးတယ်နဲ့ အကျီတောင် တောကျကျဝတ်တယ်။ ခု ကိုကိုတင်ကိုမြင်မှ ဒီကောင်မ အဝတ်အစားလဲ ဘယ်လောက် ပြောင်းလဲလာလဲကြည့်စမ်း၊ အလှအပလဲ ပြင်တတ်လိုက်တာ။ ညနေကများ ဂိုက်ပေးနေတာပါ အဘွားကြီးရဲ့။ ပန်းဆွးနေပုံက ဖာတ်လိုက်မင်းသမီး ကျနေတာပဲ"

"အို...ဒါလောက်လဲ မဟုတ်ပါဘူးကွယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင်က ဘာပြောပြော လဲ့လဲ့ရဲ့ အိတ်ဝင်သပိတ်ဝင်ပါ၊ ဒေါ်အိုဇာ ထင်တာကတော့ မောင်ဘကောင်းကတော့ စိမ်းကို ညွှတ်ချင်ညွှတ်နေမယ်လေ၊ လွတ်လပ်တဲ့ လူချင်းလဲ ယှဉ်ချင်လဲ ယှဉ်နိုင်တာပေါ့"

စိမ်းသည် ကျောက်ရုပ်လို မတုန်မလှုပ် ရပ်နေရာမှ ခုန်ပေါက်ပစ်လိုက်ချင်သည်။ သို့သော် ကြီးကြီးနု မျက်နှာက သူ့ခြေလှမ်းများကို တုံ့၍ဆွဲထားသည်။

ကြာရှည် နားထောင်၍တော့ မဖြစ်ပေ။ ဒေါသကို မထားနိုင်လျှင် ခက်ပေမည်။ သူ့အခန်းရှိရာသို့ ပြန်ရန် လှည့်လာ၏။ ရှေ့ဆက်၍ နားထောင်လျှင် စိမ်းဘယ်နည်းနှင့်မျှ သည်းခံနိုင်မည် မဟုတ်ပေ။

လဲ့လဲ့သည် (Night Cream) အလှဆီများကို လက်နှင့်ယူ၍ မျက်နှာပေါ်တွင် ပွတ်ရင်းပြောနေပြန်သည်။

"အဘွားကြီး ဒီကောင်မကို သွားပြောပါ။ ဒီအိမ်မှာ မနေဖို့ ပြောလိုက်ပါ။ ဟင်း . . . လဲ့လဲ့အကြောင်း သိတယ် မဟုတ်လား။ မင်းကြီးသမီးမို့ လဲ့လဲ့သာ ခုနေဘုရင်တစ်ပါးပါးရဲ့သမီး ဖြစ်စမ်းပါလား။ လဲ့လဲ့ချစ်နေတဲ့သူကို ဘယ်ကောင်မမှ မျက်မွှေးထော်လို့ မော်မကြည့်ရဘူး။ အကုန်သတ်ပစ်မယ်"

ဘုရား . . . ဘုရား ဒေါ်အိုဇာပင် ကျောချမ်းသွား၏။





မဟာဆန့်လိုက်သည့်ဖြစ်ခြင်း။ ကုန်းဘောင်ခေတ် စုဖုရားစံချိန်ကို ချိုးမည့်သူပေါ်နေပါပကော။ ဘုရင်မခေတ် မဟုတ်တော့သည်ကိုပဲ ဒေါ်အိုဇာက ကျေးဇူးတင်မိပေသည်။

"မိန်းကလေး လင်တစ်ယောက်ယူရတာ ဒါလောက်ဖြစ်နေဖို့ မလိုပါဘူး။ ကိုယ့်ကို တကယ်မေတ္တာရှိရင် ဘယ်သူဘယ်လောက်ပဲ မြူမြူ ကိုယ့်အနားက မခွာပါဘူး။ လဲ့က လင်တစ်ယောက်ယူရတာ မားကြိမ်းကြိမ်းနေတာပဲ"

"နားမလည်ဘူး။ မေမေဆိုရင် အင်းစိန်တစ်မြို့လုံး ဦးညွှတ်ရတာ။ အဘွား သူယေမ အလုပ်ပြုတ်ချင်ရင်တော့ စမ်းကြည့်သေးတာပေါ့"

"လဲ့ အိပ်တော့မယ် . . . ဒေါ်အိုဇာ သွားတော့"

ဒေါ်အိုဇာသည် အခန်းထဲမှ ထွက်လာရင်း စိတ်အိုက်နေ၏။ စိမ်းကိုလည်း သနားသည်။ သို့သော် ကြာရှည်နေလျှင် လဲ့လဲ့နှင့် ဖြစ်ကြတော့မည်။ ကြီးကြီးနု ဆိုသည်ကလည်း သနားမေတ္တာစိတ်ရှိပေမယ့် သမီးပြီးလျှင် အကုန်ပြီးပေသည်။ နည်းနည်းပါးပါးတော့ အနေအထိုင် သတိပေးဖို့ ဒေါ်အိုဇာက အကြံရလာသည်။

စိမ်း၏အခန်းဝတွင် အသာရပ်နေသော်လည်း အထဲသို့မဝင်သေးပေ။ အခန်းထဲတွင် မီးလုံးအပြာလေး ထွန်းထား၍ စိမ်းခုတင်ပေါ်တွင် ပက်လက်လှန်၍ နေသည်ကို မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဒေါ်အိုဇာသည် အကျိုးအကြောင်း၊ ဘာကစပြောရမည်ကိုပဲ မတွေးတတ်အောင် ဖြစ်နေသည်။ သူရပ်နေစဉ် လှေကားမှတက်လာသော ဒေါ်ရွှေသွယ်ခြေသံကို ကြားရသည်။ ဒေါ်ရွှေသွယ်သည် သီချင်းညည်း လာပုံရလေသည်။

"ဆင်တော်ရန် ကေသာဖြီးရင်လ

လင်မျှော်ပြန်ပြီ တော်လို့

အများပြည်ရွာက ညည်းကြပါလိမ့်၊

အထီးကိုပင် စ,ရှော့သလား

သမီး ကိုယ့်ညီမကဲ့သို့

အများက မစာနာသတော်

ကြားရစကားလာ . . ."

သီချင်းသံကြားကြားချင်း ဒေါ်အိုဇာမှာ မျက်လုံးပြူးသွားသည်။ သီချင်းမှာ ရှေးဇာတ်သီချင်းတစ်ခု ဖြစ်သည်။ စိမ်းကလည်း ခုတင်ပေါ်မှာ ဖျတ်ခနဲ ထိုင်လိုက်သည်။ ဒေါ်ရွှေသွယ်သည် သူတို့အကြောင်းကိုသိ၍ သီချင်းကိုများ စောင်းဆိုလေသလား။ ဒေါ်အိုဇာကလည်း ဒီလိုပဲ ထင်သည်။ သို့သော် သူသည် အခန်းပြင်ဘက်တွင် ရပ်နေဆဲပင်ဖြစ်၏။

"ဘယ့်နှယ် မအိုဇာ...ဒီမှာဘာလာလုပ်နေတာလဲ"

ဒေါ်ရွှေသွယ်သည် သူ့ပခုံးကို နောက်မှပုတ်ကာ အဘွားကြီးကို အခန်းထဲသို့ တွန်း၍ ပို့လိုက်သည်။ စိမ်း





သည် သူတို့နှစ်ယောက်အား သရဲမကြီးများလို ပြူးကြောင်၍ ကြည့်နေသည်။

"ဆင်တော်ရန်"

ဒေါ်ရွှေသွယ်က ခပ်ပြုံးပြုံးနှင့် သီချင်းကောက်၍ စပြန်သည်။

"တော်ပါတော့ ဒေါ်ရွှေသွယ် . . . စိမ်း စိတ်ညစ်အောင်လို့ ဒီသီချင်းကို ဆိုတာလား"

အဘွားကြီး နှစ်ယောက်လုံးသည် စိမ်းဘေးတွင် ဝင်၍ထိုင်လိုက်၏။ ဒေါ်အိုဇာမှာမူ မျက်နှာပျက်နေတုန်းပင် ဖြစ်လေသည်။ ဒေါ်ရွှေသွယ့်မျက်နှာကမူ တစ်စုံတစ်ခုကို သောနေပုံရသည်။

"မိန်းကလေးကို စောင်းဆိုတာ မဟုတ်ပါဘူး။ ဒီသီချင်းက မုဆိုးမ၊ တစ်ခုလပ် သီချင်းပေါ့။ တကတဲတော် ကျုပ်လဲပဲ မုဆိုးမဘဝ နေလာသူပါ။ လင်မရှိရင် တယ် မျက်နှာငယ်တာကိုး။ သူတို့ နန့်ကြတာပျံတာတော့ မပြောကြပါဘူး။ ကျုပ်တို့များ သနပ်ခါး ဖွဲဖွဲလူးရင် လင်လိုချင်လို့ လူးတယ်တဲ့။ လိုချင်ရင် ယူမယ်။ ဘာဖြစ်လဲ ငုတ်တုတ်ရှိ လျက်နဲ့မျက်နှာများရင်သာ မကောင်းတာ"

ဒေါ်အိုဇာသည် ငြိမ်ငြိမ်နားမထောင်နိုင်တော့ပေ။

"မရွှေသွယ် . . . ခုန လဲ့ပြောတဲ့စကားတွေ ညည်းကြားခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေသွယ်က ခေါင်းခါ၏။ စိမ်းကမူ "ကျွန်မ အကုန်ကြားတယ်" ဟူ၍ပြောလိုက်၏။

"ကျုပ်တော့ မကြားပါဘူး . . .။ ဒါပေမယ့် ကြာလှပြီ စိမ်းကို ခလုတ်တိုက်နေတာ။ ကျုပ်သိပါတယ်။ ဒီနေ့လဲ မအေကို တိုင်နေတာ နားနဲ့ဆတ်ဆတ် ကြားရတယ်။ ဒါလောက်တော့လဲ အားနွဲ့တဲ့လူအပေါ်မှာ တရားလွန်ကြပါတယ်။ အမေကလဲ သမီးကို မကာနဲ့ကွက်ဘူး။ မဟုတ်နိုင်ပါဘူးလို့ တစ်လုံးမပြောဘူး"

စိမ်းသည် အဘွားကြီး နှစ်ယောက်ကြားတွင် ကျောက်ရုပ်လို ဖြစ်နေသည်။ လင်တစ်ယောက်ရဖို့အတွက် ဒါလောက် ကြိမ်းမောင်းမာန်မဲ၍ လေးခင်း ပြရသည်ကို စိမ်းက နားမလည်ပေ။ စိမ်းရခဲ့သော အချစ်သည် ယောက်ျား လေးကစတင် တောင်းခံ၍ လေးလေးစားစား ပေးယူခဲ့သော အချစ်ဖြစ်၏။ ယခုလို ကျူးသွင်းခန်းမျိုးကို စိမ်းအနေနှင့် မတွေ့ခဲ့ဖူးပေ၊ ယခုတော့ အိမ်ထောင်ရေး၊ လူလူချင်း မေတ္တာနှင့်ပေါင်းသင်း ဆက်ဆံရေးမဟုတ်ဘဲ ကျူးသွင်းခန်း ကြီးပါတကား။ အရအမိထွက်ပေါက် အလုံပိတ်၍ ကျူးသွင်း နေချိန်တွင်မှ မရွှေစိမ်းကလည်း မားခုတ်ရာ လက်လျှိုမိ ပလေ . . .။ စိတ်ပေါက်ပေါက်နှင့် ကိုမောင်မောင်တင်ကို တိုက်ရိုက်တွေ့ကာ သူနှင့်စကားမပြောဖို့၊ မတွေ့ဖို့ပြောမည် စိတ်ကူးမိ၏။ သို့သော် အကြောင်းစုံ သိသွားလျှင် လှဲအား သဘောထားသေးသူဟူ၍ ကိုမောင်မောင်တင်က ထင်မှာကို





စိုးမိပြန်သည်။ ကိုယ့်ပေါင်ကိုလည်း ကိုယ်လှန်၍ မထောင်း ချင်ပေ။

စိမ်းသည် ထိုင်ရာမှထလိုက်၏။ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း သူဘာလုပ်ရမည်ကို စဉ်းစားနေသည်။

"စိမ်းတော့ တစ်ချီလွှင့်ဦးမှထင်တယ် ဒေါ်ရွှေသွယ်"

ဒေါ်အိုဇာက ဘာမပြော ညာမပြောနှင့် တအိအိ ငိုချနေတော့သည်။

"မိန်းကလေးအဖြစ်က ဆိုးလိုက်တာကွယ်၊ သွား တော့မသွားပါနဲ့ဦး"

"နေပါဦး စိမ်းရယ် ဒေါ်ရွှေသွယ်လဲ အကြံဉာဏ် ပေးပါဦးမယ်"

ဤကမ္ဘာလောကတွင် သူ့အတွက် အဘွားကြီး နှစ်ယောက်ရှိသေးသည် ဆိုတော့လည်း စိတ်ထဲတွင် အား တက်သွား၏။ အမှန်တော့ စိမ်းနေချင်သည်က ယာတောလို ဘဝမျိုး၊ ယာခင်းသည် ပြည့်စုံကုံလုံခြင်းမရှိ၊ ရှားပါးသည် မှန်၏။ သို့သော် လုပ်မှကိုင်မှ စားရသူများပီပီ အပိုမပြော နိုင်ပေ။ ဦးခွန်နောင် သားသမီးများနှင့်ကလေးများ စာသင် ပေးချိန်ကလည်း အေးချမ်းပါဘိ။ သူနှင့်ကိုဝဏ္ဏ လွတ်လပ် သူချင်း အတူတူနေခဲ့ပေမယ့်လည်း စကားတစ်လုံးဖွဲ့၍ ဘယ် သူမှတီးတိုးမပြောခဲ့ပေ။ ဒီမှာတော့ အပြိုင်အဆိုင်လို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူတွေကလည်း ဒီကိစ္စလောက်သာ လူ့ဘဝတွင် လုပ်စရာရှိသည်ဟု ထင်သည်။

ကုန်ပစ္စည်းပင် အပြိုင်အဆိုင်ရှိလာလျှင် ပဋိပက္ခဖြစ်ရမြဲပင်ဖြစ်၏။ ယခုလည်း သူ့ညီမလေးက သူ့အိမ်ထောင်ရေးကို ဈေးရောင်းသလို ထားလေလားမသိ။ ဖြစ်မှဖြစ်ရလေခြင်း။ မရှုပ်သင့်ဘဲ ရှုပ်ကြရသော အကြောင်းပင်ဖြစ်ပေသည်။

သူ့သောကတွင် ဂရုစိုက်သည့် မျက်နှာတွေကလည်း တစ်ပုံကြီး။ မျက်နှာတော်တစ်ချက် ညိုးကျလျှင်ပဲ သူ့မှာ နေစရာမရှိခဲ့။ ထမင်းတစ်လုတ်ဖြောင့်အောင် မနည်းစားရ၏။

ဒါကြောင့် အမေသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ရဘဲ ထမင်းတစ်လုတ်စားရသည့် ယာတောတွင် သွားရောက်နေခြင်းကို သဘောပေါက်လာ၏။ အမေ့ ပြောစကားများကို နားထဲတွင် ကြားယောင်လာသည်။

"အချိန်တန်ရင် စပါးကလဲ ရနေပြီ။ နွားနို့ကိုလည်း ခြံက နွားမကြီးဆီက သောက်ရတယ်။ ဂျုံရောင်းပြီးရင် အဝတ်အစား ဝယ်ဖို့ ငွေရလာတာပေါ့လေ။ ကိုယ်လုပ်နိုင်သမျှတော့ ဘယ်သူ့အငြိုအငြင်မှ မခံရဘဲ ထမင်းတစ်လုတ် စားရတာပေါ့"

မှန်၏။ ယခုတော့ နန်းတော်တွင် ခစားရသည့်





မင်းခစားထက် ဆိုးသေးသည်။ ထမင်းတစ်လုတ်အတွက် လျှော့လိုက်၊ ခေါင်းငုံ့လိုက်ရသည့်ဖြစ်ခြင်း၊ ယခုလိုဆိုတော့ သူတို့အရောဝင်သော ယောကျ်ားတစ်ယောက်ကို စိမ်းက အရောမဝင်ရ။ လုပစ္စာဝတ်စားလာလျှင်လည်း လင်လိုချင်လို့ အပြောခံရ။ အင်မတန် နာကြည်းရသော ဘဝပေပဲ။ အပြောကျယ်သော လောကကြီးနှင့်နက်ရှိုင်းမြားမြောင်သော ပညာရပ်များကား အဆုံးအစမရှိပေ။ ဤကဲ့သို့ ငြိမ်းချမ်းသာယာသော အိမ်ကြီးတွင် ထိုပညာရပ်များကို လေ့လာဖို့အချိန်များ အများကြီးရ၏။ ပညာရပ်များကို မလေ့လာချင် ထားပါဦးတော့ ဘုရားသခင်၏ တရားတော်များကို လေ့လာလျှင်လည်း စိတ်၏ ငြိမ်းချမ်းရာလည်းဖြစ်၏။ ဘဝသံသရာ၏ ကောင်းရာကောင်းကြောင်းလည်း ဖြစ်ပေသည်။

ဤအိမ်ကြီး၏ အပြင်ပတွင်တော့ အိုးတစ်လုံး အိမ်တစ်ဆောင်အတွက် လျှာအလျားသာ ထွက်အောင် ရှာဖွေနေရသူတို့မှာ ပညာရပ်များကိုလည်းကောင်း၊ ဘုရားသခင်၏ တရားတော်များ အကြောင်းကိုလည်းကောင်း အေးချမ်းစွာ မလေ့လာနိုင်ပေ။

စိမ်းသည် တွေးနေရာမှ သူ့ဘေးမှ အဘွားကြီးကို သတိရလာသည်။

"ဘယ်လို ဖြစ်တာလဲလို့ စိမ်းလဲ မတွေးတတ်အူးလဲ့ကို ရှင်းပြလိုက်ပါ ဒေါ်အိုဇာ၊ စိမ်းမှာ ဒါတွေ တွေးဖို့လဲ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရပါဘူး။ သူ့ဟာသူ အေးအေးဆေးဆေး လင်ယူပါစေ။ စိမ်းနေသမျှ အတောအတွင်း ဘယ်သူ့ကိုမှ အနှောင့်အယှက်မဖြစ်စေချင်ဘူး''

''မဟုတ်ပါဘူး မရွှေစိမ်း''

ဒေါ်ရွှေသွယ် လက်မောင်းပင့်၍ ဆက်ပြောပြန်၏။

''စိမ်းက ဘယ်လိုပဲ အေးအေးနေနေ ဒီစိတ်မျိုးက မရဘူး။ သူတို့ဘဝ စားဖို့လဲမပူရ၊ ဝတ်ဖို့လဲမပူရတော့ အချိန်ရတိုင်း ဒီလင်ကိစ္စ တွေးပြီးတော့ အမှန်အတိုင်းပြောရရင် ကျုပ်တို့ တစ်ခုလပ်ကိုသာ စွပ်စွဲတာ။ အမှန်တော့ ဒီမှာက ယောကျ်ားဆိုရင် သူတို့က အရင်စကြတာချည်းပဲ''

''တော်ပါတော့ ဒေါ်ရွှေသွယ်၊ ဒါတွေလဲ မပြောသင့်ပါဘူး။ မိန်းမတွေအနေနဲ့ ဒီအကြောင်း ပြောရတာလဲ ရှက်စရာ ကောင်းပါတယ်''

စိမ်းက အုပ်လိုက်လျှင် ငြိမ်ကျသွားပြန်သည်။ အမှန်တော့ ခေါင်းအကိုက်ဆုံးမှာ ဒေါ်အိုဇာကြီးဖြစ်၏။ လဲ့လဲ့က ဒီအိမ်ကြီးပေါ်မှ စိမ်းဆင်းရမည်ဆို၏။ ဒီအိမ်ကြီးတွင် လဲ့လဲ့အမိန့်ကို ဒေါ်မြနုပင် မလွန်ဆန်နိုင်ပေ။

သို့သော် . . .

စိမ်း ဆင်းသွားဖို့ကို ဒေါ်အိုဇာ နည်းနည်းမှ မလိုလားပေ။ ပါးစပ်က ပြောရမည်ကိုလည်း မပြောရက် မပြောချင်ပေ။





အမှန်တော့ လဲ့လဲ့မှာ သဘာဝကို မလေ့လာတတ်သူဖြစ်၏။ လဲ့က မောင်မောင်တင်အား လိုက်လျောလွန်း၏။ ယောကျ်ားဆိုသည် ကိုယ့်ကို လိုက်လွန်းတော့လည်း မိန်းကလေးကို ပေါ့၍လာသည်။

စိမ်းကတော့ တမင်မာနကြီးနေခြင်း မဟုတ်ဘဲ၊ သူ့ဒုက္ခနှင့်သူ ခပ်ဖယ်ဖယ်နေခြင်းကပင် မိန်းမတစ်ယောက်၏ ဂုဏ်ကျက်သရေလိုပင်ဖြစ်၍ နေပေသည်။ စိမ်းကို ပိုမို၍ စိတ်ဝင်စားနေသူမှာ မောင်မောင်တင်မဟုတ်၊ ကိုဘကောင်းဖြစ်သည်ကို လဲ့လဲ့ကလည်း မတွေးမိပေ။

ဒေါ်အိုဇာသည် ဒေါ်ရွှေသွယ်အား လက်တို့၍ အပြင်ကို ခေါ်သွားသည်။ စိမ်းသည် အားလုံးကို ကြိုးစား၍ မေ့ပျောက်ပစ်လိုက်၏။ ယာတောဘေးမှ ချောင်းရေစီးသံသည် နားထဲတွင် ကြားယောင်လာသောအခါ ပူလောင်နေသော နှလုံးသားမှာ အေးစပြု၍လာသည်။

နှင်းမှုန်ပါသော မြောက်လေအောက်တွင် ပျိုးပင်လေးများ ယိမ်းယိုင်နေပုံ၊ ချယ်ရီပွင့်လေးများ လေနှင့်ရော၍ နေပုံများကို တွေးရင်း ယာတောကို သွားရောက်လည်ပတ်လိုက်လေသည်။ စိတ်ချမ်းသာမှုကို ဒီလိုမှမရှာလျှင် ဘယ်တော့မှ တွေ့မည်မဟုတ်ပေ။

အဘွားကြီး နှစ်ယောက်သည် ဒေါ်အိုဇာ၏ အခန်းဘေးရှိ ဝရန်တာတွင်ထိုင်ကာ ပင့်သက်ရှူနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နှယ် ဘယ်လိုဖြစ်တယ်ကို မပြောတတ်ပါဘူးအေ။ ဒီကလေးမအတွက် သံယောဇဉ်ကြီးရတာ"

ဒေါ်အိုဇာသည် ခေါင်းကုတ်ရင်း ညည်းပြန်၏။

"လောကမှာ အားနွဲ့တဲ့သူကို ငဲ့ရမယ်၊ သံယောဇဉ်ကြီးရမှာပဲပေါ့"

"အေးလေ...ဒါကြောင့်ပေါ့၊ ငါ့မှာ ခက်နေတာက စိမ်း ဒီအိမ်က ဆင်းသွားလို့ ဘယ်လိုလုပ်ပြီး ပြောရမလဲ။ ချက်ချင်းလောလောဆယ် ဘယ်သွားနေမှာလဲ။ အိမ်ငှားဖို့လဲ သူ့အလုပ်ရတာမှ နှစ်လရှိသေးတယ်။ ဘယ်မှာ ငွေစုမိမလဲ"

"ကျုပ်တော့ တစ်ခုတွေးမိတယ်။ တစ်နေ့က မောင်ဘကောင်းက ကျုပ်ကို စကားလာစတယ်။ သူ့စကားက စိမ်းကိုညွှတ်နေတယ်ပေါ့။ သူလဲ ရန်ကုန် ပြောင်းရမတဲ့။ ဒီတော့ သူ့အိမ်မှာ စိမ်းခဏနေပေါ့။ ကျုပ်တို့ နားချလို့ ရရင်လဲ မောင်ဘကောင်းကို ကလေးမ လက်ထပ်လိုက်လဲ မကောင်းဘူးလား။ မိန်းမဆိုတာက ခက်တယ် မအိုဇာ။ ကျုပ်တို့လိုလဲ အရွယ်လွန်နေပါမှ၊ လင်ရှိလဲရှိပါမှ၊ အပျိုဖြစ်ရင်လဲ ဖြစ်ပါမှ။ နို့မို့လို့ လွတ်များနေရင် ကွက်လပ်ကြည့်သလား အောက်မေ့ရတယ်။ ဟိုလူနဲ့အထင်ခံရ ဒီလူနဲ့အစွပ်စွဲခံရနဲ့မဟန်ပါဘူး။ ကျုပ်တို့ကတဲ ဝိုင်းပြီး နားချရအောင်"

"ကလေးမက သဘောတူမလား"





"အိမ်ပြောင်းပြီးမှ ပြောပေါ့။ လောလောဆယ် ပြောလို့တော့ မဖြစ်သေးဘူး"

"ဒီလိုဆို ငါကနေပြီး လဲ့ကဒီအိမ်မှာ မနေစေချင်တာ ပြောရမလား။ ညည်းကလဲ ဟိုအိမ်ကို ပြောင်းမယ့်အကြောင်း မောင်ဘကောင်းကို ပြောထားနှင့်ပါ"

"ရှင်းရှင်းပဲ ပြောလိုက်ပါလေ။ တို့ကကြုံဖန်ရတဲ့ ဇာတ်လမ်းတွေမှ မဟုတ်ဘဲ။ မိန်းကလေးကလဲ ခေါင်းမာပါတယ်။ မနေချင်လိုက်တဲ့ ဖြစ်ခြင်း"

လဲ့လဲ့ စကားများကို ဒေါ်အိုဇာ လာရောက် ပြောချိန်တွင် စိမ်းသည် ဘာမှမတုန်လှုပ်တော့ပေ။

သူကြိုတင် တွေးတောထားသည့်အတိုင်း မှန်ကန်နေပေသည်။

"နောက် ထမင်းစားပွဲတွေ ဘယ်ထမင်းပွဲမှ စိမ်း မပါရတော့ဘူး"

ဟူ၍ ဒေါ်အိုဇာ တစ်ခါက ပြောသည်မှာ ယခုတော့ အဓိပ္ပာယ်ပေါ်၍ လာလေသည်။ အမှန်တော့ သည်လိုမဖြစ်ခင်က ကြိုတင်၍ သူထွက်သွားဖို့ ကောင်း၏။ ယခုလိုနောက်ကျနေမိသည်ကိုပဲ သူ့ကိုယ်သူ အပြစ်တင်နေမိပေသည်။

ဘယ်သောအခါတွင် အိမ်တစ်လုံးတည်း၌ ငြိမ်သက်စွာထိုင်၍ နေရပါမည်နည်း။

• • •



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် သူ့ပစ္စည်းလေးများကို သိမ်းဆည်း၍နေ၏။ ယခုတစ်ခါ ပြောင်းရွှေ့ရခြင်းမှာတော့ လူနှင့်သူနှင့်တူလာသည်။ အကျီထည့်ရန် သေတ္တာလည်းရှိ၍ အကျီလုံချည်များလည်း လေးငါးစုံလောက်ရှိ၍လာသည်။

ဖဲထီးတစ်ချောင်းပင် သိမ်းရာတွင် ပါလာလေသည်။ ဒါလောက်ဆိုရင်ပဲ သူ့ပစ္စည်းများမှာ လုံလောက်၍ နေလေသည်။

ယနေ့အိမ်ပြောင်းရွှေ့ရန်အတွက် ကျောင်းမတက်ဘဲနေလိုက်သည်။ မနက်ဘက်ကမှ အောက်ဆင်း၍ ပန်းပွင့်များခူးကာ ကြီးကြီးနုအတွက် သီ၍ပေးလိုက်သည်။ ဖွဲဖွဲရှာကျနေသော မိုးဖွားများအောက်တွင် ပန်းခူးရခြင်းမှာ နောက်ဆုံးဟုတွေးမိသောအခါတွင်မှ ဝမ်းနည်းသလို ဖြစ်လိုက်မိသေးသည်။





စောစွာသော အချိန်များက ယခုလို ဖြစ်မည်ကို ကြိုတင်၍ မတွက်မိကောင်းလားဟူ၍လည်း သူ့ကိုယ်သူ အပြစ်တင်မိပြန်သည်။

အုံ့၍မည်းနေသော ကောင်းကင်အောက်တွင် အိမ်ကြီးသည် ညိုမှိုင်းမှိုင်းဖြစ်နေသည်။ ထိုအိမ်ကြီးမှ ထွက်ခွာသွားရခြင်းသည် ကြမ္မာဆိုးတစ်ခုမှ လွတ်ကင်းခြင်းပဲဟူ၍ ယူဆလိုက်၏။

ထွက်ခွာသွားရမည် ဆိုပြန်တော့လည်း ဒေစီ့အိမ်မှ အကူးအပြောင်းတွင် လက်ခံကျွေးမွေးသော ကြီးကြီးနု၏ မေတ္တာတရားနှင့် ကျေးဇူးမှာ နောက်ဆံငင်၍ နေပြန်လေသည်။

သို့သော် . . .

ဘာမဆို လွတ်လွတ်လပ်လပ်ပင် ဆက်ဆံပြောဆိုချင်၏။ စာရင်းရှုပ်တတ်သော အလေ့များကို သူကဝါသနာမပါပေ။

ကြီးကြီးနုကမူ ယနေ့ သူထွက်ခွာ သွားမည်ကို သိဟန်မပေါ်ပေ။ သူပေးသော ပန်းခိုင်ပန်းခက်များကိုယူ၍ ငြိမ်သက်စွာ ဘုရားရှိခိုးနေသည်။

နေ့လယ်ဘက်တွင် အောက်ထပ် ထမင်းစားခန်းသို့ လှဲ့လှဲ့က ကိုမောင်မောင်တင်အား ခေါက်ဆွဲကျွေးမည်ဆို၍



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသည် အောက်သို့ပင် မဆင်းတော့ပေ။ နောက်ရှပ်လာမည့်ဇယားများကို ကြောက်၏။

ချစ်သူနှင့်ပတ်သက်လာလျှင် စိတ်ဆိုသည်မှာ မြွေဆိပ်ထက် ပိုမွှန်သည်ဟု ပြောကြ၏။ မွှန်လည်း မွှန်ပေမည်။ မိန်းမဆိုပြန်တော့လည်း မထိန်းနိုင်သောစိတ်၊ ငယ်သောစိတ်များသည် ပေါက်ကွဲမြန်တတ်ပေမည်။

သို့သော် . . .

စိမ်းအတွက် သည်ကိစ္စနှင့် ပတ်သက်၍ ခွန်းကြီးခွန်းငယ်ပြောရမည်ကို ရှက်သည်။

ဒေါ်ရွှေသွယ်သည် အပ်ချည်လုံးအနက် လာ၍တောင်းကာ စိမ်းအခန်းထဲတွင်ပင် သူ့ဖဲထီးစုတ်ကို ဖာနေလေသည်။

"ဒါ ဘာလုပ်ဖို့လဲ ဒေါ်ရွှေသွယ်"

"အပေါက်ကို ဖာနေတာပါ။ ညနေသွားရင် ဒေါ်ရွှေသွယ်ပါလိုက်မယ်လေ"

"လိုက်ပို့မှာလား"

"တစ်ခါတည်း လိုက်နေမှာပါ။ ဒီမှာ မနေရစ်ခဲ့ချင်ဘူး"

"ဟင် . . ."

စိမ်းက မျက်လုံးပြူးသွားသည်။





"ကြီးကြီးနုက ဒေါ်ရွှေသွယ့်ကို လွှတ်မလား"

"လွှတ်ပါတယ်"

"ကောင်းမှ ကောင်းပါ့မလား၊ သူ့အိမ်မှာလဲ လာနေသေးရဲ့။ သူ့အခြွေအရံလဲ ဖွဲ့ယူသွားတယ် ဖြစ်ပါဦးမယ်"

"စိမ်းနဲ့မလိုက်ရလဲ ဒီအိမ်မှာ ဆက်ပြီး မနေချင်တော့ဘူး"

စိမ်းသည် ငြိမ်၍ နေလိုက်ပြန်သည်။ စင်္ဘော်ထဲ၌ နောက်ပြောင်းမည့် ကိုဘကောင်းအိမ်ကို သတိရလာ၏။

"ဒီမှာ ဒေါ်ရွှေသွယ်၊ ကိုဘကောင်း အိမ်လခက ဘယ်လောက်"

"တစ်လ ၈–ကျပ်တဲ့"

"သူ့အိမ်ကြီးက အကြီးကြီးဆို"

"အင်း . . . သူမှမနေဘဲ၊ ပြီးတော့ သူကလဲ ငှားစားချင်တာ မဟုတ်ဘူး။ စိမ်း မကျေနပ်မှာ စိုးလို့သာ လခယူတာ"

"အင်း . . ."

စိမ်းသည် ခုတင်ဘေးတွင်ထိုင်၍ ခေါင်းကိုကုတ်လိုက်၏။ ပိုက်ကွန်ကိုမမြင်၍ တိုးမိသည်ဆိုသည်မှာ ကောင်းသေးသည်။ ပိုက်ကွန်ကို မြင်ပါလျက်နှင့် မတိုးမဖြစ်၍ တိုးရခြင်းမှာ အတော်ခေါင်းကိုက်စရာပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရွှေသွယ်လခ ၈–ကျပ်ယူပြီး နောက်ပိုင်းက ဘာများချည်တုပ်ဦးမလဲ။ လောကကြီးက ဘာအခွင့်အရေးမှ မယူရဲအောင် ဖြစ်နေတာပဲ။ အခွင့်အရေးတစ်ခု ယူမိတိုင်း နောက်ကနေ တစ်ခုအချည်ခံနေရတာပဲ"

"ဒါတွေကော် တွေးမနေပါနဲ့ စိမ်း၊ လမ်းက နှစ်ခုပဲ ရှိတယ်။ ဒီမှာ ဆက်မနေချင်ရင် ဒီအိမ်ကလွဲလို့ ပြောင်းစရာ မရှိဘူး။ မပြောင်းချင်ဘူးဆိုရင် ဒီဥစ္စာစောင့် အိမ်ကြီးမှာ ဆက်နေရမှာ"

"အေးလေ ဒါကြောင့် ပိုက်ကွန်ကို မြင်လျက်နဲ့ တိုးနေရတာပေါ့"

ပြတင်းမှာ စိမ်းကသွား၍ရပ်၏။ မိုးသည် အပြင်တွင် သည်းထန်စွာရွာနေသည်။ မိုးရေအောက်တွင် စံပယ်ပွင့်များ ကလည်း ပွင့်လိုက်သည့်ဖြစ်ခြင်း။ မိုးပေါက်များ ဒဏ်ကြောင့် ကြွေလွင့်နေသော ပန်းပွင့်အဖြူများမှာ မြေပေါ်တွင် ဖွေးနေ သည်။

စံပယ်ပွင့်များသည် သူ့အားနောက်ဆုံးတွေ့ခြင်းဖြင့် နှုတ်ဆက်ရန် အစွမ်းကုန် ပွင့်နေပေမယ့် သူကတော့ ယခု ညနေတွင် ပန်းမခူးနိုင်တော့ပေ။ ခြံစည်းရိုးနားမှ နှင်းဆီနိုင် များသည် မိုးရိုန်နှင့်သူ့ဘက်သို့ ကိုင်းညွတ်၍ နှုတ်ဆက်နေပုံ ရလေသည်။ သူ့လို သက်ရှိပင် ဒေါ်သနှင့်မောဟာ မုန်တိုင်း တိုက်ခတ်လာလျှင် လွင့်စင်ထွက်ပြေးရသေးသည်။





ပန်းစံပယ်လို သဘာဝမှာတော့ လေနှင့်မိုးတို့ ပြင်း ထန်၍လာတိုင်း ဆုံးစမရှိ ကြွေလွင့်ရမည်ပါတကား။

ညနေတွင် အရိပ်အခြည်ကြည့်၍ ကြီးကြီးနုအခန်း ထဲသို့ စိမ်း ဝင်လိုက်သည်။ ခုတင်ပေါ်တွင် လှဲနေရာမှ ကြီးကြီးနုသည် ထ၍ထိုင်သည်။ သူသည် ကြမ်းပြင်ကော်ဇော ပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်ရင်း . . .

"စိမ်း ကန်တော့မလို့၊ ခုည သွားတော့မယ်" ဟု ပြောလိုက်၏။

ကြီးကြီးနုသည် ဘာမှပြန်၍လည်း မပြော၊ မေးလည်း မမေးပေ။ သူ့အား စူးစိုက်ကြည့်နေသော မျက်လုံးမှာတော့ မှုန်ရီရီ ဖြစ်နေပေသည်။

"အေး . . ."

တစ်လုံးတည်းငင် တုန်တုန်ယင်ယင် ပြောလိုက်၏။ စိမ်းသည် ကြီးကြီးနုကို ဦးချရင်း မျက်ရည်များက တစ်ပေါက် ပေါက်ကျ၍လာသည်။ အမှန်တော့ မြေလိုတည်တည်မြဲမြဲ နေလိုပါ၏။ ရေလိုအစဉ်ရွေ့လျောသွားလာရခြင်းကို မနှစ် သက်ပါ။ သို့သော် ဘဝက 'မြေ'မှမဖြစ်လာဘဲ 'ရေ'ဖြစ်လာ တော့ အစဉ်ပဲရွေ့လျားသွားလာရဦးမည်။ ထည့်ရာခွက်တို့၏ ပုံစံကိုလိုက်၍ တည်ရဦးမည်ပါတကား။

"ကျွန်မလဲ စိမ်းနဲ့လိုက်သွားတော့မယ်"

ဒေါ်ရွှေသွယ့်အသံသည် စိမ်းနောက်မှ ပေါ်လာ သည်။ ကြီးကြီးနုသည် ခေါင်းညိတ်ပြရင်း သူ့မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုမို၍အိုမင်းလာပုံရသည်။ သူသည် တစ်စုံတစ်ရာ တားမြစ်ဖြေဆိုခြင်း ဘာကြောင့်မပြုပါလဲဟု စိမ်းက သိချင်၏။ ဆံထုံးပုံ့ပုံ့လေးနှင့် အဘွားကြီးထိုင်နေပုံမှာ ရုပ်သေးဘုရင်ကြီးနှင့် တူနေသည်။

စိမ်းတို့နှစ်ယောက် အခန်းထဲမှ ထွက်သွားချိန်တွင် ရှည်လျားသော အဘွားကြီး၏ သက်ပြင်းချသံကို ကြားလိုက်ရ၏။ ဆင်ဝင်ဝတွင်တော့ ဘယ်သူစီစဉ်ထားသည်မသိသော ကားမှာသူတို့ကို စောင့်နေသည်။ ပစ္စည်းများ ကားထဲသို့ ထည့်ပြီးချိန်တွင် ဒေါ်အိုဇာသည် ဘယ်က ပေါ်လာသည်မသိ။ သံဆွဲတံခါးအဝတွင် တအီအီငိုနေပြန်သည်။

စိမ်းကမူ ဝတ္တရားရှိသည့်အတိုင်း ညီမတော်လှဲ့အား သွား၍ နှုတ်ဆက်ရသေးသည်။ လှဲ့သည် မျက်လွှာကိုမှပင် မပြုဘဲ ခေါင်းတစ်ချက်သာ ညိတ်လိုက်သည်။ ဆင်ဝင်အောက်သို့အထွက်တွင် ဒေါ်အိုဇာ ငိုသံကိုကြားရပြန်သည်။

"ဒေါ်အိုဇာ မငိုနဲ့လေ၊ စိမ်းတို့ဆီ လာလည်နိုင်သားပဲ"

အဘွားကြီးသည် တော်တော်ပင် ရှည်ရှည်လျားလျား ငို၍နေပေသည်။ သူတို့နှစ်ယောက် ထွက်ခွာသွားခြင်းမှာ ခြောက်သွေ့သွေ့နှင့် ဘယ်သူမှ အသိအမှတ်မပြုသော်လည်း ဒေါ်အိုဇာ့မျက်ရည်များမှာ အထိမ်းအမှတ်သဖွယ် ကျန်ရစ်တော့သည်။

● ● ●



တောင်လေတိုက်ခတ်နေသော ရက်များကား ကုန်ဆုံးပေတော့မည်။ စိုထိုင်းနေသော လေ၏အတွေ့သည် ပြောင်းလဲလာသလို သယ်ယူလာသော ရနံ့များကလည်း ပြောင်းလဲ၍ လာသည်။

ယခုတလော နေရောင်ခြည်ကို မကြာမကြာ တွေ့ရရုံမက သုံးလေးရက်ပင် နေခပ်ကျဲကျဲပွင့်၍ လာပေသည်။

သည်းထန်သော မိုးရေအောက်တွင် တစ်မိုးတွင်းလုံး ပေါက်နေသော ချုံနှင့်မြက်ခင်းများမှာ တဖြည်းဖြည်းလျော့စပြု၍လာသည်။

ညနေကျောင်းဆင်းတိုင်း ဒေါ်ရွှေသွယ်နှင့်အတူ ခြောက်စပြုလာသော မြက်ပင်နှင့်ချုံပင်များကို ရှင်းလင်းရသည်မှာ စိမ်းအတွက် ပျော်စရာတစ်ခု ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း နေရောင်ခြည်ကလည်း ပူပူနွေးနွေးရှိလာ၍ ခြံထဲတွင်သွားလာ လှုပ်ရှားရသည်မှာ နွေဦးပေါက် ငှက်ကလေးများလို လွတ်လပ်၍ နှစ်သိမ့်ဖွယ်ပင် ဖြစ်ပေသည်။ ညနေစောင်းတွင် အိမ်ကြီးနောက်ဘက်မှ အဝါရောင်သို့ပြောင်းလုလု စပါးခင်းကြီးမှာ စိမ်းကိုဆိး၍ကြို၏။

တောင်လေသည် တဖြည်းဖြည်းအားပျော့၍ လေမှာ အရှေ့မြောက်လေဆန် လာလေလေ စပါးခင်းကြီးကလည်း အဝါရောင်သို့ ပို၍ပြောင်းလာလေတော့သည်။

အမှန်တော့ ထူးခြားလှသည် မဟုတ်ပေမယ့် လေကို ရှူရသည်မှာလည်း လွတ်လွတ်လပ်လပ် ရှိလာလေသည်၊ နေရောင်ခြည်မှာလည်း ပူနွေးလတ်ဆတ်သလို စိတ်ထဲမှ ထင်လာလေသည်။

ကြီးကြီးနုအိမ်တွင် အိမ်ကြီး၏ ညို့မှောင်သောအငွေ့ကပင် လွှမ်းမိုးမနေ၍လားမသိ။ လေများ၏ရနံ့မှာ ပန်းပေါင်းစုံပွင့်သော ခြံထဲတွင် တိုက်ခတ်လာသော်လည်း မွှေးစော်နံနေပုံရသည်။

နေခြည်ကလည်း မလတ်ဆတ်သလိုပင် ဖြစ်နေတော့သည်။

ရှင်းထားသော မြက်နုနှင့်ချုံများနေရာတွင် နှင်းဆီပင်များကို သူကိုယ်တိုင်စ၍ စိုက်သည်။ မိုးကုန်စပြု၍ စိုက်ရသည်မှာ ခဲယဉ်းပေမယ့် ဒေါ်ရွှေသွယ်က ရေမှန်မှန်လောင်းပေးရှာသည်။





ဆောင်းလယ်သို့ ရောက်လျှင်တော့ သူ့ကိုယ်ပိုင်နှင်းဆီပွင့်လေးများ ပွင့်လာပေတော့မည်။ ထိုသောအခါ သူကိုယ်တိုင် ဘုရားသို့ကပ်၍ ငြိမ်သက်စွာ အာရုံပြုဦးမည်။

မကြာမကြာဆိုသလို ကိုဘကောင်းက စိမ်းရှိရာသို့လာ၍လည်သည်။ ကိုဘကောင်း၏ အိမ်ထောင်ပစ္စည်းများမှာ ထိုအိမ်တွင်ပင် ထားခဲ့၍ အားလုံးမှာ အဆင်ပြေနေပေသည်။

စိမ်းသည် ကြီးကြီးနု၏ အိမ်ကြီးအကြောင်းကိုလည်းကောင်း၊ ကိုမောင်မောင်တင်နှင့် လဲ့လဲ့တို့အကြောင်းကိုလည်းကောင်း လုံးဝမေ့၍ထားလိုက်၏။ ဒီလိုသာ မေ့မထားပါက ဘဝတွင် အေးကွက်မရအောင် စိတ်ကရှုပ်ပြီးရင်းရှုပ်လာပေမည်။

ကိုဘကောင်းနှင့်တွေ့လျှင် ကလေးများအကြောင်း၊ ကျောင်းအကြောင်းနှင့် ပန်းပွင့်များအကြောင်းကို ပြောကြသည်။

ပျော်စရာ မကောင်းပေဘူးလား၊ ပန်းပွင့်နှင့် ကလေးများအကြောင်းသည် သန့်ရှင်း ချမ်းငြိမ်း၍ လူကြီးများအကြောင်းလို စိတ်ရှုပ်စရာဒေါသ၊ မောဟများအကြောင်းပါမလာပေ။

ညနေဘက်တွင် ခြံစည်းရိုးနှင့် စပါးခင်းကြား ကွက်လပ်တွင် သူတို့နှစ်ယောက် လမ်းလျှောက်ကြသည်။ စပါးခင်း၏အဆုံးတွင် နေလုံးရဲရဲကြီးမှာ သူတို့ကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိမ်းမျက်နှာသည် နှင်းဆီပန်းရောင်ဖူးလေးလို နုထွေးထွေးဖြစ်နေသောအခါ ကိုဘကောင်းသည် ငေး၍ကြည့်နေတတ်သည်။

ဘာကြောင့် ငေးသည်ကို စိမ်းကသိပါ၏။ သို့သော် စိမ်းသည် ဘာကိုမှ မသိသလို သူပြောချင်တာတွေကို ပြောပြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တွေ့ခဲ့သော ယာခင်းအကြောင်းကို ပြောချင် ပြောပြနေသည်။ ဆောင်းလေအောက်တွင် တအိအိယိမ်းနေသော ဂျုံခင်းများအကြောင်းနှင့် နှင်းငွေ့နှင့် တောင်ခိုးများထိပ်တွင် ဖုံးနေသော အဘိုးအိုတောင်တန်းကြီးအကြောင်းကိုလည်း ပြော၍ပြတတ်ပေသည်။

ကိုဘကောင်းက စိမ်းထက်ပို၍ အပြောကောင်း၏။ သူ့နှုတ်ခမ်းများကလည်း သုပပေသည်။ လေယူလေသိမ်းမှာလည်း ကျောင်းအုပ်ကြီးများလို ပိပိရိရိရှိလှသည်။ သီတင်းကျွတ်ပွဲတော်နှင့် ကလေးများအကြောင်း ပြောရင်းက သူ့ဘဝ၏သွေ့ခြောက်ပုံ၊ ပျင်းရိစရာကောင်းပုံများ ရောက်အောင် သယ်ယူလာသည်။

ပြီးတော့ စိမ်းကိုလာရောက်တွေ့ဆုံရသည့် အချိန်သာ နှစ်သိမ့်စရာကောင်းသည့် အကြောင်းနှင့် နိဂုံးချုပ်သည်။ ပြောပုံဆိုပုံမှာ ဘယ်လောက် သေသပ်ပါသနည်း။

နေလုံးကို မမြင်ရတော့လျှင် အိမ်ဘက်ကို ပြန်လာ





ကြ၏။ ညစာ ထမင်းစားပြီးမှ ကိုဘကောင်းသည် ရန်ကုန်ကိုပြန်တော့သည်။

ကိုဘကောင်း ပြန်သွားတော့လည်း ရင်ထဲတွင် ဟာတာတာ သွေ့ခြောက်ခြောက်ဖြစ်၍ နေရစ်ပြန်သည်။ ညမှောင်ထဲတွင် အိမ်သည်တိတ်ဆိတ်၍ ပိုမိုငြိမ်သက်နေလေသည်။

မိန်းမသားနှစ်ဦးတည်းနေသော အိမ်ဖြစ်၍ ယခုလို ညဘက်တွင် အားငယ်စရာ ကောင်းသည်ဟု သူက တွေးမိ၏။ ညနေက လှပသော စပါးခင်းကြီးမှာ ယခုညတွင်တော့ ကော်ဇောနက်ကြီးလို ဖြစ်နေသည်။

ဆောင်းလေပြင်းပြင်း တိုက်ခတ်လိုက်တိုင်း စပါးပင်တို့ကို လေတိုးသံမှာ မှင်စာလေများ ညည်းတွားနေသလို စိတ်ချောက်ချားစရာ ကောင်းပေသည်။

အောက်ထပ်တစ်ခုလုံး တံခါးပိတ်ပြီး၍ အပေါ်ထပ်တွင် သူ့အခန်းတစ်ခုတည်း ပြတင်းများကို ဖွင့်၍ထားသည်။ တွေးတောနေလျှင် စိတ်ကတစ္ဆေ၊ မှင်စာများအကြောင်း တွေးကာ ကြောက်ချင်ကြောက်နေပေမည်။ မတော်တဆ စိတ်သည် ကိုဘကောင်းထံသို့ လွင့်ပျံသွားမှာကိုလည်း စိုးရိမ်မိ၏။ စိတ်ဆိုသည့်သဘောတရားကလည်း ထိန်းချုပ်ပါက ပိုမို၍ပေါက်ကွဲတတ်၏။ ထိန်းသိမ်းပါးမှ တားဆီး၍ မရအောင်လည်းဖြစ်တတ်သည်။

အိပ်ရာပေါ်လှဲရင်း စာတစ်အုပ်ကို ဖတ်ဖို့ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိလေသည်။ ခေါင်းရင်းဘုရားခန်းမှ ဒေါ်ရွှေသွယ်၏ ဘုရားရှိခိုးသံမှာ သူ့အခန်းဆီသို့လွင့်၍လာသည်။ စာအုပ်ကို ရင်ဘတ်ပေါ်တင်၍ မဖတ်ဘဲနေမိ၏။ ယခုလို အောက်တန်း ဆရာမလေးဘဝနှင့် ကြာရှည်နေ၍ မဖြစ်သေးပေ။ တစ်နှစ် လောက်ငွေစု၍ ရွေ့နှစ်တွင် နှစ်နှစ်သင်တန်းတက်နိုင်ပါလျှင် သူသည် အထက်တန်းဆရာမ လစာရနိုင်မည်။ ထိုလစာ နှင့်ဆိုလျှင်တော့ သင့်တော်သော အခန်းလေး ငှားကာ ဒေါ်ရွှေသွယ်နှင့် နှစ်ယောက် နေနိုင်ကောင်းပါရဲ့။ ထိုအိမ် ကြီးမှာ ကြာကြာနေသွားလျှင်တော့ ပင့်ကူမျှင်အိမ်အလယ် တွင်မိသော ယင်ကောင်လို တစ်နေ့နေ့ ညွတ်မိပေလိမ့်မည်။

ယခုလို နေထိုင်ဆက်သွယ်ကြရင်း ဘာမှမဖြစ်နိုင်ပါ ဘူးဟူ၍ သူ့ကိုယ်သူ သူရဲကောင်းမကြီးလို သူမပြောရဲပေ။ အလိုလို ပြောင်းလဲလှုပ်ရှားတတ်သော နှလုံးသားကို ဘယ် သူက လာဝန်ခံရဲ ပါမည်နည်း။ ဤအရာကား တားဆီး၍ ရသော အကြောင်းတရား မဟုတ်ပါပေ။

ဒေါ်ရွှေသွယ် ဘုရားရှိခိုးသံသည် ပြီးဆုံးသွား၍ အိမ်မှာ ပိုမိုတိတ်ဆိတ်လာသည်။ မကြာခင် ဆိုသလိုပင် သူ့အခန်းထဲသို့ ဒေါ်ရွှေသွယ်ဝင်လာ၍ သူ့ခုတင်လေးတွင် ထိုင်လိုက်သည်။

"လမသာတော့ ညဉ့်က ပို၍ တိတ်ဆိတ် သလိုပဲ နော်"





စိမ်းသည် ဒေါ်ရွှေသွယ်ကို လှမ်း၍ စကားပြော လိုက်၏။

"အေး . . . ခြံထဲဆိုတော့ ပိုပြီး တိတ်ဆိတ်တာ ပေါ့လေ။ အမှန်တော့ ဒီလိုအိမ်မျိုး ဒီလိုခြံမျိုးဆိုတာကတော့ အခြွေအရံ လင်စုံမယားဖက် သားသမီးတွေနဲ့ နေဖို့ကောင်း တယ်"

"တစ်ခါတုန်းကတော့ ကိုဘကောင်းဟာ သူ့မိန်းမ နဲ့သိုက်သိုက်ဝန်းဝန်း ဒီအိမ်မှာနေခဲ့ပုံရတယ်"

"ဟုတ်ပါတယ်၊ ခုလဲ သူက နေချင်ပုံရတယ်"

စိမ်းသည် ခပ်ရွှင်ရွှင်ပြုံးလိုက်ရင်း ဒေါ်ရွှေသွယ် ဘာဆိုလိုသည်ကို သိလိုက်ပါ၏။

"အမှန်တော့ မိန်းကလေးရဲ့ တစ်ယောက်တည်းချင်း အနေနဲ့ ဒီလိုသွားလာ ဆက်ဆံနေတာ ကြာရှည်နေတော့ ကောင်းပါ့မလားကွယ်"

"ဘယ်လို ဒေါ်ရွှေသွယ်"

"မတင့်တယ်ဘူးပေါ့လေ၊ လူကြီးတွေ ပြောတဲ့စကား တွေဟာ ပိုနေတယ် ထင်ရပေမယ့် သူ့နေရာနဲ့သူတော့ အဓိပ္ပာယ်ရှိတာပဲ။ မိန်းကလေးဟာ အုပ်ထိန်းခြင်း ကင်းပြီး မနေထိုက်ဘူးဆိုတာ မှန်တယ်"

စိမ်းသည် မျက်မှောင်ကုတ်၍ ငြိမ်ငြိမ်လေး စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ဘာကြောင့် အုပ်ထိန်းခြင်း ကင်း၍မနေထိုက်ပါသလဲ။ ဘဝက ဖြစ်လာပေပြီပဲ။ သူ့လိုဖြစ်လာပြီဆိုပါတော့၊ အုပ်ထိန်းခြင်းမကင်းလို၍ ဖြစ်ပါမည်လား။ နိုကိုးရာဆိုသည်ကိုတော့ လူတိုင်းလိုလို လိုချင်ပါ၏။ သို့သော် 'နိုကိုးရာ'ဆိုသည့် စကားလုံးသည် ကျယ်ပြန့်ပြောလှပါကလား။ မိဘ နိုကိုးခြင်းလည်းရှိပါ၏။ လင်သား၊ ဆွေမျိုးဉာတကာတို့ကို မှီခိုခြင်းလည်းဖြစ်နိုင်၏။ မိဘကလွဲ၍တော့ ကျန်နိုကိုးခြင်းများကား အန္တရာယ်များလှပါဘိ။ သူသည် သက်ပြင်းရှူလိုက်၏။

"ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးပါရစေ ဒေါ်ရွှေသွယ်"

"ကောင်းတော့ ကောင်းပါတယ်လေ။ ဒါပေမယ့် အင်မတန် မျက်နှာငယ်ပြီး လူမရှိသေ၊ ရှင်မရှိသေဖြစ်လှတယ်။ ပြုံးကြတာချင်းတူတူ တစ်ခုလပ်ပြုံးတော့ လူမခန့်ဘူးပေါ့ကွယ်။ ပြီးတော့လဲ မိန်းကလေးက အရွယ်ကောင်းယ်ပါသေးတယ်။ အိုးနဲ့အိမ်နဲ့ အတည်တကျနေဖို့ အချိန်ရှိပါသေးတယ်"

စိမ်း၏မျက်နှာထဲတွင် တသိတတန်းကြီး ပြန်၍မြင်လာသည်။ မြင်လာသည့်မြင်ကွင်း အသီးသီးထဲတွင် မျက်ခုံးမွေးထူထူနှင့် ကိုဝဏ္ဏမျက်နှာကြီးက ပြတ်ပြတ်သားသားပေါ်လာသည်။

သို့သော် သတင်းစာကြော်ငြာပိုင်း ဝှက်ထားမှုကို သူက နည်းနည်းမှ မကျေနပ်ပေ။





ဘယ်လိုပင် ဖြစ်ဖြစ် ယခု ဒေါ်ရွှေသွယ် အကြံဉာဏ်များကို လက်ခံဖို့ သင့်သလော။ ကိုဝင်းဖေကိုပင် သွားရောက်တွေ့ဆုံဖို့ကောင်းသလောဟု စဉ်းစားမိပြန်သည်။

"ပြီးတော့လဲ မိန်းကလေးရဲ့"

ဒေါ်ရွှေသွယ်က စကားဆက်ပြန်သည်။

"တစ်ယောက်တည်း နေပြီးဖြစ်သမျှ ဒုက္ခ သုက္ခတွေ ခံနိုင်ပေမယ့်၊ တစ်နေ့နေ့ ဒုက္ခများလွန်းတဲ့အခါ မိန်းကလေးဟာ ပျက်စီးတတ်တယ်။ မယူဘဲနဲ့ခုလို ရင်းရင်းနှီးနှီးနေကြတာဟာလဲ လူအထင်သေးစရာ ဖြစ်တယ်"

"ကျွန်မ သူ့ကိုလုံးလုံး မဆက်ဆံရင်ကော"

"အို...ဒါကလဲ မဖြစ်နိုင်သေးဘူးလေ၊ ဒီအိမ်က သူ့အိမ်၊ အလုပ်က သူခန့်ထားတာ"

"ဒီအလုပ်ကထွက်၊ ဒီအိမ်ကို ပြန်အပ်လိုက်ရင်ကော"

"မိန်းကလေးဟာ သစ်ရွက်မဟုတ်ပါဘူးကွယ်။ ဒီလို လွင့်လွင့်ထွက်သွားတာဟာ အခါတိုင်း မကောင်းနိုင်ဘူး။ မိန်းကလေးအနေနဲ့ အင်မတန် တာဝန်ကြီးပြီး အန္တရာယ်များပါတယ်"

"အင်း...ဟုတ်ပါတယ်လေ။ စိမ်းတော့ ပင့်ကူမျှင်မှာ ငြိနေတာပါပဲ"

စိမ်းသည် မျက်စိကိုမှေးနေလိုက်သည်။ ဤလောက၌



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာတွင် ဘယ်နေရာကြည့်ကြည့် ပိုက်ကွန်တို့သည် အစဉ်ယှက်သန်း၍ နေကြပါပကော။ ဘယ်လိုပဲနေနေ တစ်ကြောင်းကြောင်းနှင့် မငြိက တစ်ကြောင်းကြောင်းနှင့် ငြိကြပေတော့မည်။

"ကျွန်မ သူ့ကို ယူရမယ်ပေါ့"

"ဟုတ်တယ်၊ ယူစေချင်တယ်။ ဘာလုပ်မလဲ၊ ဇာတ်ထုပ်ကလဲ ရှင်းရှင်းလေးရယ်၊ မောင်ဝင်းဖေကလဲ မိန်းကလေးကို ရှိတယ်မထင်တော့ဘူး။ စိမ်းကလဲ ခင်ခင်သန်းကို ဒုက္ခမပေးချင်တော့တဲ့နောက်၊ စိမ်းစိတ်ကြိုက် နောက်တစ်ဇာတ်ထုပ်ခင်းဖို့ပဲ ရှိတော့တယ်။ အပျိုလို တစ်ကိုယ်ရေ နေသွားဖို့ကတော့ အန္တရာယ်အများသားပဲ။ ပြင်ပအန္တရာယ်ထက် ကိုယ့်စိတ်ဖောက်ပြန်လာကြရင် ပိုပြီး ဆိုးလာတတ်တယ်"

"ဖြည်းဖြည်းပေါ့ ဒေါ်ရွှေသွယ်"

ဒေါ်ရွှေသွယ် ထွက်သွားလျှင် သူ့တစ်ယောက်တည်း အိပ်ဖို့ကြိုးစားနေ၏။ သူနေချင်သည့် . . .

အိမ်တစ်ဆောင်၊

အိုးတစ်လုံး၊

ဖျာတစ်ချပ်

အတွက် တခြားနည်းကော မရှိပေဘူးလား။

သို့သော် . . .





သူတွေးရင်း ဒေါ်ရွှေသွယ်၏နောက်ဆုံး စကားလုံးများကို သွား၍သတိရသည်။

"ပြင်ပအန္တရာယ်ထက် ကိုယ့်စိတ်က ဖောက်ပြန်လာကြပြီဆိုတော့ ပိုပြီးဆိုးတယ်"

ဒေါ်ရွှေသွယ်သည် အဘွားကြီးပေမယ့် စကားကို ပြည့်စုံစွာ ပြောတတ်၏။

အမှန်တော့ လူတစ်ယောက်၊ သို့မဟုတ် မိန်းမတစ်ယောက်အတွက် လိုသောပစ္စည်းဟု သူယူဆသည့် . . .

အိမ်တစ်ဆောင်၊

အိုးတစ်လုံး၊

ဖျာတစ်ချပ်

တွင် နောက်ထပ် ဒေါ်ရွှေသွယ်က စကားတစ်လုံး ထပ်ထည့်လိုက်သည်။ ထိုစကားသစ်မှာ 'အချစ်'ဖြစ်ပေသည်။

မှန်၏။ ဤအရာကား တားဆီး၍မရပါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဦးပေါက်တွင် ယာတောရှိ အမေတို့ အိမ်သားအားလုံးသည် စိမ်းကိုပိုမို၍ သတိရနေကြပေသည်။

အာလူးများ ကောက်သိမ်းချိန်က ဦးခွန်နောင်လာရောက်ကူညီစဉ်ကိုလည်း သူတို့သည် မီးပုံဘေးတွင် စိမ်းအကြောင်းကို အမေ့အား ပြောပြနေကြသည်။

ယာခင်းတစ်ခုလုံး စိမ်းအကြောင်းကို သတိတရပြောနေပေမယ့် ကိုဝဏ္ဏကမူ ဘာမျှမပြောပေ။ တခြားလူများပြောသည်ကိုသာ ဆေးတံခဲ၍ ငြိမ်ငြိမ်သက်သက် နားထောင်နေပေသည်။

ပြန်လာတော့မည် မဟုတ်တော့ဘဲ။ တစ်ခါပြန်၍ သူ့အကြောင်းပြောလျှင် ဆွေးစရာဖြစ်လာမည်။ ပြန်လည်၍ တွေ့ဆုံဖို့ကတော့ မျှော်လင့်စရာမရှိတော့ပေ။





သူနှင့်စိမ်းတို့ ခွဲခွာခြင်းသည် အမုန်းနှင့်ခွဲခွာရခြင်းဖြစ်သည်ကိုတော့ ဘယ်သူ့ကိုမှ မပြောပြပေ။

အိမ်တွင် အမေသည် ယခင်ကလောက် အလုပ်မလုပ်နိုင်တော့ပေ။ အိုမင်းလာပြီဖြစ်၍ ရင်တွင်းက အပူဓာတ်ကလည်း နည်းပါးလာသည်။ အမေ့အိမ်ရာဘေးတွင် မီးလင်းဖို ဖိုပေးကာ အမေသည် ဂွမ်းစောင်များနှင့် ထွေးထွေးလေး ခွေနေတတ်ပေသည်။

အိမ်အလုပ်များကို မခမ်းလုံလုပ်သော်လည်း စိမ်းရှိတုန်းကလို တစ်အိမ်သားလုံး ချီးဖို့ရေနွေးအများကြီး မကျိုနိုင်ပေ။ တိုးကြီးက ထင်းများများ စုပေးလျှင်တော့ သူသည် ကြိုးစား၍ ကျိုပေးနိုင်ပေသည်။

ယခု ဆောင်းပေါက်တွင် တိုးကြီး အလုပ်ကလည်း ပို၍များလာပေသည်။ ကိုဝဏ္ဏက သူ့ကို ယာခင်းတွင်လည်း ခေါ်ယူခိုင်းလိုက်သေးသည်။

အိမ်ကိစ္စကြောင့် မခမ်းလုံ မအားချိန်တွင် ကြက်ခြံကိုလည်း သူ့မှာကြည့်ရသေးသည်။ သို့သော် တိုးကြီးသည် အလုပ်ကို နှစ်သက်ပုံရ၍ ပျော်ပျော်ရွှင်ရွှင်နှင့် အလုပ်လုပ်ရင်း သီချင်းဆိုတတ်သည်။

သူ့ခန္ဓာကိုယ်ကလည်း အရွယ်နှင့်မလိုက်အောင်ထွားကျိုင်းလာသည်။ ကိုဝဏ္ဏအသက်လောက်ရောက်လျှင် အရပ်ပိုပြီး ထွားကျိုင်းလာမည့်ဟန် ပေါက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတူးတစ်ယောက်ကမူ 'အစ်မ'သို့မဟုတ် 'ဆရာမ' သင်ခဲ့သော စာများဟုပြောကာ တစ်နေ့တစ်နေ့စာကိုပဲ ဖတ်သည်။ သူတတ်သလောက် ကြိုးစား၍ ဖတ်နေပေသည်။

ယခုအချိန်တွင် စာကိုကောင်းကောင်း မရေးတတ်သေးပေမယ့် သွက်သွက်လက်လက် ဖတ်နိုင်၍လာလေသည်။ ပို၍အေးသောညများတွင် အမေ့ဂွမ်းစောင်ထဲ၌ ပု၍ကွေးရင်း "အစ်မသာရှိရင် အမေရာ၊ ကျွန်တော့် အိပ်ရာဘေးမှာ မီးလင်းဖို လုပ်ပေးမှာသိလား"ဟု ပြောတတ်ပေသည်။

တိုးကြီး အတူးအရွယ်လောက်ကမူ အနည်းဆုံး ကြက်ဥဖြစ်ဖြစ် ကောက်ပေးသည်။ အတူးကတော့ ယာခင်း အလုပ်များကို ဘာမှမလုပ်ပေ။ အိမ်ထဲတွင်တော့ မခမ်းလုံကို နည်းနည်းပါးပါး ကူညီသည်။ သို့သော် အိမ်သားထဲတွင် အငယ်ဆုံးမို့ သူ့ကို ခွင့်လွှတ်ကြလေသည်။

ရေစုပ်စက် ဝယ်နိုင်လောက်အောင် ငွေစုမိလျှင် တောင်ခါးပန်းများကိုထစ်၍ ယာလုပ်မည်ဟု ကိုဝဏ္ဏပြောနေသည်။ ရေစုပ်စက် ဝယ်ဖြစ်သည် မဝယ်ဖြစ်သည်တော့ မသိပေ။ အလုပ်နားချိန်တွင် တိုးကြီးသည် လုပ်သားတချို့နှင့် တောင်ခါးပန်းချုံများ၊ သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ရလေသည်။

ယခု ဆောင်းဦးတွင်လည်း တောင်တန်းကြီးပေါ်တွင် နှင်းငွေ့များ ဖွေးဖွေးဖြူ၍ ပိတ်နေကြသည်။ ကိုဝဏ္ဏ စိတ်ထဲ





မှာမူ တောင်ထွတ်သည် ပိုမိုအုံမှိုင်းလာ၍ ပိုမိုဖြူလာသည် ထင်သည်။ ချောင်းလေး၏ စီးသံမှာမူ ယာတောတစ်ခုလုံးတွင် မပြောင်းလဲသော တေးသံဖြစ်၍ နေပေသည်။

ယနေ့မိုင်းငေါမှ တိုးကြီးပြန်ချိန်တွင် ယာတောလမ်းခွဲတွင် သူ့လှည်းကိုရပ်ထားသည်။ လမ်းခွဲနှင့် မနီးမဝေးတွင် ဂျစ်ကားတစ်စီးနှင့် လူတစ်စုကို သူတွေ့ရလေသည်။ ကားထဲမှ လူတစ်ယောက်ထွက်လာကာ သူ့အနားသို့လျှောက်လာသည်။ ဟန်ပန်မှာ မြို့ဟန်ပါနေ၍ တိုးကြီးသည် မိတ်ဆွေလုပ်ကာ စကားသိပ်ပြောချင်သည်။

"ဒီမှာ သူငယ်၊ ဒီယာတောမှာ သောက်ရေရနိုင်သလား၊ ရေဘူးက ရှေ့ကားမှာပါသွားလို့"

"ရပါတယ်၊ အားလုံးပဲ ကျွန်တော်တို့အိမ်ကို လိုက်ခဲ့ပါလား"

ထိုလူက လှည့်ခေါ်၍ ဂျစ်ကားပေါ် ကားမောင်းသူ တစ်ယောက်မှတစ်ပါး အားလုံးလိုက်လာသည်။ သူသည် လှည်းကို ဆက်မမောင်းချင်ဘဲ ဆင်း၍လျှောက်ချင်၏။ လူများကလည်း လှည်းပေါ်မတက်ချင်ပေ။ ပထမဆုံးတွေ့သည့်လူမှလွဲ၍ ကျန်လူများမှာ အရင်တွေ့သော ဦးခွန်နောင်တဲတွင်ကျန်ရစ်ကြ၏။ ပထမလူမှာ တိုးကြီးနှင့် လိုက်လာသည်။

တိုးကြီးသည် လှည်းပေါ်မှ လှမ်း၍လှမ်း၍ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောလာသည်။ သူ့လှည်းကို ဖြည်းဖြည်းလေး မောင်း၍လာသည်။

"ခင်ဗျား အိမ်အထိ လိုက်လာတာတော့ အားနာပါတယ်ဗျာ။ ဒါပေမယ့် အမေကတော့ ခင်ဗျားကို တွေ့ရင် ဝမ်းသာမယ်။ ကျွန်တော်တို့ အိမ်သားအားလုံး မြို့ကလူတွေကို မျှော်နေတယ်"

အောက်ကလူသည် တိုးကြီး၏စကား ရည်မွန်ပုံကို အံ့သြနေသည်။ တိုးကြီး၏ ပါးနှစ်ဖက်ကလည်း လူပျိုပေါက်ဖြစ်လာချိန်တွင် ကလေးတုန်းကလို ဖောင်းဖောင်းကြီးရှိနေသေးသည်။

"ကျွန်တော် အရင်တစ်ခါ ဒီရောက်လာတုန်းက လမ်းခွဲကကြည့်ရင် ဟိုကုန်းမြင့်က အိမ်လေးကို မတွေ့ရဘူး"

"အဲ...အဲဒီ ကုန်းမြင့်က အိမ်လေးက ကျွန်တော်တို့အိမ်ပေါ့ဗျာ။ ရေစုပ်စက် ရေသွင်းစက်တွေဟာ ကျွန်တော်တို့ယာတောမှာ အစေ့အငဝယ်နိုင်ရင် အားလုံးဒီလိုအိမ်မျိုးဖြစ်တာပေါ့ဗျာ။ အိပ်မက်လေဗျ။ အိပ်မက်, မက်ရတာ။ တကယ်တော့ ရေစက်နား ဘယ်သူမှ မကပ်နိုင်သေးဘူး"

တိုးကြီး၏ စကားလုံးများ သစ်ဆန်းနေပုံကို ညွှန်သည်လူသည် ပို၍အံ့သြလာဟန်ရှိသည်။ အိမ်ဝအရောက်တွင် တိုးကြီးသည် လှည်းကိုမဖြုတ်သေးဘဲထားခဲ့ကာ ညွှန်သည်ကို အိမ်ဝင်းထဲသို့ ခေါ်လာခဲ့၏။





"အစ်ကိုက အလွန်စေတနာပိုတဲ့လူဗျ။ တကယ်ဆို ဒီအိမ်မဆောက်ဘဲ ရေစက်ဝယ်လိုက်ရင် ယာခင်းတွေ အများကြီးချဲ့နိုင်တယ်။ တစ်ခုတော့ ရှိတာပေါ့လေ၊ ဆောင်းတွင်းမှာ အုတ်အိမ်နဲ့ဆိုတော့ ပိုနွေးတာပေါ့"

အမေသည် တိုးကြီးနှင့်ညွှန်သည်ကို အိမ်ဝမှ ဆီးကြိုနေသည်။

"အမေ လမ်းသွားရင်း ခဏဝင်တဲ့ ညွှန်သည်၊ ရေသောက်ချင်သတဲ့"

သူတို့ကို နေရာပေး၍ အမေသည် အတွင်းခန်းသို့ ဝင်သွားလေသည်။ မကြာခင်ပင် မခမ်းလုံသည် ရေအေးရောရေနွေးကြမ်းပါ နှစ်ခုလုံး သူတို့ရှေ့တွင် လာ၍ချသည်။ ကန့်စွန်းဥပြုတ် တစ်ပန်းကန်ကိုလည်း အမေက ယူလာသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်လဲ ရန်ကုန်ကို ပြန်ရခါနီးလို့ လာလည်တာ"

ညွှန်သည်သည် ရေသောက်ပြီး အမေ့ကို ကိုယ်ညွှတ်၍ ပြောလိုက်၏။

"ခင်ဗျား ရန်ကုန်ကို ပြန်မယ်လား၊ ရန်ကုန်ဟာ ဘယ်လိုမြို့လဲ မသိဘူးနော်။ အစ်မ ရန်ကုန် ပြန်သွားကတည်းက အမေဖြင့် ညွှန်သည်ပဲမျှော်နေတယ်။ အမှန်တော့ ဒီအိမ်လဲ အစ်မကြောင့် ဆောက်ဖြစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်သည်သည် အစ်မဆိုသည်မှာ တိုးကြီးပြော၍ သာကြားရသည်။ ဘယ်သူမှန်း မသိပေ။

"ကျွန်တော် အရင်တစ်ခေါက် လာတုန်းကတော့ ဒီယာတောကို စေ့စေ့ငငမကြည့်မိဘူး။ ကားပေါ်ကပဲ ကြည့်သွားရတယ်။ အဲဒီတုန်းက ကျွန်တော် ဟိုဘက်လမ်းကွေ့မှာ ဓားပြတိုက်ခံရတာပေါ့"

"ဟင်"

အမေသည် ညွှန့်သည်စကားကို ပိုမိုစိတ်ဝင်စားလာကာ ရှေ့သို့တိုး၍ နားထောင်မိ၏။

"ကျွန်တော်နဲ့ ကျွန်တော့်အဖော်နှစ်ယောက်ရယ်ကို ဓားပြတွေ ဖမ်းသွားတယ်။ ကျွန်တော့် မိန်းမကိုတော့ ဓားပြပဲဖမ်းသွားလား၊ ဘယ်ကျန်ရစ်တယ်လို့ ကျွန်တော်လဲ မသိဘူး။ မျက်စိပိတ်ထားရုံတင်မဟုတ်ဘူး သတိမေ့အောင်လဲ လုပ်ကြသေးတော့ သတိရမှပဲ ကိုယ့်မိန်းမကိုယ် ကြည့်ရတော့တယ်။ ဒီတော့ အဖော်ကလေးမကော ကျွန်တော့်မိန်းမကိုရော မတွေ့ရတော့ဘူး။ အတော်ကြာကြာပဲ ရှမ်းဆရာကြီး တစ်ယောက်အိမ်မှာ မမာနေတာ။ ကျွန်တော် မြို့ပြန်ရောက်လို့ကြော်ငြာတော့လဲ သတင်းမရဘူး။ မြို့ရောက်ရောက်ချင်း အပြင်းအထန် ဖျားတာခြောက်လလောက်ကို ကြာသေးတယ်။ ဒီနေရာရောက်တော့ ကျွန်တော့်စိတ်ထဲမှာ အားလုံးကို ပြန်ပြီး သတိရတယ်"





တိုးကြီးသည် ပါးစပ်ဟခါ ငေးနေသည်။ အမေက ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"အဲဒီ မိန်းကလေးရဲ့နာမည်က စိမ်း မဟုတ်လား"

"ဟင် . . . ဟုတ်တယ်၊ စိမ်းလေ . . . စိမ်း၊ ဟုတ်တယ် အဘွားသူ့ကို တွေ့လို့လား"

ညွှန့်သည်သည် အလန့်တကြားလို အော်၍မေးလိုက်၏။

"ကျွန်တော် စိမ်း ယောက်ျား၊ မောင်ဝင်းဖေပါ"

"ဟင် ခင်ဗျားက အစ်မရဲ့ယောက်ျားကိုး၊ ခဏနေပါဦးဗျာ။ အစ်ကိုကလဲ တွေ့ချင်မှာပဲ။ ဦးခမ်းလွန်းတဲမှာ သွားခေါ်လိုက်ဦးမယ်။ မိုင်းငေါ်ကို သိပ်မဝေးတော့ပါဘူး။ ခဏလေးစောင့်ပါဦး"

တိုးကြီးသည် ပြောပြောဆိုဆိုနှင့် အိမ်အပြင်သို့ ထွက်၍ ပြေးတော့သည်။ မခမ်းလုံနှင့်အတူးပါ အမေ့အနားတွင်လာ၍ထိုင်ကြသည်။

"မိန်းကလေးက မောင်ရင်ဆုံးတယ်လို့ သတင်းစာထဲဖတ်ရတာနဲ့ စိတ်ပျက်ပြီး ရန်ကုန်မပြန်တော့ဘူး"

"ဟုတ်တယ်၊ ပုလိပ်တွေလဲ သတင်းစာထဲ ကျွန်တော့် တပည့်သေတာကို ကျွန်တော်ထင်ပြီး၊ ထည့်လိုက်တယ်။ အလောင်းတွေ့တော့ ပုပ်ပွနေပြီပဲ။ လက်ဆွဲသားရေ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကသာ ကျွန်တော့်အိတ်၊ ကျွန်တော့် နာမည်နဲ့တတ်ပုံပါ နေတာကိုး။ ခုသူဒီမှာပေါ့ ဟုတ်လား။ ကျွန်တော့် ကြော်ငြာကို မဖတ်ရဘူးထင်တယ်''

''သူဒီမှာ မရှိတော့ဘူးကွယ့်၊ ရန်ကုန်ကို ပြန်သွားပြီ''

''ဟင်''

ကိုဝင်းဖေသည် စိတ်ပျက်သွားသော်လည်း ရန်ကုန်မှာရှာတွေ့နိုင်မည်ကို တွေး၍ဝမ်းသာသွားသည်။ မခမ်းလုံနှင့် အတူးသည် သတင်းစာအကြောင်းကို ဘာမှဝင်၍မပြောကြပေ။ ရင်ထဲမှာတော့ တဒိတ်ဒိတ် ခုန်နေပေသည်။

မကြာခင်ပင် ကိုဝဏ္ဏနှင့် တိုးကြီးသည် အိမ်ထဲသို့ အပြေးအလွှား ဝင်လာ၏။

''အစ်ကို အဲဒါ အစ်မရဲ့ယောက်ျား ကိုဝင်းဖေ ဆိုတာ''

ကိုဝင်းဖေသည် ကိုဝဏ္ဏကို ထ၍ နှုတ်ဆက်၏။ စိမ်းကို မမြင်ရသော်လည်း စိမ်းယောက်ျားကို တွေ့ရသည့်အတွက် ရင်ထဲတွင် နည်းနည်းအေး၍သွားသည်။

စိမ်းလာရောက် နေသွားပုံကို အမေနှင့်ကိုဝဏ္ဏသည် တစ်လှည့်စီ ပြောပြ၍ အားလုံးလိုလိုသော် ကိုဝင်းဖေ သိသွားတော့သည်။ ကိုဝဏ္ဏသည် ကိုဝင်းဖေကို စေ့စေ့





ကြည့်၏။ ကိုဝဏ္ဏလို မထွားကျိုင်းပေမယ့် ဖြူ၍မင်းဟန်ပါသူဖြစ်သည်။ နှာတံစင်းပုံမှာ စိမ်းနှင့်ဆင်ဆင်တူ၍ မျက်လုံးကတော့ စိမ်း လောက်မလှပေ။

''နောက်ဆုံး စိမ်းပြန်တာကတော့ ခင်ဗျားရဲ့ကြော်ငြာကိုတွေ့လို့ပဲ။ ကြော်ငြာတွေ့တော့ အချိန်တွေ သိပ်နောက်ကျနေပြီ။ ဖြစ်ပုံက ဒီလိုဗျ''

ကြော်ငြာအကြောင်းကို ပြန်လည်ပြောပြချိန်တွင် တိုးကြီးသည် အသက်မှန်မှန်မရှူနိုင်ပေ။ ကိုဝဏ္ဏပြောပြသည့် အထဲတွင် ကလေးများဝှက်ထားသည်ကိုပဲ ဖော်၍ပြသည်။ စိမ်းသူ့ကို အထင်လွဲမှားသွားသည်ကိုတော့ ချန်ရစ်ခဲ့၏။ ကိုဝင်းဖေသည် နားထောင်ရာမှ သက်ပြင်းချ၍ . . .

''အင်း . . . ဝတ္ထုထက်တောင် ဆန်းနေသဗျာ။ ကဲ ဒီလိုလုပ်လေ၊ စိမ်းကို ပြုစုကြတာတွေ၊ ကျွန်တော် အားလုံး ကျေးဇူးတင်ပါတယ်။ လိုက်လည်ချင်လဲ လည်ကြပါ။ ကျွန်တော် မိုင်းငေါကအပြန် ဒီဝင်ခဲ့မယ်''

ကိုဝဏ္ဏခေါင်းကို ဖြည်းဖြည်းခါလိုက်၏။

''ဂျုံခင်းကိစ္စတွေ မအားသေးတော့ ကျွန်တော်တို့ မလိုက်နိုင်သေးဘူး။ ညနေကျရင် စိမ်းဆီကို စာတွေရေးထားမယ်လေ။ ခင်ဗျား မိုင်းငေါက ဆင်းတော့ ဝင်ယူပေါ့''

''ကျွန်တော်လဲ ရေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



တိုးကြီးက ဝင်ပြောသည်။

“ခင်ဗျားတို့နှစ်ယောက် မတွေ့ရသေးဘူးဆိုတာပဲ စိတ်မကောင်းဘူးဗျာ”

ကိုဝဏ္ဏသည် ခပ်လေးလေးပြောလိုက်၏။ ကိုဝင်းဖေမှာ အချိန်ကြာကြာ မနေနိုင်၍ နှုတ်ဆက်ကာ ပြန်ရတော့သည်။ ကိုဝဏ္ဏရော တိုးကြီးပါ လမ်းခွဲအထိလိုက်၍ ပို့လိုက်ကြသည်။

ကိုဝင်းဖေက သူ့မိန်းမ ခင်ခင်သန်းအကြောင်းကို တစ်စုံတစ်ရာ ထည့်သွင်းပြောပြမသွား၍ ကိုဝဏ္ဏသည် ဘာမှ မသိလိုက်ပေ။ ရန်ကုန်ကို ပြန်သွားချိန်တွင် စိမ်းနှင့်ပျော်ရွှင်စွာ တွေ့ဆုံကြရလျှင် စိမ်းတစ်ယောက် စိတ်ချမ်းသာရတော့မည်ဟုသာ တွေး၍ဝမ်းသာလိုက်မိသည်။

ဝမ်းသာသည်ဆိုပေမယ့် စိမ်းအကြောင်းသည် အိမ်တွင်ပြန်လည် ဆန်းသစ်လာပြန်သောကြောင့် အောက်မေ့တသရပြန်သည်။ နယ်ပိုင်လို လူတစ်ယောက်နှင့်ယာသမားကတော့ ဘယ်လိုမှ နှိုင်းယှဉ်၍ရမည်မဟုတ်။ သူ့မှာတော့ စေတနာကိုသာ မြတ်နိုးစွာပေးနိုင်မည်။ ဆင်ယင်ဖို့တန်ဆာနှင့်ပတ်သက်၍လည်း ယာတောပတ်လည်တွင် ပွင့်ကြသော ပန်းရိုင်းများနှင့် ပန်းဘုရင် သန့်စင်တို့ကိုသာ ခူးဆွတ်၍ ပေးနိုင်မည်။





ကျွေးမွေးဖို့ကိုတော့ သူ့လက်နှစ်ဖက် ခြေနှစ်ချောင်း ရှိနေသရွေ့ ဤယာတောတွင် စွမ်းအားရှိသမျှ လုပ်ကိုင်ကျွေးမွေးနိုင်ပါမည်။ ဂီတရယ်လို့လည်း မြို့လိုတော့ မရှိပါပေ။ သူ့လိုပင် စမ်းရေနှင့်ချောင်းငယ်စီးသံကို နားထောင်နိုင်လျှင် တော့ယာတော၏တေးကို နားထောင်နိုင်ပေလိမ့်မည်။ ဆောင်းသို့ရောက်လျှင် နှင်း၏အဖြူ ပန်းချယ်ရီ၏ပန်းရောင်ဖြင့် မြေပြင်သည် ပန်းမွေ့ရာ ဖြစ်လာတော့မည်။ နေခြည်ဖြာလာလျှင်တော့ ငွေပန်းများ အစွမ်းကုန်ပွင့်သလို တလက်လက်တောက်ပလာတော့မည်။

“စိမ်းရေ . . . ဒါပဲ ကျုပ်မှာတော့ ပေးနိုင်တယ်”

သူကပြန်လည်၍ တွေ့နိုင်သေးသလို ပါးစပ်က ရေရွတ်လိုက်ပြန်သည်။ ညရောက်လျှင် စိမ်းထံကို စာရေးကြည့်၏။ ဒါလောက် စိမ်းသည့်မစိမ်းပင်ကို စာရေးရမှာ ရင်ထဲမှ နာနေသလို ဖြစ်နေသည်။

သို့သော် သူသည် ညဉ့်နက်သည့်တိုင် စာရေးဆရာလို စာအရှည်ကြီးရေး၏။ ပြီးတော့ ခဏခဏဆုတ်ပစ်ပြန်သည်။ စာများသည် ရည်းစားစာလည်း မဖြစ်စေရ။ သို့သော် သူ၏တမ်းတ လွမ်းဆွတ်ခြင်းလည်း ပါရမည်။ ကြော်ငြာနှင့် ပတ်သက်၍ ရှင်းလင်းချက်လည်း ပါရပေမည်။

နောက်နေ့ မနက်တွင် သူ့စာမှာ ပြီးဆုံး၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးကြီးစာမှာမူ အားလုံး စုံနေသည်။ အကူးနှင့် မခမ်းလုံကလည်း သူတို့ပါစေချင်သော အကြောင်းများကို ပြောပြကြသည်။ စာဆုံးသွားလျှင် မခမ်းလုံက သူသိမ်းဆည်းထားသော ချယ်ရီပန်းခြောက်လေးများကို အစ်မအတွက် သတိရလက်ဆောင်အဖြစ် စာအိတ်တစ်ခုထဲတွင် ထည့်လိုက်သည်။ မလှပသော သူ့လက်ရေးဖြင့် စာအိတ်ပေါ်မှာ 'အစ်မအတွက် မခမ်းလုံလက်ဆောင်' ဟူ၍ ရေးလိုက်သည်။

ကိုဝင်းဖေ ပြန်လာသောနေ့တွင် အမေသည် လက်ဆောင်အဖြစ် အာလူးအိတ် အသေးတစ်ခု ပေးလိုက်လေသည်။ ကိုဝဏ္ဏနှင့်တိုးကြီးက စာများကိုပေးကာ လမ်းခွဲအထိ လိုက်၍ပို့ကြသည်။ ဤလမ်းခွဲသို့ ပို့လိုက်ပြန်လိုက် လုပ်နေရသည်မှာ ထုံးစံကြီးလို ဖြစ်နေသည်။

''ကျွန်တော်တို့ ယာတောကို အစ်မနဲ့အတူတူ လာပြီးလည်ပါဦး''

ကားထွက်ခါနီးတွင် တိုးကြီးသည် ဟစ်၍မှာလိုက်သည်။ ပြီးတော့ သူ့မျက်လုံးများမှာ မျက်ရည်များ ဝိုင်း၍ ကျန်ရစ်ပြန်သည်။

● ● ●



ကိုဝင်းဖေ ပြန်လာချိန်တွင် စိမ်းသည် ဇာတ်ထုပ်အသစ်တစ်ခုကို ခင်း၍နေရပြန်သည်။

စနေနေ့မနက်တွင် စိမ်းလက်ထဲသို့ ကိုဘကောင်းထံမှ စာတစ်စောင်ရလေသည်။ စာသည် ပိုင်နိုင်လွန်း၍ စိမ်း ရင်ထဲတွင် မခံချင်သလို ဒေါသဖြစ်လိုက်သေးသည်။

**စိမ်းရေ**

*နေ့လယ်စာ စိမ်းတို့အိမ်မှာ ကိုစားမယ်၊ ဒီမနက် ကားယူထားလိုက်တော့။ နေ့လယ် ရုံးဆင်းချိန်မှာ စိမ်းကိုယ်တိုင် ကို့ကို လာကြိုပါ။ ကိုမျှော်နေမယ်နော်။*

**ဘကောင်း**



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသည် စာကို ဒေါ်ရွှေသွယ်အား ပြလိုက်၏။ ဒေါ်ရွှေသွယ်သည် စာကို ဆုံးအောင်ဖတ်လိုက်၍ . . .

"နေ့လယ်ကျ စိမ်းသွားခေါ်လိုက်ပေါ့။ ဒီမှာ ဒေါ်ရွှေသွယ် ထမင်းလက်သုပ် လုပ်ထားလိုက်မယ်လေ ဟုတ်လား" ဟု ပြောလိုက်သည်။

စိမ်း၏ခေါင်းထဲမှာတော့ နည်းနည်းရှုပ်သွားသည်။ သူ၏ထမင်းသုပ်သည် လဲ့၏ခေါက်ဆွဲနှင့် တူသွားမှာစိုးရသည်။ "အို . . . ငါက ဖမ်းတာမဟုတ်ဘဲ၊ သူသည် စိတ်ကိုတင်းလိုက်၏။ ခါတိုင်း လာရောက်လည်ပတ်ခြင်းကို လက်ခံတွေ့ဆုံရခြင်းမှာ ဘာမှမထူးခြားပေ။ ယခုတစ်ခေါက်ကတော့ တစ်စုံတစ်ရာပဲ ထူးခြားရတော့မလို။ ရင်ထဲတွင် ဖိုလှုလေသည်။ ဘယ်နေရာမှလည်း ငြိမ်ငြိမ်ထိုင်၍မရ၊ နောက်ဖေးခန်းတွင် ဒေါ်ရွှေသွယ်သည် ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေသည်။ သူသည် ကူညီဖို့ဝင်သွားတိုင်း သူ့မျက်နှာထားကြနွေ့မရသည်ကိုတော့ သူက ဝန်ခံရပါမည်။ မနေ့ညနေ ကိုဘကောင်း ပြန်သွားကတည်းက သူသည် တည်ငြိမ်နေ၍မရပေ။ ဒီလိုဖြစ်သည်ကိုက အပြောင်းအလဲတစ်ခု စိတ်မှာဝင်နေသည်မှာ ထင်ရှားနေပေသည်။

နောက်ဖေးကွင်းရှိ စပါးတောမှာ လေတို့တိုင်း ရယ်မောသလို အသံထွက်လာလေသည်။ သူ့ကိုများသောလေသလားဟု စိတ်ထဲမှ မလုံသလို ဖြစ်သွားမိသေးသည်။ မလုံ





တော့လည်း မလုံစရာပေပဲ။ မနေ့ညနေ စပါးခင်းနားမှ နှုတ်ဆက်၍ ခွဲခွာကြစဉ်က ကိုဘကောင်းသည် သူ့ပခုံးကို ဖျစ်၍ နှုတ်ဆက်လိုက်သည်။

"စပါးမင်တွေသာ လူဆိုရင်တော့ ငါ့အကြောင်းကို ပြောပြီး ရယ်နေကြမှာပဲ။ မတတ်နိုင်ဘူး မတတ်နိုင်ဘူး။ သူ့ဘာသာသူ ပြောင်းလဲလာတာပဲ"

စိမ်းသည် အရူးလိုရေရွတ်ကာ သူ့အိမ်ခန်းထဲတွင် လမ်းလျှောက်နေသည်။

နာရီမှာ (၁၁)နာရီပြနေ၍ ရေချိုးရပြန်သည်။ ပိုးတွန့်ခရမ်းရောင်ပြောင်တွင် အဝါသစ်သီးနိုင်လေးများ ကျဲကျဲထိုးထားသော လုံချည်ကိုထုတ်လိုက်၍ နိုင်လွန်အဖြူ လက်ရှည်ကိုကြယ်သီးတပ်လိုက်သည်။ မျက်နှာကို ခြယ်ရန်အတွက် မှန်ရှေ့တွင် ထိုင်လိုက်ပြန်သည်။ တစ်ခါက ထိုမှန်ရှေ့တွင် ကိုဘကောင်း မိန်းမသည်လည်း ထိုင်ခဲ့ပေလိမ့်မည်။

သူ့မျက်နှာကို အောက်ခံအလှဆီကို လိမ်းလိုက်ရင်း ပါးနှစ်ဖက်မှာ အိ၍ဖောင်းဖောင်းလေး ဖြစ်လာသည်ကို ကြည့်နေမိ၏။ မျက်နှာကို ပေါင်ဒါရိုက်ပြီးချိန်တွင် နှုတ်ခမ်းဆိုးဖို့ သတိရလာသည်။ ဘယ်တုန်းကမှ နှုတ်ခမ်းမဆိုးဘဲ ခုမှ ဘာကြောင့် ဆိုးချင်ပါသလဲဟု သူ့စိတ်ကိုသူ ခိုးကြောင်ခိုးဝှက် မေးမိပြန်သည်။ အံဆွဲထဲမှ ကြာဟောင်းလှပြီဖြစ်သော နှုတ်ခမ်းဆိုးဆေးတောင့်ကိုယူ၍ နှုတ်ခမ်းပေါ်တို့ရင်း၊ မျက်ဝိုင်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



*မျက်ရည်များသည် ပါးပေါ်ကို စီးကျလာကြသည်။* ဤမျက်လုံးများက ဘာဖြစ်၍များ ငိုကြွေးရ ပြန်ပါသနည်း။ မျက်ရည်များက မှုန်ရီနေ၍ မှန်ထဲတွင် သူ့မျက်နှာကိုမမြင်။ ကိုဝင်းဖေရုပ်မှာ ထင်ထင်ရှားရှား ပေါ်လာပြန်သည်။

ဖြုန်းခနဲ နှုတ်ခမ်းဆိုးဆေးများကို ပွတ်ပစ်ကာ ထိုင်ရာမှ ထသွားလိုက်တော့၏။ ပြီးမှ ခုတင်ပေးတွင် ပစ်လှဲကာ ငိုမိပြန်သည်။

"စိမ်းတော့ လှော့မိပြီ ကိုရေ"

ပါးစပ်မှလည်း အသံထွက်အောင် ရွတ်ရင်းရှိုက်၍ ရှိုက်၍နေသည်။

အမှန်တော့လည်း သူသည် တင်းနိုင်သမျှ တင်းရှာပါ၏။ ခုတော့ သူ့စိတ်များကို အရှုံးပေး၍ လှော့လိုက်သည်။

"ဤအရာကား တားဆီး၍မရပါ"

ထိုစကားလုံးများသည် သူငယ်တန်းမှ ကလေးများကို သူပို့ချ၍ သင်ကြားပေးရပေမယ့် ယခုတော့ သူ့အတွက် အဆီလျော်ဆုံးသော စကားလုံးလေးများ ဖြစ်၍ လာကြလေပြီ။ မော၍မှိန်းနေရာမှ မျက်လုံးသည် တစ်ချက်ချက်မြည်နေသော နာရီပေါ်သို့ရောက်၍ သွားပြန်သည်။

၁၂ နာရီထိုးခါနီးတွင် လှဲနေရမှထကာ မျက်နှာကို





ပြင်ရပြန်၏။ အဝတ်အစားပါလဲ၍ အောက်ထပ်သို့ ဆင်းလာသည်။ ဒရိုင်ဘာကလည်း သူ့ကိုအဆင်သင့်စောင့်နေသည်။ စိမ်းသည် ကားပေါ်တက်ထိုင်ရင်း . . .

"ရှင့် ဆရာကို သွားကြိုရမယ်"

ခပ်တည်တည် လျှာအရသာခံ၍ ပြောရင်း ရင်ထဲမှ ရှက်လာ၏။ ပညာမင်းကြီးရုံးကို သူတစ်ခါမှ မရောက်ဘူးပေ။ ရုံးရောက်လျှင် ဒရိုင်ဘာက သူ့ကိုလမ်းညွှန်လိုက်သည်။ ရုံးတွင် တခြားလူများ ရုံးဆင်းသွားကြ၍ တိတ်ဆိတ်နေပေတော့သည်။ စိမ်းသည် ကိုဘကောင်း ရုံးခန်းဝတွင် ရပ်ကာ ငိုင်နေမိ၏။ အထဲကို ရုတ်တရက် မဝင်ရဲသေးပေ။ ရုံးခန်းဝတွင်မင်းစေလေးကလည်း ဘယ်ကိုသွားနေမှန်း မသိပေ။ အထဲတွင် ညှိသည်တစ်ယောက်၏အသံကို ကြားနေရ၍ သူကဝင်ရမှာကို ပိုရွံ့နေသည်။ ရပ်၍နားထောင်ရင်း ညှိသည်အသံမှာ ကိုမောင်မောင်တင်မှန်း သိလိုက်သည်။

"ခင်ဗျား ခုရုံးဆင်းရင် ဘယ်သွားမလဲ"

"စိမ်းလာခေါ်လိမ့်မယ်"

ကိုဘကောင်းအသံသည် အောင်နိုင်သူလို ရွှင်ရွှင်ပျပျပေါ်လာ၏။

"တယ်ဟုတ်ပါလားဗျို့၊ ကျွန်တော်တော့ အပွဲပွဲနဲ့ခဲ့သမျှ ဒီပွဲမိနေပြီ။ လဲ့ကို လက်ထပ်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ ကိုယ့်လူလျှော်တာပဲ။ လှည့်ထွက်လို့ မရတော့ဘူးလားဗျ"

"မရဘူး မရဘူး၊ အဘွားကြီးက ဒီစီတွေဘာတွေပါ ကိုင်ထားတာကိုး"

စိမ်းသည် ရှေ့ကိုခြေလှမ်းမတိုးရဲပေ။ သူတို့ပြောသော စကားလုံးများကိုအံ့ဩ၍ သံသယ ဖြစ်လာသည်။ "ခင်ဗျားကော၊ စိမ်းနဲ့ဘယ်တော့ လက်ထပ်မလဲ"

ကိုမောင်မောင်တင်၏ မေးခွန်းမှာ စိမ်းအတွက် အရေးအကြီးဆုံးဖြစ်၏။

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

ကိုဘကောင်း၏ ရယ်သံသည် ပထမဆုံး ထွက်လာပြီးမှစကားဆက်ပြောသည်။

"ဘယ်သူ့ကို လက်ထပ်ရမှာလဲ"

"စိမ်းကိုလေ"

"ကိုယ့်လူ ရယ်စရာတွေ သိပ်မပြောပါနဲ့ဗျာ၊ ကျုပ်သူ့ကိုအိမ်ပေးထားတယ်။ အလုပ်ပေးထားတယ်။ ဒါနဲ့ ကျွန်တော်က လက်ထပ်ရဦးမယ်လား"

စိမ်းမျက်လုံးများသည် နားထောင်ရင်း ပြာ၍လာသည်။ နံရံကို လက်တစ်ဖက်နှင့် ကိုင်ထားရသည်။ စကားသံများကိုတော့ ဆက်၍ကြားနေရသည်။





"ကျွန်တော့်ရာထူး ကျွန်တော့် အခြေအနေနဲ့ အပျိုတွေ ငွေထုပ်အပြည့်နဲ့ လိုက်နေကြပါတယ်ဗျာ။ ဒါတွေကြားထဲက ကျွန်တော်က သူ့လိုတစ်ခုလပ်၊ အိမ်ခြေယာခြေမရှိတဲ့ မိန်းမကိုယူရမယ်၊ ဟား . . . ဟား"

ရယ်သံသည် နံရံကိုဖောက်ကာ စိမ်း၏နှလုံးသားကို သံပူနှင့်ထိုးလိုက်သလို စူးဝင်သွား၏။ နံရံများအားလုံး ပြိုလဲကာ မျက်စိအောက်တွင် မြေပြင်သည် ဟင်းလင်းဖြစ်သွားတော့သည်။

"အိမ်နဲ့အလုပ်ရတဲ့အတွက် သူက ကျွန်တော့် စိတ်ပျော်အောင်တော့ တစ်ခုခု ပြန်ပေးရဦးမှာပေါ့ဗျာ"

စိမ်းသည် ချာခနဲလှည့်ကာ လှေကား ရှိရာသို့ ပြေးဆင်းလာ၏။ နောက်မှသရဲနှင့် သရဲကောင်ကြီးတွေ လိုက်လာသလို အပြေးအလွှား ပြေးလာ၏။ ကားပေါ်သို့ ပြေးတက်ရင်း–

"မြန်မြန်မောင်း အင်းစိန်ကိုမောင်း၊ ရှင့် ဆရာရုံးဆင်းသွားပြီ"ဟု ပြောလေသည်။

ဒရိုင်ဘာမှာ ဘာမှပြန်မမေးဘဲ ကားကိုမောင်းထွက်လာတော့သည်။ ကားဘေး ပတ်ဝန်းကျင်တွင် ဘာကိုမှ စိမ်းသည် မမြင်မိတော့ပေ။ ကားနောက်ကူရှင်တွင် မှီကာမှောနေတော့၏။ မျက်လုံးစုံမှိတ်ထားသည့် ကြားတွင် ကိုဘကောင်း မျက်နှာသည် ပေါ်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပျော် . . .အပျော်ပေါ့"

ကိုဘကောင်း စကားလုံးနှင့် ရယ်သံမှာ သရဲကြီး ဟစ်သလို နားထဲမှဖျောက်၍မရ။ လှပသော ကိုဘကောင်း ပါးစပ်မှ စကားလုံးများကား ရက်စက်ဆိုးသွမ်းလှပါတကား။

အိမ်ဝ ကားကိုဆိုက်ဆိုက်ချင်း တစ်ဟုန်ထိုး တံခါး ဖွင့်ဆင်းကာ လှေကားကိုပြေးတက်သွားသည်။ အပြေးအလွှား တက်လာသော ခြေသံကြောင့် ဒေါ်ရွှေသွယ်သည် အလန့်တကြားဖြစ်ကာ မီးဖိုခန်းဝသို့ ပြေး၍လာသည်။

စိမ်းသည် ထမင်းစားခန်းရှိ ကုလားထိုင်တစ်ခု ပေါ်တွင် ပစ်ထိုင်ရင်း ဒေါ်ရွှေသွယ်ကို အစွမ်းကုန် ဟစ်ခေါ် လိုက်၏။

"ဒီမှာပါ မိန်းကလေး၊ ဘယ်လို ဖြစ်လာတာ လဲကွယ်"

စိမ်းသည် နတ်ပူးသလို တဆတ်ဆတ်တုန်၍ တစ် မျက်နှာလုံး ရဲနေသည်။

"ဒေါ်ရွှေသွယ်၊ နောက်ဖေးက ထမင်းသုပ်တွေ အကုန်လုံး သွန်ပစ်လိုက် သိလား . . .သွန်ပစ်လိုက်"

"ဘာဖြစ်လို့လဲကွယ် . . ."

ဒေါ်ရွှေသွယ်သည် သူ့အနားကပ်လာသည်။

"သွန်ပစ်လိုက်ဆို . . .သွန်ပစ်လိုက်ပါ"





"နှမြောစရာကွယ်၊ ဘယ့်နှယ့် သွန်ပစ်ရမှာလဲ"

"အဘွားကြီး စကားရှည်မနေနဲ့၊ ခုသွားပြီး သွန် မလား၊ မသွန်ဘူးလား ဟင်။ စိမ်းကိုယ်တိုင် သွားသွန်မယ်"

ပြုန်းခနဲ စိမ်းသည် ကုလားထိုင်မှ ထလိုက်၍ ဒေါ်ရွှေသွယ်သည် ကမန်းကတန်း ပြေးကပ်ကာ စိမ်းကိုဆွဲ လိုက်သည်။ စိမ်းသည် တစ်ခါမှ အသက်ကြီးသူတို့ကို ယခု လို ရိုင်းပျစွာ မပြောပေ။ ယခုလို ဖြစ်လာသည့်အတွက် ဒေါ်ရွှေသွယ်မှာ စိုးရိမ်လာသည်။

"ထိုင်စမ်းပါဦး . . .မိန်းကလေးရယ်၊ သွန်ပစ်ဆို သွန်ပစ်ပါ့မယ်။ အကျိုးအကြောင်းတော့ ဒေါ်ရွှေသွယ် သိပါရစေ။ ဒေါ်ရွှေသွယ်နဲ့ မိန်းကလေးဟာ နှစ်ယောက် တည်းပါ။ စိမ်း ဘာဖြစ်လာတယ်ဆိုတာ ဒေါ်ရွှေသွယ် သိပါ ရစေဦး"

ကုလားထိုင်ပေါ်သို့ စိမ်းသည် ပြန်၍ထိုင်ချလိုက်၏။ မျက်စိမျက်နှာ ပျက်နေသော ဒေါ်ရွှေသွယ်ကို သနားသွား ပြန်သည်။ အံတစ်ချက်ကြိတ်ရင်း အော်ပြန်၏။

"ဒီထမင်းတွေကို သွန်ပစ်ဖို့ပဲ ကောင်းတယ်သိလား"

"အေးပါ၊ သွန်ပါ့မယ်"

"ဟင်း . . .လောကကြီးမှာ အိုးတစ်လုံး၊ ဖျာတစ်ချပ် အတွက်တော့ ဘယ်ကောင်ရဲ့အပျော်မယားမှ အဖြစ်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးသိလား။ ဘယ်တော့မှ အဖြစ်မခံဘူး၊ စိမ်းတို့ သိပ်မှားခဲ့တယ် ဒေါ်ရွှေသွယ် သိလား''

စိမ်းသည် မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်ကာ စားပွဲပေါ်မှောက်လိုက်၏။ သူ့ကိုယ်ကိုသူ အမျှားကြီး အပြစ်တင်မိသည်။ အိမ်ကြီးနှင့် ခြံဝင်းကြီးတွင် နေချင်ခဲ့မိသည့် သူ့စိတ်ကို ဝန်ခံမိပါ၏။ ဤနေလိုသောဆန္ဒက သူ့အားချုပ်နှောင်ရစ်ပတ်လိုက်သည့်ဖြစ်ခြင်း။

''စိမ်းတို့လက်မတင်လေး လွတ်တာ၊ ခုလဲ ဒီကောင်လိုက်မလာနိုင်အောင် ကားကိုပြန်စီးလာတာ''

''ဘယ်ကောင်လဲ စိမ်း''

သူကသာ ဒေါသနှင့် ပြောနေသည်။ ဒေါ်ရွှေသွယ်ခမျာဘာမှမသိရသေးပေ။ ခုမှပင် သူသည် ကိုဘကောင်းနှင့်တွေ့ခဲ့ပုံများကို တစ်လုံးစီ ပြောပြတော့သည်။

''အို . . . ဘုရားမ,တာပဲ၊ ဖြစ်မှဖြစ်ရလေခြင်း။ ဒီလိုသဘောဆိုရင်တော့ ဒေါ်ရွှေသွယ် နည်းနည်းမှ သဘောမတူပါဘူး''

''ပြေးရဦးမယ်လား''

ဒေါ်ရွှေသွယ်သည် အစဉ်ပင် ရပ်တည်ခြင်းမှာ မစွမ်းနိုင်သော သူ့ကလေးမ၏ ဘဝအတွက် ရင်ထုမနာ ဖြစ်နေသည်။





''ဟုတ်တယ်၊ ရှိသမျှ မြန်မြန်သိမ်းပေတော့၊ ကျွန်မတို့သွားစို့''

စိမ်းသည် ထိုင်ရာမှထကာ မီးဖိုဆောင်သို့ ပြေးဝင်သွားသည်။ ဒေါ်ရွှေသွယ်မှာ အမီလိုက်လာသော်လည်း သူမရောက်ခင် ထမင်းလက်သုပ်ပွဲအတွက် ကြက်သွန်စိမ်း၊ ပုစွန်ခြောက်မှုန့်၊ ဆီချက်နှင့်ထမင်းမှာ အိမ်အောက် မြေကြီးပေါ်တွင် ပြန့်ကြဲသွားတော့သည်။

ကမန်းကတန်းပင် ဒေါ်ရွှေသွယ်ခမျာ ရှိသမျှ ပစ္စည်းလေးများကို သိမ်းနေ၏။ အားလုံးထုပ်ပိုးအပြီးတွင် စိမ်းသည် အောက်သို့ပြေးဆင်းသွားသည်။ ဒရိုင်ဘာမှာ စနေ့ကားရပ်ကတည်းကပင် စိမ်းပျာယာခတ်သွားသည်ကို အံ့ဩနေသည်။ စိမ်းသည် ကားနားသို့ လာရပ်၍ . . .

''ရှင့်ဆရာ ရုံးမှာပဲကျန်ရစ်တယ်၊ သွားခေါ်ပေတော့။ ဒီကိုလိုက်ပို့တာလဲ ကျေးဇူးတင်ပါတယ်။ နောင်လဲ ရှင်တော့ ကျွန်မဆီ ဘယ်တော့မှ မလာရတော့ဘူး။ ကျွန်မတို့ ဒီမှာ မရှိတော့တဲ့အကြောင်းကို ရှင့်ဆရာကို ပြောလိုက်ပါ''

ခပ်ပြတ်ပြတ်ပင် ပြောကာ စိမ်းက ချာခနဲလှည့်ထွက်သွားတော့သည်။ ဒရိုင်ဘာသည် ဘာမှန်းညာမှန်းမသိ၊ စိမ်းတစ်ယောက် စိတ်များပင် နောက်လေသလားဟု ထင်မိသည်။ သို့သော် ကြာကြာမနေဘဲ ပညာမင်းကြီးရုံးသို့ ကားကိုပြန်၍ မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီအတွင်း ဒေါ်ရွှေသွယ်ငှား၍လာသော မြင်းလှည်းလေးနှင့် ကိုဘကောင်းအိမ်ကြီးမှ နှစ်ယောက်သား ထွက်လာကြသည်။ အိမ်ကြီး၏နောက်မှ စပါးခင်းကြီးသည် ရိုးသားသော သူတို့နှစ်ယောက်အဖြစ်ကိုကြည့်၍ တဟဲဟဲ ရယ်မောနေသလို ကျန်ရစ်ပေသည်။

မြင်းလှည်းသည် ဘူတာရုံသို့မောင်းနေ၏။ မြင်းလှည်း စီးရသည်ကို စိမ်းက ကျေနပ်နေသည်။ ကျွန်ဘဝတွင် ယခုလို မြင်းလှည်းစီးရခြင်းသည် ယောကျ်ားတစ်ယောက်၏ အပျော် မယားဘဝနှင့် ပစ်ကပ်ကားကြီးစီးရသည့်ထက် ချမ်းငြိမ်း၍ ကြွနွေ့ရသည်ဟု ထင်မိသည်။

ဒေါ်ရွှေသွယ်ကမူ ရေစီးကြောင်းတစ်လျှောက် မျောပါလာသော သစ်ရွက်လို ဘယ်သောင် ဘယ်ကမ်းတွင် တင်ကြမည်ကို မမေးရဲတော့ပေ။

● ● ●



ဒေစီ သံဆွဲတံခါးဝတွင်ရပ်ရင်း အံ့သြ၍နေလေသည်။ သူ့အိမ်ရှေ့တွင် မြင်းလှည်းတစ်စီးလာ၍ ရပ်နေသည်။

သားကိုညတိုင်းပြောပြရသည့် ပုံပြင်ထဲက နတ်သမီးလေးကိုသွား၍ သတိရသည်။ နတ်သမီးလေးသည် ဖြုန်းဆို ပေါ်လာလိုက်၊ ဖြုန်းဆိုပျောက်သွားလိုက်နှင့် နားထောင်သူ သားလေးအဖို့ အံ့သြထူးဆန်းဖွယ် ဖြစ်နေသည်။

ယခုလည်း စိမ်းသည် ယခင်တစ်ခါ ပျောက်သွားရာမှ ယခုဖြုန်းခနဲ ပေါ်လာပြန်သည့်အတွက် သူ့မှာအံ့သြစရာ ဖြစ်လာပြန်သည်။ ယခုတစ်ခါ ပြန်လာရခြင်းမှာ အရင်က လောက် ကသီကရီမရှိပေ။

သေတ္တာနှစ်လုံး အိပ်ရာလိပ်ကြီးကြီးတစ်ခုနှင့် အခြား တောက်တိုမယ်ရ ပစ္စည်းလေးတွေ စုဆောင်းထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတစ်လုံးပါ ပါလာ၍ မိန်းမတစ်ယောက်နှင့်အတော်တူလာသည်။ စိမ်းနောက်တွင် ဒေါ်ရွှေသွယ်ပါလာ၍ ဒေစီပင် တအားတက်သွားသည်။

"ဒီလိုမှပေါ့ မိန်းမဆိုတာ အဖော်တစ်ယောက်တော့ ရှိသင့်တယ်"

ဟုပြောကာ စိမ်းကို ဆီး၍ကြို၏။ စိမ်း၏ မျက်လုံးများသည် ပြောချင်သည့်အရာများ များစွာရှိသော်လည်း ပါးစပ်မှ တစ်စုံတစ်ရာ မပြောလိုသလို ခပ်စေ့စေ့ ဖြစ်နေလေသည်။

ကုလားထိုင်များပေါ်သို့ ထိုင်ရင်း မျက်နှာသည် ငြိမ်ငြိမ်သက်သက်နှင့် ကြွေရလွန်း၍ ဒေါ်ရွှေသွယ်ပင် အံ့ဩ၍ နေလေသည်။

"စိမ်း ဒီမှာ သုံးလေးရက်တော့ နေရဦးမယ် ဒေစီ"

"နေနိုင်ပါတယ်၊ ဒီတစ်ခါတော့ သုံးလလောက်နေသွားနိုင်ပါတယ် စိမ်းရယ်၊ ပြီးတော့ မင်းဝမ်းသာဖို့လဲ တစ်ခု ပြောရဦးမယ်။ မနက်ဘက်က ကိုဝင်းဖေ ဒီကိုလာတယ်"

"ဟေ"

ဒေါ်ရွှေသွယ်သည် သူ့ထုံးစံအတိုင်း ဝမ်းသာအားရ အော်လိုက်ပြန်သည်။

"လာတော့"

စိမ်းအဖို့တော့ ဘာမှမထူးခြားသလို ခပ်အေးအေး ဆက်မေးလိုက်သည်။





"သူရှမ်းပြည်နယ်က ပြောင်းလာရတယ်၊ တစ်ရက်နှစ်ရက်အတွင်းတော့ အလုပ်များနေသေးတယ်တဲ့။ မင်းအကြောင်းလဲ မေးလိုက်တာ စုံနေတာပဲ။ နက်ဖြန်မနက်ဖြစ်ဖြစ် သန်ဘက်ခါမနက်ဖြစ်ဖြစ် သူလာလိမ့်မယ်။ ဒေစီနဲ့ အတူ မင်းကိုလိုက်ရှာဖို့ တိုင်ပင်ထားတယ်။ တကယ်ဆို စိမ်းပြောင်းသွားတဲ့ နေရာကိုတော့ ပြောသွားဖို့သင့်ပါတယ်"

စိမ်းသည် ငိုင်၍နေပြန်သည်။

"ပြီးတော့ မင်းအတွက် စာနှစ်စောင်လဲ ဒေစီ့ကို ပေးခဲ့တယ်"

"စိမ်း ဒေစီ့ဆီကို လာမယ်ဆို သိနေနှင့်လို့လား"

"မဟုတ်ဘူး၊ သူအလုပ်ရှုပ်နေတုန်း ဒေစီနဲ့မင်းနဲ့ တွေ့ခဲ့ရင် ပေးဖို့တဲ့ဆိုပြီး ထားခဲ့တာပဲ။ ဒေစီကလဲ စိမ်း အင်းစိန်မှာရှိနေတယ်ဆိုတာ သတင်းရလို့ နက်ဖြန်တနင်္ဂနွေနေ့မှာ လာရှာမလို့ဘဲ"

ငြိမ်မြဲပင် စိမ်းသည် ငြိမ်ငြိမ်လေး ထိုင်နေ၏။ ကိုဝင်းဖေနှင့် အတွေ့ခံလိုက်ရလျှင် ကောင်းမည်လား။ တွေ့ရရင်တော့ ရင်ထဲတွင် လပေါင်းများစွာ မျိုသိပ်ရသမျှကတော့ ပေါက်ကွဲ ထွက်မည်မလွဲပေ။

ကိုဝင်းဖေ ရင်ခွင်မှ လွင့်စဉ် ထွက်ခွာသွားရကတည်းက ခင်းခဲ့ရသည့် ဇာတ်ပေါင်းကို ပြောပြလိုက်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဒီစာတွေက ကိုဝင်းဖေ ပေးခဲ့တာ"

စိမ်းသည် ငြိမ်သက်နေရာမှ လှုပ်ရှားလိုက်၍ စာနှစ်စောင်ကို ယူကြည့်လိုက်သည်။ ပထမဆုံး မျှော်လင့်ချက်သည် သူ့ရင်ခွင်တွင် လွင့်စဥ်ကင်းကွာ၍ သွေးဆုတ်သလို မျက်နှာမှာ ဖြူရော်ရော် ဖြစ်သွားတော့သည်။

စိတ်ထဲမှာတော့ နှစ်စောင်ထဲမှ ကစ်ခုခုသည် ကိုဝင်းဖေက ပေးထားသောစာ ဖြစ်မည်ဟု တွက်ထားမိ၏။ ကာလရှည်လျားစွာ ကွေကွင်းခဲ့ရသော ချစ်လင်နှလုံးသားမှ စာများကို ဖတ်လိုသော်လည်း စာနှစ်စောင်မှာ ကိုဝင်းဖေထံမှမဟုတ်ပေ။

စာလုံးကြီးကြီးနှင့် လက်ရေးမလှသော စာအိတ်ကို အရင်ဖောက်၍ ဖတ်လိုက်၏။ စာလေးမှာ တိုးကြီး၏စာဖြစ်လေသည်။

စာမှာ မရှည်လှသော်လည်း စိမ်းသည် ဆုံးအောင်ဖတ်၍ မဝနိုင်ပေ။

"အတူးကလဲ မီးဖိုပုံနားမှာ ထိုင်တိုင်း အစ်မအကြောင်းကို ပြောနေတယ်၊ မခမ်းလုံကလဲ အစ်မလုပ်သလိုပဲ၊ အိမ်အလုပ်တွေ လုပ်နေရတယ်တဲ့။ အစ်မကို ပြောပြပါတဲ့"

တိုးကြီးသည် စာစီစာကုံး မကောင်းလှပေ။





"ရွှေ့နှစ် မိုးကျရင် ကျွန်တော် အစ်ကိုနဲ့အတူ ယာခင်းမှာ အလုပ်လုပ်နိုင်တော့မယ်။ အခုစာနဲ့အတူ မခမ်းလုံက အစ်မဖို့ ချယ်ရီပန်းအခြောက်လေးတွေ ပေးလိုက်ပါတယ်။ အမေနဲ့ ကျွန်တော်တို့အားလုံး အစ်မကို မျှော်နေတယ်"

တိုးကြီးသည် စာအောက်ဆုံးတွင် သူ့လက်မှတ်ကို ဖရိုဖရဲထိုးထား၏။ သူ့စာမှာ ကျနလှပသော အရေးအသားမဟုတ်ပေမယ့် စိမ်းရင်ထဲမှာ နင့်လာသည်။

နောက်တစ်အိတ်ကို ဖောက်လိုက်သောအခါ ကိုဝဏ္ဏ၏ဟန်ပါသော လက်ရေးနှင့်စာများကို တသီကြီးဖတ်ရတော့သည်။

ဖတ်ရင်းဖတ်ရင်း မျက်လုံးကဝေ၍လာသည်။ သတင်းစာဖြတ်ပိုင်းတိုကလေးများ သိမ်း၍ဝှက်ထားကြောင်း ဖတ်ရသည့်နေရာတွင်မူ စိမ်းရင်ထဲတွင် ဝေဒနာတစ်ခု ခံစားရသလို နာကျင် လှုပ်ရှား၍လာသည်။ စာသည် ပန်းချီကားတစ်ချပ်လိုစုံစုံလင်လင် ပြည့်ပြည့်စုံစုံ ဖော်ပြထား၏။

ယာခင်းတွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ပုံရေးသည့်နေရာတွင်လည်း ရင်နာစရာကောင်းလှသည်။

"တစ်နေ့နေ့တော့ဖြင့် တောင်ခါးပန်းက ယာခင်းတွေကို ချဲ့နိုင်ကောင်းပါရဲ့။ မြေမြင့်ဘက် ယာခွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရေသွင်းစက်တွေနဲ့ ရေသွင်းနိုင်လိမ့်မယ်လို့ တွေးခေါ်နေရတာပါပဲ။ စိတ်ကူးထဲမှာတော့ အိပ်မက်၊ မက်ရတာပေါ့လေ။

စိမ်း ပြန်လာတဲ့ တစ်နေ့ တိတ်ဆိတ် ငြိမ်သက်နေတဲ့ ကျွန်တော်တို့ ယာခင်းပတ်ဝန်းကျင်မှာ ရေစက်သံ၊ ကားသံတွေ တညံညံ ဖြစ်လာပါစေလို့ ဆုတောင်းမိတာပဲ။ ခုထိတော့ ကျွန်တော်လဲ တစ်ယောက်တည်း ယာခင်းကြီးကလဲ ကျွန်တော် မမွေးခင်က အဘိုးတို့ စိုက်သွားသလိုပဲ ဘာမှပိုထူးပြီး မပြောင်းလဲပါဘူး''

ယာခင်းစိုက်ပျိုးရေးမှာ ဘာမှမတိုးတက်ပုံကိုလည်း ခပ်ရိုးရိုးပင် ဖော်ပြထားပြန်သည်။

စိမ်းမသွားခင်ကသာ ဒီသတင်းစာ ဖြတ်ပိုင်းတွေကို ဘယ်သူဝှက်ထားတယ်လို့ သိရရင်ဖြင့် ကျွန်တော်တို့နှစ်ယောက် ခွဲခွာရခြင်းဟာ အမုန်းနဲ့ ဖြစ်မှာ မဟုတ်ပါဘူး။

ဆောင်းညတွေကို မြန်မြန် ကုန်စေချင်ပါတယ်။ ဒီမှာကလည်း ဆောင်းရာသီဟာ ရှည်လျားလှတယ်။ နွေဆိုပေမယ့် အအေးရိပ်က မပျောက်ပေဘူးပေါ့။ စိမ်းနဲ့ကိုယ်နောက် ဆုံးခွဲကြရမယ့် ညအကြောင်းများကိုတွေးမိရင် လောကကြီးမှာ နေ့ဆိုတာ အမြဲပဲ 'နေ့' ချည်းဖြစ်စေချင်ပါရဲ့။





နောက်နေ့မနက်မှာ ကျွန်တော်လေ ချယ်ရီပင်အောက်ကနေ စိမ်းရဲ့လေယာဉ်ကို ထွက်ကြည့်ပါသေးတယ်။ မိုးနဲ့မြေဟာ ဝေးလှတယ်ဆိုတာ သိပေမယ့် စိမ်း စီးသွားတာက လေယာဉ်ပျံပဲ။ လေယာဉ်ပျံဆိုတာ တစ်နေ့နေ့ မြေကြီးကို ဆင်းသက်ရတာပဲ မဟုတ်လား။ အစဉ်ကောင်းကင်မှာ မတည်နိုင်ပါဘူး။ ဒါပေမယ့် လေယာဉ်ပျံဆိုတာ မြေညီလွင်ပြင်မှာ ဆင်းသက်မြဲကိုး။ ကိုယ်တို့လို တောင်ကုန်း တောင်ချိုင့်တွေကြားမှာ မဆင်းဘူးဆိုတာ ယုံပါတယ်။

ဦးဝင်းဖေနဲ့တွေ့ပြန်တော့လဲ စိမ်းယောကျ်ားရဲ့ချစ်စရာ၊ စွဲမက်ရာကောင်းတဲ့ မျက်နှာကိုမြင်ရတော့ ကိုယ်တောင် သူ့ကို ချစ်လိုက်ပါသေးတယ်။

ခုတော့ အားလုံး ရှင်းလောက်ပါပြီ စိမ်း။ ကိုယ်တို့ နှစ်ယောက်ကြားမှာ လုံးခဲခဲ ဖြစ်နေတဲ့ သတင်းစာ ဖြတ်ပိုင်းကိစ္စကို ခုလို ဖြေရှင်းခွင့်ရတဲ့အတွက် ကျေနပ်ပါပြီ။ စိမ်းလဲ ခုလောက်ဆို ကိုယ့်ကိုခွင့်လွှတ်တန် ကောင်းပါရဲ့။

ရှမ်းကုန်းမြေမြင့်တစ်နေရာက ကျုပ်တို့ မိသားစုရဲ့မေတ္တာ၊ စေတနာရင်းမှန်ကို ခုလောက်ဆိုရင်တော့ သိကောင်းပါရဲ့။ အသိအမှတ်ပြုတယ်ဆိုရင် စိမ်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်လင်သားမြေးတွေနှင့်အတူ ယာတောကို တစ်ခေါက်လာဖို့ ဖိတ်လိုက်ပါတယ်။

ရှင်လန်းပါစေ

ဝဏ္ဏ

"စိမ်းကို ခွင့်လွှတ်ပါ ကိုဝဏ္ဏရယ်၊ အားလုံး ခွင့်လွှတ်ကြပါ အမေတို့ အတူးတို့ရယ်"

စိမ်းသည် ရင်ထဲမှ ရွတ်ဆိုရင်း၊ ပါးစပ်များပင် တလှုပ်လှုပ် ဖြစ်လာသည်။ ဒေစီနှင့်ဒေါ်ရွှေသွယ်ကမူ စိမ်း အမူအရာ လှုပ်ရှားသမျှကို ငြိမ်သက်စွာ ကြည့်နေကြသည်။ စိမ်းသည် နောက်ဆုံးစာအိတ်ကို ဖောက်လိုက်လျှင် ချယ်ရီပန်းအခြောက်လေးများမှာ သူ့လက်ဝါးပေါ်တွင် နီညိုညို ပေါ်လာလေသည်။ စိမ်းမျက်လုံးများမှ မျက်ရည်ပေါက်ကြီးများသည် ပန်းခြောက်လေးများပေါ်သို့ တစ်ပေါက်ပေါက်ကျလာသည်။ ပန်းလေးသည် နွမ်းခြောက်နေပေမယ့် အမေတို့မိသားစု မေတ္တာရောင်ကြောင့် စိုပြည်ဝင်းလက်၍ နေပုံရသည်။ အမေတို့ယာခင်းမှ သူထွက်လာကတည်းက ကြိုက်ရသည့် ကြမ္မာတို့ကို အမေတို့သာသိလျှင် . . .

'ချောင်းကိုပစ်၍ မြစ်ကိုရှာပေသောမိန်းကလေး' ဟု၍ သူ့ကို ယိုးစွပ်ကြပေမည်လား။ အမေတို့က စွပ်စွဲပါလျှင်လည်း သူက ဝန်ခံရပါပေမည်။ ရှမ်းရိုးမတောင်ကို ဖြတ်





ကျော်၍လာကတည်းက အပြောကျယ်သော ဤမှာဘက်မြစ်ကြီးတွင် ရေသာများခဲ့၍ ဖြူဖွေးသန့်စင်သော မေတ္တာတရားနှင့်တူသည့် ငါးကိုမတွေ့ခဲ့ရပေ။

ဟိုစဉ်ကတော့ သူ့ဆုံးဖြတ်ချက် မှန်ခဲ့ပါသည်ဟု သူ့ကိုယ်သူ ဆင်ခြေပေး၏။ မှန်ပေသည်။ မိန်းကလေးတစ်ယောက်သည် ကိုယ့်ချစ်လင်ထံသို့ ပြန်လည်သွားရောက်ခြင်းမှာ သစ္စာရှိခြင်း၊ ချစ်ခင်မြတ်နိုးခြင်းတို့၏ အထိမ်းအမှတ်ပင် ဖြစ်ပေသည်။

သူက ကြိုးစား၍တွယ်ရှာပါ၏။ သို့သော် ကိုဝင်းဖေကို လက်လွှတ်နေပေပြီ။ ကြီးကြီးနုထံမှ လွင့်စဉ်လာပြီးနောက် ကိုဘကောင်းကို သူကအားကိုးအားထားနှင့် တွယ်သော်လည်း သူတကယ်မြတ်နိုးသော မေတ္တာ၏ တုံ့ပြန်ချက်စေတနာကို မရရှိခဲ့ပေ။ ယခုတော့လည်း တွယ်ရာမဲ့ရှာသော ဘဝတွင် အားငယ်လှ၏။

စိမ်းသည် ထိုင်ရင်းအမျိုးမျိုးတွေးနေသည်။ ဘာလုပ်ရမည်နည်း၊ ဘယ်လိုဆက်၍ စခန်းသွားသင့်သနည်း။ သူဆက်၍သွားရသော စခန်းသည် ဘယ်သူ့ကိုမှ အနှောင့်အယှက်မဖြစ်စေရ။ ဆင်းရဲပင်ပန်းသော်လည်း မေတ္တာ၊ စေတနာတို့ ပေါက်ရောက်ရာ စခန်းလည်းဖြစ်ရပေမည်။

အိမ်ကြီးဝင်းကြီးနှင့် အနေသက်သာပေမယ့် အပျော်



www.burmeseclassic.com

www.burmeseclassic.com



မယားလို ပေါ့ရှတ်ရှတ်လည်း မနေချင်ပေ။ ကိုဘကောင်းနှင့်ဝေးရာသို့ ထွက်လာသည့်တိုင် ဆရာမအလုပ်မှလည်း ထွက်လိုက်ဖို့ သူဆုံးဖြတ်လိုက်လေသည်။

ဒေါ်ရွှေသွယ်သည် သူ့ကလေးမ ဟန်ပန်ကိုကြည့်နေ၏။ ဆုံးဖြတ်ချက် ဘာထွက်လာမည်ကို စောင့်၍နေသည်။ ဒေစီကမူ သူ့အိမ်လေးတွင် ဆက်လက်နေဖို့ တောင်းပန်ရန် စိတ်ကူးနေသည်။ ဒေါ်ရွှေသွယ် ပါလာ၍ သူ့ယောကျ်ား အန္တရာယ်မှာ စိုးရိမ်စရာမရှိလှပေ။ အနည်းဆုံးတော့ သုံးလလောက် သူငယ်ချင်းကို နေသွားစေချင်သည်။

"ဒေစီ"

စိမ်းသည် ရုတ်တရက် ခေါ်လိုက်၍ ငြိမ်သက်နေကြသော သူတို့နှစ်ယောက်လုံး လှုပ်ရှားလာကြသည်။

"ကိုကို လာရင် စိမ်း မတွေ့ချင်တော့ဘူး"

ဒေါ်ရွှေသွယ့် မေးခွန်းကို မဖြေသေးဘဲ ချယ်ရီပန်းခြောက်များကို ယုယစွာကိုင်၍ စိမ်းသည် ထိုင်ရာမှ ထလိုက်၏။

"စိမ်း ရှမ်းပြည်ကို ပြန်တော့မယ်"

သူ့စကားလုံးထဲတွင် 'ပြန်တော့မယ်' ဟူသော စကားသည် ခဏသွားရောက် လည်ပတ်ခြင်း၏ အဓိပ္ပာယ် မဟုတ်ဘဲ နေရာချက်မြှုပ်အိမ်သို့ 'ပြန်ခြင်း' ဟူသော ပိုင်နိုင်





သည့်အဓိပ္ပာယ်ဖြစ်သည်ကို ဒေစီရော၊ ဒေါ်ရွှေသွယ်ပါ နားလည်လိုက်ပါ၏။

"မိန်းကလေးကသာ ပိုင်နိုင်တဲ့ ကိုယ်ပိုင်ရှိတယ်ဆိုရင် ကမ္ဘာ့အပြင်ကိုပါ သွားဦးမလား လိုက်ဖို့အဆင်သင့်ပါပဲကွယ်"

ဒေါ်ရွှေသွယ်သည် တိုးတိုးလေး ရေရွတ်၍ ထိုင်ရာမှထသွားသည်။ ပစ္စည်းများကို ဆက်လက်သိမ်းဆည်း၍ အဆင်သင့် ပြင်ထားခြင်းသည် သူ့အတွက် မများနိုင်သော အလုပ်ပင် မဟုတ်ပါလော။

● ● ●

ခင်နှင်းယု



www.burmeseclassic.com